မာတိကာသို့

တောင်တန်း စာပေ

မောင်ထွန်းသူ

အဇမေ့အိမ်
နှင့်
နိုင်ငံရပ်ခြားဝတ္ထုတိုများ

(ဒုတိယအကြိမ်)



ON THE WAY HOME

မာတိကာသို့ ▶▶

မောင်ထွန်းသူ

အမေ့အိမ်

နှင့်

နိုင်ငံရပ်ခြားဝတ္ထုတိုများ

- Langston Hughes (USA)
- Bjornstjerne Bjornson (Norway)
- Ferenc Molmar (Hungary)
- August Strindberg (Sweden)
- Alphonse Daudet (France)
- Jerome Wlidman (USA)
- Boleslave Prus (Poland)
- Ivan Cankar (Yugoslav)
- Willian Saroyan (USA)
- Charles Lowis Philippe (France)
- Vladimir Korolenko (Russia)
- Sholon Asch (Poland)
- Anton Chekhov (Russia)

တောင်တန်း [၄]

ကမ္ဘာ့စာပေ [၃]

တောင်တန်း စာပေ

ဖုန်း – ၅၄၁၅၅၁

မာတိကာသို့ ▶▶

18/11/2002 ၃

မောင်ထွန်းသူ

အမေ့အိမ်နှင့်
နိုင်ငံရပ်ခြားဝတ္ထုတိုများ

မာတိကာသို့

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်	•	၂၂/၂၀၀၂(၁)
မျက်နှာဖုံးခွင့်ပြုချက်	•	၁၈၉/၂၀၀၂(၃)
အကြိမ်	•	ဒုတိယအကြိမ် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ	•	၁၀၀၀
တန်ဖိုး	•	၃၅၀ ကျပ်
ကွန်ပျူတာစာစီ	•	**KZaw** DTP
ဖလင်	•	ဦးထွန်းဆိုင်
စာအုပ်ချုပ်	•	ရတနာ့ဂုဏ်
မျက်နှာဖုံးနှင့် အတွင်းပန်းချီ	•	B.K
ဂရပ်ဖစ်	•	အံ့ဘွယ်ဇင် (STARS)
ထုတ်ဝေသူ	•	ဦးထွန်းထွန်းဦး(နှင်းဦးလွင်စာပေ) ၅၃၃၊ (၈) ရပ်ကွက်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	•	ဒေါ်စမ်းစမ်းအေး၊ ရတနာ့ဂုဏ်ပုံနှိပ်တိုက် အမှတ် ၅၁၊ လမ်း ၁၄၀၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး (ရန်ကုန်)	•	တောင်တန်းစာပေ ဖုန်း – ၅၄၁၅၅၁
အထက်မြန်မာပြည်	•	ထွန်းဦးစာပေ၊ မန္တလေး။

မာတိကာသို့ ▶▶

မာတိကာ

မြန်မာပြန်သူ၏အမှာ ၇

အမေ့အိမ် ၁၁
ON THE WAY HOME / Langston Hughes

အဖေ ၃၃
THE FATHER / Bjornstijerne Bjornson

အချစ်ရူး ၄၅
MR. NAB / Ferenc Molmar

အချစ်နှင့်ပေါင်မုန့် ၆၅
LOVE AND BREAD / August Strindberg

ထမင်းဆိုင်နှစ်ဆိုင် ၈၉
THE TWO INNS / Alphonse Dauget

ကာလနဂါး ၁၀၁
SLEEPING BEAUTY / Jerome Wlidman

လူကြေးနန်း ၁၁၅
THE HUMAN TELEGRAPH / Boleslave Prus

စံပုံပြင် ၁၂၅
CHILDREN AND OLD FOLK / Ivan CanKar

ကမ္ဘာမီးလောင် ၁၃၅
THE THIRD DAY AFTER CHRISTMAS /
Willian Saroyan

ဒါန ၁၅၉
CHARITY / Charles Lowis Philippe

ခေါင်းလောင်းသံ ၁၇၁
THE OLD BELL-RINGER / Vladinur Korolenko

မိတဆိုး ၁၉၁
ABANDONED / Sholon Asch

လောင်းကြေး ၂၀၅
THE BET / Anton Chekhov

စာဖတ်သူသို့

မြန်မာပြန်သူ၏အမှာ

'အမေ့အိမ်နှင့် နိုင်ငံရပ်ခြားဝတ္ထုတိုများ' ဟု အမည်ပေးထားသည့် ဤစာအုပ်တွင် ဘာသာပြန်ဝတ္ထုတိုပေါင်း (၁၃)ပုဒ် ပါရှိပါသည်။ အမေရိကန်၊ နော်ဝေ၊ ဟန်ဂေရီ၊ ဆွီဒင်၊ ပြင်သစ်၊ ပိုလန်၊ ယူဂိုဆလားဗီးယား၊ ရုရှားနှင့် ယစ်ဒစ်ရှိ အမျိုးသား စာရေးဆရာများ၏ လက်ရာများ ဖြစ်ပါသည်။ ထို့ကြောင့် အမည်စုံသည်ဟု ဆိုနိုင်ပါသည်။ ယင်းတို့အနက် ကိုးပုဒ်မှာ စံပယ်ဖြူ၊ မိုးဝေ၊ မဟေသီ၊ လုံမလေးနှင့် ကလျာ စသော မဂ္ဂဇင်းများ၌ ပါခဲ့ပြီးဖြစ်၍ လေးပုဒ်မှာ မည်သည့် မဂ္ဂဇင်းတွင်မှ ထည့်သွင်း ဖော်ပြခြင်း မရှိသေးပါ။ ယင်း လေးပုဒ်မှာ 'အမေ့အိမ်'၊ 'အချစ်ရူး'၊ 'ကာလနဂါး'၊ 'လူကြေးနန်း' တို့ဖြစ်ပါသည်။

အမှန်တော့ ဤဝတ္ထုတိုများသည် မဂ္ဂဇင်းများသို့ ပို့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ကိုယ်နှစ်သက်ရာ နိုင်ငံရပ်ခြား ဝတ္ထုတိုကလေးများကို ရွေး၍ပြန်ဆိုထားခဲ့ခြင်း ဖြစ်၏ ။ ရည်ရွယ်သည့်အတိုင်းလည်း ဤဝတ္ထုတိုများကို မဂ္ဂဇင်းများသို့ ပို့ဖြစ်ခဲ့ပါသည်။ 'အမေ့အိမ်' (ထိုအချိန်က

မာတိကာသို့ ▸▸

အိမ်အပြန်ဟု အမည်ပေးထားသည်)၊ 'ကမ္ဘာမီးလောင်'၊ 'ထမင်းဆိုင်နှစ်ဆိုင်'၊ 'မိသဆိုး'နှင့် 'လောင်းကြေး' စသော ဝတ္ထုတိုများသည် စာပေနယ်တွင် နာမည်မရှိစဉ်က ပြန်ဆိုခဲ့သော ဝတ္ထုများ ဖြစ်သည်။

ပထမဆုံးအကြိမ် မဂ္ဂဇင်းအချို့သို့ ပို့ခဲ့စဉ်က 'အပယ်ခံ ဝတ္ထုတိုများ' ဘဝသို့ ဆိုက်ရောက်သွားခဲ့ရသည့် ဝတ္ထုတိုများဖြစ်သည်။ အပယ်ခံများ ဖြစ်သွားရသည့်အတွက် မိမိစိတ်ထဲတွင် ဘယ်လိုမှ မခံစားခဲ့ရသော်လည်း စာမူများကို ပြန်မရသည့်အတွက်ကား ရင်မောခဲ့ရ၏။ သို့သော်လည်း ကိုယ်နှစ်သက်သော ဝတ္ထုတိုကလေးများဖြစ်သဖြင့် ချက်ချင်းလိုလိုပင် ဒုတိယအကြိမ် ထပ်မံပြန်ဆိုခဲ့သည်။ ယင်းကဲ့သို့ အပင်ပန်းခံ၍ ပြန်ဆိုထားခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ ဤစာအုပ်တွင် ပါဝင်လာနိုင်ခြင်း ဖြစ်သည်ဟုဆိုလျှင် မှားနိုင်မည်မထင်ပါ။

ဤဝတ္ထုတို ဆယ့်သုံးပုဒ်ထဲမှ ကျွန်တော့်စိတ်ကို အနှောင့်အယှက်ဖြစ်စေခဲ့သည့် ဝတ္ထုလေးတစ်ပုဒ်မှာ ကမ္ဘာမီးလောင် ဖြစ်သည်။ ယင်းဝတ္ထုကို မဂ္ဂဇင်းတိုက်တစ်တိုက်မှ လာရောက် တောင်းသဖြင့် ပေးလိုက်မိခဲ့သည်။ လာရောက် တောင်းခံစဉ်က ပထမဆုံးမဂ္ဂဇင်း ထွက်သည့်လတွင် ပါမည်မဟုတ်။ ဒုတိယလကျမှ ပါမည်ဟု ပြောသွားခဲ့၏။ သို့သော်လည်း တကယ်တမ်းကျတော့ ခုနစ်လ ရှစ်လ ကြာသည်အထိ ထည့်သွင်းဖော်ပြခြင်း မပြုသဖြင့် ကိုယ်တိုင်သွားရသည့် အခြေသို့ ဆိုက်ခဲ့ရ၏။ လိုက်သွားပြန်တော့လည်း ချေချေငံငံ မရှိသဖြင့် စိတ်ရှုပ်ခဲ့ရသည်။ မဂ္ဂဇင်းတိုက်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက "သူ့စာမူ မဂ္ဂဇင်းထဲ ထည့်တာ မထည့်တာ အဓိကထားမနေနဲ့။ စာမူခသာ ထုတ်ပေးလိုက်" ဟု ဆိုသည်။ သူပြောလိုက်သည့် စကားတွင် စေတနာ ပါကောင်းပါမည် ဖြစ်သော်လည်း ကျွန်တော့်ရင်ထဲတွင် ဘဝင်မကျ ဖြစ်ခဲ့ရသည်။ ကျွန်တော် စာမူခကို လက်မခံခဲ့ပါ။ ကိုယ့်စာမူကိုသာ သုံးလေးကြိမ်မျှ သွားရောက်ပြီး မရ ရအောင် ပြန်ယူခဲ့သည်။ ထိုစာမူကို စံပယ်ဖြူသို့

ပို့ခဲ့ရာ စံပယ်ဖြူက ထည့်သွင်းဖော်ပြပေးခဲ့သည်။ ဤအတွက် စံပယ်ဖြူမဂ္ဂဇင်းကို ကျွန်တော် များစွာ ကျေးဇူးတင်စိတ် ဖြစ်ပေါ်ခဲ့ရပါသည်။

ဤဝတ္ထုတိုအားလုံးသည် မိမိကိုယ်တိုင်က နှစ်သက်၍ မိမိ၏စိတ်တွင် စာဖတ်ပရိသတ်များကပါ နှစ်သက်ကြလိမ့်မည်ဟု ထင်၍ ပြန်ဆိုခဲ့သောဝတ္ထုတိုများ ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်ကြိုက်တိုင်း သူကြိုက်ချင်မှ ကြိုက်သည့်သဘော ရှိပါသည်။ တစ်ယောက်နှင့် တစ်ယောက် အကြိုက်ချင်း မတူတတ်ကြပါ။ လူ့သဘာဝအလျောက် အကြိုက်ချင်းမတူခြင်းကို မှတ်အမမှု အကြိုက်ချင်းတူရမည်ဟု လုပ်ခဲ့သည်ရှိသော် ထိုအလုပ်သည် သဘာဝကို ဆန့်ကျင်သောအလုပ် ဖြစ်ဖို့ ရှိပါသည်။ ထို့ကြောင့်လည်း ဤဝတ္ထုတိုအားလုံးကို စာဖတ်ပရိသတ်က လက်ခံနှစ်သက်လိမ့်မည်ဟု မယူဆရဲပါ။

မည်သို့ပင်ဖြစ်စေ ဤဝတ္ထုတို ၁၃ ပုဒ်သည် ရသ တစ်မျိုးစီကို ပေးစွမ်းနိုင်ဖွယ်ရာ ရှိသည်ဟု ထင်ပါသည်။ စာဖတ်ပရိသတ်များအနေဖြင့် ဆယ့်သုံးပုဒ်စလုံးကို မကြိုက်ပေမယ့်လည်း တစ်ပုဒ်လောက်ကိုတော့ ကြိုက်ချင်ကြိုက်ကြပါလိမ့်မည်။ တစ်ပုဒ်လောက်ကို နှစ်သက်လက်ခံသည်ဆိုလျှင်ပင် မြန်မာပြန်သူအနေဖြင့် ပြန်ဆိုရကျိုးနပ်ပြီဟု ယူဆပါသည်။

မောင်ထွန်းသူ

၁၉၈၈ ခု၊ ဇွန်လ ၂၇ ရက်။

မာတိကာသို့ ▶▶

မာတိကာသို့ ▶▶

လင်စတန်ဟျူး

'လူမည်း စာရေးဆရာများကြား၌ စာပေစွမ်းအား ကြီးမားလာရေးနှင့် အမေရိကန်နီဂရိုး စာပေ အနုပညာ တိုးတက်ဖွံ့ဖြိုးလာအောင် တတ်အားသရွေ့ ပါဝင်ပြုစု ပျိုးထောင်ရေးသည် ကျွန်တော် အလေးအနက် ပြုထားသည့် ရည်မှန်းချက်များထဲမှ တစ်ခုဖြစ်ပါသည်' ဟု လင်စတင်ဟျူး က ဤဝတ္ထုနှင့်အတူ ဖော်ပြခဲ့သည့် အမှာစာတွင် ရေးသား ခဲ့လေသည်။

လင်စတင်ဟျူးသည် အမေရိကန် လူမည်း စာရေးဆရာ တစ်ဦး ဖြစ်၏။ ဤဝတ္ထုကိုရေးသည့် အချိန်တွင် သူသည် ကဗျာစာအုပ် သုံးအုပ်၊ ဝတ္ထုရှည်ကြီး တစ်ပုဒ်၊ ဝတ္ထုတို ပေါင်းချုပ် တစ်အုပ်နှင့် ကိုယ်ရေးအတ္ထုပ္ပတ္တိ တစ်အုပ် ထုတ်ဝေ ခဲ့ပြီးဖြစ်သည်။ မဂ္ဂဇင်းများစွာတွင် ဆောင်းပါးများ၊ ဝတ္ထုတို များ၊ ကဗျာများနှင့် တေးဂီတ ပြဇာတ်များအပေါ် ဝေဖန်ရေး ဆောင်းပါးများလည်း ရေးခဲ့ပြီးဖြစ်သည်။ ထို့ပြင်လည်း သူသည် ပြဇာတ်များနှင့် ရေဒီယိုဇာတ်လမ်းများကိုလည်း ရေးသားခဲ့၏။ အာဖရိကနိုင်ငံသား ကဗျာဆရာများ စာအုပ် နှင့် အမေရိကန်နီဂရိုး ကဗျာဆရာများ စာအုပ်များ ကိုလည်း ရေးသားပြုစု၍ ထုတ်ဝေခဲ့လေသည်။

မာတိကာသို့ ▶▶

အမေ့အိမ်

ဘေားလ်သည် အရက်သမားတစ်ယောက်ဟု ခေါ်ဆိုနိုင်လောက်အောင် သောက်တတ်သူတစ်ဦး မဟုတ်ပေ။ အရက်သောက်ခြင်းကို ကိုယ်ကျင့်တရား ပျက်ပြားသည့်အလုပ်ဟူ၍ သတ်မှတ်ကာ စိတ်ထဲမှ မသိုးမသန့် ဖြစ်တတ်သူလည်း မဟုတ်ပေ။ အရက်သောက်ခြင်းနှင့် ပတ်သက်၍ ယထာဘူတကျကျ အမြင်မျိုးကို မွေးမြူနိုင်သဖြင့် သူ့ကိုယ်သူ ဂုဏ်ယူလျက်ရှိသူ ဖြစ်လေသည်။

သို့သော်လည်း သူကောင်းစွာ မမှတ်မိတော့သည့် သူ့အဖေသည် အရက်သမားကြီး တစ်ယောက် ဖြစ်သည်ဟူ၍ သူ့အား အမြဲတစေ ပြောခဲ့ကြဖူး၏။ သို့ဖြစ်ရာ သူ့ခေါင်းထဲတွင် အရက်သောက်ခြင်းသည် မမှန်ဟူသော အယူအဆသည် ကိန်းအောင်းလျက်ရှိသည်။ ထို့ကြောင့်လည်း အလုပ်ပိတ်ရက်များတွင် ဝိုင်တစ်ခွက် လောက်သောက်ခြင်းနှင့် အပေါင်းအသင်းများနှင့် ဆုံမိသည့်အခါများတွင် ဘီယာတစ်ခွက်တစ်ဖလား မော့ခြင်းမှတစ်ပါး ကျန်အချိန်များတွင် လူသိသူသိ

မာတိကာသို့ ▶▶

အမြင်ခံ အထင်ခံ အရက်ကို ဘယ်တော့မှ သောက်လေ့မရှိချေ။ သူသည် အရက် ရှောင်ကြဉ်သူ တစ်ဦးဟု သတ်မှတ်ရလောက်သည့် အခြေအနေတွင် ရှိလေသည်။

ကားလ်အနေဖြင့် လုံးဝအရက်မသောက်ပါဟူ၍ သူ့အမေအား ကတိပေးထားခဲ့၏။ သူသည် တစ်ဦးတည်းသောသားဖြစ်သည့် အားလျော်စွာ သူ့အမေကို အလွန်ချစ်သည်။ သို့သော်လည်း သူ့အမေသည် သူ့အား ကျေးမွေးစောင့်ရှောက်ခဲ့ရာ၌ အလွန်အမင်း အလိုလိုက်ကာ အလွန်အမင်း ယုယခဲ့၏။ ထို့ကြောင့် သူ့အနေဖြင့် ငယ်စဉ်က များစွာ အယုအယ မခံခဲ့ရသည့်လူများနှင့် အဆင်ပြေပြေ နေနိုင်အောင် သူ့ကိုယ်သူ ပြုပြင်ရသည့် အခါတိုင်း အခက်အခဲနှင့် ကြုံတွေ့ရတတ်လေသည်။ မည်သို့ပင်ဖြစ်စေ သူနေထိုင်ရာ ဆွန်းမားဗီးလ်မြို့၌ အလုပ်ကောင်းကောင်း မရနိုင်သော အခါတွင်မူ သူသည် ရှီကာဂိုမြို့သို့သွား၍ အလုပ်လုပ်ခဲ့ရလေတော့၏။ သူသည် လစဉ် တနင်္ဂနွေတစ်ရက်တော့ အိမ်ပြန်၍ နားလေ့ရှိသည်။ စနေနေ့ညနေ လေးနာရီထွက်သည့် ဘတ်စ်ကားနှင့် လိုက်ပါသွားပါက သူ ကလေးဘဝ တစ်လျှောက်လုံး နေထိုင်ခဲ့ရသည့် အိမ်ရှေ့သို့ ညစာအမီ ရောက်သွားလေ့ရှိသည်။ ညစာမှာလည်း ထူးထူးခြားခြား ဘာတစ်ခုမှ ပါသည်မဟုတ်။ ထောပတ်၊ နွားနို့ လတ်လတ်ဆတ်ဆတ်နှင့် အိမ်တွင်ဖုတ်သည့် ပေါင်မုန့်။

ညစာ စားပြီးသည့်အခါတွင်မူ အကယ်၍ နွေရာသီဖြစ်ပါက သူသည် အမေနှင့်အတူ အေးမြသာယာသော ညရိပ်ကို ခို၍ မြို့ထဲသို့သွားပြီး ဈေးဝယ်သည်။ အကယ်၍

မာတိကာသို့ ▶▶

ဆောင်းဥတု ဖြစ်ပါမူ အိမ်နီးနားချင်း မိတ်ဆွေတစ်ဦးအိမ်သို့ သွားလည်ကာ ပေါက်ပေါက်စားလိုက်၊ သစ်သီးဖျော်ရည် သောက်လိုက်၊ စကား ပြောလိုက် သို့မဟုတ် မိတ်ဆွေများက သူတို့အိမ် လာလည်သဖြင့် အိမ်ရှေ့ဧည့်ခန်းထဲ၌ ထိုင်ကာ အာလာပသလ္လာပ စကား စမြည် ပြောကြမည်။ ခေတ်ဟောင်း သီချင်းဓာတ်ပြားများ ဖွင့်၍ နားထောင်မည်။ နီရာဆောစ်၊ ဘတ်ဝီလျံကာရှူးဆိုး စသော အဆိုတော်များ၏ ဓာတ်ပြားများ ဖြစ်သည်။ တခြား လူများကတော့ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ထို ဓာတ်ပြားများကို လွှင့်ပစ်ကြပြီ။ မေ့လည်း မေ့သွားကြပြီဖြစ်၏။ သူတို့၏ အိမ်တွင်းဧည့်ခံပွဲလေးသည် ရှေးအလွန်ဆန်သည်။ ရယ်စရာလည်း ကောင်းသည်။ ရှီကာဂို မြို့ရှိ သူ့ရုံးမှ သူငယ်ချင်းများ ပြုလုပ်လေ့ရှိသော ရမ်အရက် ဖောဖောသီသီ သုံးကြသည့် ပါတီပွဲများနှင့်ကတော့ လုံးဝမတူ။ အလွန် ခြားနားသည်။

ကားလ်သည် သူ့အမေကိုသာမက သူ့ကိုယ်သူပါ အရက် မသောက်ဟု ကတိပြုထားသည်။ သို့သော်လည်း ဤနေ့ မွန်းလွဲပိုင်းမှာတော့ သူသည် ကလတ်ခ်လင်းပေါ်ရှိရာ အရက် ဆိုင် တစ်ဆိုင်တွင်းမှ ကောင်တာရှေ့၌ရပ်ကာ ထူးထူးဆန်းဆန်း စကားတစ်ခွန်း နှုတ်မှထွက်သွားသည်။

“ဝိုင်တစ်လုံးပေးပါ”

“ဘာဝိုင်လဲ” ဟု အရောင်းစာရေးက ခပ်ရိုင်းရိုင်း လေသံဖြင့် မေးသည်။

မာတိကာသို့ ▶▶

"ဟိုဟာ"

ကားလ်က နောက်ဘက်စင်၏ အလယ်တွင် တန်းစီ၍ တင်ထားသော အဝါရောင် ပုလင်းအရှည်များကို လက်ညှိုးထိုးပြသည်။ အမှန်တော့ သူ့လက်ညှိုးသည် ပုလင်းအဝါများဆီသို့ အမှတ်တမဲ့ ထိုးပြမိခြင်း ဖြစ်၏။ သူ့အနေဖြင့် ထိုဝိုင်ပုလင်းများ၏ အမည်ကိုလည်း မသိ။ တံဆိပ်ကိုလည်း မသိ။

"အဲဒါ ဝိုင်အချိုတွေ" ဟု စာရေးက ပြောသည်။

"ကိစ္စမရှိပါဘူး ရပါတယ်" ဟု ကားလ်က ပြောသည်။ သူသည် ဝိုင်ပုလင်းကိုယူပြီး ဆိုင်ထဲမှ အမြန်ထွက်သွားလိုစိတ် ပြင်းပြလျက်ရှိနေသည် မဟုတ်ပါလား။

စာရေးက ပုလင်းကို စက္ကူနှင့်ထုပ်၍ အကြွေအမ်းပြီးသော် ဝယ်သူ နောက်တစ်ဦးဘက် လှည့်သွားသည်။ ကားလ်က ဝိုင်ပုလင်းကို ဆွဲယူပြီး အပြင်သို့ ထွက်လာသည်။ သူသည် လမ်းကို ဖြည်းဖြည်းလျှောက်သည်။ ဘယ်လောက်ပဲ ဖြည်းဖြည်း လျှောက်လျှောက် သူ့အခန်း ပြန်ရောက်ဖို့အတွက် အချိန်ကြာကြာ မလျှောက်လိုက်ရပေ။ အရက်သောက်ဖို့အတွက် ဘယ်တုန်းကမှ ဤတစ်ခါလောက် နောက်တွန့်ခြင်း မဖြစ်ခဲ့ဖူးပေ။ အခုလောက် နောက်တွန့်နေမည် ဆိုပါမူ သူ့အနေဖြင့် ဘားတစ်ခုခုတွင် ဝင်သောက်ခဲ့ဖို့ကောင်း၏။ တစ်လမ်းလုံး ဘား အများအပြားကို သူဖြတ်ခဲ့ရသည် မဟုတ်ပါလား။ သို့သော်လည်း ယခင်ယခင်က ဘားများတွင်ဝင်၍ အရက် သောက်တတ်သော အလေ့အထ သူ့မှာမရှိ။ ထို့ကြောင့် သူသည် အခန်းသို့ပင် ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

မာတိကာသို့ ▶▶

အခန်းပေါင်း အမြောက်အမြား ဖွဲ့ထားသည့် အိမ်အိုကြီး ထဲတွင် မှောင်မည်းလျက်ရှိသည်။ အောက်ထပ် ခန်းမကြီးထဲ တွင် လူတစ်ယောက်မှ မရှိ။ သူသည် တကျွီကျွီ မြည်လျက် ရှိသော လှေကားအတိုင်း တက်လာခဲ့၏။ အခန်းငှားအားလုံး သည် အလုပ်ခွင်သို့ ရောက်နေကြသည်။ ထိုနေ့ည အင်္ဂါနေ့။ အကယ်၍သာ ထိုနေ့မွန်းတည့်အချိန်က သူ့အမေ ရုတ်တရက် နေမကောင်းဖြစ်သဖြင့် အိမ်သို့အမြန်ဆုံး ပြန်လာခဲ့ပါ ဟူသော ကြေးနန်းသာ သူ့အလုပ်ဌာနရုံးသို့ ရောက်မလာခဲ့လျှင် သူ ကိုယ်တိုင်လည်း အလုပ်ခွင်၌ ရှိနေလိမ့်မည်ဖြစ်၏။ ညနေ လေးနာရီ မထိုးမချင်း ဘတ်စ်ကား ရှိလိမ့်မည် မဟုတ်ကြောင်း သူ သိထားသည်။ အခုမှ တစ်နာရီပဲ ရှိသေးသည်။ မြန်မြန် လိုက်သွားနိုင်အောင်တော့ အသင့်ပြင်ထားဖို့လို၏။ သို့သော် လည်း အရက်ကလေး တစ်ခွက်တစ်ဖလား သောက်လိုက်ချင် သေးသည်။ တစ်ခါတစ်ရံတွင် ယောကျ်ားများသည် သူတို့၏ အာရုံကြောများ တည်တည်ငြိမ်ငြိမ် ဖြစ်နေစေရန်အတွက် အရက်သောက်ဖို့ လိုအပ်သည် မဟုတ်ပါလား။ ဝတ္ထုတွေထဲ မှာတော့ သူတို့သည် ဘရန်ဒီ သောက်ကြသည်။ သို့ပေမယ့် လည်း ဘရန်ဒီက သူနှင့်မတည့်။

ဘရန်ဒီသောက်လျှင် သူနေမကောင်း ဖြစ်ချင်သည်။ ဝိုင်ကတော့ သူ့အတွက် အကောင်းဆုံး။ ပြီးတော့ ဝိုင်က ဘရန်ဒီလောက်မပြင်း။

အခန်းထဲရောက်သည့်အခါ သူ့ခေါင်းမှ ဦးထုပ်ကိုချွတ်ပြီး ဗီရိုထဲ မထည့်ခင် ဝိုင်ပုလင်းစက္ကူပတ်ကိုခွာ၍ အဖုံးကိုဖွင့်သည်။

မာတိကာသို့ ▸▸

ထို့နောက် သူသည် မှန်တင်ခုံပေါ်၌ တင်ထားသည့် ဖန်ခွက်ထဲမှ သူ့သွားပွတ်တံကို ထုတ်လိုက်ပြီး ဖန်ခွက်ထဲသို့ ဝိုင်ကို လောင်းထည့်သည်။ အကယ်၍များ သူ့အမေ သေပြီဆိုပါက... သူ သည်လိုအတွေး သူ့ခေါင်းထဲ မဝင်အောင် အားထုတ်သည်။

"အမေ အဲသလိုတော့ မဖြစ်ပါစေနဲ့" ဟုဆုတောင်းသည်။ သူသည် ဖန်ခွက်ထဲမှ ဝိုင်ကို တစ်ကျိုက်တည်း မော့လိုက်လေသည်။

သူသည် အသက်ရှူပြန်၍ မှန်လာစေရန် အိပ်ရာပေါ်သို့ ထိုင်ချလိုက်၏။ လှေကားကို တက်လာစဉ်က အခုလောက် အသက်ရှူမမှား။ သို့သော်လည်း အခုကျတော့ သူ့နှလုံးသည် လျှင့်မြန်စွာ ခုန်လျက်ရှိ၏။ သူ့နဖူးတွင်လည်း ချွေးသီး ချွေးပေါက်ကြီးများ စို့လာသည်။ ထို့ကြောင့် သူ့ကုတ်အင်္ကျီနှင့် ရှပ်အင်္ကျီများကိုချွတ်ပြီး မျက်နှာသစ်ရန် ပြင်သည်။

သို့သော်လည်း မျက်နှာသစ်၍ မဖြစ်သေး။ သူ့ပစ္စည်းများကို အရင်ဆုံး သိမ်းဆည်းထုပ်ပိုးမှ ဖြစ်မည်။ ထို့နောက် အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။ သူ့အမေအတွက် ဘာလက်ဆောင်မှ မဝယ်ရသေး။ သို့သော်လည်း ထိုအတွေးကို ဆုံးအောင်မတွေး။ ယနေ့သည် စနေနေ့မဟုတ်။ သူအိမ်ပြန်လေ့ ရှိသော လစဉ် စနေနေ့များထဲမှ စနေတစ်ရက် မဟုတ်။ ယနေ့ သည် အင်္ဂါနေ့။ ပုံမှန်ဖြစ်နေသော သူ့ဘဝကို ရုတ်တရက် ပြိုကွဲသွားအောင် လုပ်ခဲ့သော ကြေးနန်းစာသည် သူ့အိတ်ကပ် ထဲတွင် ရှိနေသည်။ "မင့်အမေ အသည်းအသန် ဖြစ်နေသည်။ အိမ်ကို အမြန်ပြန်ခဲ့ပါ"

မာတိကာသို့ ▶▶

ဂျွန်နှင့် နယ်လီရောစစ်တာတို့သည် သူ ကလေးဘဝ ကတည်းက အတူနေလာကြသည့် အိမ်နီးနားချင်းဖြစ်၏။ သူတို့အနေဖြင့် သူ့အား မလိုအပ်ဘဲနှင့်တော့ အခုလို ချောက်ချောက်ချားချားဖြစ်အောင် လုပ်လိမ့်မည်မဟုတ်။ သူ့အမေ အသည်းအသန် ဖြစ်နေသည်မှာ မှန်ဖွယ်ရာရှိ၏။ သို့ဆိုလျှင် အမေ့အတွက် လက်ဆောင်တစ်ခုခု ယူသွားရန် စဉ်းစားနေဖို့မလို။ သူသည် အဝတ်အစားထည့်သည့် သေတ္တာကို ထုတ်ရန် ဗီရိုဆီသို့သွားသည်။ သို့သော်လည်း သူ့လက်များသည် လှုပ်ရှားခြင်းမရှိပေ။ ပယင်းရောင်ထနေသော ဝိုင်အရက်ပုလင်းသည် သူ့ဘေးမှ မှန်တင်ခုံပေါ်၌ ရှိနေသည်။ ပူရှရှနှင့် ချိုမြသောအရသာကို ပေးနိုင်စွမ်းရှိသည်။

အခန်းထဲတွင် မည်သူမျှမရှိ။ တစ်အိမ်လုံးတွင် အိမ်ရှင်မိန်းမကြီးမှတစ်ပါး တခြားမည်သူမျှ ရှိလိမ့်မည်မထင်။ တကယ်တော့ သူခံစားနေရသည့်ဒုက္ခကို ဖွင့်ပြောစရာလူသည် ရှီကာဂိုမြို့တွင် တစ်ဦးတစ်ယောက်မျှ ရှိသည်မဟုတ်။

ကျွေးမွေးစောင့်ရှောက်ရမည့် အမေတစ်ယောက်။ ရသည့်လစာက နည်းနည်း။ အခန်းခ၊ စီးပွားရေးကောလိပ်တွင် တက်နေသည့် သင်တန်းစရိတ်။ စာအုပ်ဖိုးအားလုံး ပေါင်းလိုက်တော့ ကုန်ကျစရိတ်က အများကြီး။ မိတ်ဆွေ အပေါင်းအသင်းရှာဖို့၊ မိန်းကလေး မိတ်ဆွေများနှင့် အပြင်ထွက်ဖို့ အချိန်များများစားစား မရှိ။ ရှီကာဂိုလို မြို့ကြီးတစ်မြို့တွင် သူ့လိုလူငယ်တစ်ယောက်အဖို့ အသိမိတ်ဆွေရနိုင်ဖို့ ဆိုသည်မှာ ခက်ခဲလွန်းလှချေသည်။

ကားလ်သည် ဝိုင်ကို ဖန်ခွက်နှင့် အပြည့် ထည့်၍ သောက်ပြန်သည်။ ထို့နောက် ဗီရိုကိုဖွင့်၍ အပေါ်ဆုံးထပ်မှ ဘီး၊ မှန်၊ ပေါင်ဒါ စသော ကိုယ်သုံးပစ္စည်း အတိုအထွာများကို ထုတ်ယူပြီး အိပ်ရာပေါ် ချထားလိုက်သည်။ ဒုတိယထပ်မှ ရှပ်အင်္ကျီနှစ်ထည်ကို ထုတ်သည်။ သုံးထည်လောက် ယူသွားရလျှင် ပို၍ကောင်းမည်ထင်၏။ သို့မဟုတ် လေးထည်။ အခု သွားရမည့် ခရီးမှာ သီတင်းပတ် အလုပ်နားရက်တွင် သွားသည့် သွားနေကျ ခရီးမဟုတ်။ အဝတ်အစားကို ပိုထည့်သွားလျှင် ကောင်းမည်ဟု ထင်သည်။ အကယ်၍ သူ့အမေ၏ ရောဂါသည် တာရှည်နေခဲ့ပါမူ သူသည် သီတင်းတစ်ပတ် သို့မဟုတ် တစ်ပတ်ထက်ပို၍ နေချင်နေရလိမ့်မည်။ သူ၏ အနက်ရောင် ဝတ်စုံကိုပါ ယူသွားလျှင် ကောင်းလေမလား။ အကယ်၍ အမေသည်–

ဤအတွေးသည် သူ့ဝမ်းဗိုက်ကို လက်သီးပြင်းပြင်းနှင့် တစ်ချက် ဆောင့်ထိုးလိုက်သည့်နှယ် ခံစားရသည်။ ထိတ်လန့်ကြောက်ရွံ့ခြင်းသည် သူ့တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသည်။ သူသည် တုန်တုန်ယင်ယင်ဖြင့် အိပ်ရာပေါ် ထိုင်ချလိုက်၏။

"တောင့်ထားစမ်းပါကွာ" သူ့အသံက တိတ်တိတ်ကလေး ကျိတ်၍ အားပေးသည်။ သူသည် မှန်ထဲတွင် တင်လျက်ရှိသော သူ၏ အညိုရောင်မျက်နှာကို ကြည့်၍ ပြုံးသည်။ "ယောကျ်ားပီသစမ်းပါကွာ"

သူသည် ဝိုင်ကို ဖန်ခွက်နှင့် အပြည့်ထပ်ထည့်ကာ မရပ်မနားဘဲ မော့ပြန်သည်။ ဘယ်တုန်းကမှ ဝိုင်အရက်ကို

မာတိကာသို့ ▶▶

အခုလောက် များများ မသောက်ခဲ့စဖူး၊ အခု သောက်ပြန်တော့လည်း မူမူရူရူ ချိုမြမြနှင့် အရသာ ရှိပါဘိ။ သူသည် မတ်တတ်ရပ်လိုက်ပြီး လက်မောင်းနှစ်ဘက်ကို နောက်သို့လွှဲ၍ ပစ်လိုက်သည်။ သူ့စိတ်တွင် သူ့အရပ် ပိုရှည်လာသည်ဟု ထင်သည်။ သူ့ခေါင်းသည် အပေါ်မျက်နှာကြက်နှင့်ပင် ထိလုထိခင် ဖြစ်လာသလို ခံစားရ၏။ ထို့နောက် အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် သူ့ကိုယ်သူ မှန်ထဲ၌ ပြန်ကြည့်ကာ သီချင်းဆိုသည်။ သူဆိုသည့်သီချင်းမှာ အစလည်း မရှိ။ အဆုံးလည်း မပါ။ အမှတ်မထင် ဆိုလိုက်မိသည့် အပိုဒ်ကိုပင် ထပ်ခါတလဲလဲ ဆိုနေသည်။

ထို့နောက် ကိုယ်ပေါ်မှ အဝတ်အစားများကိုချွတ်၍ ရေချိုးခန်း ဝတ်ရုံကြီးကို ယူဝတ်သည်။ ပုလင်းထဲမှ ဝိုင်ကို ဖင်ကပ်ပင် မကျန်အောင် စစ်ထည့်သည်။ ပြီးတော့ ခန်းမကြီးထဲမှဖြတ်ပြီး ရေချိုးခန်းဆီသို့ သွားသည်။

သီချင်းဆိုကတော့ မရပ်။ ရေဘုံဘိုင်ကိုဖွင့်၍ ရေချိုးခွက်ကြီး ပြည့်သွားအောင် ရေဖြည့်ပြီး အထဲဝင်ထိုင်သည်။ ရေချိုးခွက်ကြီးထဲ ရေမှာလည်း ဝိုင်အရက်လိုပင် နွေးနွေးထွေးထွေး ရှိလှသည်။ သူသည် ရေစိမ်နေရခြင်းတွင် အရသာတွေ့လျက်ရှိ၏။ သူ့အမေ၏ ခြံဝင်းအတွင်းရှိ ထောင့်နှစ်ထောင့်မှ မြက်ပင်များ ထူထပ်သည့် ကုန်းစောင်းလေးတစ်ခု။ ထိုနေရာကို သတိရနေသည်။ သူငယ်စဉ်က မက်မုံသီးရောင် ပေါက်နေသော နီဂရိုးကပြားမလေး တစ်ယောက်နှင့် ကစားခဲ့ဖူးသည့်နေရာ။ အမေက အိမ်ထဲမှထွက်လာပြီး သူတို့နှစ်ယောက်ကို လှူချင်းခွဲလိုက်သည်။ မိကောင်းဖခင်မှ ပေါက်ဖွားလာသော ကလေး

မဟုတ်ဟုဆိုကာ ကောင်မလေးကို အမေက နှင်ထုတ်သည်။ အခုတော့ သူ အရွယ်ရောက်နေပြီ။ သူကြိုက်ရာ ကောင်မလေးနှင့် တွဲမည်။ သူ့အမေ ဘယ်တော့မှ ဝင်ရှုပ်၍ ရလိမ့်မည် မဟုတ်။

ကားလ်သည် ရေချိုးခွက်ကြီးထဲ လှဲနေရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။ ရေကိုခပ်၍ သူ့ကျောနှင့် ခေါင်းကို လောင်းသည်။ မူးနေပြီလား။ ဘာဖြစ်တာလဲ။ မင်းဘာဖြစ်နေတာတုံး။ မင့်အမေအပေါ်မှာ ဒီလိုပဲ တွေးနေရသလား။ သူ အခုဆိုရင် အသက်ငင်ချင် ငင်နေမှာ။ ဒီမှာ ငါပြောမယ်၊ မင်း နားထောင်။ လေးနာရီဘတ်စ်ကားကို မမီရင် မဖြစ်ဘူး ဆိုတာ မင်းသိတယ် မဟုတ်လား။ အိမ်ပြန်ဖို့ စီစဉ်ထားပြီး ခါမှ သူ မူးနေသည်။ သူ့တစ်ကိုယ်လုံး ထုံလာသည်။ သူ့နှလုံး အခုန်သည် မြန်လာသည်။ နှလုံးခုန် မြန်လွန်းအားကြီးသဖြင့် အသက်ကို မှန်မှန် ပြန်ရှူနိုင်စေရန် ရေချိုးခွက်ထဲ ပြန်လှဲပြီး သူ့ခေါင်းကိုဖော်၍ တစ်ကိုယ်လုံး ရေနွေးနှင့် ပြန်စိမ်နေရလေသည်။

အခုလို ရေနွေးထဲ၌ ငြိမ်ငြိမ်ကလေး လဲလျောင်းနေရခြင်းသည် အရသာ ရှိလှ၏။ ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့် နားအေးပါးအေး ရှိသည်။ အင်္ဂါနေ့။ လူတိုင်း အလုပ်ခွင်၌ အလုပ်လုပ်နေကြသည်။ ကားလ်အင်ဒါဆင်ဟု ခေါ်သည့်သူကတော့ ရေချိုးခွက်ကြီးထဲ၌ ရေနွေးစိမ်လျက် ရှိသည်။ စစ်ကြီးပြီးသည့်နောက် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ငွေကြေး အနည်းအကျဉ်း စုမိချင် စုမိမည်။ အိမ်သုံးစရိတ်ကလည်း များများစားစား ကုန်စရာ

မရှိပါက ကားဝယ်နိုင်မည်။ နွေဦးပေါက်ရာသီ ဝင်လာ၍ နှင်းဆီပန်းတွေ ဖူးကြပွင့်ကြ လေယူရာတိမ်း၍ ယိမ်းနွဲ့ကြပြီဆိုလျှင် ထိုကားနှင့် မိန်းကလေးတွေ တစ်ယောက်ပြီး တစ်ယောက် တင်၍...။

သူ့အသံသည် မဆိုးလှ။ စောစောက သူသီချင်းဆိုခဲ့၏။ နှင်းဆီပန်းတွေ အကြောင်း။ သီချင်းသံနှင့်အတူ ထွက်လာနေသည့် ဝိုင်နံ့သည် ချိုမွှေးလှပါဘိ။ သူသည် လှဲနေရာမှ ထရပ်ပြီး မျက်နှာသုတ်ပဝါကို လှမ်းယူလိုက်သည်။ ပြီးတော့ သီချင်းကို အားရပါးရ စိတ်ရောကိုယ်ပါ ကျယ်လောင်စွာ ဆိုပြန်သည်။ ရုတ်တရက် အပြင်မှ တံခါးခေါက်သံ တစ်ချက်။

"အထဲမှာ ဘာတွေဖြစ်နေသလဲ" အိမ်ရှင်မိန်းမကြီး၏ အသံဖြစ်သည်။ သူသီချင်း တကြော်ကြော် ဟစ်နေသည်ကို အောက်ထပ်မှ အဘွားကြီးက ကြားဟန်တူ၏။

"ဘာမှမဖြစ်ဘူး မစ္စက်ဒိုင်းယား။ ဘာမှမဖြစ်ဘူး။ သီချင်းဆိုချင်စိတ် ပေါ်လာလို့ ဆိုနေတာ"

"အင်ဒါဆင်လား။ အလုပ်ချိန်ကြီးမှာ မင်းက အိမ်ပြန်ပြီး ဘာလုပ်နေတာလဲ"

"ကျွန်တော် အမေ့ဆီ ပြန်မလို့။ အမေ နေလို့..."

"မင်းအသံကတော့ မိုးခွေငှက်တစ်ကောင်လို မြူးကြွနေတာပဲ။ ငါဖြင့် တွေးလို့တောင်မရ"

အောက်ထပ်သို့ ပြန်ဆင်းသွားသည့် အဘွားကြီး၏ခြေသံများကို သူ ကြားနေရလေသည်။

မာတိကာသို့ ▶▶

"အမေနေလို့" သူ၏ခေါင်းသည် ရီဝေမူးနောက်နောက် ဖြစ်လာသည်။ "ငါ့အမေရဲ့" သူ့မျက်လုံးများသည် ရုတ်တရက် ချက်ချင်း ပူလာသည်။ ရေချိုးခွက်ထဲမှ အပြင်သို့ထွက်ရန် အတွက် တစ်ဖက်နံရံကို လက်နှင့်ထောက်၍ အားပြုသည်။ မူးနေပြီ။ သူ့အခြေအနေကတော့ ဒါပဲဖြစ်၏။ မူးနေပြီ။

သူသည် ခန်းမကို ဒယီးဒယိုင်ဖြင့် ဖြတ်လျှောက်သည်။ အိပ်ရာပေါ်သို့ လှဲချလိုက်ပြီး ခေါင်းကို ခေါင်းအုံးကြားတွင် မြှုပ်ထားလိုက်သည်။ သူ့လက်များကို အပေါ်သို့တန်းလိုက်ပြီး ခုတင်သံတိုင်များကို တအား ဆုပ်ကိုင်ထားသည်။ ရှက်စိတ် သည် သူ့အား ဖိစီးလျက် ရှိလေသည်။

ဦးခေါင်းကို ခေါင်းအုံးများကြားတွင် မြှုပ်နှံထားသဖြင့် အားလုံး မှောင်မိုက်နေသည်။ သူ့အမေ မြော်များနေသလား မဖြစ်နိုင်။ လုံးဝ မဖြစ်နိုင်။ သို့သော်လည်း သူကတော့ မူးနေ သည်မှာ အမှန်။ အမှောင်ထုထဲတွင် သူ့အမေ၏ လက်တစ်ဖက် သည် သူငယ်ငယ်တုန်းကလို သူ့ခေါင်းပေါ် တင်ထားသည့်နှယ် ခံစားရသည်။ ပြီးတော့ အမေ့အသံက စကားပြောလျက် ရှိသည်။ "ချစ်စရာကောင်းအောင် နေစမ်းပါ ကားလ်ရယ်၊ လူကောင်း လေး ဖြစ်အောင်နေပါ။ သန့်ရှင်းအောင်လည်းနေ။ အမေက မင့်ကိုချစ်တယ်။ မင့်ကို အရိပ်တကြည့်ကြည့်နဲ့ နေတာ။ ချစ်အောင်နေနော်။ အိမ်မှာ အမေဆုံးမသမျှကို မမေ့နဲ့။ အမြဲ သတိရ"

ထိုနောက် သူ စောစောက ဆိုခဲ့သော သီချင်းထဲမှ နှင်းဆီ ပန်းများနှင့် သူသောက်ထားသည့် ဝိုင်သည် သူ့ ခေါင်းထဲတွင်

မာတိကာသို့ ▶▶

တလည်လည် ဖြစ်စပြုလာသည်။ သူ့အမေကို သူသစ္စာဖောက်မိပြီဟူသော အတွေး၊ သာယာသော နွေဦးပေါက်ရာသီတွင် အသားညိုချော ကောင်မလေးများကိုတင်၍ မော်တော်ကားနှင့် လည်လိုက်မည်ဟူသော စိတ်ကူးနှင့် ခုတင်ဘေးရှိ ကုလားထိုင်တစ်လုံးတွင် ချိတ်ထားသည့် ကုတ်အင်္ကျီအိတ်ကပ် အတွင်းမှ အဝါရောင် ကြေးနန်းစာရွက်တို့သည် ရုတ်တရက် တစ်ခုပြီး တစ်ခု ထွေးလုံးရစ်ပတ်ကာ သူ့ခေါင်းထဲ၌ တစ်ရစ်ပတ်ပတ် ဖြစ်လျက် ရှိလေ၏။

သို့သော်လည်း သူ့မျက်လုံးများကို တအားမှိတ်လိုက်သည့်အခါ ထိုအရာအားလုံးသည် ဆက်၍ ပေါ်မလာတော့ဘဲ ရပ်သွားသည်။ သူသည် ဦးခေါင်းကို ခေါင်းအုံးများကြားသို့ တိုး၍တိုး၍ ဖိကပ် မြှုပ်နှံထားသည်။ ပြီး ငြိမ်သက်နေသည်။ မှောင်နေသော်လည်း နွေးနွေးထွေးထွေးတော့ ရှိ၏။ အခန်းထဲတွင် စောစောကထက် တိတ်ဆိတ်လာသည်။ ပို၍ ပို၍ မှောင်လာသည်။ အလွန်ရှည်လျားလှသော အချိန်တစ်ချိန် တရွေ့ရွေ့ ကုန်ဆုံးလာသည်။ အမှောင်ထုနှင့် ငြိမ်ဆိတ်ခြင်း။ ပြီးတော့ ငြိမ်းချမ်းခြင်း။

"မစ္စတာ အင်ဒါဆင်၊ ဟေး... အင်ဒါဆင်"

အမှောင်ထုအတွင်း အလွန်ဝေးကွာသော အရပ်မှ တစ်စုံတစ်ယောက်၏ ခေါ်သံ။ ထို့နောက် အသံက နီးလာသည်။ သို့သော်လည်း အလှမ်းဝေးနေသေးသလိုရှိဆဲ။ ထို့နောက် တံခါးခေါက်သံ။

"အင်ဒါဆင်" အသံက ပို၍နီးလာပြီး ပို၍ကြည်လင်ပြတ်သားလာသည်။ တံခါးပွင့်သွားသည်။ အခန်းတွင်းသို့ အလင်းရောင် ခုန်ဝင်လာသည်။ လက်တစ်ဖက်သည် သူ့ပခုံးကို လာ၍ လှုပ်သည်။ မျက်လုံးများ ဖွင့်ကြည့်သည်။ သူ့အား ငုံ့ကြည့်နေသည့် မစ္စက်ဒိုင်းယား၏ အရိပ်မည်းမည်း။

"အင်ဒါဆင်၊ မင်း မူးနေသလား"

"မမူးပါဘူး မစ္စက်ဒိုင်းယား" အိပ်မှုန်စုံမွှားသံဖြင့် ပြန်၍ အဖြေပေးသည်။ သူ့အား အပေါ်မှမိုး၍ ကြည့်နေသော အိမ်ရှင်မကြီး၏ မျက်နှာကို မျက်လုံးများ ပုတ်ခတ်ပုတ်ခတ်လုပ်၍ ကြည့်နေသည်။ မိန်းမကြီး ဖွင့်လိုက်သော လျှပ်စစ်မီးလုံးမှ အရောင်ကြောင့် သူ့မျက်လုံးများသည် ကျိန်းစပ်လျက်ရှိကြ၏။

"အင်ဒါဆင်၊ အောက်ထပ် ခန်းမကြီးထဲမှ မင့်အတွက် အဝေးဖုန်း လာနေတယ် ထတော့။ အင်္ကျီကြယ်သီးတွေ တပ်လေ။ မြန်မြန် ဆင်းသွားပြီး နားထောင်ဦး။ ငါ အောက်က နေပြီး အော်ခေါ်နေတာ ငါးမိနစ်လောက်ရှိပြီ"

ကားလ်သည် အိပ်ရာပေါ်တွင် ခေါက်ခနဲ ထထိုင်သည်။ "ဘယ်နှနာရီလောက်ရှိပြီလဲ" အိမ်ရှင်မိန်းမကြီးက တံခါးဝမှ ရပ်၍ ပြန်ပြောသည်။

"ခြောက်နာရီခွဲ၊ ခုမှ ခုနစ်နာရီလောက်တော့ရှိပြီ"

"ခုနစ်နာရီ"

ကားလ်က ရေရွတ်သည်။

"ကျွန်တော် ဘာစာ်စ်ကား မမိတော့ဘူး"

"ဘာဘတ်စ်လဲ"

“လေးနာရီဘတ်စ်”

“ဒါဆိုရင်တော့ မင်းမမီတော့ဘူး” ဟု မိန်းမကြီးက ပြန်ပြောသည်။ “အရက်နဲ့ အချိန်စာရင်းကို မရောစေနဲ့ကွယ့်၊ အခု ဖုန်းခေါ်နေတာ မင့်အမေဖြစ်မယ် ထင်တယ်” စိတ်ပျက်သော အမူအရာဖြင့် မိန်းမကြီးသည် အောက်ထပ်သို့ ပြန်ဆင်းသွားသည်။ သူ့နောက်ဘက်တွင် တံခါးသည် ပွင့်ကျန်ခဲ့လေသည်။

တယ်လီဖုန်း။ ကားလ်သည် အိပ်ရာထဲမှ ခုန်ထသည်။ သူ့ခေါင်းသည် ရီဝေဝေ မူးနောက်နောက်။ သူ့ခြေထောက်များသည် မခိုင့်တခိုင်။ သူသည် ဝတ်ထားသည့် ရေချိုးခန်း ဝတ်လုံကြီးကို တင်းသွားအောင် ဆွဲစေ့ကာ လှေကားမှ အပြေးအလွှားဆင်းသည်။ တယ်လီဖုန်း လာနေသည်။ သူ့တစ်ကိုယ်လုံးရှိ အကြောများသည် အားယုတ်သွားသည့်နှယ် ခံစားရသည်။ သူသည် သူ့အမေအား အရက်မသောက်ပါဟု ကတိပေးခဲ့၏။ အမေက သူ့ကို အဖေ့အကြောင်း ပြောပြခဲ့ဖူးသည်။ သူတော့ သူ့အဖေကို ကောင်းစွာမမှတ်မိ။ သူ့အဖေ သေဆုံးသွားသည်မှာ ကြာပြီ။ အခုတော့ သူ့အမေသည်...

ဘယ်သူပဲဖြစ်ဖြစ် ခုနစ်နာရီထိုးလောက်ဆိုလျှင် သူအိမ်ပြန်ရောက်သင့်ပြီ။ အမေ့အိပ်ရာဘေးတွင် ထိုင်၍ အမေ့လက်ကို ကိုင်ထားသင့်ပြီ။ သူ အိမ်ပြန်ရောက်သင့်သည်မှာ လွန်ခဲ့သော တစ်နာရီလောက်ကတည်းက မဟုတ်ပါလား။ အခုလောက်ဆိုလျှင်တော့ အမေသည်...

မာတိကာသို့ ▶▶

သူသည် တယ်လီဖုန်းကို ကောက်ကိုင်သည်။ သူ့အသံသည် အက်ကွဲနေသည်။ ကြောက်စိတ်ဖြင့် တုန်ယင်လှုပ်ရှားနေသည်။

"ဟဲလို ဟုတ်တယ်။ အခုပြောနေတာ ကားလ်ပါ။ ဟုတ်ပါတယ် မစ္စက်ရှော့စစ်တာ"

"ကားလ် မင်းခြောက်နာရီဆိုက်တဲ့ ဘတ်စ်ကားနဲ့ ပါလာလိမ့်မယ် ထင်လို့ တို့မျှော်နေကြတယ်။ ငါ့ယောကျ်ားက ကားဆိပ်အထိ သူ့ကားနဲ့ ထွက်သွားပြီး ကြိုနေတာ၊ ဒီမှာ ကားလ်"

"ဟုတ်ကဲ့ပါ မစ္စက်ရှော့စစ်တာ"

"မင့်အမေလေ"

"ပြောပါ၊ မစ္စက်ရှော့စစ်တာ"

"မင်းအမေ ခုနပဲဆုံးသွားရှာတယ်။ မင်း လောလောဆယ် ထွက်မလာဖြစ်သေးလည်း ကြိုပြီး သိထားရအောင်လို့။ ငါ ထင်တာက . . . မင်း"

တဒင်္ဂတော့ဖြင့် မစ္စက်ရှော့စစ်တာ ပြောနေသမျှကို သူ မကြား။ ထို့နောက်မှ သူ့အား မေးခွန်းတစ်ခု မေးနေခြင်း ဖြစ်သည်ကိုသတိထားမိသည်။ မစ္စက်ရှော့စစ်တာက ထိုမေးခွန်းကိုပင် ထပ်ခါတလဲလဲ ပြန်မေးနေသည်။

"ငါ့ဂျယ်ရီကို ကနေ့ညကားနဲ့ လွှတ်လိုက်မယ်။ မင်းကို ခေါ်ဖို့ပေါ့၊ မနက်ဖြန်မနက်အထိ ဘတ်စ်ကား မရှိတော့ဘူးဆိုတော့ အဲသလိုလုပ်မှ ဖြစ်မယ်။ ငါ အဲသလိုလုပ်ရင် မင်းသဘောကျရဲ့လားဟင်"

မာတိကာသို့ ▶▶

"အဲသလိုပဲ လုပ်ပေးရင် ကောင်းပါလိမ့်မယ်။ မစ္စက်ရော့စစ်တာ၊ ဒါပေမဲ့ ဒီလိုရှိတယ်၊ နေဦး နားထောင်ပါဦး။ ကိစ္စမရှိဘူးလေ။ ကျွန်တော် အိမ်ပြန်မလာခင် လုပ်စရာကလေးတွေ နှစ်ခုသုံးခုလောက် ရှိနေသေးတယ်။ ကျွန်တော် ဘဏ်ကို အရင်သွားမယ်။ မသွားလို့မဖြစ်ဘူး။ ဒါပေမဲ့ မနက်ဖြန်မနက် စောစောပဲပေါ့ မစ္စက်ရော့စစ်တာ။ ကျွန်တော်အိမ်ကို ဆက်ဆက်ရောက်ပါမယ်။ စိတ်ချပါ"

"ငါတို့ဟာ မင်းတို့သားအမိရဲ့ အိမ်နီးနားချင်းတွေပါ။ မိတ်ဆွေတွေလည်း မိတ်ဆွေတွေ မဟုတ်လား။ တို့များရဲ့အိမ်ဟာ မင်းအိမ်ပါပဲကွယ်။ မင်းလာရင် အိမ်ကိုတန်းလာခဲ့နော်"

"ဟုတ်ကဲ့ပါ မစ္စက်ရော့စစ်တာ၊ ကျွန်တော် သိပါတယ်။ လာပါမယ် ဆက်ဆက်လာခဲ့ပါ့မယ်"

သူသည် အပေါ်ထပ်သို့ ပြန်ပြေးတက်ကာ အဝတ်အစားများကို ထုတ်၍ထည့်သည်။ သူ အမြန်ဆုံး ထွက်မှ ဖြစ်မည်။ အမြန်ဆုံးထွက်ပါမှ သူ့တစ်ကိုယ်လုံး ပူလောင်လျက် ရှိ၏။ သူ့လည်ချောင်းသည် ခြောက်သွေ့လျက်ရှိ၏။ သူသည် ဝိုင်ပုလင်းကို ကောက်ယူပြီး အပေါ်မှကပ်ထားသည့် စာရွက်ကို ဖတ်သည်။ ဝိုင်ကတော့ ဝိုင်ကောင်း။ ပူပူရှရှနှင့် သောက်လို့ အဝင်မဆိုး။ အိမ်ရှင်မကြီး ပြန်ရောက်မလာခင် မြန်မြန်လုပ်မှ။ မြန်မြန် မြန်မြန်။ သို့မှသာလျှင် သူ ဘာကြောင့် အရေးတကြီး ထွက်သွားသည်ကို မိန်းမကြီး နားမလည်ဘဲ ကျန်ခဲ့မည်။ ငါ့ အမေ သူတစ်ယောက်တည်း သေရတာများလား။ သူသည် ကုတ်အင်္ကျီကို အမြန်ကောက်ဝတ်ပြီး လှေကားမှ အပြေးဆင်း

မာတိကာသို့ ▶▶

သည်။ အပြင်ဘက်တွင် မှောင်မည်းလျက်ရှိ၏။ လမ်းမီးများသည် ခါတိုင်းညများထက်ပို၍ မှေးမှိန်သည်ဟု ထင်မိသည်။ "အမေတစ်ယောက်တည်း သေရတာလား" လမ်းထောင့်တစ်နေရာတွင် အရက်ဘားတစ်ခု။ မီးရောင်က မှုန်ဝါးဝါး။ အရင်ကတော့ ဤဘားထဲကို သူ မဝင်ဖူးခဲ့။ ဒီတစ်ကြိမ်ကျတော့ သူ ဝင်ခဲ့သည်။ အခုတော့ဖြင့် သူသောက်ချင်သလောက်သောက်နိုင်ပြီ။ တစ်ယောက်တည်း၊ တစ်ယောက်တည်း။ အိမ်မှာ အမေ တစ်ယောက်တည်း သေရတာလား။

အရက်ဘားသည် မှုန်ကုပ်ကုပ် နိုင်လွန်းလှ၏။ စပါးကျီ တစ်လုံးနှင့် တူလှသည်။ ငါးဆင့်တန် ဓာတ်ပြားစက်မှ အသံ ခပ်ကြောင်ကြောင်ဖြင့် ခေတ်ပေါ်တေးတစ်ပုဒ် ထွက်လာလျက်ရှိသည်။ အသားညိုညို အမျိုးသမီးတစ်ယောက်သည် စက်အနီးတွင်ရပ်ကာ သီချင်းကို လိုက်၍ဆိုလျက်ရှိ၏။ မည်းနက်သော ဆံစများသည် အဖြူရောင်ဦးထုပ်အောက်မှ အပြင်သို့ အခွေလိုက် အလိပ်လိုက် ကျလျက်ရှိလေသည်။

ကားလ်က အရက်ကောင်တာသို့သွားသည်။

"ဘာသောက်မလဲ" အရက်ရောင်းသမားက သူ့ပခုံးဘက်မှ အဝတ်ကို ကောင်တာပေါ်ချလိုက်ပြီး မေးသည်။

"အရက်တစ်ခွက်" ဟု ကားလ်က ပြောသည်။

"ဝီစကီလား"

"အင်း"

"မင်း နှစ်ခွက်မဝယ်နိုင်ဘူးလား" ဆံပင်အခွေလိုက်အလိပ်လိုက် ထနေသော အမျိုးသမီးက မေးသည်။

"ရပါတယ်" ဟု ကားလ်က ပြန်ပြောသည်။ "နှစ်ခွက်လုပ်ပါ"

"မင်း ဘာဖြစ်လာသလဲ၊ မင်းကြည့်ရတာ တုန်တုန်ယင်ယင်နဲ့" ဟုအမျိုးသမီးက တအံ့တဩ ရေရွတ်သည်။

"အေးလို့"

"မင်းသောက်လာတယ် မဟုတ်လား" ဟု အမျိုးသမီးက သူ့ဘေးတွင် လာရပ်ပြီး မေးပြန်သည်။ "ဒါပေမဲ့ အနံ့က ဝီစကီတော့ မဟုတ်ဘူး"

ဝီစကီ မဟုတ်ဘူးဟု ကားလ်ကပြောသည်။ "ဝိုင်"

"အအိုး... မင်းအရက်သောက်တာ ရောသောက်နေသလား။ ဒါပေမဲ့ မပူနဲ့၊ ကိစ္စမရှိဘူး၊ တကယ်လို့ မင်းသောက်လာတဲ့ ဝိုင်နဲ့ဝီစကီ ရောမိပြီး မင်းခေါင်းသွားရင် မင့်ကို ငါ အိမ်ခေါ်သွားမယ်"

"အိမ်ကို" ကားလ်က သံယောင်လိုက်၍ ရေရွတ်သည်။

"ဟုတ်တယ်လေ" ဟု အမျိုးသမီးက ပြောသည်။ "အိမ်ကို ပေါ့။ ငါနဲ့ အတူတူပြန်မယ်။ မင်းနဲ့ငါနှစ်ယောက်တည်း။ အိမ်ကို"

အမျိုးသမီးက သူ့လက်ကို ကားလ်၏ ပခုံးပေါ်သို့ တင်လိုက်သည်။

"အိမ်" ကားလ်က ရေရွတ်သည်။

"ဟုတ်တယ်၊ အိမ်"

"အိမ်" ကားလ်က နောက်တစ်ကြိမ်ထပ်၍ ရေရွတ်သည်။ ကျိတ်၍ ငိုကြွေးလိုက်သည့် အရှိန်ဖြင့် သူ့တစ်ကိုယ်လုံး

တသိမ့်သိမ့် လှုပ်လာသည်။ "အိမ်" ဟူသော စကားလုံးသည် ပီပီသသ ထွက်မလာ။ ငိုရှိုက်သံနှင့်အတူ လည်ချောင်းထဲတွင် နစ်မြုပ်သွားသည်။ သူသည် ကောင်တာပေါ်သို့ လက်နှစ်ဖက်ကို တင်လိုက်သည်။ ပြီးတော့ သူ့ခေါင်းကို လက်နှစ်ဖက်ပေါ်၌ မှောက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေ၏။ အရက်ရောင်းသမားနှင့် အမျိုးသမီးတို့သည် ထိတ်လန့်အံ့ဩစွာဖြင့် ကားလ်အား ငေးကြည့်နေကြသည်။

ထို့နောက် အမျိုးသမီးက အလွန်နူးညံ့ ပျော့ပျောင်းသော လေသံဖြင့် ချော့ချော့မော့မော့ ပြောသည်။ "မင်း မူးနေပြီ ချာတိတ်၊ ကဲ လာ။ သွားကြမယ်။ ယောကျ်ားပဲကွာ။ တောင့်ထားမှပေါ့။ ငါ မင့်ကို အိမ်ခေါ်သွားပါ့မယ်။ တကယ်လို့ မင်းအနေနဲ့ အိမ်ကို ပြန်ချင်တဲ့စိတ် သိပ်ရှိနေရင် ငါက အိမ်ကို ခေါ်သွားလို့ရပါတယ်။ ငါရဲ့ ကိုယ်ပိုင်အိမ်ဖြစ်ဖို့တောင် မလိုပါဘူး"

*

On The Way Home
By Langston Hughes

မာတိကာသို့ ▸▸

မာတိကာသို့ ▶▶

ဂျော်န်ဆန်
(၁၈၃၂-၁၉၁၀)

ဂျော်န်ဆန်သည် နော်ဝေလူမျိုး စာပေပညာရှင်တစ်ဦး ဖြစ်သည်။ သူသည် ခေတ်သစ်နော်ဝေ စာပေကို ရှင်သန်ဖွံ့ဖြိုးအောင် ရှေ့တန်းမှ နေ၍ ပြုစုပျိုးထောင်ခဲ့ကြသည့် နော်ဝေ စာပေပညာရှင်ထဲမှ တစ်ဦး ဖြစ်သည်။ သူသည် ပြဇာတ်ရေးဆရာ၊ ကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ နီတိဆရာအဖြစ်ဖြင့်သာမက နိုင်ငံရေးသမားတစ်ဦးအဖြစ်ပါ ထင်ရှားသူဖြစ်သည့် အားလျော်စွာ သူ့လူမျိုးများ၏ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့လေသည်။ သူ ရေးခဲ့သမျှ စာပေအများအပြားတွင် ဝတ္ထုတိုများသည်လည်း လူအများ စိတ်ဝင်စားခြင်းခံရသည်။ ယခု "အဖေ" ဟု အမည်ပေးထားသော ဤဝတ္ထုသည် အတိုဆုံးဝတ္ထု၊ ဝတ္ထုတိုတစ်ပုဒ်ဟု ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဤဝတ္ထုတိုသည် ဂျော်န်ဆန်၏ အကောင်းဆုံးလက်ရာဟု အသိအမှတ် ပြုထားကြလေသည်။

မာတိကာသို့ ▶▶

အဖေ

ယခု ပြန်လည်ပြောပြရမည့် ဇာတ်လမ်း၏ အစိက ဇာတ်ကောင် ပုဂ္ဂိုလ်မှာ သင်းအုပ်ဘုန်းကြီးပိုင် နယ်မြေအတွင်း၌ အချမ်းသာဆုံးနှင့် ဩဇာတိက္ကမ အကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ့နာမည်မှာ သော့ဒ်အိုဗားရားစ် ဖြစ်ပါသည်။ တစ်နေ့တွင် သူသည် သင်းအုပ်ဘုန်းကြီး၏ စာကြည့်ခန်းအတွင်းသို့ ဝင်လာသည်။ သူသည် အရပ်မြင့်မြင့်နှင့် တက်ကြွသောဟန် ရှိသည်။

"တပည့်တော် သားတစ်ယောက်ရလို့ပါ " ဟု သူက သင်းအုပ်ဘုန်းကြီးအား လျှောက်သည်။

"တပည့်တော်ရဲ့သားကို ရေဖျန်းမင်္ဂလာပြုပေးဖို့ အပ်ချင်ပါတယ် "

"သူ့နာမည်ကို ဘယ်လိုပေးမယ် စိတ်ကူးထားသလဲ"

"ဖင်းလို့ ပေးပါမယ် ။ တပည့်တော်ရဲ့ အဖေ နာမည်ကို ပေးမှာပါ"

"ဘယ်ပုဂ္ဂိုလ်တွေက အာမခံကြမှာလဲ"

ထိုအခါ သော့ဒ်ီက အာမခံမည့်သူများ၏ အမည်များကို ပြောသည်။ အားလုံး သော့ဒ်၏ဆွေမျိုးများဖြစ်၍ သင်းအုပ်ပိုင် နယ်မြေအတွင်း၌ နာမည်တစ်လုံးနှင့် နေကြသူများချည်း ဖြစ်၏။

"ထူးထူးခြားခြား ပြောစရာများ ရှိသေးသလား"ဟု ဘုန်းကြီးက မေးပြီး သော့ဒ်ကို မော့ကြည့်သည်။

လယ်သမားကြီးသည် အနည်းငယ်မျှ တုံ့ဆိုင်းဆိုင်း ဖြစ်နေသေးသည်။

"ရေဖျန်းတဲ့အခါ သူ့ဘာသာသူ ဖျန်းနိုင်အောင် စီမံပေး စေချင်ပါတယ်"ဟု သော့ဒ်က ပြောလေသည်။

"သီတင်းပတ် တစ်ရက်ရက်မှာ လုပ်မလား"

"လာမယ့် စနေနေ့၊ မွန်းတည့် ဆယ့်နှစ်နာရီမှာ လုပ်ပါ မယ်"

"တခြား ဘာရှိသေးလဲ"ဟု ဘုန်းကြီးက ထပ်မေးသည်။

"တခြားမရှိတော့ပါဘူး " လယ်သမားကြီးသည် သူ့ဦးထုပ်ကို လက်နှင့်လိမ်နေသည်။ သူသည် အခန်းထဲမှ ထွက်သွားရန် ဟန်ပြင်သည်။

ထိုအခါ သင်းအုပ်ဘုန်းကြီးက ထိုင်ရာမှထသည်။

"တစ်ခုတော့ ရှိသေးတယ်လေ"ဟုဆိုကာ သော့ဒ်ဆီသို့ လျှောက်သွားပြီး သူ့လက်ကို လှမ်းဆွဲသည်။ ပြီးတော့ သော့ဒ်၏ မျက်လုံးများကို လေးနက်တည်ကြည်သော မျက်နှာထားဖြင့် စူးစူးစိုက်စိုက် ကြည့်သည်။

မာတိကာသို့ ▶▶

"ဘုရားသခင်သည် ဤကလေးအား သင့်အတွက် ကောင်းကျိုးချမ်းသာဖြစ်အောင် စောင်မတော်မူပါစေသတည်း"

*

တစ်ဆယ့်ခြောက်နှစ်မျှ လွန်မြောက်ပြီး နောက်တစ်ရက်တွင် သော့ဒ်သည် သင်းအုပ်ဘုန်းကြီး၏ စာကြည့်ခန်းထဲသို့ နောက်တစ်ကြိမ် ရောက်လာပြန်လေ၏။

"ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် အသက်မွေးနိုင်သားပဲ။ အံ့ဩစရာကောင်းလောက်အောင်ကို အရွယ်တင်ပေတာပဲ" ဟု ဘုန်းကြီးက ဆီးပြောသည်။ လယ်သမားကြီး၏ ပုံပန်းသဏ္ဌာန် လက္ခဏာတွင် ထူးခြားသော ပြောင်းလဲမှုဟူ၍ လုံးဝ မမြင်ရ၊ မတွေ့ရခြင်းကြောင့် ဘုန်းကြီးက ဤစကားကို ပြောလိုက်ခြင်း ဖြစ်၏။

"တပည့်တော်မှာ ဆင်းရဲဒုက္ခမရှိလို့ အခုလို အရွယ်တင်နေတာပါ" ဟု သော့ဒ်က ပြန်၍ လျှောက်သည်။

ထိုစကားအတွက် ဘုန်းကြီးက ဘာတစ်ခွန်းမျှ ပြန်မပြောချေ။ သို့သော်လည်း ခဏမျှကြာသောအခါ မေးခွန်းတစ်ခု မေးသည်။

"ဒီညနေခင်းမှာ ဘာများ အထူးပြောစရာရှိသေးလဲ"

"တပည့်တော် ကနေ့ညနေခင်း လာတာကတော့ တပည့်တော်ရဲ့ သားကို မနက်ဖြန်မှာ ဘာသာဝင်အဖြစ် အတည်ပြုပေးဖို့ပါ ဘုရား"

"သူငယ်က ဉာဏ်ကောင်းတဲ့ ကလေးတစ်ယောက်ပဲ"

"မနက်ဖြန် ဘုရားရှိခိုးကျောင်းထဲမှာ တပည့်တော်ရဲ့သား ရပ်ရမယ့် နေရာနံပါတ်ကို မသိသေးခင်တော့ ဘုန်းကြီးကို တပည့်တော် အခ မပေးနိုင်ဘူး "

"သူ နံပါတ်တစ်ရတယ်"

"ဒီလိုဆိုရင် နေရာနံပါတ်ကို တပည့်တော် သိရှိပြီးဖြစ်တဲ့ အတွက် ဘုန်းကြီးကို ဆယ်ဒေါ်လာ တပည့်တော်လှူပါတယ်။ လက်ခံပါ "

"ကျုပ် ခင်ဗျားအတွက် တခြားလုပ်ပေးနိုင်တာ ဘာများ ရှိသေးသလဲ" ဟု ဘုန်းကြီးက သော်ဒ့်ကို အသေအချာကြည့်၍ မေးသည်။

"တခြား ဘာမှမရှိပါ "

သော်ဒ့်သည် အခန်းထဲမှ ပြန်ထွက်သွားလေသည်။

*

နောက်ထပ် ရှစ်နှစ်တိတိ ကုန်လွန်သွားပြန်သည်။ တစ်နေ့တွင် ဘုန်းကြီး၏ စာကြည့်ခန်းအပြင်ဘက်မှ ဆူဆူ ညံညံ အသံများကြားရသည်။ လူတစ်စုသည် သူ့အခန်းဆီသို့ ဦးတည်၍ လာလျက်ရှိ၏။ သူတို့ရှေ့မှ ဦးဆောင်လာသော သော့ဒ်သည် အခန်းတွင်းသို့ ရှေ့ဆုံးမှဝင်လာသည်။

ဘုန်းကြီးက မော့ကြည့်သည်။ ချက်ချင်းပင် သော့ဒ်ကို မှတ်မိလေသည်။

"ဘယ်လိုလဲ သော့ဒ်၊ ခင်ဗျား အခုတစ်ခါ လာတာ တပျော်တပါး ပါလား" ဟု ဘုန်းတော်ကြီးက ပြောသည်။

"တပည့်တော်လာတာက တပည့်တော်ရဲ့သား လက်ထပ် မင်္ဂလာသတင်းကို ကြေညာပေးဖို့ လာပြောတာပါ ။ သူနဲ့ အခု တပည့်တော်ဘေးမှာ ရပ်နေတဲ့ ဂတ်မန်းရဲ့သမီး ကရင်စတိုလီဒင်နဲ့ လက်ထပ်ကြမှာပါ"

"မိန်းကလေးက ဒီသင်းအုပ် တစ်ပိုင်နယ်မြေထဲမှာ အချမ်းသာဆုံး မိန်းကလေးပါကလား"

"အဲသလိုပဲ အများက ပြောကြပါတယ် "

လယ်သမားကြီး သော့ဒ်က သူ့လက်တစ်ဖက်ဖြင့် ခေါင်းနောက်ကို ကုတ်၍ အဖြေပေးသည်။

ဘုန်းကြီးသည် တစ်စုံတစ်ရာကို အလေးအနက်ထား၍ ဆင်ခြင် စဉ်းစားနေသည့်နှယ် တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ ထို့နောက် သူသည် တစ်ခွန်းတလေမျှပင် ဝေဖန် ပြောဆိုခြင်း မပြုတော့ဘဲ သူ၏ လက်ထပ်မင်္ဂလာ မှတ်ပုံတင်စာအုပ်ကြီး အတွင်း၌ အမည်များ ရေးသွင်းသည်။ လူများက အောက်မှ လက်မှတ်ထိုးကြသည်။ သော့ဒ်က ငွေသုံးဒေါ်လာကို စားပွဲပေါ်သို့ ချပေးသည်။

"ကျုပ်ကိုပေးရမှာက တစ်ဒေါ်လာတည်းပါ" ဟုဘုန်းကြီး က ပြောသည်။

"တပည့်တော် ကောင်းကောင်းသိပါတယ် ။ ဒါပေမဲ့ သူဟာ တပည့်တော်ရဲ့ တစ်ဦးတည်းသော သားပါ ။ သူ့မင်္ဂလာပွဲကို ထိုက်ထိုက်တန်တန် လုပ်ချင်ပါတယ် "

ဘုန်းကြီးက ငွေကို လက်ခံလေသည်။

မာတိကာသို့ ▶▶

"ခင်ဗျားသားရဲ့ကိစ္စကြောင့် ကျုပ်ဆီကို ခင်ဗျားလာတာ တတိယအကြိမ်ပဲနော်။ သော့ဒ်"

"ဒါပေမဲ့ အခုတစ်ကြိမ်တော့ဖြင့် သူ့ကိစ္စဟာ ပြီးပြတ်သွားပါပြီ "ဟု သော့ဒ်က လျှောက်သည်။ သူသည် လက်ထဲမှ မှတ်စုစာအုပ်ကို ပြန်ပိတ်ကာ နှုတ်ဆက်စကားပြောပြီး ပြန်သွားလေသည်။

ကျန်လူများသည် သူ့နောက်မှ ခပ်ဖြည်းဖြည်းပင် လိုက်သွားကြသည်။

*

သီတင်းနှစ်ပတ်မျှအကြာ သာယာသော နေ့တစ်နေ့တွင် အဖေနှင့်သားသည် မင်္ဂလာပွဲအတွက် ပြင်ဆင်စရာရှိသမျှ ပြင်ဆင်နိုင်ရန်အတွက် လှေတစ်စင်းဖြင့် ကန်ကိုဖြတ်၍ သတို့သမီး စတိုလီဒင်တို့ထံ သွားကြလေသည်။

"ဒီထိုင်ခုံက သိပ်စိတ်မချရဘူး" ဟုဆိုကာ သားဖြစ်သူသည် သူထိုင်နေသောခုံကို နေရာပြင်ရန် မတ်တတ်ထရပ်သည်။

သူ ထ၍ ရပ်လိုက်သည့် ခဏမှာပင် သူတက်ရပ်နေသော ပျဉ်ချပ်သည် သူ့ခြေထောက်အောက်မှ လျှောခနဲ ထွက်သွားသည်။ သူ့လက်များသည် အပေါ်သို့ မြှောက်သွားပြီး တစ်ချက်မျှ အော်လိုက်ကာ လှေပေါ်မှ ကျသွားလေ၏။

"ခတ်တက်ကို လှမ်းဆွဲထား" ဟု အဖေက အော်ပြောပြီး ထိုင်နေရာမှ ခုန်ထကာ လှေတက်တစ်ခုကို သူ့သားဆီသို့ ထိုးပေးသည်။

မာတိကာသို့ ▶▶

သို့သော်လည်း သားဖြစ်သူသည် ခတ်တက်ကို ဆွဲမရန် ကြိုးစားအားထုတ်နေရင်းမှပင် လက်ပန်းကျလာသည်။

"ခဏနေဦး" ဟု အဖေက အော်ကာ လှေကို သားရှိရာ ဘက်သို့ လှော်သည်။ ထိုအချိန်တွင် သားသည် တစ်ချက်မျှ ပက်လက်လန်သွားပြီး သူ့အဖေအား အတန်ကြာမျှ ငေးကြည့် ကာ ရေထဲသို့ မြုပ်သွားလေ၏။

သောဒ့်သည် သူမြင်လိုက်ရသည့်အဖြစ်ကို မယုံကြည်နိုင် အောင် ဖြစ်လျက်ရှိ၏။ သူသည် လှေကိုငြိမ်အောင် ထိန်းထား ပြီး သူ့သားမြုပ်သွားသည့် နေရာကို စူးစူးစိုက်စိုက် ကြည့်နေ သည်။ ထိုနေရာတွင် သူ့သား ပြန်ပေါ်လာလိမ့်မည်ဟု မျှော်လင့် နေသည့်နှယ် ရှိသည်။ ထိုနေရာတွင် ရေသည် ပလုံထလျက် ရှိ၏။ ထို့နောက် ပလုံထနေသော ရေပွက်သည် ပို၍များလာ သည်။ ပြီးတော့ ကန်ရေပြင်သည် ပြန်၍ ငြိမ်သွားပြီး မှန်ပြင် တစ်ချပ်သဖွယ် ပြန်၍ ကြည်လင်သွားလေသည်။

လူအများသည် သုံးရက်နှင့် သုံးညတိတိ အစားလည်း မစား၊ အိပ်လည်းမအိပ်ဘဲ သူ့သားနစ်မြုပ်သွားသည့် နေရာ၌ လှေကို တစ်ပတ်ပြီး တစ်ပတ်လှည့်၍ လှော်နေသောအဖေကို မြင်ကြသည်။ သူသည် သူ့သားအလောင်းကို ရရန်အတွက် ကန်ရေပြင်ကို ပိုက်စိပ်တိုက်နေခြင်းပေတည်း။ တတိယနေ့ လင်းအားကြီးအချိန်တွင် အဖေသည် သူ့သားအလောင်းကို ပြန်တွေ့သည်။ သူသည် အလောင်းကို တယုတယပွေ့ကာ တောင်ကုန်းများကို ကျော်ဖြတ်၍ သူ့မြေခြံသို့ သယ်သွားလေ သည်။

*

မာတိကာသို့ ▶▶

ထိုနေ့ လွှန်မြောက်ပြီးနောက် တစ်နှစ်ခန့်အကြာတွင် ဖြစ်မည်။ နွေဦးရာသီ၏ တစ်ညနေခင်းတွင် ဘုန်းကြီးသည် အိမ်တံခါးအပြင်မှ လူတစ်ယောက်အသံကို ကြားရသည်။ တံခါးမင်းတုပ်ကို လိုက်လံ စမ်းသပ်ရှာဖွေနေသည့် အသံ။ ဘုန်းကြီးက တံခါးကို ဖွင့်ပေးလိုက်၏။ ဝင်လာသူမှာ အရပ်မြင့်မြင့်၊ ပိန်ပိန်၊ ခါးကိုင်းကိုင်းနှင့် တစ်ခေါင်းလုံးရှိ ဆံပင်များ ဖြူဖွေးလျက်ရှိသော လူတစ်ယောက်ဖြစ်သည်။ ဘုန်းကြီးသည် ထိုလူကို အချိန်အတော်ကြာမျှ ငေးကြည့်နေမိသည်။ ထိုလူကား သော့ဒ်ပေတည်း။

"နောက်ကျလှပါတကား" ဟု ဘုန်းကြီးကပြောပြီး ငြိမ်သက်စွာ ရပ်နေသည်။

"အင်း . . . ဟုတ်တယ်၊ နောက်ကျတယ်" ဟု သော့ဒ်က ရေရွတ်ကာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

ဘုန်းကြီးကပါ ထိုင်သည်။ တစ်စုံတစ်ရာ အပြောကို စောင့်စားနေသည့်နှယ် ငြိမ်နေသည်။ နှစ်ဦးသား စကားမပြောဘဲ အချိန်အကြာကြီး ငြိမ်ဆိတ်နေကြသည်။ နောက်ဆုံးတွင် သော့ဒ်က စပြောသည်။

"ဆင်းရဲသားတွေကို ပေးချင်တဲ့ ပစ္စည်းတစ်ခု တပည့်တော် ယူလာပါတယ် ၊ ဒီပစ္စည်းကို ပေးတဲ့အခါမှာလည်း တပည့်တော်ရဲ့သား နာမည်နဲ့ ပေးချင်ပါတယ် "

သူသည် ထိုင်ရာမှထကာ လက်ထဲမှငွေများကို စားပွဲပေါ် တင်ပေးပြီး ပြန်ထိုင်သည်။ ဘုန်းကြီးက ငွေများကို ရေတွက်ကြည့်လေသည်။

"ငွေက အများကြီးပဲ" ဟု ဘုန်းကြီးက ရေရွတ်သည်။

"တပည့်တော်ရဲ့ မြေတစ်ဝက်တန်ဖိုးပါ ၊ တပည့်တော် ကနေ့ပဲ ရောင်းပစ်လိုက်ပါတယ်"

ဘုန်းကြီးသည် အချိန်အတန်ကြာမျှ ငြိမ်ဆိတ်နေပြန်သည်။ နောက်ဆုံးကျမှ အလွန်ညင်သာသော လေသံဖြင့် မေးသည်။

"အခု ခင်ဗျား ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ သော့ဒ်"

"မှန်မြတ်တဲ့ အလုပ်တစ်ခုပေါ့"

နှစ်ဦးသား ငြိမ်သက်စွာပင် ထိုင်နေကြသည်။ သော့ဒ်က မျက်လွှာချ၍ ဘုန်းကြီး၏ မျက်လုံးများက သော့ဒ်ကိုကြည့်၍ ဘုန်းကြီးက လေသံတိုးတိုးဖြင့် ပြောသည်။

"နောက်ဆုံးမှာတော့ ခင်ဗျားရဲ့သားဟာ ခင်ဗျားအတွက် မှန်ကန် မှန်မြတ်တဲ့ ကောင်းကျိုးချမ်းသာ တစ်ခုကို ပေးသွားခဲ့တယ်လို့ ကျုပ်ထင်တယ်"

"မှန်ပါတယ် " သော့ဒ်က ဘုန်းကြီး၏ မျက်နှာကို မော့ကြည့်ပြီး ပြောသည်။ မျက်ရည်ပေါက်ကြီး နှစ်ပေါက်သည် သူ့ပါးနှစ်ဖက်ပေါ်သို့ ဖြည်းဖြည်းချင်း လိမ့်ဆင်းလာလျက်ရှိလေသည်။

*

The Father
By Bjornst Jerne Bjornson

မာတိကာသို့ ▸▸

မာတိကာသို့ ▶▶

ဖီးရင်မော်လ်နာ

ဖီးရင်မော်လ်နာ ဟန်ဂေရီလူမျိုး ပြဇာတ်ရေးဆရာ၊ ဝတ္ထုရေးဆရာဖြစ်သည်။ ၁၈၇၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မွေးဖွား၍ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နယူးယောက်မြို့တော်၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက်ခုနှစ်ဆယ့်လေးနှစ် ရှိပြီးဖြစ်၏။ သူ မကွယ်လွန်မီက နယူးယောက်မြို့တော်၏ ဗဟိုပန်းခြံကို အပေါ်မှစီး၍ မြင်သာသည့် ဟိုတယ်တစ်ခုတွင် ဆယ့်နှစ်နှစ်ကြာမျှ နေသွားခဲ့လေသည်။ သူ့အခန်းသည် အမေရိကန်နိုင်ငံရှိ လက်ရွေးစင် ဟန်ဂေရီ စာပေပညာရှင်များ စုဝေးရာ ဌာနချုပ်တစ်ခု ဖြစ်ခဲ့၏။ သူသည် အဓိကအားဖြင့် ပြဇာတ်ရေးဆရာဖြစ်သော်လည်း ရံဖန်ရံခါတွင် ဝတ္ထုတိုကလေးများ ရေးလေ့ရှိသည်။ သူ့ဇာတိနိုင်ငံ ဟန်ဂေရီတွင် နေထိုင်ခဲ့စဉ်က ကြုံခဲ့ရသည့် သူ့ စောစောပိုင်းဘဝကို ပြန်လည် အောက်မေ့ထားသော ဤဝတ္ထုတိုသည် အင်္ဂလိပ်ဘာသာဖြင့် ရှိခဲ့သော သူ့ဝတ္ထုတို အနည်းငယ်ထဲမှ တစ်ပုဒ်ဖြစ်လေသည်။

မာတိကာသို့ ▶▶

အချစ်ရူး

မစ္စတာနက်ဘ်ဆိုသူမှာ ထမင်းလခနှင့်ကျွေးသော အိမ်တွင် နေသည့် ကျောင်းသားများက အလွန်ရိုသေ လေးစားသော နှာခေါင်းကြီးကြီးနှင့် လူတစ်ယောက်ဖြစ်ပါသည်။ ထမင်း လခနှင့်ကျွေးသော အိမ်ကိုပိုင်သူမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် အိုနေလေပြီဖြစ်သော အဘွားကြီး တစ်ယောက် ဖြစ်၏။ ဤအဘွားအိုကြီးတွင် သမီးတစ်ယောက် ရှိသည်။ သမီးဖြစ်သူသည် အိမ်ထောင်ကျခဲ့ဖူးသူဖြစ်၍ ယခု အခါတွင် မုဆိုးမတစ်ယောက် ဖြစ်နေပါသည်။ သူ့အသက်မှာ နှစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေး၍ သူနှင့်မစ္စတာနက်ဘ်တို့မှာ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှနေကြသည်။ နက်ဘ်၏ နာမည် အမှန်မှာ ဘယ်သူဘယ်ဝါဖြစ်သည်ကို ကျွန်တော် မမှတ်မိတော့ ပါ။ သူ့နာမည်မှာ ရုရှားနာမည်ဖြစ်၍ အလွန်ရှည်ပါသည်။ အသံထွက်ရလည်း ခက်ပါသည်။ အသံထွက်သည့် အခါတွင် တော့ 'နက်ဘ်' ဟူသော အသံပါလျက်ရှိပါသည်။ ထမင်းလခ

နှင့် ကျေးသော အိမ်သို့ ကျွန်တော် ရောက်သွားချိန်တွင် သူကိုယ်သူ နက်ဘ်ဟုခေါ်နေသော ဤလူသည် ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်နေရှာသော အဘွားကြီး၏သမီးနှင့် အကြီးအကျယ် မေတ္တာမျှလျက် ရှိကြပါသည်။

သူတို့နှစ်ဦး၏ အချစ်ဇာတ်လမ်းသည် အချိန်ကာလ အတော်ကလေး တာရှည်ပါသည်။ နက်ဘ်သည် သူ၏ဆရာဝန် စာမေးပွဲကို အောင်မြင်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း အမျိုးသမီး၏ အကျိုးကိုငဲ့ကွက်ကာ ဤအိမ်၌ပင် ဆက်လက် နေထိုင်လျက်ရှိ၏။ သူ့အဖေက သူ့ကို အကြိမ်ကြိမ် စာရေးပြီး အိုဒက်ဆာမြို့သို့ လာရန်ခေါ်သည်။ သူ့အဖေက နက်ဘ်အတွက် အလုပ်တစ်ခု ရှာထားပြီး ဖြစ်ရုံမက မိန်းမတစ်ယောက်ပါ ရှာထားပြီးပြီဟု ဆိုပါသည်။ တိုတိုပြောရလျှင် နက်ဘ်၏ ဘဝအတွက် လိုအပ်သမျှကို အသင့်လုပ်ထားပြီးပြီဖြစ်၍ ပြန်လာသင့်ပြီဟု သူ့အဖေက ဆိုခြင်းဖြစ်သည်။ သို့သော်လည်း နက်ဘ်ကတော့ မပြန်ပါ။ သူတို့သားအဖ စာများ အပြန်ပြန် အလှန်လှန် ရေး၍ ရန်ဖြစ်ကြသည်။ ထို့နောက် ရှုရှားအဘိုးအို ထံမှ စာမရေးတော့ပါ၊ ဤကိစ္စ ဖြစ်ပြီးသည့်နောက် ရက်တရက် ချက်ချင်းပင် နက်ဘ်သည် အမျိုးသမီးအပေါ်၌ ငြီးငွေ့လာသည်။ အပြင် စကြံလမ်းတစ်လျှောက်မှ အစိမ်းရောင် ပိုးသားဂါဝန်သံ ကြားသည့်အခါ၌ဖြစ်စေ၊ သစ်သားလှေကားမှ ခပ်ဖွဖွ နင်းတက်လာသည့် ခြေသံများ ကြားသည့်အချိန်၌ဖြစ်စေ သူ့ရင်သည် ယခင်လို မခုန်တော့ပါ။

မာတိကာသို့ ▶▶

နက်ဘ်သည် ပြီးပြီးပျောက်ပျောက်သမား တစ်ဦးဖြစ်ပါသည်။ ယဉ်ကျေးသူလည်း မဟုတ်ပါ။ အဆင့်အတန်း မမြင့်သော အလွန်ရှေးဆန်သည့် ရှရှား လယ်သမားတစ်ဦးမျှသာ ဖြစ်ပါသည်။ တကယ်တော့ နက်ဘ်သည် ကျေးရှူးသိတတ်သူလည်း မဟုတ်ပါ။

ညပိုင်း ခုနစ်နာရီခွဲလျှင် မောင်းထုသံ ထွက်လာစမြဲဖြစ်ပါသည်။ ညစာကျွေးနေပြီဟု ကြေညာလိုက်ခြင်း ဖြစ်ပါ၏။ သာယာသော တစ်ညခင်းတွင်မူ အောက်ပါအတိုင်း ဖြစ်လာပါသည်။ ထုံးစံအတိုင်း မောင်းထုသံထွက်လာသည်။ လူတိုင်း စားပွဲတွင် ဝင်ထိုင်ကြသည်။ သို့သော်လည်း ဂျာမန်ကောင်လေး၏ ခုံမှာ လွတ်လျက်ရှိပါသည်။ ထို့နောက် ပူသော်လည်း အရသာမရှိသည့် ဟင်းချိုရောက်လာပါသည်။ ထိုအချိန်အထိ ဂျာမန်ကောင်လေးသည် သူ့ထိုင်ခုံ၌ လာမထိုင်သေးပါ။

ထိုအမျိုးသမီးကယောက်ျားအစေခံကို လှမ်းပြောပါသည်။

"မောင်းကို ထပ်ထုလိုက်စမ်းပါဦး။ ကြည့်ရတာ မောင်းသံကို ကက် ကြားပုံမရဘူး"

အပြင်ဘက်မှ မောင်းသံ ထပ်ထွက်လာသည်။ သို့သော်လည်း ထိုအချိန်ထိ ကက်၏ အရိပ်အယောင်ကို မမြင်ရပါ။

"လုပ်ပါဦး" ဟု အမျိုးသမီးက တစ်စုံတစ်ခုကို စဉ်းစားချိန်ဆနေသည့် မျက်လုံးနှင့် လှမ်းပြောသည်။ "အပေါ်လေးထပ်က ဂျာမန်လေး အခန်းကိုသွားပြီး ကျွန်မတို့အားလုံး ညစာစားပွဲမှာ ရောက်နေကြပြီလို့ ပြောပေးစမ်းပါ"

စားပွဲ၌ ထိုင်နေကြသူများထဲတွင် နက်ဘ်သည် အသက် အကြီးဆုံး ဖြစ်ပါသည်။ ကျန်လူအားလုံးမှာ အထက်တန်း ကျောင်းသားများချည်း ဖြစ်သဖြင့် အမျိုးသမီးက နက်ဘ် သို့ လှည့်ကြည့်သည်။

"ဘာပြုလို့ ညစာဆင်းမစားတာပါလိမ့်"

"ငါ ဘယ်သိမလဲ"

"ဖျားများနေလို့လား။ သူ့သိပ်နေမကောင်းဘူးလို့တော့ ကျွန်မကို ပြောတယ်"

"သူ... ငါ့အခန်းကိုလည်း လာတယ်။ ကျွန်တော် အိပ်မပျော်ဘူးလို့ ပြောသွားတယ်။ ဒါပေမဲ့ သူ့ဘာသာ ဘာဖြစ် တယ်ဆိုတာ ငါသိပါတယ်။ ဒီကောင်လေး ဒီကိုရောက်တာ သိပ်မကြာသေးဘူး။ အိမ်လွမ်းတဲ့ ရောဂါပေါ့။ အိမ်လွမ်းတာ ပါ"

စားပွဲ၌ ထိုင်နေကြသူတိုင်းက ပြုံးကြသည်။ အခန်းငှား ထားသည့် အိမ်တစ်အိမ်တွင် ဖြစ်လေ့ဖြစ်ထရှိသော အိမ်လွမ်း ရောဂါမှာ သင်္ဘောတစ်စင်းပေါ်မှ ခရီးသည်များတွင် စွဲကပ် တတ်သည့် လှိုင်းမူးရောဂါနှင့် သဘောသဘာဝ တူပါသည်။ သို့သော်လည်း ထိုရောဂါများသည် အလေ့အကျင့် ရသွားသည့် အခါ ရယ်စရာဖြစ်လာတတ်သည်။ အထူးသဖြင့် ထိုရောဂါ ဒဏ်ကို ခံစားနေရသူများအားမြင်လျှင် ပြောင်ချင်လှောင်ချင် လာတတ်သည်။ ဤသို့ဖြင့် အသက်ဆယ့်ခြောက်နှစ် အရွယ် တွင် အာဖတ်မြို့နေအိမ်မှ ထွက်ခွာလာရပြီး ညစဉ်ညတိုင်း အိပ်ရာထဲ၌ ကျိတ်၍ ငိုနေတတ်သော ဂျာမန်ကောင်လေးကို

ကြည့်ပြီး သူတို့အားလုံးက ရယ်ခဲ့ကြသည်။ အမှန်တော့လည်း ထိုအချိန်အခါ ကာလမျိုးတွင် ဘာမဟုတ်သည့် အကြောင်း ကလေးကပင် လူတစ်ယောက်ကို ငိုအောင် လုပ်တတ်ပါသည်။ လူတစ်ယောက်သည် ပြတင်းပေါက်များကြောင့်လည်း ငိုတတ်သည်။ အိမ်တွင်ကျန်ခဲ့သည့် စောင်များနှင့် အစေခံကို သတိရ၍လည်း ငိုတတ်သည်။ ပန်းကန်ပြားများပေါ်မှ ရွှေတံဆိပ်များကို အောက်မေ့ပြီးတော့လည်း ငိုတတ်သည်။ လွမ်းဖျားလွမ်းနာ ကျနေသည့် အချိန်မျိုးတွင် လူတစ်ယောက်သည် ညစာပြင်နေ ခိုက် သူထိုင်၍ စောင့်လေ့ရှိသည့် မီးဖိုထဲမှ သေတ္တာဟောင်းကို သတိရပြီးတော့လည်း ငိုတတ်သည်။

ယောကျ်ားအစေခံ ပြန်ရောက်လာသည်။ "ကျွန်တော် သူ့အခန်းထဲ ဝင်လို့မရဘူး၊ တံခါးပိတ်ထားတယ်"

"ဒါဆိုရင် သူအိမ်မှာမရှိလို့ ဖြစ်မှာပေါ့"

"ရှိတယ်၊ သူအခန်းထဲမှာ တလှုပ်လှုပ်သွားနေတဲ့ အသံကို ကျွန်တော် ကြားခဲ့တယ်"

မိန်းမချောကလေးက ညှိုးငယ်သော မျက်နှာထားဖြင့် နက်ဘ်ကို တစ်ချက်လှမ်းကြည့်သည်။ "ကျွန်မဖြင့် သူ့အတွက် ဒုက္ခများလှပါပြီ။ တစ်ဆိတ် အပေါ်တက်သွားပြီး ဘာဖြစ်နေ သလဲဆိုတာ ကြည့်ပေးပါလား။ တကယ်လို့ သူငိုနေရင်လည်း ချော့မော့ပြီး အောက်ကိုပါအောင် ခေါ်ခဲ့ပါ။ သူတို့တစ်တွေ ဟာ ငိုပြီးရင်းငိုရင်းပဲ။ ပြီးတော့ လူတွေက တဖြည်းဖြည်း ပိန်လိုက်လာရော။ အဲဒီကျတော့ သူတို့မိဘတွေက သူတို့သား တွေ ဒီအိမ်မှာ အစားဝဝ မစားရလို့ ထင်ကြရော"

မာတိကာသို့ ▶▶

နက်ဘ်က သူ့လက်သုတ်ပဝါကို ချထားလိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။ သူသည် လှေကားကို တစ်ထစ်ချင်း တက်နေရာမှ သူ့အဖြစ်ကို ပြန်၍ဆင်ခြင်မိသည်။ အခုဆိုလျှင် သူ့ကို ဤအိမ်မှ ပိုင်ဆိုင်လျက်ရှိလေပြီ။ သူတို့သည် သူ့အား လွှမ်းဖျားလွှမ်းနာ ကျနေသော ဂျာမန်ကောင်လေးတွေဆီကို လွှတ်တတ်၏။ တစ်ချိန်တုန်းကတော့ အခုလို အခိုင်းခံရခြင်း သည်ပင်လျှင် အချစ်ဖြစ်ခဲ့သည်။ ညစ်ညမ်းသော၊ ဆိုးရွားသော၊ ဂုဏ်သိက္ခာကင်းမဲ့သော ဆက်ဆံမှု ဟူသမျှသည်လည်း အချစ်ပင် ဖြစ်ခဲ့ရ၏။ အချိန်ကာလ အတော်ကြာမျှ တည်နေခဲ့သော အချစ်ဆိုသည့် အရာကြောင့် သူသည် လူရည်တတ် ဂျာမန် ကောင်လေးများ အိမ်ကိုလွမ်း၍ ငိုတိုင်း မျက်ရည်များကို သုတ်ပေးခဲ့ရ၏။

"ဒီသရဲလေးက အေးအေးဆေးဆေး ဖြစ်နေတဲ့ ငါ့ဘဝကို ဖျက်ဆီးဦးတော့မှာပဲ" သစ်သားလှေကားကို တစ်ထစ်ချင်း တက်သွားနေသော နက်ဘ်ကတွေးသည်။ "ဒီကောင်လေးရဲ့ နားရင်းကို တစ်ချက်လောက်တော့ အုပ်ပေးလိုက်ဦးမှပဲ။ အုပ်ကို အုပ်ပေးလိုက်ဦးမယ်"

အပေါ်လေးထပ် ရောက်သောအခါ သူသည် ကက်၏ အခန်းကိုရှာသည်။ သော့ပေါက်မှနေ၍ အတွင်းသို့ ချောင်းကြည့်သည်။ သို့သော်လည်း ပထမတွင် ဘာမှမမြင်ရ။ နောက်မှတော့ တွဲလောင်းကျနေသည့် လက်ကိုင်ပဝါ တစ်ထည်ကို မြင်သည်။ "အိုး… အခန်းထဲမှာ ပြဿနာရှိနေ ပါပေါ့လား" ဟု တွေးသည်။

မာတိကာသို့ ▶▶

သူက တံခါးကိုခေါက်သည်။ "တံခါးဖွင့်စမ်းပါ"

အဖြေမရ။

"တံခါးဖွင့်။ အခုပြောနေတာ နက်ဘ်ကွ။ နှာခေါင်းကြီးကြီးနဲ့ နက်ဘ်လေကွာ"

အဖြေပေးသံ ကြားရမည့်အစား အထဲမှလဲကျသံတစ်ခု ကြားရသည်။ ကုလားထိုင်တစ်လုံး လဲကျသွားဟန်နှင့်တူ၏။

"မင်း ကြားရဲ့လားဟေ့" နက်ဘ်က အော်သည်။

"တကယ်လို့ မင်းတံခါး မဖွင့်ပေးရင် ငါခြေထောက်နှင့် ကန်ဖွင့်ရလိမ့်မယ်။ မင်းအခန်းထဲမှာ ဘာလုပ်နေတာလဲ။ ငါ ပြောလိုက်မယ်ကွာ။ ငါ့အနေနဲ့ တံခါးကို ချိုးဖျက်ပြီး ဝင်နိုင်တဲ့ အခွင့်အရေးရှိတယ်။ ဘာပြုလို့လဲဆိုတော့၊ အင်း... ငါ ဘယ်လို ပြောရမလဲဆိုရင်၊ ငါဟာ ဒီအိမ်မှာ စစ်ဆေးရေးမှူး တစ်ယောက်ကွ"

ဒီအိမ်မှာ ငါဟာ စစ်ဆေးရေးမှူးတစ်ယောက်ကွဟု သူ့ပါးစပ်မှ ထွက်သွားသောအခါ မသာမယာစိတ်ဖြင့် ပြုံးဖြဲဖြဲ လုပ်လိုက်မိသည်။ သူ့ကိုယ်သူ ပေးထားသည့် ရာထူးအမည်ကို ပင် စိတ်ထဲကကျိတ်၍ သဘောကျနေမိ၏။

သော့ပေါက်အတွင်းသို့ သော့ထိုးသွင်းသံ ကြားလိုက်ရ ပြီးနောက် တံခါးပွင့်သွားလေသည်။ ကက်သည် တံခါးဝတွင် ရပ်လျက်ရှိသည်။ ပြတင်းပေါက်၏ အပေါ်ဘက်နားမှ တန်းလန်းကျနေသော ကြိုးတစ်ချောင်းကို နက်ဘ် သတိပြုမိ သည်။ ကြိုးစအပေါ်ဘက်သည် ယက်မတွင် ချည်ထားသည်။ ကြိုးစ၏အောက်ဘက်ကိုမူ ကွင်းလျှော လုပ်ထားလေသည်။

နက်ဘ်သည် တံတွေးတစ်ချက် ခက်ခက်ခဲခဲ မျိုချလိုက်ပြီး တံခါးကိုပိတ်ကာ ဂျာမန်ကောင်လေး၏ လက်တစ်ဖက်ကို ဆွဲ၍ ပြတင်းပေါက်နားသို့ ခေါ်သွားသည်။

"မင့်နာမည်က ဘယ်သူလဲ"

"ကက်"

"အေး... ဟုတ်ပြီ။ ဒီမှာ ကက် ငါပြောမယ်။ မင်းဟာ မင်းကိုယ်မင်း ကြိုးဆွဲချပြီး သေချင်နေတယ်ဆိုတာ သိပ်ပြီး သိသာနေတယ်။ ဉာဏ်သိပ်ရှိဖို့တောင် မလိုဘူး။ ချည်ထားတဲ့ ကြိုးရယ်။ ဖြူဖွေးနေတဲ့ မင်းမျက်နှာရယ်။ ပြီးတော့ ညစာ ဆင်းမစားတာရယ်။ ဒါတွေကြည့်တာနဲ့ သိနိုင်တဲ့ကိစ္စကွ။ ဒီမယ်ကက် မင်းဟာအိမ်လွမ်းပြီး စိတ်ကယောင်ချောက်ချား ဖြစ်နေပုံရတယ်" ဂျာမန်ကောင်လေးက ဝမ်းနည်းကြေကွဲနေ သည့် မျက်နှာထားဖြင့် မချိပြုံးပြုံးပြီး အဖြေပေးသည်။

"ဟုတ်ပါတယ်"

နက်ဘ်က တံတွေးတစ်ချက် မျိုလိုက်ပြန်၏။ "အိမ် လွမ်းတယ်ဆိုတာ အလွန်ကောင်းတဲ့ အရာတစ်ခုကွ သိလား။ လူတိုင်းဟာ သူ့တိုင်းပြည် သူချစ်ရမှာပေါ့။ ငါဟာ ရုရှား တစ်ယောက် ဖြစ်နေပေမယ့် ငါ့တိုင်းပြည်တော့ ငါချစ်တာပဲ။ လူတိုင်း သူ့တိုင်းပြည် သူချစ်ကြတာချည်းပဲ။ လူတွေတင် မဟုတ်ဘူး တိရစ္ဆာန်တွေတောင် ချစ်တယ်။ တစ်ခါတုန်းက တိုဘော်လ်မြို့ကနေ အိုဒက်ဆားမြို့ကို အနံ့ခံပြီး ပြန်လာတဲ့ ခွေးတစ်ကောင် ငါတွေ့ဖူးတယ်။ တကယ်လို့ ဒီခွေးဟာ သူ့အရပ် သူမချစ်ရင် ခုလိုပြန်လာပါ့မလားကွာ"

မာတိကာသို့ ▶▶

"ဟုတ်ကဲ့" ဟု ကက်ကပြောသည်။ အသက်ရှုမမှန်သော သူ့အသံသည် အငိုဖြင့် အဆုံးသတ်မည့် အရိပ်လက္ခဏာကို ဖော်ပြလျက် ရှိလေသည်။

"လူတစ်ယောက်ဟာ သူ့တိုင်းပြည် သူချစ်တာနဲ့ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသေတာမျိုးတော့ ငါတစ်ခါမှ မကြားဖူးဘူးကွ။ အခု မင်းကိစ္စကတော့ ကြိုးက မင်းကို ဘာအကူအညီမှ ပေးမှာမဟုတ်ဘူး။ မင်းကိုယ်မင်း ကြိုးဆွဲချလိုက်ရင် အိမ်ပြန်ရောက်သွားလိမ့်မယ်လို့ မင်းမျှော်လင့်နေသလား"

ဤသို့ဖြင့် ကောင်ကလေးအား နက်ဘ်က ချိုသာနူးညံ့စွာဖြင့် ဖျောင်းဖျနားချသည်။ အသောကလေးများညှပ်၍ ပြောသည့်အခါ ပြောသည်။ လက်ထဲတွင် ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကပ်သော အရက်မူးသမား ဒဿနိကပညာရှင်တစ်ယောက်က ခွေးများကို ချော့မော့မြှူဆွယ်နေသည်နှင့် တူသည်။

သို့သော်လည်း ကက်က ချော့ကာမှပင် ပို၍ စိတ်ထိခိုက်သလိုဖြစ်ကာ ငိုပါလေ၏။ "မဟုတ်ဘူးဗျ" ဟု ငိုသံပါနှင့် ပြောသည်။ "ကျွန်တော် ဘာကြောင့် သေချင်နေတယ်ဆိုတာ ခင်ဗျား မသိပါဘူး"

နက်ဘ်က ကက်ကို ပြူးတူးပြဲတဲ ကြည့်သည်။ "နို့ ဘာကြောင့်လဲကွ၊ အိမ်လွမ်းလို့ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ခင်ဗျားမျက်နှာက သူတစ်ပါးအပေါ် သနားတတ်ပုံရတယ်။ မျက်နှာစိမ်းတွေချည်းရှိနေတဲ့ အရပ်မှာ ခင်ဗျား မျက်နှာကတော့ ကိုယ်ချင်းစာတတ်တဲ့ပုံ ရှိတယ်။

မာတိကာသို့ ▶▶

ဒီမှာ မစ္စတာနက်ဘ်၊ ကျွန်တော် ခင်ဗျားကို တစ်လုံးမကျန် ပြောပြပါမယ်။ ကျွန်တော်သေချင်နေတာက အချစ်အတွက်ပါ"

"အေး ဟုတ်ပြီ၊ ဒါဆိုရင်တော့ အဓိပ္ပာယ်နည်းနည်း ရှိတယ်။ ကဲ ပြောစမ်း၊ မင်း ဘယ်သူ့ကို ချစ်နေသလဲ"

မျက်ရည်များကြားမှ ကောင်ကလေး၏ မျက်နှာသည် ကြည်ကြည်လင်လင် ဖြစ်လာသည်။ သူ့မျက်မှန်ကိုချွတ်၍ သုတ်ရင်း ပြုံးသည်။ ပြီးတော့ ငိုသည်။ ပြီးတော့ ရယ်ပြန်သည်။ ထို့နောက် မျက်လုံးများကို စုံမှိတ်ကာ သူ့ခေါင်းကို တစ်ဖက်သို့ ငဲ့စောင်းလိုက်ပြီး ပြောသည်။ "ကျွန်တော် ဟိုအမျိုးသမီးကို ချစ်နေမိတယ်။ ဟို ဟို မုဆိုးမလေးကိုပေါ့၊ အိမ်ရှင် အဘွားကြီးရဲ့ သမီးလေ သိပ်ကိုလှတဲ့ မိုးကျနတ်မယ်ကလေးပါ။ ပိုးသား ဂါဝန်သံကလေးတွေ ကြားရတာများ ဘယ်လောက် ချစ်ဖို့ကောင်းသလဲ။ သူ့အနံ့ကလေးကလည်း ဟင်း သူက သိပ်သဘောကောင်းတာ"

"ဟင်း အင်း" ဟု နက်ဘ်က ရေရွတ်သည်။ "ဒါကတော့ ဒီလို"

"ကျွန်တော် သေချင်တယ်။ ကျွန်တော် ဘယ်တော့မှ မပျော်တော့မယ့် အတူတူ သေချင်တာပဲဗျာ"

"အဲဒီတော့"

"သူ့အသက်က နှစ်ဆယ့်ခြောက်နှစ်၊ ကျွန်တော်က ဆယ့်ခြောက်နှစ်။ သူကလှလည်း သိပ်ပြီးလှတယ်။ သူက မိန်းမကြီး ဖြစ်နေတယ်။ ကျွန်တော်က ခုမှ ငယ်ငယ်လေးပဲ ရှိသေးတယ်။ အရွယ်က လူကြီးတစ်ပိုင်း ကလေးတစ်ပိုင်း။

မာတိကာသို့ ▶▶

စကောစကအရွယ်။ မုတ်ဆိတ်မွေးလည်း မပေါက်သေးဘူး။ လက်တွေကလည်း နုနုလေးတွေနဲ့၊ ကျွန်တော် သိပါတယ်။ ကျွန်တော်ဟာ လူကြီးမဖြစ်သေးပါဘူး။ သူကတော့ လူကြီး ယောကျ်ားပီသတဲ့ လူကြီးတစ်ယောက်ကိုမှ လိုချင်မှာပေါ့ဗျာ”

“လူကြီးတစ်ယောက်” ဟု နက်ဘ်က သံယောင်လိုက်၍ ရေရွတ်သည်။

“ခင်ဗျား သိပါတယ်ဗျာ။ ကျွန်တော့်မှာ ရင်အုပ်ကျယ်ကျယ်နဲ့ နေလောင်ထားတဲ့ ကြွက်သားကြီးတွေ ရှိနေသင့်တယ်။ ရုပ်ကလည်း ချောချော။ မျက်နှာက တည်တည်ကြမ်းကြမ်းနဲ့ ဣန္ဒြေရှိရမယ်။ ဘယ်သူမှ ဂရုမစိုက်တဲ့ အကြည့်မျိုး ကြည့်တတ်ရမယ်။ သူ့ကိုမြင်လည်း ဂရုမစိုက်ဘူး။ မသိသလို မမြင်သလို စိတ်မဝင်စားသလို ဖြစ်နေရမယ်။ ဒါဆိုရင် သူက ကျွန်တော့်ကို တိတ်တိတ်ကလေး ကျိတ်ပြီး အံ့ဩနေမယ်။ သဘောကျနေမယ်။ တမ်းတနေမယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ကို အဖက်မလုပ်ဘူး။ စကားမပြောဘူးပေါ့ဗျာ။ သူ့အနားက ဖြတ်လျှောက်သွားတော့လည်း ဂရုမစိုက်ဘူး။ အဲဒါဆိုရင် သူက ကျွန်တော့်ကို ပိုပြီး စွဲလာမယ်။ ဒါပေမဲ့ဗျာ… အဲဒီဟာမျိုးက လုံးဝမဖြစ်နိုင်ပါဘူး။ ကျွန်တော်က ပိန်ပိန်လေး၊ မြင်လိုက်ရင် ရယ်စရာပုံနဲ့ ကျွန်တော့်မျက်နှာက ဖြူဖွေးဖွေးနဲ့ နှားနီ့ရောင်ပေါက်နေတယ်။ ပြီးတော့ ကျွန်တော်က မျက်နှာကလေး ချိုချို… ချိုချိုနဲ့။ သိပ်နူးညံ့သိမ်မွေ့တာ။ ဟိုမိန်းမချောကလေးက ကျွန်တော့်လိုကောင်ကို လှည့်တောင်ကြည့်မှာ မဟုတ်ဘူး။ တံတွေးတောင် လှည့်ပြီးထွေးမယ် မထင်ဘူး”

မာတိကာသို့ ▶▶

ပြောရင်းဆိုရင်းကပင် ကက်သည် ချုံးပွဲချ၍ ငိုကြွေး ပြန်သည်။ အာဖတ်မြို့ တစ်နေရာရာမှ သူ့အိမ်ထဲမှာတော့ သူ့မိဘများသည် ညစာ စားပွဲ၌ထိုင်ကာ သိမ်မွေ့သော အပြုံး များဖြင့် သူတို့၏သား ကက်အကြောင်း ပြောနေကြလိမ့်မည် ထင်၏။ "အခုအချိန်လောက်ဆိုရင် ငါတို့သားလေး ကက် ဘာများ လုပ်နေမလဲ မသိဘူးနော်" သူတို့အနေဖြင့် အိပ်ရာ ထက်တွင် လူးလိမ့်ပြီး ငိုကြွေးနေသော၊ အချစ်ကြောင့် အူ အသည်းနှင့် နှလုံးသားများက ကပြောင်းကပြန် ဖြစ်နေရှာသော သေမင်းနှင့် မျက်နှာချင်းဆိုင်ရန် အားထုတ်နေသော သူတို့၏ သား ကက်၏အဖြစ်ကို သိကြမည်မဟုတ်။

"ကျွန်တော် အူလိုက်အော်လိုက်တာ အတော်များသွားပြီ။ ရင်လည်း အတော်ကြီး ပေါ့သွားတယ်" ဟု ကက်က ပြောသည်။ ထို့နောက် နက်ဘ်၏လက်ကိုဆွဲ၍ လှုပ်ကာ နှုတ်ဆက်သည်။ "ဒါပေမဲ့ ကျွန်တော် ကနေ့ည သေမယ်။ ကျွန်တော့်ကို တစ်ခါ တည်း အပြီးနှုတ်ဆက်သွားပါတော့ မစ္စတာနက်ဘ်"

"အေးပါ။ အေးပါ" ဟု နက်ဘ်က ရေရွတ်သည်။ "ခဏ လေးတော့ နေပါဦးကွာ"

သူသည် ပြောပြောဆိုဆို ထိုင်ရာမှထသည်။ တံခါးပေါက် ထဲမှ သော့ကို ဆွဲဖြုတ်သည်။ ပြတင်းပေါက်ဘောင် အထက်မှ ကြိုးကိုဖြေ၍ ခေါက်ကာ သူ့အိတ်ကပ်ထဲ ထည့်သည်။

"ခဏတော့ စောင့်ပါဦး။ ငါ အခုချက်ချင်း ပြန်လာခဲ့ မယ်"

"အမျိုးသမီးကိုတော့ ခင်ဗျား သွားမပြောဘူး မဟုတ် လား"

မာတိကာသို့ ▶▶

သူ မေးပုံမှာ အကယ်၍ နက်ဘ်ကသာ "မပြောဘူး" ဟု ဖြေလိုက်ပါက ချက်ချင်း သူ့အသည်းကွဲအက်သွားတော့မည့် ဟန်မျိုးနှင့် မေးခြင်းဖြစ်သည်။

"စောင့်နေလို့ ငါ မင်းကို ပြောထားပြီးပြီပဲကွာ"

နက်ဘ်သည် ထမင်းစားခန်းသို့ ပြန်ဆင်းသွားပြီး အမျိုးသမီးကို အေးနားသို့ ခေါ်သွားသည်။

"ကက်က သူ့ကိုယ်သူ ကြိုးဆွဲချပြီး သေချင်နေတယ်" ဟု တိုးတိုးကပ်ပြောသည်။

"ဘာပြုလို့တဲ့လဲ"

"ဘာပြုလို့လဲဆိုတော့ သူက မင်းကို ချစ်နေလို့တဲ့။ အပေါ်ထပ်မှာ ငိုနေတယ်။ သူ သေချင်တယ်တဲ့"

အမျိုးသမီးက ပြုံးသည်။ "တယ်လည်း ကြီးကျယ်ပါလား" ဟု ဆိုသည်။

"ဟုတ်ပါတယ်။ တကယ်ပြောတာ" ဟု နက်ဘ်က ပြန်ပြောပြီး အမျိုးသမီးကို ကြည့်သည်။ အခုကျတော့လည်း သူ့မျက်စိထဲတွင် အမျိုးသမီးသည် လှလျက်ရှိ၏။ သူ့မျက်လုံး အစုံသည် မာန်မာန တက်ကြွမှုဖြင့် ပြောင်လက်နေသည်။ သူ့ပါးစပ်သည် နီမြန်းကာ စိုလျက်ရှိလေသည်။

"ဟုတ်တယ်" ဟု နက်ဘ်က ထပ်ပြောသည်။ အမျိုးသမီး၏ မျက်နှာကို ကြည့်နေရင်းမှပင် သူ့လည်ချောင်းအတွင်း၌ တစ်စုံတစ်ခု ဆို့နေသည့်နှယ် ခံစားရသည်။

အပေါ်လေးထပ် စင်္ကြံတွင် သေခြင်းသည် စောင့်လျက်ရှိ၏။ ဒီနေရာမှာတော့ဖြင့် အမျိုးသမီးသည် ကြွကြွရွရွနှင့် လှနေပေသည်။

"သူ့ဆီ ခဏလိုက်ခဲ့ပါ" ဟု နက်ဘ်က ထမင်းစားခန်းထဲမှ ကောင်လေးများကြားအောင် အော်ပြောသည်။ အမျိုးသမီးက လက်ထဲမှ လက်သုတ်ပဝါကို စားပွဲပေါ် ပစ်ချလိုက်ပြီး အပြင်သို့ ထွက်သွားသည်။ နက်ဘ်က သူ့နောက်မှ ကပ်လိုက်သွားသည်။ သို့သော်လည်း ရှေ့မှ အမြန်လျှောက်သွားနေသော အမျိုးသမီးကို သူ လိုက်၍မမီ။ အမျိုးသမီးသည် ချမ်းသာသော တစ်ခုခုကို ရရှိခံစားရလိမ့်မည်ဟု သိနေသည့် လူတစ်ယောက်သဖွယ် အလွန်ရွှင်မြူးတက်ကြွစွာဖြင့် လှေကားကို အပြေးတက်သွားနေသည်။

နှစ်ဦးသား အခန်းထဲသို့ ဝင်ခဲ့ကြ၏။ အိပ်ရာပေါ်တွင် လှဲနေသော ဂျာမန်ကောင်လေးသည် သူတို့နှစ်ယောက် ဝင်လာသည်ကို မြင်သောအခါ ခုန်၍ထလာသည်။ သူ့မျက်နှာသည် တစ်ချက်မျှ ရဲခနဲဖြစ်သွားပြီး ဖြူရော်ရော် ပြန်ဖြစ်သွားသည်။

အမျိုးသမီးက သူ့ကို တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီး အလွန်ချိုသာသော လေသံဖြင့် ပြောသည်။ "မစ္စတာနက်ဘ်က အခုပဲ ပြောလို့ မင်းအိမ်ကို လွမ်းနေတယ်ဆို၊ ဟုတ်လား"

"ဟုတ်ကဲ့" ဟု ကောင်လေးက ပြောသည်။ သူ့ကို ကူညီသည့်အတွက် အလွန်ကျေးဇူးတင်သည့် မျက်နှာထားဖြင့် နက်ဘ်ကို လှမ်းကြည့်သည်။

"စိတ်မညစ်ပါနဲ့" အမျိုးသမီးက သူနှင့် ရွယ်တူ ယောကျ်ားတစ်ဦးအား နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည့်နှယ် ကနွဲ့ကလျ လုပ်၍ ခပ်တိုးတိုးပြောသည်။ "ဒီအိမ်ကို ကိုယ့်အိမ်လို သဘောထားပြီး နေမှပေါ့။ ဒီမှာဆိုရင် မင်းကို အားလုံးက

မာတိကာသို့ ▶▶

ချစ်ကြခင်ကြတာပဲ။ ကျွန်မပြောတာ ဟုတ်တယ်မဟုတ်လား မစ္စတာနက်ဘ်ရယ်”

“ဟုတ်တာပေါ့” နက်ဘ်က အလိုက်သင့် ရေရွတ်လိုက်ပြီး ပြတင်းပေါက်အပြင်သို့ မျှော်ကြည့်နေသည်။

“ကိုယ့်စိတ်ကိုယ်ထိန်းမှပေါ့၊ ထိန်းမယ်မဟုတ်လားဟင်”

အမျိုးသမီးက ကောင်လေး၏ ခပ်ပါးပါးဆံပင်များကြားသို့ လက်ထိုးသွင်းကာ ခပ်ဖွဖွကလေး ပွတ်ပေးနေသည်။ ပြီးတော့ ကောင်လေး၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့်ပိုက်၍ ဆွဲယူပြီး သူ့ရင်ခွင်တွင် ကပ်ထားသည်။ ကောင်လေးသည် သူ့မျက်လုံးများကို စုံမှိတ်ပြီး အမျိုးသမီး၏ ရင်ခွင်၌ အားရပါးရ အပ်ထားလေသည်။ သူ့အပြုအမူသည် ကလေးဆန်လျက်ရှိ၏။ သို့သော်လည်း သူ့နှုတ်ခမ်းများသည် ပူလောင်လျက်ရှိသည်။ သူ့စိတ်သည် ငိုချင်သလိုလို ရယ်ချင်သလိုလို။ အမျိုးသမီး၏ နှုတ်ခမ်းများကို နမ်းလိုက်ချင်သလိုလို။ အမျိုးသမီး၏ခေါင်းကို လက်နှစ်ဖက်ဖြင့် တအားညှပ်၍ ကိုင်ထားချင်သလိုလို။ ပြီးတော့ သူ့လို ကြီးကောင်ပေါက် ကောင်လေးများ၌သာ ကိန်းအောင်းနေတတ်သည့် ပြင်းထန်သည့် ရမ္မက်ဆန္ဒဖြင့် အမျိုးသမီး၏ မျက်လုံးအစုံကို စိုက်၍ကြည့်နေချင်သလိုလို။ သူ့ခေါင်းသည် အလွန်တန်ဖိုးကြီးသော မိန်းမတစ်ယောက် ရင်ခွင်၌ အပ်ထားရ၏။ ယင်းကဲ့သို့ အပ်ထားရင်းက သူ့သွေးများသည် ဆူဝေလျက်ရှိ၏။ အာဖတ်မြို့ရှိ ညစာစားပွဲ၌ ထိုင်နေသော အဘိုးကြီး၊ အဘွားကြီးများကတော့ “အခုအချိန်ဆိုရင် ငါတို့ သားလေး ကက်တစ်ယောက် ဘာများ လုပ်နေမလဲနော်”

မာတိကာသို့ ▶▶

ဟု အချင်းချင်း ပြောကောင်း ပြောနေကြပေလိမ့်မည်။ နက်ဘ်က သူ့တို့နှစ်ယောက်အား လှည့်ကြည့်ပြီး ဒေါသနှောနေသည့် အသံဖြင့်...

"ကဲ... ငါတို့ ထမင်းစားခန်းကို သွားကြမယ်" ဟု ပြောသည်။

အမျိုးသမီးက ကောင်လေး၏ ခေါင်းကို လွတ်လိုက်သည်။ သူ့ခေါင်းမှ ဆံပင်များသည် ဖရိုဖရဲ။ သူသည် တစ်ချက်မျှ ပြုံးလိုက်ပြီး တုန်ယင်လှုပ်ရှားသော အသံဖြင့် လှမ်းပြောသည်။

"ကနေ့ည ကျွန်တော် အောက်မဆင်းတော့ဘူး။ သူတို့ကို ပြောလိုက်ပါ။ ကျွန်တော် နေမကောင်းဘူးလို့။ ကျွန်တော် ဆင်းလို့လည်း မဖြစ်ဘူး။ ငိုထားလို့ မျက်လုံးတွေ ရဲနေတယ်"

နက်ဘ်နှင့်အမျိုးသမီးသည် အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။ ကက်ကတော့ သူ့ခုတင်ပေါ်သို့ ပစ်လှဲချလိုက်ပြီး မျက်လုံးများကို မှိတ်ထားသည်။ ပိတ်ထားသည့် မျက်လုံးများထဲမှ မျက်ရည်များသည် စီးကျလျက်ရှိ၏။ ဤအိမ်တွင် သူ ရှစ်နှစ်၊ ဆယ်နှစ်ကြာအောင်နေမည်ဟု ဆုံးဖြတ်သည်။ ထိုမျှ လောက်ကြာကြာ နေလိုက်လျှင် အမျိုးသမီးသည် သူပိုင်ဆိုင်သော သူတစ်ဦး ဖြစ်လာမည်။ စောစောက အမျိုးသမီး၏ ရင်ကို သူ တိတ်တိတ်ကလေးကိုက်၍ နမ်းခဲ့သည် မဟုတ်ပါလား။ ဒါဆိုလျှင် သူ့ဘာကြောင့် သေရမည်နည်း။ အောက်ထပ်တွင်မူ ညစာ ဆက်စားနေကြလေသည်။ စားသောက်ပြီးသော အခါ အားလုံး ကိုယ့်အခန်းကို ပြန်ကြသည်။ နက်ဘ်နှင့်

မာတိကာသို့ ▸▸

အမျိုးသမီးသာလျှင် စားပွဲ၌ ကျန်ခဲ့ကြ၏။ ထို့နောက် သူတို့ နှစ်ယောက်ပါ ထိုင်ရာမှ ထကြသည်။

နက်ဘ်က အမျိုးသမီးကို ကြည့်သည်။ ဤတခဏမှာတော့ သူသည် အမျိုးသမီးအပေါ်တွင် စိတ်ကုန်ခြင်း၊ ငြီးငွေ့ခြင်း မဖြစ်။ နှစ်ယောက်သား ဧည့်ခန်းထဲ ရောက်လာကြသည်။ ဧည့်ခန်းထဲတွင် မည်သူမျှမရှိ။ နှစ်ဦးသား အချိန်အတန်ကြာမျှ စကားမပြောမိကြ။ အမျိုးသမီးသည် နီမြန်းသော ပါးပြင်၊ ရွှင်မြူးသော အပြုံးဖြင့် သူ့ရေ့တည့်တည့်ကို ကြည့်နေသည်။ နက်ဘ်ကတော့ စီးကရက်တစ်လိပ်ကို အဆက်မပြတ် ဖွာနေသည်။ ညစာမစားခင်ကတော့ ညစာစားပြီးပြီးချင်း အမျိုးသမီးနှင့် လွတ်အောင် ရှောင်ဖို့အတွက် ဇာတ်ရုံတစ်ရုံသို့ သွားမည်ဟု ဆုံးဖြတ်ထားခဲ့၏။ သို့သော်လည်း အခုတော့ဖြင့် ဤနေရာမှ အဝေးသို့ သွားချင်စိတ်မရှိ။

သူက အမျိုးသမီးကို ကြည့်ပြန်သည်။ အမျိုးသမီးက သူ့ကို လှမ်းမေးသည်။ "ဟိုကောင်လေး သူ့ကိုယ်သူ အန္တရာယ် ဖြစ်အောင်များ လုပ်နေမလား"

"မလုပ်ပါဘူး" ဟုနက်ဘ်ကပြောကာလက်ထဲမှစီးကရက်ကို လွှတ်ပစ်လိုက်သည်။ သူသည် အမျိုးသမီးထံ လျှောက်သွားပြီး အမျိုးသမီး၏ နဖူးပြင်၌ ဝဲပျံကျနေသော ဆံစများကို အသာအယာ သပ်၍ အပေါ်သို့ တင်ပေးလိုက်ပြီး မျက်လုံးများကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

အမျိုးသမီးက တိုးတိုးသာသာ ထပ်ပြောသည်။ "သူ့ကိုယ်သူ အန္တရာယ်ဖြစ်အောင် မလုပ်ဘူးလို့တော့ ရှင် ထင်တယ် မဟုတ်လားဟင်"

“မလုပ်ပါဘူး” ဟု နက်ဘ်က အဖြေပေးကာ အမျိုးသမီး၏ နှုတ်ခမ်းကို ငုံ၍နမ်းသည်။ အမျိုးသမီးက ထိုင်ရာမှ ထရပ်ကာ နက်ဘ်၏ ခေါင်းကို သူ့မျက်နှာဆီသို့ ဆွဲယူလိုက်ပြီး ညည်းသံကလေးဖြင့် ပြောသည်။

“ဒီလို ကောင် လေး တစ် ယောက် ဟာ ဒီလို... ကောင်လေး... တစ်ယောက်ဟာ...’

“မလုပ်ပါဘူး၊ စိတ်ချပါ” ဟု နက်ဘ်က ပြောသည်။

“မလုပ်ပါဘူး။ ကြိုးက တို့အိတ်ကပ်ထဲ ရောက်နေပါပြီ”

နက်ဘ်က သူ့အိတ်ကပ်ထဲမှ ကြိုးကို ထုတ်ပြသည်။ နှစ်ဦးသား ရယ်ကြသည်။ အမျိုးသမီး၏ မျက်လုံးအစုံသည် မပွင့်တစ်ပွင့်။ ထို့နောက် ညှို့ခန်းထဲမှ အပြင်သို့ ထွက်လာကြ၏။ နက်ဘ်က မပြီးနိုင် မစီးနိုင် နမ်းနေသဖြင့် နှစ်ယောက်စလုံး တံခါးဝ၌ အကြာကြီး ရပ်နေကြရသည်။

“သူတို့ မြင်ကုန်လိမ့်မယ်” ဟု အမျိုးသမီးက တိုးတိုး ပြောသည်။

“ဒီနေရာမှာ မနမ်းပါနဲ့”

အမျိုးသမီးက ဆတ်ခနဲ ရုန်းထွက်ကာ ရှေ့မှပြေးသွားသည်။ နက်ဘ်က လက်ထဲမှကြိုးကို လွှတ်ပစ်လိုက်ပြီး အမျိုးသမီးနောက်မှ အပြေးလိုက်သည်။ “ဂျာမန်ကောင် သောက်ပေါလေး” ဟု ပြေးသွားရင်း ရေရွတ်သည်။ “ဂျာမန်ကောင် သောက်ပေါလေး”

*

Ferenc Molnar's Mr, Nab

မာတိကာသို့ ››

မာတိကာသို့

အော်ဂတ်စထရင်းဘတ်
(၁၈၄၉–၁၉၁၂)

အော်ဂတ်စထရင်းဘတ်သည် ဆွီဒင်အမျိုးသား စာရေးဆရာတစ်ဦး ဖြစ်သည်။ ဆင်းရဲ၍ ရိုးသားသော မိဘများမှ မွေးဖွားလာသူဖြစ်၏။ ခေတ်သစ်ဥရောပ စာပေလောကတွင် အလွန် ထင်ရှားသော စာပေပညာရှင်တစ်ဦး ဖြစ်သည်။ ငယ်ရွယ်စဉ်က အလုပ်မျိုးစုံ လုပ်ကိုင်ခဲ့ဖူးသည်။ စာရေးဆရာတစ်ဦးအနေဖြင့် ပြဇာတ်များ၊ ဝတ္ထုရှည်များ၊ သိပ္ပံပညာရပ်နှင့် ဒဿနိက အမြင်ဆိုင်ရာ စာအုပ်များ စာတမ်းများ၊ ဝတ္ထုတိုများ ရေးသားခဲ့၏။ အရာရာသည် သဘာဝအတိုင်း ဖြစ်သည်ဟူသော အမြင်ဝါဒီသမားများ လှုပ်ရှားမှုတွင် ရှေ့တန်းမှ ဦးဆောင်ခဲ့သူ တစ်ဦးဖြစ်သည်။

ဤဝတ္ထုတို 'အချစ်နှင့်ပေါင်မုန့်' တွင် မကောင်းမြင်ဝါဒကို အခြေခံသော စထရင်းဘတ်ဂ်၏ အထေ့အငေါ့ အလှောင်အပြောင်လေးများ ပါဝင်လျက်ရှိသည်။ ကောလီးယားနှင့် သားစာအုပ်တိုက်မှ ထုတ်ဝေခဲ့သော 'ဂန္ထဝင် ဝတ္ထုတိုများ' စာအုပ်တွင် ဖော်ပြခဲ့သည့် ဝတ္ထုတိုဖြစ်လေသည်။

အချစ်နှင့်ပေါင်မုန့်

လက်ထောက်စီမံခန့်ခွဲရေးမှူး ဂတ်စ်စတက်ဖ်ဖော့က သူ့အား လူစီနှင့် လက်ထပ်ခွင့်ပြုပါရန် လူစီ၏အဖေအား ပန်ကြားသည့်အခါ အဘိုးကြီး ပထမဆုံး မေးလိုက်သည့် မေးခွန်းမှာ "မင်းလခ ဘယ်လောက်ရသလဲ" ဟူသော မေးခွန်းဖြစ်၏။

"တစ်လကို ကရိုးနားငွေ [ဆွီဒင်နိုင်ငံသုံးငွေ] တစ်ရာထက် မပိုပါဘူး ခင်ဗျာ။ ဒါပေမဲ့လည်း... လူစီနဲ့..."

"ကျန်တာတွေ မပြောပါနဲ့။ အရေးမကြီးပါဘူး" ဟု ဖော့၏ ယောက္ခမလောင်းကြီးက ကြားဖြတ်ပြောသည်။ "မင်းရတဲ့ လစာက မလုံလောက်ဘူး"

"အို... ဒါပေမဲ့ လူစီနဲ့ ကျွန်တော်ဟာ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်နေကြတာပါ ခင်ဗျား။ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် အလွန်ကို ချစ်နေကြတာပါ"

"အလွန်ဖြစ်နိုင်တဲ့ ကိစ္စပါပဲ။ ဒါပေမဲ့ ငါ မင်းကို တစ်ခု မေးပါရစေ။ မင်းရဲ့ အခုဝင်ငွေက တစ်နှစ်ကို တစ်ထောင့်နှစ်ရာ ရှိတယ်ဆိုပါတော့ ဟုတ်လား"

မာတိကာသို့ ▶▶

"ကျွန်တော်တို့နှစ်ယောက်ဟာ လီဒင်ရိုးမှာတွေ့ပြီး ချစ်ခဲ့ကြတာပါခင်ဗျာ"

"မင့်မှာ လစဉ်ပုံမှန်ရနေတဲ့ အစိုးရလစာအပြင် တခြားအပိုဝင်ငွေရလာအောင် လုပ်နိုင်ပါ့မလား" ဟု လူစီအဖေက မေးပြန်သည်။

"အင်း... အဲဒါ ဟုတ်ကဲ့၊ ကျွန်တော်ထင်တာတော့ အခုရနေတဲ့ ဝင်ငွေနဲ့ ကျွန်တော်တို့နှစ်ယောက်လောက်မှာပါ၊ ပြီးတော့လည်း ဦးမင်း သိတဲ့အတိုင်းပဲ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်တာက"

"မှန်တယ်လေ ချစ်တယ်ဆိုတာ သံသယဖြစ်စိုဖို့ မလိုပါဘူး။ ဒါပေမဲ့ ဒီလိုရှိတယ်၊ ကဲကွာ ငါတို့ ဂဏန်းသင်္ချာ အပေါင်းအနုတ်ကလေး လုပ်ကြည့်ရအောင်"

"အိုဗျာ" အလွန် စိတ်အားထက်သန်လျက်ရှိသော သတို့သားလောင်းက စိတ်ပျက်လျက် ညည်းသည်။ "အပြင် အပို အလုပ်ကလေး ဘာလေးထွက်လုပ်လိုက်ရင် ကျွန်တော့် ဝင်ငွေဟာ လုံလောက်မှာပါ ခင်ဗျာ"

"အပြင်အလုပ်က ဘယ်လို အလုပ်မျိုးလဲ၊ ဘယ်လောက်ရမလဲ"

"ကျွန်တော် ပြင်သစ်စာ သင်ပေးနိုင်တယ်၊ ပြီးတော့ ဘာသာပြန်နိုင်တယ်၊ နောက်ပြီးတော့ ပရုဖတ်နိုင်တယ်"

"ဘာသာပြန်တာက ဘယ်လောက်ရမလဲ" အဘိုးကြီးက အတိအကျ မေးပြန်သည်။ သူ့လက်ထဲတွင် ခဲတံတစ်ချောင်း ကိုင်ထားသည်။

မာတိကာသို့ ▶▶

"ကျွန်တော် အတိအကျတော့ မပြောနိုင်ဘူး၊ ဒါပေမဲ့ အခု လောလောဆယ် ကျွန်တော် ပြင်သစ်စာအုပ် တစ်အုပ်ကို တစ်မျက်နှာ ဆယ်ကရိုးနားနှုန်းနဲ့ ဘာသာပြန်နေပါတယ်"

"အားလုံး စာမျက်နှာ ဘယ်နှမျက်နှာရှိသလဲ"

"နှစ်ဆယ့်လေးမျက်နှာလောက်တော့ ရှိမယ် ထင်ပါတယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် ဒီဝင်ငွေကို နှစ်ရာ့ငါးဆယ် ကရိုးနား ထားလိုက် ဟုတ်လား၊ ကဲ... နောက်ထပ် တခြားဝင်ငွေရစရာ ဘာရှိသေးလဲ"

"အို... ကျွန်တော် မသိတော့ဘူး။ ဒါကလည်း သိပ်ပြီး မရေရာပါဘူးလေ"

"ဘာ... မသေချာဘူး ဟုတ်လား၊ မသေမချာ မရေမရာ နဲ့များ လက်ထပ်ဖို့ စိတ်ကူးနေရသလားကွာ၊ မင်းက လက်ထပ် တယ်ဆိုတဲ့ ကိစ္စကို လွယ်လွယ်ကလေးလို့ တွက်ထားပုံပေါ် တယ်။ လက်ထပ်ပြီးရင် မင်းမှာ ကလေးတွေရလာမယ်၊ သူတို့ ကို ကျွေးရမယ်၊ ဆင်ရမယ်၊ ကြီးပြောင်စင်အောင် မွေးရဦး မယ်"

"ဒါပေမဲ့" ဖော့ အဘိုးကြီး၏ စကားကို ချေပရန် အားထုတ်သည်။

"ကလေးတွေဆိုတာက ချက်ချင်း မွေးလာမှာ မဟုတ် သေးပါဘူး၊ ကျွန်တော်တို့ နှစ်ယောက်ကလည်း တစ်ယောက် ကို တစ်ယောက် သိပ်ပြီး ချစ်နေကြတော့"

မာတိကာသို့ ▶▶

"အေးလေ… ကလေးတွေ ချက်ချင်း ရမလာနိုင်ဘူး ဆိုတာကတော့ ဖြစ်နိုင်စရာရှိတယ်ပဲ ထားလိုက်ပါတော့" လူစိအဖေသည် စောစောကလောက် မတင်းတော့ဘဲ တစ်ဆစ်လျှော့လာသည်။ ပြီးတော့ သူပြောလိုသည့် စကားများကို ဆက်ပြောသည်။

"ငါ နားလည်တာကတော့ မင်းတို့နှစ်ယောက်စလုံး လက်ထပ်ဖို့ စိတ်ကူးကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတယ်ဆိုတာလည်း သံသယဖြစ်ဖို့ မလိုပါဘူး။ အချုပ်ကတော့ ငါက သဘောတူဖို့၊ ခွင့်ပြုဖို့ ဒါပဲလိုတာ မဟုတ်လား။ အဲဒီတော့ အခုလောလောဆယ် အကောင်းဆုံး အစီအစဉ်က မင်းနဲ့လူစိကို စေ့စပ်ထားမယ်၊ ဒီအတွင်းမှာ မင်းက ဝင်ငွေတိုးလာအောင် ကြိုးစား"

ဤခွင့်ပြုချက်စကားကို ကြားသောအခါ ဖော့ခမျာ အတိုင်းအဆမရှိ ဝမ်းသာသည်။ အဘိုးကြီး၏ လက်ကို တရိုတသေ တလေးတစားဆွဲ၍ နမ်းရှုပ်သည်။ သူ ဝမ်းသာလိုက်ပါဘိခြင်း။ သူ့လူစိလည်း သူ့လိုပင် ဝမ်းသာရှာပေလိမ့်မည်။ သူနှင့်လူစိ တစ်ယောက်လက် တစ်ယောက်ဆွဲ၍ အပြင်သို့ လမ်းလျှောက်ထွက်သည့် အခါတိုင်း ဂုဏ်သိက္ခာ တက်ကြရပေတော့မည်။ လူတိုင်းကလည်း စေ့စပ်ထားပြီးဖြစ်သော ချစ်သူနှစ်ဦး၏ သာယာချမ်းမြေ့မှုကို သတိပြုမိကြပေတော့မည်။

ညပိုင်းများတွင် သူသည် လူစိထံသို့ အမြဲလာသည်။ သူ ဖတ်ရှု ပြင်ဆင်ပေးနေရသည့် ပရစာရွက်များကိုလည်း ယူလာလေ့ရှိသည်။ ပရစာရွက်များကို မြင်လျှင် သူ့ယောက္ခမ

လောင်း ပါပါကြီးက သူ့အပေါ် အထင်အမြင် ကြီးလိမ့်မည်။ သူနှင့် စေ့စပ်ပြီးဖြစ်သော ချစ်သူကလည်း သူ့လို လုံ့လဝီရိယ ကောင်းသော လူငယ်တစ်ယောက်ကို အနမ်းမိုး ရွာလိမ့်မည်။ သို့သော်လည်း တစ်ညချမ်းတွင် ချစ်သူနှစ်ဦးသည် အပြောင်း အလဲသဘောဖြင့် ဇာတ်ပွဲ သွားကြည့်ကြသည်။ အပြန်ကျတော့ အငှားကားဖြင့် ပြန်သည်။ တစ်ခဏ သာယာမှုအတွက် ထိုည က ကုန်ကျစရိတ်ငွေ ဆယ်ကရိုးနားတိတိ ရှိခဲ့သည်။ ထို့နောက် ကျန်ညများတွင်လည်း ပြင်သစ်စာသွား၍ သင်ကြားပို့ချရမည့် အစား၊ မသွားဘဲ ချစ်သူနှင့် လမ်းလျှောက်ရန် ချစ်သူအိမ်ကိုပင် လာသည်။

ဤသို့ဖြင့် သတ်မှတ်ထားသည့် လက်ထပ်မင်္ဂလာပွဲနေ့ နီးလာသည်။ ထိုအခါ နှစ်ယောက်သား သူတို့အိမ်ထောင် အတွက် လိုအပ်သမျှ ပစ္စည်းများဝယ်ဖို့ စဉ်းစားလာကြရ၏။ သူတို့သည် သစ်ချသားစစ်စစ်နှင့် လုပ်ထားသော အလွန်လှပ၍ ခေတ်မီသည့် ခုတင်နှစ်လုံး ဝယ်သည်။ ရေဝမ်းဘဲအမွေးဖြင့် ပြုလုပ်ထားသည့် စပရိမ်မွေ့ရာများကိုလည်း ဝယ်သည်။ လူစီ အတွက် ဂွမ်းစောင်ပြာ တစ်ထည်တော့ရှိမှ၊ အဖြူရောင် သူ့ဆံပင် နှင့် အပြာရောင်ဂွမ်းစောင်သည် အလွန် လိုက်ဖက်ညီ လိမ့်မည်။ သူတို့သည် အိမ်ထောင်ပရိဘောဂ ပစ္စည်းဆိုင် တစ်ဆိုင် သွားကြ သည်။ အနီရောင် စလောင်းအုပ်ထားသည့် စားပွဲတင် မီးတိုင် လေးတစ်ခု၊ လှပသော ဗီးနပ်စ်အလှမယ် ကြွေရုပ်ကလေး တစ်ရုပ်၊ ပြီးတော့ ဓွန်း၊ ခက်ရင်းနှင့် ဖန်ခွက် စသော ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ ဝယ်သည့်အခါ

တွင်မူ လူစီအမေထံမှ အကူအညီ ရသည်။ တကယ်တော့ ဤအချိန်သည် လက်ထောက် စီမံခန့်ခွဲရေးမှူးအတွက် အလုပ်အရှုပ်ဆုံးပေတည်း။ အိမ်တစ်လုံး ငှားနိုင်ဖို့အတွက် ပြေးလွှားရှာရဖွေရသည်။ အိမ်ထောင် ပရိဘောဂပစ္စည်းများ သယ်ဖို့ အလုပ်သမား ရှာရသည်။ ပစ္စည်းအားလုံး စုံမစုံ စစ်ဆေးရသည်မှာလည်း အမေ၊ လက်ထဲမှ ချက်စာအုပ်ကိုလည်း မပြတ်ရေး၍ ပေးရသည်။

အခုလို အချိန်မျိုးမှာတော့ဖြင့် ဂုတ်စတုတ်ဖ်ဖော့အဖို့ အပိုဝင်ငွေ တစ်ပြားမှ ရအောင် မလုပ်နိုင်သည်မှာ သဘာဝကျသည်။ သို့သော်လည်း သူတို့နှစ်ယောက် လက်ထပ်ပြီးပြီးသည်နှင့် တစ်ပြိုင်နက် ဤကိစ္စ ပြေလည်သွားအောင် သူလုပ်မည်။ သူတို့နှစ်ယောက် ချွေချွေတာတာ နေသွားမည်ဟု စီစဉ်ထားပြီးဖြစ်၏။ အိမ်ထောင်ဦးတွင် အိပ်ခန်းနှစ်ခန်းလောက်နှင့်လုံလောက်သည်။ ဘာပဲဖြစ်ဖြစ် အခန်းကြီးကြီးထက် အခန်းငယ်ငယ်ကို ပြင်ဆင်မွမ်းမံရသည်က စရိတ်ရော လုပ်အားပါ သက်သာသည် မဟုတ်ပါလော။ ဤသို့ဖြင့် သူတို့သည် တစ်လလျှင် ကရိုးနားခြောက်ရာနှုန်းဖြင့် အိမ်ခန်းနှစ်ခန်း၊ မီးဖိုခန်းတစ်ခန်းနှင့် သားစိမ်းငါးစိမ်းများထားရာ သီးသန့် အခန်းငယ်လေး တစ်ခန်းပါသော ပထမထပ် အိမ်ခန်းတစ်ခန်းကို ငှားလိုက်သည်။ ပထမတော့ လူစီက အိပ်ခန်းသုံးခန်းပါသော အပေါ်ဆုံးထပ်မှ အခန်းမျိုးကိုသာ သူကြိုက်သည်ဟု ဆိုသည်။ သို့သော်လည်း တစ်ယောက်ကိုတစ်ယောက် အချစ်စစ် အချစ်မှန်ဖြင့် ချစ်နေကြသော သူတို့နှစ်ယောက်အဖို့ ဤပြဿနာ

မာတိကာသို့ ▶▶

သည် ကြီးမားသည့် ကိစ္စမဟုတ်၊ အချင်းချင်း ပြေလည်အောင် ဆွေးနွေးလို့ ရနိုင်သည်မဟုတ်ပါလား။

နောက်ဆုံးတွင် အခန်းများကို ပြင်ဆင်ခင်းကျင်း၍ ပြီးသွားသည်။ အိမ်ခန်းသည် ကွန်းခိုရာ ချမ်းမြေ့ရိပ်သာလေး တစ်ခုနှင့် တူလှ၏။ ခုတင်နှစ်လုံးသည် စစ်ရထားနှစ်စီးယှဉ်၍ ရပ်နေသည့်နှယ် တစ်လုံးနှင့်တစ်လုံး ဘေးချင်းယှဉ်ကာ ဘဝ ခရီးလမ်းတစ်လျှောက်တွင် လျှောက်သွားရန် ဟန်ပြင်နေသည့် ပုံမျိုးဖြစ်သည်။ အပြာရောင် ဂွမ်းစောင်များ၊ အဖြူရောင် အိပ်ရာ ခင်းများ၊ ပန်းပွင့်လှလှကလေးများ ထိုးထားသည့် ခေါင်းအုံးစွပ် များ အားလုံးသည် သစ်လွင်တောက်ပလျက် ရှိသည်။ မြင်ရုံမျှ ဖြင့် စိတ်လက် ကြည်လင်စရာ ကောင်းသည်။ လူစီ သုံးဖို့ သီးသန့် တပ်ထားသည့် ခန်းဆီးနှင့် ကရိုးနားငွေ တစ်ထောင့် နှစ်ရာ ပေးရသည့် စန္ဒရား။ စန္ဒရားကို ဧည့်ခန်း၊ ထမင်းစားခန်း နှင့် စာကြည့်ခန်းအဖြစ် အသုံးပြုသည့် တစ်ဖက်ခန်းထဲတွင် ထားသည်။ ထိုအခန်းထဲမှာ သစ်ချသား စာရေးစားပွဲနှင့် ထမင်း စားပွဲများကို ကုလားထိုင်များ ခြံရံ၍ လှအောင် ခင်းကျင်းထား သည်။ ပြီးတော့ ရွှေနားကွပ်ပေါင်နှင့် မှန်ကြီး တစ်ချပ်၊ ဆိုဖာ ကြီးတစ်လုံးနှင့် စာအုပ်စင်တစ်ခု ပြင်ဆင်ထားပုံမှာ သပ်သပ် ရပ်ရပ်နှင့် နေချင့်စဖွယ်ရှိလေသည်။

လက်ထပ်ပွဲကို စနေနေ့ ညတွင် ပြုလုပ်သည် ဖြစ်ရာ တနင်္ဂနွေနေ့ မနက်ကျတော့ ဖနီးမောင်နှံစုံတွဲသည် အိပ်ရာမှ စောစောမနိုး၊ နေကြီးမြင့်မှ နိုးသည်။ ပထမ နိုးသူမှာ ဂတ်စ တတ်ဖ်၊ နေ၏ တောက်ပသော အလင်းရောင်သည် တရုတ်

ကပ်များ ကြားမှဖြတ်၍ ဝင်ရောက်လျက် ရှိနေပြီဖြစ်၏။ သို့သော်လည်း သူသည် တံခါးများကို မဖွင့်ဘဲ အနီရောင် စလောင်းလှလှ ကလေး အုပ်ထားသည့် စားပွဲတင်မီးကိုသာ ဖွင့်သည်။ မီးရောင်သည် ဇီးနပ်စ်ရုပ်တုကလေးပေါ်သို့ ဖြာဆင်းလျက်ရှိသည်။ ဇနီးသည် အချော့အလှကလေးသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျနေဆဲ။ ယနေ့သည် တနင်္ဂနွေနေ့၊ အပြင်မှာ ဈေးသွားဈေးပြန် လှည်းကြီးများအသံကို ကြားနေ ရ၏။ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများသည် သာယာ ကြည်နူးဖို့ ကောင်းသည်။ ယောကျ်ားနှင့် မိန်းမဖြစ်ပေါ် တည်ရှိမှုကို ကြိုဆိုနေသည့်နှယ် ရှိသည်။

လူစီသည် တစ်ဖက်သို့စောင်း၍ အိပ်ပြန်သည်။ ဂတ်စ တတ်ဖ်ဖော့က ခန်းဆီးနောက်သို့ဝင်ပြီး အဝတ်အစားဝတ်သည်။ သူသည် နေ့လယ်စာမှာရန် မီးဖိုခန်းအတွင်းသို့ ဝင်လာခဲ့၏။ မီးဖိုခန်းထဲမှ အိုးခွက်ပန်းကန်စသော ပစ္စည်းပစ္စယများသည် ဝင်းလက် တောက်ပနေကြသည်။ ဤပစ္စည်းအားလုံးသည် သူ့ပစ္စည်း၊ သူနှင့်လူစီတို့ ပိုင်သောပစ္စည်းများ ဖြစ်ချေသည်။ သူသည် ထမင်းချက်အား အနီးအနား စားသောက်ဆိုင်တစ်ဆိုင် မှ သူတို့အတွက် နေ့လယ်စာ ဝယ်ပေးရန် ခိုင်းသည်။ အမှန် တော့ ဤကိစ္စကို တိုက်ပိုင်ရှင် သိထားပြီးဖြစ်၏။ တမြန်မနေ့ ကတည်းက ဤအစီအစဉ်ကို သူ့အား အသိပေးထားသဖြင့် နားလည်ပြီးသား ကိစ္စဖြစ်သည်။ နေ့လယ်စာကို ဘယ်အချိန် ယူပေးရမလဲ ဟူသော အချက်တစ်ချက်ကိုသာ ထပ်၍ ပြောဖို့ လိုသည်။

မာတိကာသို့ ▶▶

ဂျတ်စတတ်ဖ်သည် အိပ်ခန်းသို့ ပြန်လာပြီး နံရံကို ညင်သာစွာခေါက်၍ အသံပေးသည်။

"မောင် အခန်းထဲ လာချင်လို့"

အိပ်ရာထက်မှ ရေရွတ်သံတစ်ချက် ထွက်လာသည်။ ထို့နောက် စကားပြောသံ . . .

"မလာနဲ့ဦး၊ ခဏလေးစောင့်လိုက်ဦး"

ဂျတ်စတတ်ဖ်သည် စားပွဲကို သူ့ဘာသာသူ ပြင်ဆင် ခင်းကျင်းသည်။ စားသောက်ဆိုင်မှ နေ့လယ်စာ လာပို့ချိန်တွင် ပန်းကန်အသစ်များ၊ ဇွန်း၊ ခက်ရင်း၊ ဓားအသစ်များနှင့် ဖန်ခွက် များသည် ဖြူဖွေးသော စားပွဲခင်းအသစ်ပေါ်တွင် အသင့်ချထား ပြီး ဖြစ်သည်။ သတို့သမီးအဖြစ်ဖြင့် ကိုင်ဆောင်ခဲ့ရသော လက်ထပ်မင်္ဂလာပန်းစည်းကို လူစီ၏ ထိုင်မည့်နေရာနားတွင် ချထားသည်။ ပန်းပွင့်လှလှကလေးများဖြင့် လှနေသော ခြုံထည် ကိုခြုံ၍ လူစီဝင်လာသောအခါ သူ့အား နေရောင်ခြည်များက ဆီးကြို၍ နှုတ်ဆက်သည်။ လူစီကတော့ အခုအချိန်အထိ ပန်းလျလျဖြစ်ဆဲ၊ ဂျတ်စတတ်ဖ်က လူစီကို ကုလားထိုင် နေရာချပေးသည်။ အရက်တစ်ကျိုက်သည် လူစီကို အားသစ် ဝင်စေသည်။ အစားတစ်ဇွန်းနှစ်ဇွန်းသည် သူ့ခွန်အားကို ပြည့်ဖြိုးတိုးတက်စေသည်။ သူ အခုလို အရက်သောက်နေသည် ကို အမေသာမြင်လျှင် ဘယ်လိုများ ပြောလေမလဲ။ သို့သော် လည်း အမေဘာပြောပြော ကိစ္စမရှိ။ ကိုယ်ကြိုက်တာ ကိုယ်လုပ် နိုင်သောဘဝ ရောက်နေပြီ။ လက်ထပ်လိုက်ခြင်းကြောင့် ရလာ သည့် အကျိုးတစ်ခု။

မာတိကာသို့ ▶▶

လင်ဖြစ်သူသည် သူ့ဇနီးချောအား ကြည်နူးချမ်းမြေ့သော မျက်နှာထားဖြင့် ကြည့်နေသည်။ ပျော်စရာကောင်းလိုက်ပါဘိ။ သူ့လူပျိုဘဝ နေ့လယ်စာတွေ အကြိမ်ပေါင်း မရေတွက်နိုင်အောင် စားဖူးပါ၏။ သို့သော်လည်း အခုတစ်ကြိမ်လောက် အရသာထူးသည်ကို သူ တစ်ကြိမ်တစ်ခါမှ မကြုံခဲ့စဖူး။ ဤသို့ဖြင့် သူသည် ကရုကမာသား တစ်ပန်းကန်ကို စားရင်း ဘီယာတစ်ဖန်ခွက်ကို မော့ရင်း သူ့ကိုယ်သူ ပီတိဖြစ်လျက် ရှိ၏။ အခုအချိန်အထိ မိန်းမ မယူသေးဘဲနေကြတဲ့ လူပျိုလူလွတ်တွေဟာ ဘယ်လောက်အတဲ့ အကောင်တွေလဲဟု တွေးသည်။ "ဒီကောင်တွေဟာ အလွန် တစ်ကိုယ်ကောင်းဆန်တဲ့ အကောင်တွေပဲ။ ခွေးတွေကို အခွန်ကောက်သလို ဒီကောင်တွေကိုလည်း အခွန်ကောက်သင့်တယ်"

လူစီကတော့ ဂုတ်စတတ်ဖ်လောက် ပြင်းပြင်းထန်ထန် မတွေး။ လက်မထပ်သေးသူများကို သနားစရာ သတ္တဝါများအဖြစ် မြင်သည်။ "သူတို့အနေနဲ့ လက်ထပ်နိုင်တဲ့အခြေအနေသာရှိရင် လက်ထပ်ကြမှာပဲ" ဟုလည်း တွေးသည်။ ဂုတ်စ်တတ်ဖ်၏ နှလုံးသားတွင် နာကျင်မှုတည်းဟူသော ဝေဒနာလေး မဆိုစလောက် ဝင်လာသည်။ တကယ်တော့ ပျော်ရွှင်ချမ်းမြေ့မှုဟူသော ချမ်းသာသုခကို ငွေကြေးနှင့် တိုင်းတာ၍ ရသည်မဟုတ်။ ဘယ်နည်းနှင့်မှမရ။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ ဒါပေမဲ့–

အင်း... ဒါပေမဲ့ အင်းပေါ့လေ။ ကိစ္စတော့ မရှိပါဘူး။ မကြာခင် အလုပ်တွေ အများကြီးရှိလာမှာပေါ့။ ဒါဆိုရင်

မာတိကာသို့ ▶▶

အားလုံး အဆင်ပြေသွားမှာပါ။ အခုလောလောဆယ်တော့ ဒါတွေကို တွေးနေဖို့ မလိုသေးပါဘူး။ အင်မတန် အရသာ ထူးတဲ့ ခါသားကြော်ရယ်၊ ငရုတ်ချဉ်စပ်ရယ်၊ ပြီးတော့ ဘာဂန်ဒီ အရက်ရယ်၊ ဒါတွေကိုပဲ တွေးရမှာ အရသာခံရမှာ။

ဇနီးသည်ကတော့ သူလိုမတွေးနိုင်။ စားပွဲပေါ်မှ စားစရာ သောက်စရာများကို ကြည့်ပြီး မသိမသာကလေး စိုးရိမ်စိတ် ဝင်လျက်ရှိ၏။ သူတို့နှစ်ယောက် ဤပုံစံအတိုင်း စားသောက် သွား၍ ဖြစ်ပါ့မလားဟု ဂတ်စတတ်ဖ်အား ထိတ်လန့်သော စိတ်ဖြင့် မေးသည်။ ဂတ်စကတ်ဖ်က သူ့ချစ်ဇနီး လူစီ၏ ဖန်မွှက်ထဲသို့ ဝိုင်အရက် ထပ်ထည့်ပေးပြီး အခြေအမြစ် လုံးဝ မရှိသော စိုးရိမ်စိတ်များ မဝင်အောင် အားပေးသည်။

"ဒီကနေ့ဟာ နေ့တိုင်းမှ မဟုတ်တာ" ဟု သူကဆိုသည်။

"လူ့ဆိုတာ ဘဝရဲ့ အရသာကို သူတို့တတ်နိုင်တဲ့ အချိန် မှာ အရသာခံသင့်တယ်။ အခုဆို ကြည့်စမ်း ဘဝဟာ ဘယ်လောက်လှသလဲ"

ညနေခြောက်နာရီထိုးတွင် တခမ်းတနား ပြင်ဆင်ထား သော မြင်းနှစ်ကောင်တပ် ရထားတစ်စီး အိမ်ရှေ့ခဲ့ဆိုက်သည်။ လက်ထပ်ပြီးစ ဇနီးမောင်နှံသည် မြင်းရထားနှင့် အပြင်ထွက်ကြ သည်။ လူစီ၏ အလှသည် မြင်သူတိုင်းအတွက် ဆွဲဆောင်မှု အပြည့်ရှိနေသည်။ ခြေလျင် လျှောက်နေကြရသော သူတို့ မိတ်ဆွေ အပေါင်းအသင်းများက သူတို့အား ခေါင်းညိတ်၍ နှုတ်ဆက်ကြသည်။ သူတို့ကိုကြည့်ပြီး အံ့အားသင့်လျက် ရှိကြ သည်။ မနာလို မရှုဆိတ် ဖြစ်ခြင်းကိုလည်း အထင်အရှား

ဖော်ပြကြသည်။ လက်ထောက်စီမံခန့်ခွဲရေးမှူးသည် စံပြု လောက်သည့် အလုပ်တစ်ခုကို လုပ်ပြနေသည်ဟု တွေးချင် တွေးကြမည်။ ပိုက်ဆံပေါသော မိန်းကလေးတစ်ယောက်ကို ယူလိုက်သည့်အတွက် ယခုလို ဟန်ကျပန်ကျ ဖြစ်သွားသည်ဟု ထင်ချင်လည်း ထင်ကြမည်။ သူတို့လို ဆင်းရဲသားများမှာတော့ ခြေလျင်လျှောက်နေကြရ၏။ အလွန်နူးညံ့သော ကူရှင်ကို မှီ၍ တူမောင်မယ် ရွှေလည်တွဲပြီး မြင်းရထား လျှောက်စီးရသည်မှာ မည်မျှလောက် စည်းစိမ်ရှိပါသနည်း။ အလွန်အားကျဖို့ ကောင်းသည့် အိမ်ထောင်သည်ဘဝပါတကား။

ပထမလတွင် အဆုံးမသတ်နိုင်သော သာယာပျော်ရွှင်မှု များနှင့်သာ ကြုံရ၏။ ကပွဲများ၊ ပါတီပွဲများ၊ ညစာစားပွဲများ၊ ဇာတ်ပွဲများ ထိုအချိန်ထိ ကိုယ့်အိမ်ထဲတွင် နှစ်ယောက်တည်း နေရသည်မှာ အသာယာဆုံးသော အချိန်ဖြစ်နေဆဲပင်။ လူစီ ကို သူ့မိဘများထံမှခွဲ၍ ခေါ်လာနိုင်ခြင်းသည်ပင်လျှင် ဂတ်စ တတ်ဖ်အဖို့ ကျေနပ်နှစ်သိမ့်စရာ တစ်ခုဖြစ်နေသည်။ သူတို့ ပိုင် အိမ်အတွင်း၌ ညစဉ်ညတိုင်း သူတို့ကြိုက်သလို နေပိုင်ခွင့်၊ လုပ်ပိုင်ခွင့် ရနေခြင်းမှာလည်း သူတို့အဖို့ လောကနိဗ္ဗာန်တစ်ခု ကို တည်ဆောက်နေခြင်းပင် ဖြစ်ချေသည်။ အပြင်မှ ပြန်ရောက် ပြီဆိုလျှင် ညလယ်စာစားဖို့အတွက် စားစရာလေး တစ်ခုခု လုပ်ကြသည်။ ထို့နောက် နှစ်ယောက်သားထိုင်၍စားရင်း ညဉ့်နက်သည်အထိ စကားစမြည် ပြောကြသည်။ ပြောစရာ စကားကလည်း ကုန်နိုင်သည်မရှိ။ ဂတ်စတတ်ဖ်ကတော့ ဘာပဲ လုပ်လုပ် ချွေးချွေးတာတာ ပြုလုပ်ရေးသည် အဓိက။ သို့သော်

လည်း ထိုကိစ္စမှာ လက်တွေ့မဟုတ်၊ သဘောတရားသည်သာ ဖြစ်သည်။ တစ်နေ့တွင် ဇနီးသည် လူစီက ပင်လယ်ငါးသလောက် ဝယ်လာပြီး ချက်သည်။ ပြီးတော့ အာလူးပြုတ်နှင့် ကျွေးသည်။ သူ့အဖို့ အရသာ ရှိလိုက်သည် ဖြစ်ခြင်း၊ သို့သော်လည်း ဂတ်စတတ်ဖ်က မစားနိုင်၊ ဤသို့ဖြင့် ခါသားဟင်း ချက်ရသည့်နေ့သို့ ရောက်ခဲ့ရပြန်သည်။ ခါသားကို ဂတ်စတတ်ဖ်ကိုယ်တိုင် ဈေးသွားပြီး ဝယ်လာခြင်းဖြစ်သည်။ ဈေးကြီးသဖြင့် လူစီက သဘောမကျ။ သူကိုယ်တိုင် တစ်ခါဝယ်ဖူးသည်။ ထို့ပြင်လည်း ဤမျှလောက် ဈေးကြီးသောအသားကို ဝယ်ချက်ခြင်းသည် ဖြုန်းတီးရာရောက်သည်ဟု စိတ်ကထင်သည်။ မည်သို့ပင်ဖြစ်စေ၊ ဤကိစ္စမှာ အသေးအဖွဲ၊ ဤမျှလောက် အသေးအဖွဲသောကိစ္စကို အကြောင်းပြုပြီး သူ့ယောကျ်ားနှင့် စကားမများချင်။

နောက်နှစ်လကျော်ကျော်ခန့် အကြာတွင် လူစီဖော့တစ်ယောက် နေမကောင်းဖြစ်သည်။ သူနေမကောင်းဖြစ်ပုံက ထူးဆန်းသည်။ အအေးများမိလေသလား၊ မီးဖိုချောင်ထဲ ချက်ရင်းပြုတ်ရင်းနှင့် အနံ့အသက်မိပြီး အဆိပ်များ ဖြစ်လေရော့သလား၊ သူတို့ပင့်၍ ပြသော ဆရာဝန်က ရယ်သည်။ ဘာမှမဖြစ်ပါဘူး၊ မပူပါနဲ့ဟု ပြောသည်။ ဖြစ်ပုံက ထူးတော့ ထူးဆန်းသား၊ ဆရာဝန်က မပူပါနဲ့ဟု ဆိုသော်လည်း လူစီ့ အခြေအနေက ပူစရာ၊ တောက်လျှောက် နေကောင်းသည် မရှိ၊ အမြဲတစေ မအီမသာ ဖြစ်နေသည်။ နံရံတွင်ကပ်ထားသည့် စက္ကူများတွင် သူ့မိန်းမနှင့် မတည့်သည့် ဓာတ်များ

မာတိကာသို့ ▶▶

ရှိနေသလား၊ ဖော့သည် စက္ကူအနည်းငယ် ခွာယူသွားပြီး ဓာတုဗေဒဆရာ တစ်ဦးအား ပြသည်။ ဓာတုဗေဒဆရာ၏ အစီရင်ခံစာတွင် ဤစက္ကူများအတွင်း၌ အန္တရာယ် ဖြစ်စေနိုင်သည့် ဓာတ်များ လုံးဝမပါဟု ဖော်ပြသည်။

သူ့မိန်းမ၏ ရောဂါမှာ ပျောက်သွားသည်မရှိ။ ထိုအခါတွင် ဂတ်စတတ်ဖ်သည် သူ့ဘာသာ ဆေးစာအုပ်များကိုဖတ်၍ သူ့မိန်းမ၏ ရောဂါကိုရှာသည်။ အဖြေကိုတွေ့သည်။ နောက်တစ်လခန့် အကြာတွင် သူ့တွေ့ထားသော အဖြေမှန်ပြီဟု ယူဆနိုင်သည့် အထောက်အထားများ တွေ့လာရ၏။ မြန်တော့ မြန်လွန်းနေသည်။ သူတို့ မျှော်လင့်ထားသည်ထက် စောနေသည်။ သို့သော်လည်း ပါပါနှင့်မာမာ ဘဝသည် တစ်မျိုးချစ်စရာတော့ ကောင်းသည်။ ဘာပဲဖြစ်ဖြစ် မွေးလာလျှင် ယောကျ်ားကလေး ဖြစ်လိမ့်မည်။ သံသယဖြစ်စရာမရှိ။ သားကလေးကို နာမည်ပေးဖို့ စဉ်းစားရမည်။ ဤအတောအတွင်းမှာပင် တစ်နေ့၌ လူစီက သူ့ယောကျ်ားကို သတိပေးသည်။ လက်ထပ်ပြီးကတည်းက ဂတ်စတတ်ဖ်သည် အပြင်မှ အပိုဝင်ငွေရသည့် အလုပ်ကို မလုပ်နိုင်ခဲ့သေး။

ဤအချက်မှာ ကျေနပ်စရာမရှိ။ ပြီးတော့လည်း သူတို့သည် ရကြပြီဆိုကတည်းက အထက်တန်းကျကျ နေခဲ့ကြ၏။ အခုအချိန်တွင် ထိုအချိုးကို ပြောင်းပစ်ဖို့ လိုအပ်ပြီ။ သို့မှသာ အရာရာတိုင်း ကျေနပ်ဖွယ်ရာဖြစ်မည်။

နောက်တစ်နေ့တွင် လက်ထောက်စီမံခန့်ခွဲရေးမှူးသည် သူနှင့် အရင်းနှီးဆုံးသော သူငယ်ချင်းရှေ့နေထံ သွား၍

ထောက်ခံစာ တောင်းသည်။ အကယ်၍ ထောက်ခံစာသာရလျှင် မကြာခင် မသုံးမဖြစ်သည့် ကုန်ကျစရိတ်အတွက် ငွေချေးလို့ ရနိုင်မည်။ ဖော့က သူ့မိတ်ဆွေကို နားလည်အောင် အကြောင်းစုံ ရှင်းပြသည်။

"ဟုတ်တာပေါ့ကွာ" ဟု သူငယ်ချင်း ဥပဒေသမားက ပြောသည်။

"အိမ်ထောင်ပြုတာနဲ့ အိမ်ထောင်ကို ပြုစုပျိုးထောင်ရတဲ့ အလုပ်ဟာ အလွန်စရိတ်ကြီးတဲ့ အလုပ်တစ်ခုပဲ၊ ငါကတော့ ဒီကိစ္စမှာ မတတ်နိုင်ဘူးကွာ"

ရှက်စိတ်ဖြင့် ထူပူလျက်ရှိသော ဖော့သည် နောက်ထပ် တိုးပြောရန် ဝန်လေးလျက်ရှိသည်။ သူသည် ငွေတစ်ပြား တစ်ချပ်မှမရဘဲ ပြန်လာခဲ့ရ၏။ အိမ်ရောက်သောအခါ ညှီသည် လူစိမ်းနှစ်ယောက်လာပြီး သူ့ကိုမေးသည်ဟူသော သတင်းက သူ့အားဆီးကြိုလျက်ရှိသည်။ စစ်တပ်က သူ့ သူငယ်ချင်း ဗိုလ်နှစ်ယောက် ဖြစ်လိမ့်မည်ဟု သူက တွက်သည်။ ဗက်တိုးခံတပ်မှ မိတ်ဆွေနှစ်ဦး ဖြစ်ရမည်။ သို့သော်လည်း မဟုတ်ဘူးဟု ပြောသည်။ စစ်ဗိုလ်များ မဖြစ်နိုင်၊ နှစ်ယောက် စလုံး အသက်ခပ်ကြီးကြီးတွေ၊ ဟာ... ဒီလိုဆိုရင် အမ်ဆာလာ မြို့မှာ နေတုန်းက သိခဲ့တဲ့ မိတ်ဆွေနှစ်ယောက် ထင်ပါရဲ့၊ သူအိမ်ထောင်ကျပြီဟူသော သတင်းကို ကြားသဖြင့် လာ၍ လည်ကြခြင်းဖြစ်မည်။ ထိုအခါ အစေခံက ဂတ်စတတ်ဖ် ထင်သလို အမ်ဆာလာက လူနှစ်ဦးမဖြစ်နိုင်ပါဟု ပြောသည်။ ညှီသည်နှစ်ဦးမှာ စတော့ဟုမ်းမြို့မှ လာခြင်းဖြစ်ပါသည်ဟု

မာတိကာသို့ ▶▶

ဆိုသည်။ ဒီလိုဆိုပြန်တော့လည်း စဉ်းစားရခက်သည်။ ဘာပဲ ဖြစ်ဖြစ် ဒီလူနှစ်ယောက် ပြန်လာကြလိမ့်မည်။

ထို့နောက် လင်သည် ဂုတ်စတတ်ဖ်က ဈေးသွား သည်။ စထရော်ဘယ်ရီသီးများ ဝယ်လာသည်မှာ သံသယ ဖြစ်ဖို့မလို။

"ကြည့်စမ်းပါဦးကွယ်" ဟု သူ့မိန်းမအား ပြောသည်။

"တစ်ပိုင့်ကို တစ်ကရိုးနားခွဲ ပေးခဲ့ရတယ်။ ဒီလောက်ကြီးပြီး လှတဲ့အသီးတွေကို ဒီရာသီမှာ ဒီဈေးနဲ့ရတာ မသက်သာဘူးလား ဟင်"

"အို... တန်တော့တန်ပါတယ်၊ ဒါပေမဲ့ ဂုတ်စတတ်ဖ်ရယ်၊ အခုအချိန်မှာ ဒါမျိုးတွေကို ကျွန်မတို့ မတတ်နိုင်ဘူး"

"ကိစ္စမရှိပါဘူး အချစ်ရယ်၊ မောင် ဝင်ငွေအပိုရအောင် အလုပ်လုပ်ဖို့ စီစဉ်ထားပါပြီ"

"ဒါပေမဲ့ ကျွန်မတို့မှာ အကြွေးတွေရှိသေးတယ် မဟုတ်လား"

"အကြွေးတွေ ဟုတ်လား။ အို... ကွယ် မောင် ငွေချေးမှာပါ။ ငွေချေးလို့ရရင် တစ်ခါတည်း အပြေဆပ်ပစ်လိုက်မှာပေါ့"

"ဟင်..." လူစီက သူ့စကားသံကို သဘောမကျ။ "ကြွေးဟောင်းနေရာမှာ ကြွေးသစ်တစ်ခု ဝင်လာတာပဲ မဟုတ်လား"

"ကိစ္စမရှိပါဘူးကွာ၊ နည်းနည်းတော့ အသက်ရှုပေါက်ချောင်သွားတာပဲ မဟုတ်လား။ ဘာပြုလို့ စိတ်မချမ်းသာစရာစကားတွေကို ပြောချင်ရတာလဲကွာ၊ စထရော်ဘယ်ရီသီး

ဝယ်တာ ဘယ်လောက်များကုန်လို့လဲ၊ စထရော်ဘယ်ရီသီး စားပြီး ရှယ်ရီလေး တစ်ခွက်လောက်ရရင် မကောင်းဘူးလား ဟင်”

အစေခံကို ရှယ်ရီတစ်ပုလင်း သွားဝယ်ဖို့ လွှတ်သည်။ ထုံးစံအတိုင်း အကောင်းစား ရှယ်ရီ။

နေ့ခင်းနေ့လယ် တစ်ရေးတစ်မော အိပ်ပြီး ပြန်နိုးလာသော ဖော့၏မိန်းမသည် အကြွေးကိစ္စကို တစ်မျိုးတစ်ဖုံ ပြောင်း၍ ပြောရန် အားထုတ်ပြန်သည်။ ဤစကားများ ပြောသည့်အတွက် သူ့ယောကျ်ားက သူ့ကို စိတ်မဆိုးဟုပင် မျှော်လင့်သည်။ ဘယ်လိုလှည့်ပြီး ပြောရပါ့။ အိမ်အသုံးစရိတ်ငွေ လိုသည်ဟု ပြောရလျှင် ကောင်းလေမလား။

“စတိုးဆိုင်ကိုလည်း တစ်ပြားမှမပေးရသေးဘူး၊ အမဲသားသည်ကလည်း အတင်းအဓမ္မ တောင်းနေပြီ။ မြင်းရထားသမားကလည်း သူ့ငွေကို ရှင်းပေးဖို့ အမြဲလာပြီး နားပူနေတယ်”

“အဲဒါ အားလုံးပဲလား” ဟု ဂတ်စတတ်ဖ်က ပြန်ပြောသည်။

“သူတို့ ကြွေးတွေကို မနက်ဖြန်ကျရင် ချက်ချင်း ရှင်းပေးလိုက်မယ်။ တစ်ပြားမကျန် ပေးလိုက်မယ်၊ ဒါပေမဲ့ အခု လောလောဆယ် တခြားဟာ စဉ်းစားကြဦးစို့၊ ပန်းခြံဘက်ကို သွားကြရင် မကောင်းဘူးလား။ မြင်းရထားငှားရင် မင်းသဘော ကျမှာ မဟုတ်ဘူး။ အဲဒီတော့ ဓာတ်ရထားရှိတယ်။ ဓာတ်ရထား စီးသွားရင် ရောက်တာပဲ”

နှစ်ယောက်သား ပန်းခြံသို့ သွားကြသည်။ လယ်လ်ဟမ် ဘုရားစားသောက်ဆိုင်သီးသန့်ခန်းတွင် ညနေစာစားကြသည်။ သူတို့အဖို့ ပျော်စရာကတော့ အလွန်ကောင်းသည်။ အဘယ့်ကြောင့်ဆိုသော် ဟိုတယ်ထမင်းစားခန်းမကြီးထဲရှိ လူအများက သူတို့လင်မယားအား အလွန်ရှေ့သွားနောက်လိုက်ညီသည်ဟု အထင်ရောက်နေသော အရိပ်လက္ခဏာများကို အကဲခတ်မိကြသောကြောင့် ပေတည်း။ ဤအတွေးသည် ဂတ်စတတ်ဖ်အား ရွှင်လန်းယစ်မူးစေသည်။ လူစီကတော့ ဂတ်စတတ်ဖ်လောက် ရွှင်မြူးခြင်းမရှိ။ အထူးသဖြင့် ရောက်လာသည့် ငွေတောင်းခံလွှာ ပြေစာပေါ်မှ ကုန်ကျစရိတ်ငွေကို ကြည့်ပြီး ရင်မောလျက်ရှိ၏။ ဤမျှလောက်ငွေသည် အိမ်မှာဆိုလျှင် ရက်အတန်ကြာမျှ သုံးရမည် မဟုတ်ပါလား။

လပေါင်းများစွာ ကုန်လာသည်။ အမှန်တကယ် လိုအပ်သော အရာများကို ဝယ်ယူဖို့ အချိန်ကျလာလေပြီ။ ပုခက်၊ ကလေးအင်္ကျီ စသည် စသည်ဖြင့် ကလေးအတွက် မရှိမဖြစ်သည့် ပစ္စည်းအသုံးအဆောင်များ။

ဖော့တွင် အပိုဝင်ငွေရှာဖို့ အချိန်ကလည်းမရ။ အငှားမြင်းရထားသမားနှင့် စတိုးဆိုင်ရှင်တို့ကလည်း နောက်ထပ် အကြွေးမပေးနိုင်ဟု ငြင်းကြသည်။ သူတို့မှာလည်း မကျွေးလျှင်မဖြစ်သည့် မိုးခိုသူမိသားစုများ ရှိနေကြသည် မဟုတ်ပါလား။

နောက်ဆုံးတွင် အရေးကြီးသောနေ့သို့ ဆိုက်ရောက်လာသည်။ ဂတ်စတတ်ဖ်အနေဖြင့် သူနာပြုဆရာမတစ်ယောက် ငှားရမည်။ သူ့သမီးငယ် မွေးကင်းစကို ချိုရင်းနှင့်ပင် ကြွေးရှင်

များကို တောင်းပန်တိုးလျှိုးနေရ၏။ အသစ်အသစ်ဖြစ်သော တာဝန် ဝတ္တရားများကလည်း သူ့အပေါ် ပိ၍ပိ၍ လာလျက် ရှိသည်။ စိတ်ပန်းကိုယ်ပန်းဖြစ်ကာ အရုပ်ကြိုးပြတ်လဲလုနီးပါး ပင် ဖြစ်လာသည်။ ဤကြားထဲတင် ဘာသာပြန်စရာ အလုပ် ကလေး နည်းနည်းပါးပါး ရလာသည်မှာ မှန်ပါသော်လည်း အချိန်ရှိသမျှ သောကများနေရသဖြင့် ထိုအလုပ်ကို ပြီးမြောက် အောင် အဘယ်မှာလျှင် လုပ်နိုင်ပါမည်နည်း။ ယင်းကဲ့သို့ စိတ်အားမရလောက်အောင် ဗျာများလာရသောအခါ ယောက္ခမ ကြီးထံ သွား၍ အကူအညီပေးဖို့ အသနားခံရတော့သည်။ အဘိုးကြီးကလည်း မကြည်မသာဖြင့်ပင် သူ့စကားကို လက်ခံ နားထောင်ရလေသည်။

"ဒီတစ်ကြိမ်တော့ ငါ မင်းကို ကူညီမယ်၊ နောက် တစ်ကြိမ် ကျရင်တော့ မရဘူး။ ငါ့ကိုယ်တိုင်မှာလည်း လောက်ငတာ မဟုတ်ဘူးကွ၊ ပြီးတော့ ငါမွေးထားတာက မင်း မိန်းမတစ်ယောက်တည်း မဟုတ်ဘူး"

ဤသို့ဖြင့် မိခင်အတွက် လိုအပ်သမျှကို ဝယ်ပေးရသည်။ အရက်ကောင်းကောင်း၊ သူနာပြုဆရာမအားလုံး ကုန်ကျစရိတ် ကို ပေးရသည်။

ကံအားလျော်စွာပင် ဖော့၏မိန်းမ လူစီသည် ကျန်းမာ သည်။ ချက်ချင်းလိုလိုပင် ထူနိုင်ထနိုင်လာသည်။ တစ်သားမွေး ပြီး တစ်သွေးလှကာ ချစ်စရာ မိန်းမပျိုလေးတစ်ဦး ဖြစ်လာ ပြန်သည်။ ကိုယ်လုံးကိုယ်ထည် သွယ်လျလျ အသွေးအရောင် ကလည်း နီမြန်းလာသည်။ မည်သို့ပင်ဖြစ်စေ လူ့စီအဖေ

ကတော့ သူ့သမက်ကို အပြင်းအထန် အလေးအနက်ဖြင့် တားမြစ်စကား ဆိုသည်။

"ဒီမှာငါ့လူ၊ နောက်ထပ် ကလေးမရှိစေနဲ့တော့"

"မင့်ဘ၀ မပျက်ချင်ရင် ကျေးဇူးပြုပြီး သတိထား လုပ်ပါဦး"

တိုတိုနှင့် လိုရင်းပြောရမည်ဆိုပါမူ ဖော့မိသားစု ဘ၀သည် အချစ်ဆိုသောအရာနှင့် တစ်နေ့တခြား တိုးတက်လာနေသည့် ကြွေးအပေါ် အမှီပြုကာ ဆက်လက် ရပ်တည်လာခဲ့သည်။ သို့သော်လည်း တစ်နေ့တွင် အကြွေးဝရမ်းသည် အိမ်တံခါးကို လာခေါက်သည်။ အိမ်ရှိပစ္စည်းအားလုံးကို သိမ်းဆည်းမည်ဟု ခြိမ်းခြောက်လာသည်။ ထိုအခါ ယောက္ခမကြီးသည် သူ့သမီးလူစီနှင့် မြေးကိုလာခေါ်သည်။ သမီးနှင့် မြေးကို အငှားကားပေါ်တင်၍ ခေါ်သွားသော ယောက္ခမကြီးသည် သူ့သမီးကို လူငယ်တစ်ဦးက သူ့ထံမှ ခေတ္တခဏ ငှားယူသွားပြီး တစ်နှစ်မျှအကြာတွင် အရက်တကျဲဖြစ်အောင် ပြုကာ သူ့အား ပြန်ပေးလိုက်သည့် အဖြစ်မျိုးပါလားဟုတွေးပြီး ရင်နာလျက်ရှိသည်။ လူစီကတော့ သူနှင့်ဆက်၍ နေလိုသောဆန္ဒ ရှိကောင်းရှိလိမ့်မည်ဟု 'ဖော့' ကလည်း တွေးသည်။ သို့သော်လည်း သူ့မှာကတော့ ကျွေးမွေးထောက်ပံ့နိုင်သည့် အခြေအနေမရှိတော့။ သူသည် အိမ်တွင်တစ်ယောက်တည်း ဘီလစ်စာရေးများ (သူအပြင်သွားနေစဉ်က တုတ်ကောက်တွေကိုင်ပြီး ရောက်လာသည်ဆိုသော လူနှစ်ယောက်) က အိမ်ထဲမှာရှိသမျှ ပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများ၊ အိမ်ရာပစ္စည်းများ၊ မီးဖိုချောင်သုံး

မာတိကာသို့ ▶▶

ပစ္စည်းများကို တစ်စကလေးမျှ မကျန်အောင် သိမ်းဆည်း ယူငင်လျက်ရှိသည်ကို ကြည့်နေသည်။

အခုမှပင် ဂတ်စတတ်ဖ်၏ တကယ့်ဘဝသည် အစပြုသည်။ နံနက်ထုတ် သတင်းစာတစ်စောင်မှ စာများကို ပရုဖတ်ပေးရသော အလုပ်ကို သူလုပ်သည်။ ညတိုင်း ထိုအလုပ်အတွက် နာရီပေါင်းများစွာ ထိုင်ရ၏။ လူမွဲတစ်ယောက်အဖြစ် တရားဝင် သတ်မှတ်ခြင်း မခံရသဖြင့် သူ၏အစိုးရအလုပ်မှ မပြုတ်ပေ။ သို့သော်လည်း ဤကြွေးပြဿနာကြောင့် ရာထူးတက်ဖို့ လမ်းကတော့ ပိတ်သွားခဲ့လေသည်။ သူ့ယောက္ခမက သူ့ကို အခွင့်အရေးတစ်ခုတော့ ပေးထားသည်။ တနင်္ဂနွေနေ့တိုင်း သူ့မိန်းမနှင့်ကလေးကို တွေ့ခွင့်ရ၏။ သို့သော်လည်း သူတစ်ယောက်တည်း လွတ်လပ်စွာ တွေ့ဆုံနိုင်သည့် အခွင့်အရေး မဟုတ်ပေ။ ညနေစောင်း၍ သတင်းစာတိုက်သို့သွားရန် ပြန်သည့်အခါများမှာတော့ သားအမိနှစ်ယောက်က အိမ်ပေါက်ဝ အထိ လိုက်ပို့ကြသည်။ သူသည် ဂုဏ်သိက္ခာ ကင်းမဲ့စိတ်ဖြင့် ခွဲခွာပြီး ပြန်လာခဲ့ရသည်က များ၏။ သူ့၌ တင်နေသမျှ အကြွေးများကိုကျေအောင် အနှစ်နှစ်ဆယ်ခန့်တော့ ပေးဆပ်ရလိမ့်မည် ထင်၏။ ကြွေးများ ကျေပြီးသည့်နောက်တွင်မှ သူ့မယားနှင့် သူ့ကလေးကို အခြေမပျက်အောင် ကျွေးမွေးထောက်ပံ့နိုင်ပါဦးမည်လော။ ထောက်ပံ့နိုင်မည် မထင်။ အခုပုံစံအတိုင်းဆိုလျှင် လောလောဆယ် သူ့ယောက္ခမကြီး သေဆုံးသွားခဲ့ပါက သူတို့သားအမိသည် အိမ်ခြေယာမဲ့ ဘဝဖြင့် ကျန်ခဲ့ရပေလိမ့်မည်။ သို့ဖြစ်ရာ သူတို့ဇနီးမောင်နှံအား ရက်ရက်

စက်စက် ခွဲခဲ့သော အလွန်နှလုံးသား မာကျောသည့် ဤအဘိုးကြီးကိုပင် သူကျေးဇူးတင်ရမည် ဖြစ်ပေသည်။

မှန်ပါ၏။ လူ့ဘဝကို အသက်မွေးရသည်မှာ လွယ်သည် မဟုတ်။ ခက်ခဲ၍ ရက်စက်သောသဘော ရှိသည်။ ဘုရားသခင် ဖန်ဆင်းခဲ့သည်ဆိုသောသတ္တဝါအားလုံးတွင် တောရိုင်းတိရစ္ဆာန်များသည်ပင်လျှင် အသက်မွေးရ လွယ်ကူပါလျက်နှင့် လူသတ္တဝါကျကာမှ ခက်ခဲလွန်း ပင်ပန်းလွန်းလှချေသည်။ ပြီးတော့ ရက်စရာလည်းကောင်း၏။ လူ့သတ္တဝါကျခါမှ တန်ဖိုးမရှိသော ခါသားနှင့် စထရော်ဘယ်ရီသီးများကို အခမဲ့ မရနိုင်သည်မှာ အမှန်တကယ်ပင် ရက်စရာကောင်းလှပါ၏။

*

Love And Bread
By August Strindberg.

မာတိကာသို့ ▸▸

မာတိကာသို့ ▶▶

အယ်လ်ဖုန်စီဒေါ်ဒက်
(၁၈၄၀–၁၈၉၇)

အယ်လ်ဖုန်စီဒေါ်ဒက် (Al Phonse Daudet) သည် ပြင်သစ် စာရေးဆရာတစ်ဦး ဖြစ်သည်။ ၁၈၄၀ ခုနှစ်တွင် ပြင်သစ်နိုင်ငံ နိုင်းမ်စ်မြို့၌ မွေးဖွားသည်။ ၁၈၅၀ ခုနှစ်တွင် ကဗျာစာအုပ် တစ်အုပ်ဖြင့် စာပေနယ်သို့ စတင် ဝင်ရောက်သည်။ ထိုအချိန်တွင် သူ့အသက်မှာ ဆယ့်ရှစ်နှစ်မျှသာ ရှိသေး၏။ နောက်ပိုင်းတွင် သူသည် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားရင်း ထင်ရှားသော စာရေးဆရာတစ်ဦး ဖြစ်လာခဲ့သည်။ သူ့ဝတ္ထုများသည် သိမ်မွေ့သည်။ ပျော့ပျောင်းသည်။ ဆွဲဆောင်မှု အပြည့်ရှိသည်။ ခံစားမှုလည်း အပြည့်ပါသည်။ အကောင်းဆုံးဟု သတ်မှတ်ထားကြသော သူ့ဝတ္ထုတိုများတွင် အလွန် လေးနက်သော အဓိပ္ပာယ်တစ်ခု ပါဝင်တတ်၏။ ထိုအဓိပ္ပာယ်ကို စာဖတ်သူများက အဆစ်အပိုင်းကျကျ စဉ်းစား ဆင်ခြင်ကြည့်မှ မြင်နိုင်သည့် သဘောရှိသည်။ ထိုဝတ္ထုတို၏ မူရင်း ပြင်သစ်အမည်မှာ (LES DEUX AUBERGES) ဖြစ်၏။ အင်္ဂလိပ်ဘာသာဖြင့် (THE TWO INNS) ဟု အမည်ပေးထားသည်။

မာတိကာသို့ ▶▶

ထမင်းဆိုင်နှစ်ဆိုင်

ဇူလိုင်လ၏ နေ့တစ်နေ့။ မခံမရပ်နိုင်လောက်အောင် ပူပြင်းလျက်ရှိသော မွန်းလွဲပိုင်းတွင် ကျွန်တော်သည် ဒိုင်းမ်စ်မြို့မှအပြန် လမ်းခရီး၌ ရောက်လျက်ရှိပါသည်။ ပူလိုက်ပုံမှာ အလွန်ကြီးမားသော နေကြီးတစ်စင်းသည် မိုးကောင်းကင်ကြီးနှင့်အပြည့် ဖြစ်နေသည်ဟုပင် ထင်ရပါ၏။ ဖုန်ပူကြီးများ လွှမ်းခြုံထားသည့် လမ်းမကြီးသည် သံလွင်ပင်များနှင့် ဝက်သစ်ချပင် ပုပုများကြားမှ လှမ်းမြင်နေရသည့် မိုးကုတ်စက်ဝိုင်းဆီသို့ တည့်တည့်ကြီးတန်း၍ ဆင်းသွားလျက်ရှိသည်။ ဘယ်ကိုပဲကြည့်ကြည့် အရိပ်နှင့်တူသော အရာဆို၍ အစက်ကလေး တစ်စက်မျှပင် မမြင်ရပါ။ ရှူစရာလေဆို၍လည်း တစ်ချက်ကလေးမှ မတိုက်ပါ။ ငြိမ်နေသော ခြောက်သွေ့သွေ့ စပ်ဖျဉ်းဖျဉ်း လေပူကြီးနှင့် အသံအနိမ့်အမြင့် အတက်အကျမှန်မှန်နှင့် အော်နေသည့် ပုစဉ်းရင်ကွဲသံများမှတစ်ပါး အခြားဘာမျှမရှိပါ။ လမ်းမကြီးပေါ်ရှိ ဖုန်များကိုကျော်၍ ဖြူဖြူဖွေးဖွေး

မာတိကာသို့ ▶▶

အိမ်စုတစ်စုကို ဘွားခနဲ လှမ်းမြင်လိုက်ရသည့် အချိန်တွင်မူ ကျွန်တော်သည် သဲကန္တာရထဲ၌ နှစ်နာရီတိတိမျှ လျှောက်ခဲ့ပြီးပြီ ဖြစ်ပါ၏။

ဤနေရာသည် ခရီးသည်များ တစ်ထောက်နားရာ စခန်းတစ်ခု ဖြစ်ပါသည်။ စိန့်ဗင်းဆင့်စခန်းဟု ခရီးသွားများက သိနေသောနေရာ ဖြစ်ပါ၏။ အိမ်ငါးလုံးခြောက်လုံးခန့်ရှိ၍ ခေါင်မိုးနီနီနှင့် ဂိုဒေါင်များလည်း ရှိပါသည်။ သေးသေးလိုလိုနှင့် ခြောက်သွေ့နေသော သဖန်းပင်များ ပတ်လည်ဝိုင်းနေသည့် ရေတစ်စက်မှ မရှိသော သောက်ရေကန်တစ်ကန်လည်း ရှိပါသည်။ စခန်း၏ တစ်ဖက်အစွန်တွင်မူ လမ်းကို အလယ်မှထားပြီး မျက်နှာချင်းဆိုင်လျက်ရှိသော ထမင်းဆိုင်နှစ်ဆိုင် ရှိပါသည်။

တစ်ချက်ကလေး မြင်လိုက်ရုံမျှဖြင့် ဤထမင်းဆိုင်နှစ်ဆိုင်၏ ခြားနားမှုသည် ပေါ်လွင်လျက်ရှိသည်။ ထမင်းဆိုင်တစ်ဆိုင်သည် ကြီးမားသစ်လွင်သော အဆောက်အအုံကြီးတစ်လုံးဖြစ်၍ များစွာမှပင် အသက်ဝင် လှုပ်ရှားလျက်ရှိသည်။ ဖွင့်ထားသည့် တံခါးများအဝတွင် အငှားမြင်းရထားကြီးတစ်စီး ရပ်လျက်ရှိ၏။ ချွေးများဖြင့် နစ်နေသော မြင်းများကိုမူ လှည်းမှဖြုတ်ကာ ခေတ္တခဏမျှ အနားပေးထားသည်။ မြင်းလှည်းနှင့် လာကြသော ခရီးသည်များသည် ဤအခွင့်ကောင်းကိုယူ၍ အလွန်ကျဉ်းမြောင်းပြီး တိုလှသော ဆိုင်နံရံအရိပ်များအောက်ဝယ် ကတ်ကတ်သတ်သတ်ခိုကာ ကတိုက်ကရိုက် စားသောက်နေကြ၏။ ဆိုင်ဝင်းခြံ အတွင်း၌လည်း လှည်းများ၊ လားများဖြင့်

ပြည့်လျက်ရှိသည်။ လှည်းသမားများသည် လှည်းများ၏ အောက်၌ လဲလျောင်းကာ ညနေခင်း နေအေးချိန်ကို စောင့်မျှော်လျက် ရှိကြပါသည်။ ဆိုင်အတွင်းမှ အော်သံဟစ်သံများ၊ ဆဲသံဆိုသံများ၊ ကျိန်ဆဲသံများ၊ စားပွဲများကို ထုရိုက်သံများ၊ ဖန်ခွက်သံ၊ ပုလင်းသံများနှင့် လင်မနစ်ပုလင်းဖွင့်သံများသည် ထွက်ပေါ်လာလျက်ရှိသည်။ ထိုအသံအားလုံးကို လွှမ်းမိုးပြီး ထွက်လာနေသော အသံမှာ ရှင်ရှင်မြူးမြူး တက်တက်ကြွကြွ ဖြင့် သံကုန်ဟစ်၍ အော်ဆိုနေသော သီချင်းသံ ဖြစ်ပါ၏။

"မိန်းမလှလေး မားဂေါ့ခမျာ အိပ်ရာမှ စောစောထကာ ရေအိုးကို ခါးစောင်းတင်၍ ရေတွင်းဆီသို့ထွက်အလာ..."

သို့သော်လည်း လမ်းတစ်ဖက်ရှိ အခြားထမင်းဆိုင်မှာမူ ငြိမ်ဆိတ်လျက်ရှိ၏။ အပယ်ခံ အစွန့်ပစ်ခံ အဆောက်အအုံ တစ်ခုနှင့်တူနေသည်။ ဆိုင်ရှေ့ မျက်နှာစာအဝင်ဝတွင် မြက်ပင်များဖြင့် ပြည့်နေသည်။ တရုတ်ကတ်များသည် ကျိုးပဲ့ပျက်စီးလျက် ရှိကြ၏။ ဆိုင်တံခါးထက်သို့ တွဲလောင်းကျနေသော သစ်ကိုင်းကြီး တစ်ကိုင်းမှာ ခြောက်သွေ့ကာ အရောင်အဆင်း ကင်းမဲ့လျက်ရှိသည်။ အဝင်လမ်းကို ကျောက်တုံးများဖြင့် ခင်းထားသည်။ မြင်တွေ့နေရသမျှ အရာဝတ္ထုအားလုံးသည် စုတ်ပြတ်နွမ်းချာ၏။ ဆင်းရဲလှ၏။ စိတ်မချမ်းသာစရာပင် ဖြစ်သည်။ ရေတစ်ခွက် တစ်ဖလားသောက်ရန် တစ်အောင့်တစ်နား ဝင်၍ရပ်လျှင်ပင် ဆိုင်ကို ဒါနပြုရာရောက်သည်ဟု ယူဆရမည့် အခြေအနေမျိုး ဖြစ်လေသည်။

မာတိကာသို့ ▶▶

ဆိုင်အတွင်းဘက်တွင်လည်း ပစ်စလက်ခတ် ဖြစ်နေသော အခန်းရှည်ကြီး တစ်ခန်းရှိသည်။ ပူပြင်းလှသော နေရောင်သည် ခန်းဆီးများ ကင်းမဲ့နေသည့် ပြတင်းပေါက်များမှတစ်ဆင့် ထိုးကျလျက်ရှိ၏။ နေရောင်ကြောင့် အခန်းသည်ပို၍ တောက်ပြောင်မလာဘဲ တိုး၍ပင် စိတ်ပျက်စရာကောင်းလောက်အောင် ညှိုညစ်ညစ်ဖြစ်လျက် ရှိသည်။ ခရိုခရိုင် ဖြစ်နေသော စားပွဲအနည်းငယ်သည် ဟိုတစ်လုံး သည်တစ်လုံး။ ထိုစားပွဲများပေါ်တွင် ချေးအထပ်ထပ်ကပ်နေသည့် ဖန်ခွက်များ၊ ဘီလီယက်ခုံ၏ ကတ္တီပါအခင်းသည် ပေါက်ပြဲ စုတ်ပြတ်လျက်ရှိသည်။ ဘီလီယက်ခုံ၏ ထောင့်လေးထောင့်၌ တွဲလောင်းကျနေသော အိတ်များမှာလည်း သုံးမရလောက်အောင် ပေါက်ပြဲစုတ်ပြတ်လျက် ရှိနေကြလေပြီ။ ပြီးတော့ အဝါရောင် ဆိုဖာယောင်းတစ်လုံး၊ ညစ်ပတ်ပေရေလျက်ရှိသောကောင်တာတစ်ခု၊ ဤအရာအားလုံးသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပူပြင်းလှသည့် ပတ်ဝန်းကျင်ကို အမှီပြုကာ အသေကောင်များသဖွယ် မလှုပ်မရှား ရပ်တည်လျက် ရှိကြသည်။ ပြီးတော့ ယင်ကောင်များ၊ ကျွန်တော့်တစ်သက်တွင် ဤမျှလောက် များပြားသည့် ယင်ကောင်များကို ဘယ်တုန်းကမှ မမြင်ခဲ့ဖူးပါ။

သူတို့သည် မျက်နှာကြက်များ၊ ပြတင်းပေါက် တံခါးပေါင်များကိုဖွင့်ပြီး အတွင်းသို့ ဝင်လိုက်သည့်အခါ ယင်ကောင်များသည် ဝုန်းခနဲ ထပျံကြသည်။ တဝီဝီ အော်မြည်

ကာ လှည့်ပတ်ပျံသန်းလျက် ရှိကြသည်။ ပျားအုံကြီး တစ်အုံ အတွင်းသို့ ဝင်သွားမိသည်ဟုပင် ထင်ရပါ၏။

အခန်း၏ တစ်ဖက်အစွန်းရှိ ခပ်ကွယ်ကွယ် နေရာ တစ်နေရာတွင် အမျိုးသမီးတစ်ယောက် ရပ်လျက်ရှိသည်။ သူသည် ပြတင်းပေါက်မှနေ၍ အပြင်သို့ စိတ်အားထက်သန်စွာဖြင့် လှမ်း၍ မျှော်ကြည့်လျက် ရှိလေသည်။ တစ်ကြိမ်ခေါ်ရုံမျှဖြင့် မကြားသဖြင့် သူကြားအောင် နှစ်ကြိမ်တိတိ ခေါ်ရပါသည်။

သူသည် ဖြည်းညင်းစွာ လှည့်ကြည့်ပါသည်။ ရိုးသား ဖြူစင်သော လယ်သူမတစ်ယောက်၏ မျက်နှာကို ကျွန်တော် မြင်ရသည်။ သူ့မျက်နှာတွင် နဖူးရေနှင့် ပါးရေများ တွန့်လျက် ရှိသည်။ ကျွန်တော်တို့ မြင်နေကျ တွေ့နေကျ အဘွားအို တစ်ယောက်၏ မျက်နှာမျိုး ဖြစ်ပါ၏။ အမှန်စင်စစ်အားဖြင့် သူသည် အဘွားအိုတစ်ဦးအရွယ် မဟုတ်သေးသော်လည်း မျက်ရည်နှင့်ဒူး မပြတ်သုတ်နေခဲ့ရသည့် အချိန်ကများသဖြင့် ယခုလို အလွန်အမင်း အိုစာကျသွားခြင်း ဖြစ်ဟန်တူပါသည်။

"ရှင် ဘာလိုချင်လို့လဲ"

သူ့မျက်လုံးများမှ မျက်ရည်စများကို လက်နှင့်ပွတ်၍ သုတ်လိုက်ရင်းက ကျွန်တော့်ကို လှမ်းမေးသည်။

"ခဏတဖြုတ် ထိုင်ပြီး စားစရာ သောက်စရာလေး စားချင် သောက်ချင်လို့"

သူသည် ကျွန်တော့်ကို တအံ့တဩ ကြည့်နေပါသည်။ နေရာမှ ရွေ့လျားခြင်း မရှိပါ။ ကျွန်တော် ပြောလိုက်သည့် စကားကို နားမလည်သည့်ပုံမျိုး ဖြစ်သည်။

မာတိကာသို့ ▸▸

"ဒါက ထမင်းဆိုင်မဟုတ်လား" ဟု ကျွန်တော်က မေးပါသည်။

"ဟုတ်ပါတယ်။ ရှင်က ထမင်းဆိုင်လို့ အသိအမှတ်ပြုရင် ဒီဟာ ထမင်းဆိုင်ပါပဲ၊ ဒါပေမဲ့ ရှင်က ဘာပြုလို့ တခြားလူတွေလို ဟိုဘက်ဆိုင်ကို မသွားတာလဲ၊ ဟိုဆိုင်မှာက ပိုပြီး ပျော်စရာကောင်းတယ်"

"ကျွန်တော့်အဖို့တော့ သိပ်ပြီး ပျော်စရာကောင်းလွန်းအားကြီးနေတယ်။ ကျွန်တော့်အနေနဲ့ ဒီဆိုင်မှာလာပြီး ခင်ဗျားနဲ့ နေရတာကို ပိုကြိုက်တယ်"

ကျွန်တော်က သူ့ထံမှ စကားပြန်အမေးကို မစောင့်တော့ဘဲ စားပွဲတစ်လုံးတွင် ဝင်ထိုင်သည်။ ကျွန်တော် အလေးအနက်ထား၍ ပြောနေမှန်း သူ ရိပ်မိသွားသောအခါ လှုပ်လှုပ်ရှားရှား ဖြစ်လာပါသည်။ မီးရှိများကို ဖွင့်သည်။ ပုလင်းများကို ထုတ်၊ ယင်ကောင်များကို မောင်းသည်။ သူသည် ပျာယာခတ်လျက်ရှိ၏ ။ စားမည့်သောက်မည့်သူ တစ်ဦးတလေ ရောက်လာခြင်းသည် သူ့ဆိုင်အတွက် အလွန်ထူးခြားသည့် အဖြစ်တစ်ခုဟု ကျွန်တော့်စိတ်က သိနေပါသည်။ သူသည် အလုပ်လုပ်နေရင်းမှ မကြာခဏ ရပ်ကာ သူ့ခေါင်း သူလက်နှစ်ဖက်နှင့် ကိုင်ထားပါသည်။ သူလုပ်နေကျ အလုပ်ကိုပင် မေ့နေသည့် သဘောမျိုး ရှိနေပါသည်။

ထို့နောက် သူသည် အတွင်းဘက်ရှိ အခန်းတစ်ခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။ ကျွန်တော့်နားများသည် လေးလံသော သော့တွဲကြီးတစ်ခုဆွဲသံ၊ သော့ဖွင့်သံ၊ ပေါင်မုန့်

သေတ္တာလှန်သံ၊ ဖုန်ခါသံနှင့် ပန်းကန်ဆေးသံများကို ကြားလာရသည်။ ထိုအသံများကြားမှ သက်ပြင်းချသံများနှင့် ကျိတ်၍ ရှိုက်သံများ ပေါ်လာလျက်ရှိပါသည်။

နောက် ဆယ့်ငါးမိနစ်ခန့် အကြာတွင် ကျွန်တော့်ရှေ့၌ စပျစ်သီးခြောက် တစ်ပန်းကန်၊ လိုးထားပုံ အချိုးအစား မကျသော ဂဝံကျောက်တမျှ မာကျောလှသည့် ပေါင်မုန့်ချပ်များနှင့် အပေါ်စားဝိုင် တစ်ပုလင်း ရောက်လာပါသည်။

"စားနိုင်ပါပြီရှင်" ဟု

သူက ပြောပါသည်။ ထို့နောက် ကျွန်တော့်အနီးမှ ကပျာကယာ ထွက်သွားပြီး စောစောကနေရာ၌ ပြန်ရပ်ကာ စောစောကလိုပင် အပြင်သို့ ကြည့်နေပါသည်။

ကျွန်တော်သည် ဝိုင်ကို ခပ်ဖြည်းဖြည်း သောက်နေရင်းမှ သူ့ကို စကားပြောလာအောင် ကြိုးစားနေမိပါသည်။

"ဧည့်သည်များများ မလာဘူးထင်တယ် ဟုတ်လား"

"အိုး... ဟုတ်တယ် ဒီဆိုင်ကို ဘယ်သူမှမလာဘူး၊ ကျွန်မတို့ တစ်ဆိုင်တည်းရှိတုန်းကတော့ အခြေအနေက တစ်မျိုးပေါ့။ မြင်းရထားကြီးတွေတောင် လာကြတာပဲ။ တောဘဲကျတဲ့ ရာသီမျိုးများဆိုရင် အမဲပစ်ထွက်တဲ့ လူစုဟာ အဖွဲ့လိုက်ပေါ့၊ မြင်းရထားတွေများ ဝင်လာလိုက် ထွက်သွားလိုက်နဲ့ တစ်နှစ်ပတ်လုံး ပြတ်တယ်လို့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်မတို့အနားမှာ အိမ်နီးနားချင်းဆိုင်လည်း ဖွင့်လာရော ကျွန်မတို့ဆိုင်လည်း ကန်းတာပဲ။ လူတွေက ဟိုဆိုင်ကိုပဲ ကြိုက်ကြတယ်။ ဒီဆိုင်ကလည်း သိပ်မကောင်းတော့ဘူး

မာတိကာသို့ ▶▶

မဟုတ်လား။ ဒါလည်းပဲ မကြိုက်စရာ အချက်တစ်ချက်ပေါ့။ ပြီးတော့ ကျွန်မကလည်း မလှဘူးလေ။ ကျွန်မမှာ ရောဂါကလည်း အမြဲတမ်းထူနေတာပဲ။ ကျွန်မရဲ့ သမီးလေးနှစ်ယောက်ကလည်း ဆုံးသွားကြပြီ။ အင်း... ပေါ့လေ ဟိုဘက်ဆိုင်မှာကတော့ အမြဲတမ်း ရယ်မောနေကြတာပဲ။ အားလပ်စ်မြို့က မိန်းမတစ်ယောက်ပိုင်တဲ့ဆိုင်ပေါ့။ မိန်းမက လှလည်းလှ၊ ချောလည်းချော၊ ရွှေလက်ကောက်တွေဝတ်လို့၊ သူ့လည်ပင်းမှာဆွဲထားတဲ့ ရွှေဆွဲကြိုးကြီးကလည်း အကြီးကြီးပဲ။ မြင်းရထားသမားကလည်း သူ့ရည်းစားဆိုတော့ မြင်းရထားကို သူ့ဆိုင်ကလွဲပြီး ဘယ်မှမသွား မရပ်တော့ဘူး။ ပြီးတော့လည်း ရှင်တို့လိုဧည့်သည်တွေကို ဧည့်ခံဖို့အတွက် မိန်းမလှကလေးတွေလည်းရှိတယ်။ အဲဒီတော့ သူ့မှာ ဖောက်သည်များများ ရတာပေါ့။ ဒီအနီးအနားတစ်ဝိုက်က လူငယ်တွေမှန်သမျှ သူ့ဆီချည်းသွားကြတာပဲ။ တခြား မြင်းလှည်းသမားတွေကလည်း သူ့ဆိုင်နားကပဲ ဖြတ်သွားဖြတ်လာ လုပ်ကြတယ်။ ဒါပေမဲ့ ကျွန်မကတော့ တစ်နေကုန် တစ်နေ့ခန်း ဒီမှာ တစ်ယောက်တည်းနေပြီး လွမ်းဆွေးလွမ်းနာ ကျနေရတယ်"

ဤစကားများကို သူသည် စိတ်မဝင်စားသံဖြင့် ပြောလျက်ရှိသည်။ သူ့အသံသည် ဘယ်အရာကိုမှ အလေးအနက်မထားတော့သည့် အသံမျိုးဖြစ်၏။ စကားပြောနေသည့် အခိုက်တွင်လည်း သူသည် စောစောက နေရာ၌ ရပ်ကာ စောစောကလိုပင် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေပါသည်။

သူ လှမ်းမျှော်ကြည့်နေသော နေရာတွင် သူ စိတ်ဝင်စားသည့် အရာတစ်ခုရှိနေသည်မှာ ထင်ရှားလျက် ရှိပါ၏။

ရုတ်တရက် တစ်ဖက်သောဆိုင်၏ ရှေ့ဘက်မှ ဆူဆူ ညံညံ လှုပ်ရှားသံများ ထွက်လာသည်။ မြင်းရထားကြီးသည် ဖုန်လုံးများ တထောင်းထောင်း ထနေသည့်ကြားမှ ဖြတ်၍ မောင်းထွက်သွားသည်။ ပြီးတော့ကြာပွတ်သံများနှင့် မြင်းလှည်း သမားများ မှုတ်လိုက်သည့် ခရာသံများ၊ မိန်းကလေးများသည် တံခါးပေါက်ဆီသို့ အပြေးအလွှား ထွက်လာကြပြီး အသံမျိုးစုံ ဖြင့် အော်ဟစ်နှုတ်ဆက်နေကြသည်။ ကျွန်တော် စောစောက ကြားခဲ့သော သီချင်းဆိုသံသည် ပို၍ကျယ်လာသည်။

"ရေအိုးကို ခါးစောင်းတင်၍
ရေတွင်းဆီသို့ ထွက်အလာ
ရဲရင့်သော မြင်းသည်တော် သုံးဦးကလည်း
သူနဲ့တွေ့ရန်အလာ..."

တစ်ကိုယ်လုံး တုန်ယင်လျက်ရှိသော ဆိုင်ရှင်မိန်းမသည် ကျွန်တော့်ကို လှည့်ကြည့်ပါသည်။

"ရှင် ကြားရဲ့မဟုတ်လား" ဟု
လေသံတိုးတိုးဖြင့် မေးသည်။

"အဲဒါ ကျွန်မယောကျ်ားပေါ့၊ သူသီချင်းဆိုတာ မကောင်း ဘူးလားဟင်"

ကျွန်တော် သူ့ကို တအံ့တဩဖြင့် ကြည့်နေမိပါသည်။

"ဘာ... ခင်ဗျားယောကျ်ား ဟုတ်လား၊ သူကလည်း ဟိုဆိုင်ကို သွားနေတာပဲလား"

မာတိကာသို့ ▶▶

သူက အလွန် ဝမ်းနည်းကြေကွဲစွာဖြင့် ပြန်ဖြေသည်။ သူ့အသံမှာ အလွန် သိမ်မွေ့လှပါသည်။

"ရှင်က ဘာကိုများ မျှော်လင့်ထားပါသလဲ။ ယောက်ျား တွေဟာ အဲဒါပဲ။ သူတို့အနေနဲ့ ငိုနေတာကို မမြင်ချင်ကြဘူး။ ကျွန်မကလည်း သမီးလေးနှစ်ယောက် ဆုံးပြီးကတည်းက အငိုမရပ်နိုင်ခဲ့ဘူးလေ။ ပြီးတော့လည်း ဘယ်သူမှမလာတဲ့ ဒီနေရာမျိုးမှာနေရတာ စိတ်မချမ်းသာဘူး။ စိတ်ညစ်တယ်။ ငြီးငွေ့တယ်ပေါ့။ ဒါနဲ့ပဲ သိပ်ပြီးခြောက်ကပ်ကပ် ဖြစ်လာတော့ ဂျိုစီခမျာ မနေနိုင်ရှာဘူး။ ဟိုဘက်ဆိုင်ကိုသွားပြီး အရက် သောက်တယ်။ သူက အသံကောင်း အဆိုကောင်းဆိုတော့ ဟိုအားလ်စ်မြို့က မိန်းမက သူ့ကို သီချင်းဆိုခိုင်းရော။ ဒါနဲ့ပဲ၊ ဟော... သူထပ်ဆိုပြန်ပြီ"

ဆိုင်ရှင် မိန်းမသည် တစ်ကိုယ်လုံး တုန်လာပြန်သည်။ လက်နှစ်ဖက်ကို အပြင်သို့ ဆန့်တန်းထားသည်။ သူ့မျက်လုံး များမှ ကျလာသော မျက်ရည်များသည် သူ့မျက်နှာကိုပို၍ အရုပ်ဆိုးလာအောင် ဖန်တီးလျက်ရှိသည်။ သူသည် ပြတင်းပေါက် အနီး၌ရပ်ကာ အားလ်စ်မြို့မှ မိန်းမအား ဖျော်ဖြေလျက် ရှိသော သူ့ယောက်ျား၏ သီချင်းသံကို နားထောင်ရင်း အလွန် အမင်း ပီတိလှိုင်းထနေသည့်ဟန်ရှိ၏။

ပထမမြင်းသည်တော်က ချီသာစွာ...

"မင်္ဂလာနေ့ခင်းပါ ကျုပ်ရဲ့အလှကလေးရာ"

*

The Two Inns
By Alphonse Daudet

မာတိကာသို့ ▶▶

မာတိကာသို့

ဂျာရှီမီဝိတ်ဒ်မန်း

ဂျာရှီမီဝိတ်ဒ်မန်းကို ၁၉၁၃ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် နယူးယောက်မြို့တော်၏ မဟန်တပ်ရပ်၌ မွေးဖွားခဲ့သည်။ ထို့နောက် အနှစ်နှစ်ဆယ်ခန့် ကြာသောအခါ ဝိတ်ဒ်မန်း၏ စာရေးဆရာဘဝ အစပြုသည်။ အဘယ်ကြောင့်ဆိုသော် ပထမဆုံး ရေးသားသည့် ဝတ္ထုတိုတစ်ပုဒ်ကို 'အမေရိကန် စပက်တေးတား' အမည်ရှိ စာပေ အနုပညာဆိုင်ရာ သတင်းစာတိုက်က ဆယ်ဒေါ်လာပေး၍ ဝယ်ယူပြီး ဖော်ပြခဲ့ခြင်းကြောင့် ဖြစ်၏။ သူ၏ ပထမဆုံး မဂ္ဂဇင်းဝတ္ထုတိုသည် ၁၉၃၄ ခုနှစ်၊ နိုဝင်ဘာလထုတ် 'ဝတ္ထုမဂ္ဂဇင်း' ၌ ပါခဲ့သည်။ ထိုအချိန်တွင် သူ့အသက်သည် နှစ်ဆယ့်တစ်နှစ်မျှသာ ရှိသေး၏။ ထိုဝတ္ထုတို၏ အမည်မှာ 'အမှောင်ထဲမှ ကျွန်တော့်အဖေ' ဖြစ်သည်။ အများအားဖြင့် သူသည် သူ့ဝတ္ထုတိုများကို သူမွေးဖွားကြီးပြင်းခဲ့ရာ နယူးယောက်မြို့တော်ကို နောက်ခံထား၍ ရေးဖွဲ့သည်။ ကဗျာသည် နယူးယောက်မြို့တော်အတွင်းရှိ လယ်များ၊ ရပ်ကွက်များနှင့် ထိုလမ်းများနှင့် ရပ်ကွက်များအတွင်းရှိ လူများသည် သူ့ဇာတ်ကောင်များ ဖြစ်သည်။ သူသည် မြို့နေ လူတန်းစားများ အကြောင်းကိုသာ ရေးဖွဲ့သော စာရေးဆရာတစ်ဦး ဖြစ်သည်။ သူကိုယ်တိုင်ကလည်း နေဝင်ချိန်နှင့် တောင်ထိပ်ကို သူကောင်းစွာ မမြင်ဖူးပါဟု ထုတ်ဖော် ဝန်ခံခဲ့ဖူးလေသည်။

မာတိကာသို့ ▶▶

ကာလနဂါး

သူသည် မုတ်ဆိတ်မွေး ဗရပွနှင့် အရပ်ပုလူတစ်ယောက် ဖြစ်သည်။ ရှေ့သို့ စူထွက်နေသော အိုးစရည်းဗိုက်သည် သူ၏ ပိန်ကြုံသော ခန္ဓာကိုယ်နှင့် လုံးဝ အံဝင်ခွင်ကျ မဖြစ်ချေ။ ရွဲနေသော သူ့ဗိုက်သည် နေရာလွဲ၍ ရောက်နေသည့်နှယ် ကြည့်ရဆိုးလျက်ရှိ၏။ သူသည် ဆောင်းရောနွေပါ အချိန်အခါ မရွေး ခေါက်ရိုးများ အထပ်ထပ်ကြေပြီး ပုံပျက်ပန်းပျက် ဖြစ်နေသည့် ဦးထုပ်ဟောင်းကြီးကို သူအမြဲဆောင်းထားလေ့ရှိသည်။ အပေါ်ဝတ် ခါးတိုသားရေအင်္ကျီ လက်ပြတ်ကိုလည်း ဘယ်တော့မှချွတ်သည် မရှိပေ။

သူ့ကို ကြည့်လိုက်လျှင် ပေပေရေရေ ညစ်ညစ်ပတ်ပတ်နှင့် ဘာကိုမှ ဂရုမစိုက်သည့်ပုံမျိုး ဖြစ်သည်။ မြင်ရုံမျှဖြင့် ရွံရှာ စက်ဆုပ်ဖွယ်ရာ ကောင်း၏။ သို့သော်လည်း သူသည် တစ်ဖက်သားက ခွန်းတုံ့ပြန်ခြင်း မပြုနိုင်လောက်အောင် စကားများသူ ဖြစ်လေသည်။ ထရပ်ကားကြီးများနှင့် အခြားကားမျိုးစုံ

အမြောက်အမြား ရှိနေသည့် မော်တော်ကားလောကတွင် သူ မောင်းနေသောကားသည် စက်သံမမှန်တော့သည့် ကုန်တင်ကား ပက်လက်တစ်စီးဖြစ်၏။ သူ လာပို့သည့် ပုလင်းများကို ဆယ်လုံးတစ်သေတ္တာခွဲ၍ သပ်သပ်ရပ်ရပ်ထုပ်ပြီး ထည့်လာလေ့ရှိသော်လည်း ဆိုင်တွင်းသို့အရောက် သယ်ပို့သည့်အခါများတွင်မူ စပျစ်ခိုင်များ အစုလိုက်တွဲ၍ ဆွဲလာသည့်နှယ် သေတ္တာများကို တစ်ဖက်လျှင် ငါးသေတ္တာစီ ထိပ်ဘက်မှစုဆွဲကာ ဆိုင်တံခါးကို သူ့ပခုံးစောင်းနှင့်တွန်း၍ သို့မဟုတ် ခြေထောက်နှင့် ကန်၍ဖွင့်ပြီး ဝင်လာတတ်၏။ သူ ပစ္စည်းပို့ချိန်မှာ မမှန်သော်လည်း ဆိုင်တွင် ပြဿနာဖြစ်လောက်အောင် နှောက်ယှက်ခြင်းကား မရှိပေ။ သူသည် တနင်္ဂနွေနေ့များနှင့် အလုပ်ပိတ်ရက်များတွင်လည်း လာသည်။ ပျော်ပွဲတွေ ပါတီတွေပေးနေသည့် အခါများတွင်ဖြစ်စေ၊ ဖျားနာနေသည့် အခါများတွင်ဖြစ်စေ၊ အချိန်မရွေး ရောက်လာတတ်၏။

တစ်ကြိမ်သောအခါတွင် အလွန်ပြင်းထန်သော နှင်းမုန်တိုင်းကျသည်။ မြို့တော်အတွင်းရှိ ကားလမ်းများ ပိတ်ဆို့ကုန်သည်။ ကားအသွားလာများမှာလည်း ကပြောင်းကပြန် ကသောင်းကနင်း ဖြစ်ကုန်သည်။ ထိုနေ့ည သန်းခေါင်ယံ အချိန်တွင် သူသည် ဘဲလ်ကိုတီးပြီး ပုလင်းဆယ်လုံးစီ ထည့်ထားသော သေတ္တာများကိုဆွဲကာ တောင်းပန်စကားလည်း မပြော၊ ရှင်းလင်းချက်လည်း မပေးဘဲ ဝင်လာပါလေ၏။

“ဒီမယ် မစ္စတာဟက်ဗနား၊ အခုလိုအချိန်ကျမှတော့ ပစ္စည်း လာမပို့သင့်ဘူးဗျာ” ဟု ကျွန်တော်က စိတ်တိုတိုနှင့်

မာတိကာသို့ ▶▶

ဆီး၍ ပြောပါသည်။ "ခင်ဗျားအနေနဲ့ အခုလို အချိန်မတော်ကြီး ရောက်လာပြီး ဘဲလ်တီးနေတာဟာ မတော်ဘူးဗျ သိလား"

"မတော်ဘူးဟုတ်လား" သူက တအံ့တသြ ဖြစ်သွားသည့်ဟန်ဖြင့် မျက်လုံးများကိုပြူး၍ ပြန်မေးပါသည်။ သူ့မျက်လုံးများ၏ အကြည့်သည် ကျွန်တော့်အား သတိပေးလိုက်သလို ဖြစ်သွားပါသည်။

ယခင်ရက်က အတွေ့အကြုံအရ သူ့ကို အခုလိုပြော၍သည်း အကြောင်းထူးလိမ့်မည် မဟုတ်ကြောင်း ကျွန်တော်ကောင်းစွာ သိပါသည်။ သို့သော်လည်း အခုလို ရာသီဥတုအလွန် ဆိုးရွားနေသည့်အချိန် ညလယ်ကြီးကျခါမှ အိပ်ရာထဲရောက်နေသူကို နှိုး၍ ပစ္စည်းပို့ခြင်းမှာ သူ့အလွန်ခွကျသောကိစ္စ ဖြစ်ပါသည်။ အလွန်အမင်း မခံရပ်နိုင်လောက်အောင်အေးမြနေသည့် အချိန်မျိုးတွင် ပုလင်းထည့်သည့် သေတ္တာများကို မနိုင်မနင်းဆွဲ၍ ဝင်လာသူအား တံခါးဖွင့်ပေးရသည့် အလုပ်မှာ အလွန် စိတ်ပျက်စရာကောင်းသော အလုပ်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယခင့်ယခင်က ရထားသည့် အတွေ့အကြုံကို ကျွန်တော် သတိမထားနိုင်တော့ပါ။

"ကျွန်တော် ဆိုလိုတာက ဗျာ" ကျွန်တော်က ခေါင်းမာစွာဖြင့် ဇွတ်ထိုး ပြောမိပါသည်။ "ခင်ဗျားအနေနဲ့ သင်ခန်းစာယူဖို့တော့ ကောင်းပါတယ် မစ္စတာယက်ဗနားရာ။ အခုလိုအချိန်ကြီးမှာ..."

"သင်ခန်းစာယူရမယ် ဟုတ်လား" ဟု သူက ရေရွတ်ပါသည်။ အံ့သြသည့် အရိပ်လက္ခဏာသည် သူ့အသံတွင် ပါလာ

သည်။ "ငါက သင်ခန်းစာယူရမယ် ဟုတ်လား" ဟု ထပ်၍ ပြောပြန်ပါသည်။

သူ့မျက်လုံးများသည် အရောင်တလက်လက် တောက်လာကြသည်။ ဤအရောင်များကို မြင်ရုံမျှဖြင့် ကျွန်တော် အိပ်ရေး၀၀ အိပ်ရဖို့ကိစ္စမှာ မလွယ်ကြောဆိုက်သွားပြီဟု သိလိုက်သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော် ပြောခဲ့သည့်စကားကို အမြန်ဆုံး ပြန်ပြင်နိုင်ဖို့ အားထုတ်ပါသည်။

"ကျွန်တော် ပြောတာက အဲဒီသဘောမဟုတ်ပါဘူး မစ္စတာဟာက်ဗနားရယ်" ဟု ကျွန်တော်က လေပြည်ထိုးကြည့်ပါသည်။ သို့သော်လည်း မရတော့ပါ။ ကျွန်တော် နောက်ကျသွားပြီ။

"ငါတို့ အမေရိကန်နိုင်ငံမှာ" ဟု မစ္စတာဟာက်ဗနားက စကားစသည်။ အလွန် ဉာဏ်ထိုင်းသော ကျောင်းသားတစ်ယောက် အပေါ်တွင် စိတ်ပျက်လက်ပျက် ဖြစ်နေသည့် ဆရာတစ်ယောက်က ဆုံးမစကားပြောတော့မည့်နှယ် သူ့ဦးခေါင်းကို ယမ်းနေပါသည်။ "ငါတို့ အမေရိကန်နိုင်ငံမှာ သင်ခန်းစာယူတယ်ဆိုတာ မရှိဘူးကွ။ အမေရိကမှာ သူများဆီက နည်းယူတယ်တို့၊ သင်ယူတယ်တို့ ဆိုတာ မရှိဘူး။ အမေရိကမှာ သူတို့က တခြားလူတွေကို သင်တာ၊ ဆုံးမတာ"

သူသည် လက်ထဲမှ ဆွဲလာသည့် ပုလင်းများကို အောက်သို့ချလိုက်ပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင် လိုက်ပါသည်။

"တစ်မိနစ်လောက်တော့ မင်း နားထောင်နိုင်မှာလေ၊ နားထောင်ပါဦး" ဟု သူက ပြောသည်။ "ရှေးခေတ်ကတော့ ငါ့အဖေက ငါ့ကို ဓားနဲ့ မကစားနဲ့လို့ ပြောတယ်။ ကစားရင် ဓားထိလိမ့်မယ်တဲ့။ အဲဒီတော့ကွာ တကယ်လို့ ငါက သူ့စကား နားမထောင်ဘဲ ဓားနဲ့ကစားရင် ဘာဖြစ်မလဲ။ ငါ့ကို ဓားထိမှာပေါ့ မဟုတ်ဘူးလား။ သူက ငါ့ကို ဆုံးမချင်ဆုံးမမယ်။ ကုတ်အင်္ကျီ မဝတ်ဘဲ လမ်းထွက်ရင် အအေးမိလိမ့်မယ်လို့။ ဒါပေမဲ့ ငါက ကုတ်အင်္ကျီမဝတ်ဘဲ လမ်းထွက်တယ်။ အဲဒီတော့ သူပြောတဲ့အတိုင်း အအေးမိရောဗျ။ ဒါက ရှင်းပါတယ်။ ခက်တာက ငါတို့ ကနေ့ အမေရိကမှာ"

သူ့စကားကို အလေးအနက်ဖြစ်စေရန် ပခုံးများကို တွန့်လိုက်သည်။ သူ့မျက်လုံးများ၏ အကြည့်တွင် စိတ်ပျက်သည့် အရိပ်အငွေ့များ ပါလာသည်။

"ကနေ့ အမေရိကမှာ ကလေးတွေကို တစ်ခုခု သွားသင်ပေးဖို့ ကြိုးစားတယ် ဆိုပါတော့၊ ဘာဖြစ်မလဲ" ဟု သူက ပြောသည်။ "ငါ့အဖြစ်ကို ပြောပြမယ် နားထောင်။ ငါ့မှာ သမီးနှစ်ယောက်ရှိတယ်။ ကောင်းကင်ဘုံက ပုဂ္ဂိုလ်တွေက သူတို့ကို စောင့်ရှောက်သင့်တာ အမှန်ပဲ။ ဘာပြုလို့လဲဆိုတော့ နှစ်ယောက်စလုံး သိပ်လှတာကွ။ ဒီလိုလှတဲ့ သမီးနှစ်ယောက် ရထားလို့ ငါကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး သိလား။ ကုန်ကုန် ပြောလိုက်မယ် ဘုရင်ခံကြီးပဲဖြစ်နေ ဂရုမစိုက်ဘူး။ အကြီးမ ယက် ဆိုရင် ငယ်ငယ်ကတည်းက အိမ်အတွက် ငွေရှာတယ်။ သူ့မှာ အပတ်စဉ် လုပ်ခရတယ်။ ကုန်သွယ်မှု

သင်တန်းကျောင်းတစ်ကျောင်းမှာ ကျောင်းတက်တယ်။ စာကြိုးစားတယ်။ စာမေးပွဲအောင်တော့ အလုပ်ရတယ်။ လခမှန်မှန်ရတယ်။ ငွေကို ဘဏ်မှာအပ်တယ်။ အိမ်ကိုလည်း အထိုက်အလျောက်ပေးတယ်။ အဲဒါကောင်းသလား။ ငါတော့ မပြောတတ်တော့ဘူး။ မင်းဘာသာမင်းပဲ ဆုံးဖြတ်တော့။ ညဆို အချိန်မှန်မှန် အိမ်ပြန်လာတယ်။ စားစရာရှိတာစားပြီး အမေကို ကူကကလုပ်ပေးတယ်။ ပြီးတော့ စာဖတ်တယ်။ ရေဒီယို နည်းနည်းပါးပါး နားထောင်တယ်။ အိပ်ချိန်ကျတော့ ဝင်အိပ်ရော။ အဲဒါညံ့သလား။ ညံ့တယ်လို့ ပြောချင်လည်း ပြောမှာပဲ။ ဥရောပတိုက်မှာ ငါ့သမီး ယက်တီလို မိန်းကလေးမျိုး ဘယ်လောက်များရှိမလဲ။ ယက်တီဟာ ချက်တတ်ပြုတ်တတ်တယ်။ အချုပ်အလုပ်လည်း တတ်တယ်။ မုန့်လည်းဖုတ်တတ်တယ်။ အိမ်ထောင် အထိန်းအသိမ်းလည်း တတ်တယ်။ ပိုက်ဆံကိုလည်း နှမြောတတ်တယ်။ သူ့လိုမိန်းကလေးမျိုး တစ်ယောက်ဟာ ဥရောပတိုက်မှာသာဆိုရင် ယောကျ်ားလေးတွေ ဒါဇင်လိုက် ရာလိုက်ချိပြီး ဝိုင်းအုံနေကြမှာ။ ဒါပေမဲ့ ကနေ့ တို့ အမေရိကမှာကတော့ ဘယ်လိုလဲ။ ဒီမိန်းကလေးမျိုးကို တော်တယ်လို့ ပြောကြမတဲ့လား။ ဟင်း”

“ငါ့ရဲ့ ဒုတိယသမီးက ဂျင်နီ။ သမီးအငယ်ပေါ့လကွာ။ သူ့ကို ကြည့်လိုက်ရင် အရုပ်ကလေးတစ်ရုပ်လိုပဲ။ ဒါပေမဲ့ပေါ့ ပျင်းလိုက်တာများ အရေကိုထွက်နေတာပဲ။ ကောင်းကင်ဘုံက ပုဂ္ဂိုလ်များအနေနဲ့ ဒီလောက်ပျင်းတဲ့ဟာမျိုး မမွေးအောင် ငါတို့ကိုစောင့်ရှောက်သင့်ပါတယ်ကွာ။ အေး... သူက အလယ်တန်း

မာတိကာသို့ ▶▶

လည်းအောင်ရော ကျောင်းဆက်မနေချင်တော့ဘူး။ သူပျင်းသွားပြီ။ သူ့အဖို့ ကျောင်းဆက်နေဖို့ကို မစဉ်းစားတော့ဘူး။ ငါက ပြောတော့လည်း မရဘူး။ ဒါပေမဲ့ ကျောင်းမနေချင်တော့လည်း သူ့အစ်မလို အလုပ်ကလေးတစ်ခု လုပ်ဖို့တော့ လိုတာပေါ့ကွာ။ ယက်တိလိုပေါ့ကွာ။ မရဘူးဟေ့ သိလား။ အလုပ်ထွက် မလုပ်ဘဲ နေ့ခင်းဆိုတစ်နေ့လုံး အိပ်ရာထဲ လှဲနေတာပဲ။ မဂ္ဂဇင်းတွေ ဖတ်လိုက်၊ စီးကရက် တစ်လိပ်ပြီးတစ်လိပ် သောက်လိုက်နဲ့ အချိန်ကုန်တာပဲ။ ညကျတော့ တစ်ညလုံး ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းတယ်။ ဟိုသွားဒီသွား လုပ်နေတာပဲ။ သူနဲ့တွဲသမျှ ကောင်လေးတွေကလည်း တစ်ယောက်မှ အလုပ်မရှိကြဘူး။ အဲ... ဂျင်နီဟာ တစ်ညလုံး အိမ်က ပျောက်နေတာ ချည်းပဲ။ မနက်ကျတော့ ပြန်ရောက်လာရော။ အဲ ထုံးစံအတိုင်းပဲ တစ်နေ့ခင်းလုံး အိပ်ရာထဲလှဲပြီး မဂ္ဂဇင်းတွေ စီးကရက်တွေနဲ့ပဲ အချိန်ဖြုန်းတယ်။ တကယ်ပါကွာ။ ပြောလို့ ပြောတာ မဟုတ်ဘူး။ တစ်နေ့လုံး စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် သောက်နေလိုက်တာ၊ ဖင်က မီးခိုးထွက်မလား အောက်မေ့ရတယ်။ ပိုက်ဆံရတဲ့ အလုပ်လည်းမရှိဘူး။ အိမ်မှာ တခြား လုပ်စရာအလုပ်တွေ ကျတော့လည်း မလုပ်ဘူး။ ဘာဆို ဘာမှ မလုပ်။ အမယ်... သူ့ကိုယ်သူ ဘုရင့်သမီးတော် ကျနေတာပဲ။ တစ်နေ့လုံး အိပ်ရာပေါ်က မထဘူးဗျ။ စားစရာတောင် သူ့ဆီ သွားပို့ရတယ်။ အဲ... ညကျတော့ ပျောက်သွားပြန်ရော။ တစ်ညလုံး ဘယ်သွားနေတယ်ဆိုတာ ဘုရားသခင်ကလွဲပြီး ဘယ်ကောင်မှ သိမယ်မထင်ဘူး"

မာတိကာသို့ ▶▶

"ဒါပေမဲ့ ငါက အဖေမဟုတ်လား။ သူ့အဖေ တော်နေတယ်ကွ။ ငါ့ဘဝကတော့ သမီးအကြီး ယက်တီလို နေခဲ့တာကွ။ ယက်တီက အလုပ်လုပ်တယ်၊ အိမ်ကို ပိုက်ဆံပေးတယ်။ အငယ်မ ဂျင်နီက တစ်နေ့ခင်းလုံး အိပ်တယ်ဆိုတော့ ငါ့မှာ ဆုံးမရမယ့် ဝတ္တရားက ရှိလာတယ်။ တစ်ခုခုလုပ်ဖို့တော့ ကောင်းပြီလို့။ ပြီးတော့ ငွေရတဲ့ အလုပ်ကလေး တစ်ခုလုပ်ပါ။ အချိန်မှန်မှန် စားပါ အိပ်ပါ၊ မနက်လည်း စောစောထပါ၊ ငွေကိုလည်း ဘဏ်မှာထားပါ၊ စီးကရက်နဲ့ ယောကျ်ားလေးတွေကိုလည်း သိပ်မများပါစေနဲ့ ရပ်တန်းက ရပ်လိုက်ပါ။ သူ့အစ်မ ယက်တီလို နေပါလို့ ပြောတာပေါ့ကွာ။ အချက်အပြုတ် တတ်အောင်သင်ပါ၊ အချုပ်အလုပ်လည်း တတ်အောင်သင်ပါ၊ အိမ်မှုကိစ္စ လုပ်တတ်အောင်လည်း သင်ပါ၊ ငွေလည်းစုပါ။ ဒါဆိုရင် အလုပ်အကိုင်နဲ့ ယောကျ်ားကောင်းကောင်း တစ်ယောက်က တစ်နေ့ကျရင် စိတ်ဝင်စားလာလိမ့်မယ်။ မိန်းမပီသတဲ့ မိန်းမကောင်းလေးပါလားဆိုပြီး သဘောကျလာလိမ့်မယ်။ အဲဒါဆိုရင် နင့်ကိုလက်ထပ်မှာပဲ စသည်ဖြင့်ပေါ့ကွာ၊ ငါက တတ်သလောက် မှတ်သလောက် ပြောပြတယ်။ ယောကျ်ားလေး တစ်ယောက်အဖို့လည်း အင်မတန်တော်တဲ့ အိမ်ရှင်မကောင်းတစ်ဦး ရသွားနိုင်တယ် ဘာညာပေါ့လေ။ ငါပြောတာကို သူနားထောင်တယ် ထင်သလား၊ ဟား... ဝေးသေး။ အုတ်နံရံကြီးကိုသွားပြီး စကားပြောနေတာကမှ ပြန်ပြောချင် ပြောလိမ့်မယ်"

မာတိကာသို့ ▶▶

"ဥရောပမှာတော့ အဖေတစ်ယောက်က သူ့သားသမီးတစ်ယောက်ကို ဆုံးမရင် အဖေက မှန်တယ်လို့ ယူဆကြတယ်။ ငါတို့ အမေရိကမှာတော့... ဟင်း..."

သူသည် ကျွန်တော့်ဘက်သို့ ကိုယ်ကိုကိုင်းလိုက်ပြီး သူ့လက်ညှိုးဖြင့် ကျွန်တော့်ပခုံးကို လှမ်းတို့လိုက်ပါသည်။

"အမေရိကမှာတော့ အများကြီးကို ခြားနားတယ်ကွ" ဟု သူက ဆက်ပြောသည်။ "တစ်နေ့မှာတော့ ဂျင်နီဟာ အိပ်ရာထဲလှဲပြီး မဂ္ဂဇင်းဖတ်လိုက်၊ စီးကရက်သောက်လိုက် လုပ်နေတယ်။ အဲဒါ ဖြူန်းဆို သူခြုံထားတဲ့စောင်တွေ မီးထလောင်ပါလေရော။ တစ်မိနစ်လောက် မကြာလိုက်ပါဘူး၊ တစ်အိပ်ရာလုံး လောင်တာပဲ။ နောက်တော့ ခန်းဆီးတွေနဲ့ လိုက်ကာတွေကို ကူးပါလေရော။ အဲ... တော်တော်ကြာတော့ မီးသတ်ကားတွေ၊ ရဲကားတွေ ရောက်လာလိုက်တာ ကျွက်ကျွက်ကို ညံနေတာပဲ။ အဖြစ်ကတော့ ဘုရားသခင်မှပဲ သိတော့မှာပဲ။ မီးသတ်သမားတွေထဲက လူရွယ်တစ်ယောက်က အိမ်အပေါ် အတင်းတက်ပြေးသွားပြီး ဂျင်နီကို ပွေ့ချလာတယ်။ အဲ... အဲ... ပွေ့ချလာရင်းနဲ့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပဲ ဟိုကောင်လေးက ဂျင်နီကို ချစ်သွားပါလေရော။ ဟော... နောက်နှစ်ပတ်လည်း ကြာရော သူတို့မှာ တစ်ယောက်ကို တစ်ယောက် မမြင်ရရင် မနေနိုင်တဲ့ဘဝ ရောက်သွားကြပါလေရော။ ဒါနဲ့ပဲ ချက်ချင်း လက်ထပ်ကြတယ်။ အမြဲတမ်းအလုပ်ရှိတဲ့ကောင်နဲ့ ရသွားတာကွ သိလား"

မာတိကာသို့ ▶▶

မစ္စတာဟက်ဗနားသည် စကားကိုဖြတ်၍ ရပ်ထားသည်။ စိတ်ပျက်လက်ပျက် ဖြစ်နေသော သူ့မျက်နှာထားသည် အနည်းငယ်မျှ ပြန်၍ တည်ငြိမ်သွားသည်။

"အဲသလို အဖြစ်မျိုးကိုတွေ့တော့ အဖေတစ်ယောက် အနေနဲ့ သူ့စိတ်မှာ ဘယ်လိုခံစားရမယ်လို့ မင်းထင်သလဲ။ သူ့သမီးအကြီးကတော့ နဂိုအတိုင်း တစုတ်ထုပ်ထုပ်ပဲ။ အငယ်မကတော့ ယောကျ်ားကောင်းတစ်ယောက် ရသွားပြီ။ ဖြစ်ပုံကြီးက ဘယ့်နှယ့်ဟာကြီးလဲ။ ဘယ်လိုလဲ မှန်ရဲ့လား၊ ခကောင်းရဲ့လား၊ ကောင်းချင်လည်း ကောင်းမှာပေါ့လေ၊ ငါ့သမီးအကြီး ယက်တီက ချက်တတ် ပြုတ်တတ် ချုပ်တတ် လုပ်တတ်တယ်။ ပညာလည်းတတ်တယ်။ အလုပ်လည်းရနေပြီ။ ဒါပေမဲ့ အခုအချိန်အထိ ယောကျ်ား မရသေးဘူး၊ စောင့်ရတုန်း မျှော်ရတုန်းပဲ။ ဟိုအငယ်ဂျင်နီက ကျောင်းက စောစောထွက်ပစ်တယ်၊ အလုပ်လည်း မလုပ်ဘူး။ တစ်နေ့လုံး အိပ်ရာထဲလှဲပြီး စီးကရက်တွေသောက်၊ တစ်ညလုံး ကောင်လေးတွေနဲ့ ပေါက်လွှတ်ပဲစား လျှောက်လည်။ ဟော... သူက အခု အလုပ်အကိုင်နဲ့ ဝင်ငွေ မှန်မှန်ရပြီး သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ့် ယောကျ်ားကောင်း ရသွားတယ်"

သူသည် စောစောက လက်ထဲမှချထားသည့် ပုလင်းသေတ္တာများကို ပြန်၍ ကောက်ယူသည်။ တံခါးကို ခြေဖြင့် ကန်ဖွင့်ပြီး ပခုံးတစ်ဖက်နှင့် တွန်း၍ ဟထားလိုက်သည်။ ပြီးတော့ ကျွန်တော့်ကို လှည့်ကြည့်ပါသည်။

"အဲဒါ မင်းတို့အမေရိကပဲကွ" ဟု လှမ်းပြောသည်။ သူ့အသံတွင် သရော်သံ အရိပ်အငွေ့ ပါလာသည်။ "ငါကို မင်းက သင်ခန်းစာယူဖို့ ပြောနေတဲ့ အရပ်ဒေသပေါ့လကွာ"

သူသည် တံခါးကို ပခုံးဖြင့် တွန်းဖွင့်လိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။ သူ့နောက်မှ တံခါးပိတ်သံသည် ညဥ့်သန်းခေါင်ယံ အချိန်၏ ငြိမ်သက် တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းထွက်ပေါ်ကာ တစ်အိမ်လုံး သိမ့်သိမ့်တုန်မျှ ပဲ့တင်ထပ်သွားလေ၏။

*

Slipping Beauty
Jerome Wlidman

မာတိကာသို့ ▶▶

လူ့ကြေးနန်းကြိုး

The Human Telegraph

မာတိကာသို့ ▶▶

ပရပ်စ်
(၁၈၄၂–၁၉၁၂)

ပရပ်စ်သည် ပိုလန်အမျိုးသား စာရေးဆရာတစ်ဦး ဖြစ်သည်။ အမည်ရင်းမှာ အလက်ဇင်းဒါးဂလိုဝက်ကြီး ဖြစ်သည်။ သူ့ကို ပိုလန်နိုင်ငံ လပ်ဘလင်မြို့အနီး၌ မွေးဖွားခဲ့သည်။ သူသည် အလွန်စာရေးနိုင်သော စာရေးဆရာတစ်ဦး အဖြစ် ထင်ရှားခဲ့သည်။ သူ၏ ပထမဆုံး ဝတ္ထုရှည်ကြီးကို စတင် ထုတ်ဝေခဲ့သည့် ၁၈၇၂ ခုနှစ်မှစ၍ ကွယ်လွန်သွားချိန်ထိ စာအမျိုးမျိုးကို အဆက်မပြတ် ရေးသားသွားခဲ့သူ ဖြစ်၏။ သူသည် သူ၏ အမျိုးသားများ အကြားတွင် 'ပရပ်စ်' ဟူသော ကလောင်အမည်ဖြင့် လူသိများပြီး ချစ်ခင်ကြည်ညို လေးစားခြင်း ခံရသည့် စာရေးဆရာတစ်ဦး ဖြစ်သည်။ သူသည် လူလူချင်း သနားကြင်နာမှု၊ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုနှင့် လူသားတို့၏ မှန်ကန်သော အသိတရား တည်ဆောက်နိုင်စွမ်းတို့အပေါ် ယုံကြည်သူဖြစ်သည်။ ပရပ်စ် ရေးခဲ့သော ဝတ္ထုတိုများသည် လူ၏သဘာဝနှင့် အနုပညာစွမ်းအင်များကို အလေးအနက်ပြု၍ ဖော်ပြသည်။

မာတိကာသို့ ▶▶

လူကြေးနန်း

မကြာသေးမီက မိဘမဲ့ဂေဟာသို့ အလည်ရောက်လာသော မြို့စားကတော်သည် အလွန်ထူးခြားသော အဖြစ်တစ်ခုနှင့် ကြုံရသည်။ သူ့မျက်စိအောက်တွင် သူငယ်လေးဦးသည် စုတ်ပြတ်နေသော စာအုပ်တစ်အုပ်ကို လုရင်း တစ်ယောက်နှင့် တစ်ယောက် ထိုးကြိတ်ကာ သွေးလုံးရစ်ပတ် သတ်ပုတ်လျက် ရှိကြ၏။

"ဟဲ့... ဟဲ့... ဘယ်လိုဖြစ်ကြတာလဲ ကလေးတို့ရဲ့၊ ဘာပြုလို့ ထိုးကြိတ်နေရတာလဲ" ဟု

အမျိုးသမီးက အလန့်တကြား အော်ပြောသည်။

"မင်းတို့ ဒီလိုရန်ဖြစ်နေကြရင်တော့ မင်းတို့ထဲက တစ်ယောက်မှ ပေါင်မုန့်စားရမှာ မဟုတ်ဘူး၊ မုန့်မရတဲ့အပြင် ထောင့်တစ်ထောင့်မှာ သွားပြီး ဒူးထောက်ထိုင်နေရလိမ့်မယ်"

"သူ... ကျွန်တော့်ဆီက ရော်ဘင်ဆန် ကရူးဆိုးကို လုသွားတယ်" ဟု သူငယ်တစ်ဦးက သူ့အပြစ်မှလွတ်ရန် အရဲစွန့်၍ ဆင်ခြေပေးသည်။

"သူ လိမ်ပြောတာ၊ လုတာက သူ" ဟု နောက်တစ်ဦးက ပြန်ပြောသည်။

"မင်း... သိပ်လိမ်တတ်တဲ့ ကောင်ပဲ" ဟု တတိယ လူငယ်က ဝင်ပြောသည်။

"ရော်ဘင်ဆန်ကို မင်း ငါ့လက်ထဲက လုသွားတာကွ"

သူငယ်များကို ထိန်းရသော တာဝန်ခံဆရာမက သူတို့ အမြဲတစေ ဂရုတစိုက် စောင့်ကြပ် ကြည့်ရှုနေသည့်ကြားမှပင် အခုလို မကြာမကြာ ထ၍ ရန်ဖြစ်တတ်ကြောင်း ရန်ဖြစ်ကြခြင်း မှာလည်း ကလေးများသည် စာဖတ်ဝါသနာကြီးကြကြောင်း၊ သို့သော်လည်း ဂေဟာတွင် စာအုပ်အလုံလောက် မရှိသဖြင့် အဝေမတည့် ဖြစ်ကာ ကလေးချင်းစာအုပ် လုပြီး သတ်ကြ ပုတ်ကြခြင်း ဖြစ်ကြောင်း မြို့စားကတော်အား ရှင်းပြလေသည်။

ထိုအခါ သူမြင်ခဲ့ရသော ဖြစ်ရပ်နှင့် သူ ကြားလိုက်ရသော စကားသည် မြို့စားကတော်၏ နှလုံးသားကို ရိုက်ခတ်သည်။ သို့သော်လည်း သူ့တွင် တွေးတောစရာကများသဖြင့် မေ့မေ့ ပျောက်ပျောက် ဖြစ်သွားလေ၏။ နောက်ရက် အနည်းငယ်မျှ ကြာသောအခါ မြို့စားကတော်သည် အမတ်ချုပ်ကြီး၏ အိမ်သို့ ညှို့သည်အဖြစ် ရောက်သွားသည်။ ထိုအခါ တစ်ဦးသော ပုဂ္ဂိုလ်က ဘာသာရေးကိစ္စများနှင့် ပရဟိတလုပ်ငန်းများ အကြောင်းကို ဆွေးနွေး ပြောဆိုသည်။ ဤတွင် မိဘမဲ့ဂေဟာ၌ ကြုံခဲ့ရသည့် အဖြစ်သည် မြို့စားကတော်၏ ခေါင်းထဲသို့ ပြန်ဝင်လာသည်။ ထိုအခါ မြို့စားကတော်က မိဘမဲ့ဂေဟာ၌

မာတိကာသို့ ▶▶

သူ အမှတ်မထင် မြင်ခဲ့ရသည့်အဖြစ်နှင့် တာဝန်ခံဆရာမက ရှင်းပြခဲ့သည့် စကားများကိုပါ ပြန်၍ ပြောပြသည်။

မြို့စားကတော်၏ စကားကို တလေးတစား နားထောင်လျက်ရှိသော အမတ်ကြီးသည် စိတ်မကောင်းဖြစ်သည်။ ထိုကိစ္စကို အလေးအနက်ထား၍ စဉ်းစားသည်။ ပြီးတော့ မိဘမဲ့ ဂေဟာရှိ ကလေးများအတွက် စာအုပ်များ ပေးပို့လှူဒါန်းရလျှင် ကောင်းလိမ့်မည်ဟု အကြံပြုသည်။ တကယ်တော့လည်း သူသည် သူ့စာအုပ်စင်များပေါ်မှ စာအုပ်များနှင့် သူ့ကလေးများ အတွက် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဝယ်ယူထားခဲ့ပြီး ယခုအခါ သေတ္တာထဲ၌ ထည့်ထား၍ သိမ်းဆည်းရသော စာအုပ်များကိုလှူရန် စဉ်းစားထားပြီးပြီ ဖြစ်၏။ သို့သော်လည်း ထို့ထက်ပို၍ စာအုပ်များများရအောင် ဆောင်ရွက်ရေးမှာမူ သူ့အတွက် လွယ်ကူသော အလုပ်တစ်ခု မဟုတ်ချေ။

ထိုနေ့ညနေပိုင်းတွင် အမတ်ကြီးသည် မစ္စတာဇက်ဆိုသူ၏ နေအိမ်သို့ အလည်ရောက်သွားသည်။ မစ္စတာဇက်သည် ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများတွင် စိတ်ပါလက်ပါ ဆောင်ရွက်နေသူတစ်ဦး ဖြစ်၏။ အမတ်ကြီးက မြို့စားကတော် ပြောပြခဲ့သည့်ဖြစ်ရပ်နှင့် စကားများကို မစ္စတာဇက်အား ထပ်မံပြောပြသည်။ သူကိုယ်တိုင်ကလည်း သူ့ကိုယ်ပိုင် စာအုပ်များကို လှူဒါန်းရန် ကြံစည်ထားကြောင်း အသိပေးသည်။ မိဘမဲ့ကလေးများအတွက် နောက်ထပ် စာအုပ်များများ ရအောင် စုဆောင်းပြီး ပို့ပေးသင့်သည်ဟု သူ ထင်မိကြောင်းကိုလည်း ရှင်းလင်း ပြောပြသည်။

"ဒီကိစ္စက အင်မတန်လွယ်ပါတယ်" ဟု မစ္စတာဇက်က ဆိုသည်။ မနက်ဖြန်မနက်ကျရင် သံတော်ဆင့် သတင်းစာတိုက်ကို ကျွန်တော်သွားမယ်၊ မိဘမဲ့ဂေဟာအတွက် စာအုပ်များ လှူပါဆိုတဲ့ ကြော်ငြာထည့်ပေးဖို့ ပြောကြည့်မယ်"

နောက်တစ်နေ့တွင် မစ္စတာဇက်သည် သံတော်ဆင့် သတင်းစာတိုက်၏ အယ်ဒီတာအဖွဲ့ ရုံးခန်းသို့ ရောက်သွားသည်။ မိဘမဲ့ကလေးများအတွက် ပြည်သူအများက စာအုပ်များ လှူဒါန်းကြပါရန်ဟူသော ကြော်ငြာတိုကလေးတစ်ခု သတင်းစာထဲ၌ ထည့်ပေးရန် မေတ္တာရပ်ခံသည်။

သူရောက်သွားသော အချိန်သည် အချိန်ကောင်း အခါကောင်း ဖြစ်သည်ဟု ဆိုရမည်။ သတင်းစာတွင် ကော်လံမပြည့် ဖြစ်နေသော အချိန်ဖြစ်သည်။ သတင်းစာဖတ် ပရိသတ် စိတ်ဝင်စားမည့် သတင်းအတိုတစ်ပုဒ်လောက် ဖြည့်ပေးဖို့ လိုအပ်နေချိန် ဖြစ်သည်။ သတင်းထောက်တစ်ဦးသည် ချက်ချင်းပင် စားပွဲ၌ထိုင်ပြီး ခေါင်းစီးကောင်းကောင်းတပ်၍ သတင်း တစ်ပုဒ်ရေးသည်။

"ပြည်သူများ၏ စောင့်ရှောက်မှုကို ရယူနေသော ကလေး တစ်စုအတွက် စာအုပ်များ ရှားပါးနေခြင်း။ ကလေးများက မျှော်လင့် တောင့်တနေကြပြီ။ သူတို့၏ စိတ်ပိုင်းဆိုင်ရာ ဆာလောင်မွတ်သိပ်မှုကို သတိရကြပါ"

ထိုအခါ မစ္စတာဇက်သည် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ကာ လေကလေး တချွန်ချွန်ဖြင့် အိမ်ပြန်သည်။

မာတိကာသို့ ▶▶

နောက်ရက် အနည်းငယ်မျှ ကြာသောအခါ တနင်္ဂနွေနေ့ တစ်ရက်တွင် ကျွန်တော်သည် ကျွန်တော်၏ မိတ်ဆွေ ရူပဗေဒ ပါမောက္ခနှင့်အတူ သတင်းစာတိုက်သို့ ရောက်သွားသည်။ အယ်ဒီတာအဖွဲ့ ရုံးခန်း၏ ပိတ်ထားသော တံခါးရှေ့တွင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားပြီး လက်များ တွင် ကျပ်ခိုးများ၊ ဖုန်များဖြင့် ပေရေ ညစ်ပတ်လျက်ရှိသော လူတစ်ယောက်နှင့် အမှတ်မထင် ဆုံမိကြသည်။ သူ့ဘေးတွင် နွမ်းနွမ်းပါးပါး ဝတ်ဆင်ပေးထားသော ပိန်ပိန်ပါးပါး အသား အရေ ဖျော့တော့တော့ ကလေးမလေးတစ်ယောက် စာအုပ် တစ်စည်းကို ပွေ့၍ ရပ်နေသည်။

"ဘာကိစ္စရှိလို့လဲ"

ထိုအခါ တစ်ကိုယ်လုံး ကျပ်ခိုးများ ပေကျံလျက်ရှိသော လူက တွန့်ဆုတ်ဆုတ် မျက်နှာထားဖြင့် အဖြေပေးသည်။

"ကျုပ်တို့ စာအုပ်နည်းနည်းပါးပါး လာလှူတာပါ၊ ဟို ခင်ဗျားတို့ သတင်းစာကရေးလိုက်တဲ့ စာငတ်နေတဲ့ ကလေး တွေအတွက်ပါ"

ပိန်လှီသေးကွေးလှသော ကလေးမလေးသည် အမျိုးသမီး ကြီးများ ပြုလုပ်လေ့ရှိသည့် ပုံစံအတိုင်း ဒူးတစ်ဖက်ကွေး၍ ထိုင်ကာ မျက်နှာကိုငုံ့ပြီး လက်ထဲမှ စာအုပ်များကို တရိုတသေ တလေးတစား လှမ်းပေးသည်။ ကလေးမ၏ မျက်နှာသည် ရှက်သွေးဝင်ကာ နီမြန်းလျက်ရှိပါသည်။

ကလေးမ၏ လက်ထဲမှ စာအုပ်များကို ကျွန်တော်က လှမ်းယူပြီး ရုံးလုလင် လက်တွင်းသို့ အပ်လိုက်ပါသည်။

"လူကြီးမင်းရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ" ဟု ကျွန်တော်က မေးပါသည်။

"ဘာကြောင့် နာမည်မေးရပါသလဲ ခင်ဗျာ" ဟု သူက ပြန်မေးပါသည်။

"ဘာလို့လဲဆိုတော့ စာအုပ်လှူဒါန်းသူရဲ့ အမည်ကို သတင်းစာထဲမှာ ထည့်ပေးချင်လို့ပါ"

"အို... မလိုပါဘူးခင်ဗျာ၊ ဒါလေးတစ်ခုကိုတော့ကျေးဇူး ပြုပြီး လုပ်မနေပါနဲ့။ ကျွန်တော်ဟာ သာမည ဆင်းရဲသား တစ်ယောက်ပါ။ ဦးထုပ်စက်ရုံက အလုပ်သမားတစ်ယောက်ပါ။ ဒီကိစ္စဟာ မလိုအပ်ပါဘူး"

ထို့နောက် သူသည် သူ့သမီးငယ်လက်ကို ဆွဲ၍ထွက်သွား လေသည်။ ကျွန်တော့် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ ကျွန်တော့်ဘေး၌ ရပ်နေသည့် ကျွန်တော့်မိတ်ဆွေ ရူပဗေဒ ပါမောက္ခရှိနေ၍များ ဤအတွေး ဝင်လေသလားတော့ မသိပါ။ ဝင်လာသည့် အတွေးမှာ စနစ်သစ်အရ ပေါ်ပေါက်လာသည့် အချက်ပြ ကြေးနန်းဆက်သွယ်မှု လုပ်ငန်းအကြောင်း ဖြစ်ပါ သည်။ ဤကိစ္စတွင် ပင်မ ဆက်သွယ်ရေးစခန်းသည် မိဘမဲ့ ဂေဟာဖြစ်၍ ဆက်သွယ်မှုကို လက်ခံယူရာ စခန်းသည် ဦးထုပ် စက်ရုံမှ အလုပ်သမားဖြစ်သည်။ ပင်မ ဆက်သွယ်ရေး စခန်း ကြီးက အချက်ပြလိုက်သောအခါ ဒုတိယစခန်းက ချက်ချင်း တုံ့ပြန်ပါသည်။ ပထမစခန်းက တောင်းခံသောအခါ ဒုတိယ စခန်းက ဖြည့်ဆည်း ပေးပါသည်။

မာတိကာသို့ ▶▶

ကျွန်တော်တို့ ကျန်လူစုကတော့ အချက်ပြ ဆက်သွယ်မှု ဆိုင်ရာ ကြေးနန်းတိုင်များသာ ဖြစ်ပါသည်။

*

The Human Telegraph
By Boleslave Prus

မာတိကာသို့ ▶▶

မာတိကာသို့

အီဗန်စင်ကာ
(၁၈---၁၉၁၉)

အီဗန်စင်ကာသည် ယူဂိုစလားဗီးယား စာရေးဆရာ ဖြစ်သည်။ တစ်နည်းအားဖြင့် စင်ကာသည် ယူဂိုစလားဗီးယား နိုင်ငံ၏ ဆားဘီးယန်းက ရိုအားရှီးယန်းနှင့် စလိုဗေးနီးယန်း လူမျိုးစုအနက် စလိုဗေးနီးယန်း လူမျိုးစုအနွယ်ဝင် စာရေး ဆရာတစ်ဦး ဖြစ်သည်ဟု ပြောနိုင်သည်။ ယင်း အနွယ်ဝင် စာရေးဆရာများထဲတွင် စင်ကာသည် ထင်ရှားဆုံး ဖြစ်လေ သည်။ သူသည်ဝတ္ထုရေးဆရာ၊ပြဇာတ်ရေးဆရာ၊ဝတ္ထုတိုရေး ဆရာအဖြစ် ကျော်ကြားသည်။ ဤဝတ္ထုတိုသည် ၁၉၁၉ ခုနှစ် က ထုတ်ဝေခဲ့သော သူ၏ ဝတ္ထုတိုဖြစ်၍ စင်ကာ၏ ဝတ္ထုတို များထဲမှ ပထမဆုံး အင်္ဂလိပ်ဘာသာပြန် ဝတ္ထုဖြစ်ပေသည်။

မာတိကာသို့ ▶▶

စစ်ပုံပြင်

ညစဉ်ညတိုင်း ကလေးများသည် အိပ်ရာမဝင်မီ စကားပြောလေ့ရှိကြ၏။ သူတို့သည် ကျယ်ဝန်းသော မီးဖိုကြီး၏ အဆင့်ပေါ် အထိ တက်ထိုင်ကာ သူတို့၏ ခေါင်းထဲ၌ ပေါ်လာသမျှ အကြောင်းများကိုတောင်စဉ်ရေမရ ပြောကြခြင်း ဖြစ်လေသည်။ ညနေဆည်းဆာ၏ မှုန်မွှားမွှား အလင်းရောင်သည် ပိတ်ထားသော ပြတင်းပေါက် အကြားမှနေ၍ အခန်းတွင်းသို့ ချောင်းကြည့်လျက်ရှိ၏။ အခန်း၏ ထောင့်တိုင်းတွင် ထင်ဟပ်လျက်ရှိသော အရိပ်များသည် တရွေ့ရွေ့ လှုပ်ရှားကာ ထူးဆန်းသော ပုံပြင်များကို သယ်ယူလာလျက် ရှိပေသည်။

သူတို့သည် သူတို့၏စိတ်ထဲ၌ ပေါ်လာသမျှကို ပြောကြသည်။ သူတို့စိတ်ထဲ၌ ပေါ်လာသမျှ အကြောင်းအရာများမှာလည်း ပျော်ရွှင်စရာ၊ ကြည်နူးစရာများဖြင့် ဆက်စပ်ယှက်နွယ်နေသော ပုံပြင်များသာဖြစ်၏။ မျှော်လင့်ချက်များ၊ ချစ်ခြင်းမေတ္တာများဖြင့် ပြည့်လျှံနေသော ပုံပြင်များသာဖြစ်သည်။ သူတို့

မာတိကာသို့ ▶▶

၏ အနာဂတ် ဘဝတစ်ခုလုံးသည် သာယာချမ်းမြေ့မှုများဖြင့်သာ ပြည့်နေပေသည်။ သူတို့သည် အစားနှင့် အအိပ်အနေကစားမှ တစ်ပါး အခြားပူပင်စရာ၊ ကြောင့်ကြစရာ၊ သောကရောက်စရာ ရှိသူများ မဟုတ်ကြပေ။ လူကြီးတွေကဲ့သို့ ခရစ်စမတ် ပွဲတော်ရက်နှင့် အီစကာပွဲတော်နေ့များ ကြားတွင်စောင့်ထိန်းရသည့် ဝါရှောင်ပွဲမှာလည်း သူတို့နှင့်မဆိုင်။ စကားလုံးများသည် သူတို့ ပါးစပ်များမှ တိုးတိုးသာသာ ထွက်လာကြခြင်းဖြစ်၍ တစ်ဝက် တစ်ပျက်ခန့်သာ နားလည်ကြရသည်။

သူတို့၏ ပုံပြင်များတွင် အစလည်းမပါ။ ပိပြင်သောဇာတ်လမ်းဇာတ်ကွက်နှင့်လည်း မဟုတ်။ အဆုံးလည်းမရှိ။ တစ်ခါတစ်ရံတွင် ကလေးလေးယောက်သည် စကားကိုတစ်ပြိုင်တည်း အလုအယက် ပြောကြသည်။ သို့သော်လည်း တစ်ယောက်စကားကို တစ်ယောက်က နားမလည်နိုင်အောင် ရှုပ်ထွေးသွားခြင်း မရှိ။

ကလေးများ၏ အသွင်အပြင်သည် တစ်ဦးနှင့်တစ်ဦး အလွန်တူကြသည်။ မှုန်မွှားမွှား အလင်းရောင်အောက်တွင် အငယ်ဆုံးကလေး (လေးနှစ်သား ဘွန်ချက်၏ မျက်နှာနှင့် အကြီးဆုံးကလေး ဆယ်နှစ်သား လှိုင်ဇေါ၏ မျက်နှာကို ရုတ်တရက် ခွဲခြား၍ မရနိုင်) ကလေးအားလုံး၏ မျက်နှာများသည် ပိန်ပါးပါးနှင့် ခပ်သွယ်သွယ် မျက်လုံးများကတော့ပြူးကျယ်ဝိုင်းစက်သည်။

ထိုနေ့ညနေခင်းတွင် သူတို့ နားမလည်သော အရာတစ်ခုသည် သူတို့မသိသော အရပ်ဒေသတစ်ခုမှနေ၍ သူတို့၏

သာယာပျော်ရွှင်မှုများကြားသို့ ပြင်းထန်သော အရှိန်ဖြင့် အသနား အညှာတာ ကင်းမဲ့စွာ ကျရောက်လာခဲ့လေသည်။ အီတလီစစ်မြေပြင်တွင် အဖေတိုက်ပွဲကျသွားပြီဟူသော သတင်းသည် စာတိုက်မှတစ်ဆင့် ရောက်လာသည်။ ထိုအခါ သူတို့မသိသော သူတို့အတွက် အလွန်ထူးဆန်းပြီး သူတို့ လုံးဝနားမလည်နိုင်သော အရာဝတ္ထုတစ်ခုသည် သူတို့ရှေ့၌ ပေါ်လာသည်။ ထိုအရာဝတ္ထုသည် သူတို့ရှေ့၌ ရပ်နေသည်။ အရပ်မြင့်မြင့် ရင်အုပ်ကျယ်ကျယ်။ သို့သော်လည်း ထိုအရာဝတ္ထုတွင် မျက်နှာမပါ။ မျက်လုံးများနှင့် ပါးစပ်လည်းမရှိ။ ဘယ်ဆီကလာမှန်းလည်း သူတို့မသိ။

ထိုအရာကို ကြည့်ပြီး ပျော်စရာလည်း မတွေ့။ အထူးတလည် ဝမ်းနည်းစရာလည်း ရှာမရ။ အဘယ်ကြောင့်ဆိုသော် ထိုအရာဝတ္ထုသည် သေနေပြီဖြစ်သောကြောင့်ပေတည်း။ ထိုအရာဝတ္ထုအနေဖြင့် သူဘယ်ကလာသည်။ ဘယ်တုန်းကလာသည်ကို ဖော်ပြနိုင်သည့် မျက်လုံးများလည်း မရှိ။ ပြောပြနိုင်သည့် ပါးစပ်လည်းမရှိ။ မည်းနက်သော နံရံကြီးကိုမှီကာ မလှုပ်မယှက် ရပ်လျက်ရှိ၏။

"သူဘယ်တော့ ပြန်လာမှာလဲဟင်..." ဟု ဘွန်ချက်က မေးသည်။

လွိုင်ဇခါက ဒေါ်သတကြီးဖြင့် ဘွန်ချက်၏ မျက်နှာကို လှမ်းကြည့်သည်။

"သူ တိုက်ပွဲကျသွားပြီဆိုရင် ဘယ်လိုလုပ်ပြီး ပြန်လာနိုင်တော့မှာလဲဟဲ့"

မာတိကာသို့ ▶▶

အားလုံး နှုတ်ဆိတ်သွားကြသည်။ သူတို့သည် မည်းနက်သော နံရံကြီးရှေ့တွင် ရပ်လျက်ရှိကြသည်။ ထိုနံရံကြီး တစ်ဖက်ကိုမူ သူတို့ မြင်နိုင်စွမ်းမရှိ။

"ငါလည်း စစ်ထဲလိုက်မယ်" ဟု ခုနစ်နှစ်မျှသာ ရှိသေးသော မတ်တီချီက မည်သူမျှ မျှော်လင့်မထားသော စကားကို ပြောသည်။ အချိန်အခါနှင့် အခြေအနေအရပြောဖို့ လိုအပ်နေသည့် စကားဟုပင် ယူဆရမလို ဖြစ်နေသည်။

"မင်းက ငယ်ငယ်လေးပဲရှိသေးတယ်" ဟု တခြားကလေးများအပေါ် ဆရာလုပ်တတ်သော လေးနှစ်အရွယ်ဘွန်ချက်က လူကြီးတစ်ယောက် လေသံဖြင့် လှမ်းပြောသည်။

ကလေးအားလုံးတွင် အသေးဆုံး အညှက်ဆုံးဖြစ်သော မိန်းကလေး မစ်လ်ခါသည် သူ့အမေ၏ ခြုံထည်ကြီးကို ခြုံထားသဖြင့် ခရီးသည်ကြီး တစ်ယောက်ပုံစံမျိုး ဖြစ်နေသည်။ သူသည် ကျန်လူစု၏ မျက်နှာများကို စိတ်ဝင်တစား မော့ကြည့်ပြီး အသံစာစာဖြင့် မေးသည်။

"စစ်ဆိုတာ ဘာနဲ့တူလဲဟင် ..."

"မတ်တီချီက ငါတို့ကို အဲဒီပုံ ပြောပြပါလားဟယ်"

မတ်တီချီက ရှင်းပြသည်။

"စစ်ဆိုတာ ဒီလို ..."

"လူတွေက ဓားမြှောင်ကြီးတွေ ကိုင်ပြီး တစ်ယောက်ကို တစ်ယောက် ထိုးကြိတ် သတ်ကြတယ်။ ဓားရှည်ကြီးတွေကိုင်ပြီး တစ်ယောက်နဲ့ တစ်ယောက် ခုတ်ကြတယ်။ တစ်ယောက်ကိုတစ်ယောက် သေနတ်ကြီးတွေနဲ့ ပစ်ကြတယ်။

မာတိကာသို့ ▶▶

အဲသလို လုပ်တဲ့အတွက် နင်တို့ကို ဘယ်သူကမှ ဘာမှ မပြော ဘူး။ ဘာလို့လဲဆိုတော့ စစ်ဆိုတာ အဲသလိုလုပ်ရမှာ"

"အဲဒါ စစ်ပဲ"

"ဘုရင်မင်းမြတ်အတွက်ပေါ့" ဟုမတ်တီချီက ဖြေသည်။ ကလေးအားလုံး ငြိမ်ဆိတ်သွားကြပြန်သည်။

သူတို့အားလုံး၏ မျက်စိများရှေ့ဝယ် အလွန်သန်မာ ထွားကျိုင်းပြီး အရောင်တဖိတ်ဖိတ် တောက်နေသော ပုဂ္ဂိုလ် တစ်ဦး၏ ရုပ်ပုံလွှာ ပေါ်လာနေသည်။ သူတို့သည် တိတ်ဆိတ် စွာ ထိုင်လျက်ရှိကြ၏။ အသက်ကိုမှ ရဲရဲဝံ့ဝံ့ မရှူရဲသလို ဖြစ်လာသည်။ ဘုရားရှိခိုးကျောင်း အတွင်း၌ ဘုရားဝတ်တက် နေချိန်တွင် ထိုင်နေရသည့်နှယ် ငြိမ်ငြိမ်ကုပ်ကုပ် ဖြစ်နေကြ သည်။

အတန်ကြာသောအခါ မတ်တီချီက စကားပြန်စသည်။

"ငါလည်း စစ်ထဲလိုက်မှာပဲ၊ ရန်သူတွေကို တိုက်မယ်"

"ရန်သူဆိုတာ ဘာလဲ၊ ရန်သူကကော ဘာနဲ့တူသလဲ"

"သူ့မှာ ချိုကြီးတွေရှိသလား" ဟု

ရတ်တရက် မစ်လ်ခါထံမှ အသံထွက်လာပြန်သည်။

"ရှိတာပေါ့၊ ချိုမရှိရင် သူက ဘယ်လိုလုပ်ပြီး ရန်သူ ဖြစ်နိုင်မလဲ" ဟု ဘွန်ချက်က စိတ်ဆိုးသံဖြင့် ဝင်ပြောသည်။ အခုတစ်ကြိမ်တွင်မူ မတ်တီချီကိုယ်တိုင်ပင်လျှင် မှန်ကန်သော အဖြေကို မပေးနိုင်။

"ငါတော့ သူ့မှာ ချိုရှိမယ်မထင်ဘူး"

မာတိကာသို့ ▶▶

အတန်ကြာ စဉ်းစားနေပြီးမှ မရေမရာဖြစ်နေသည့် အသံဖြင့် ပြောသည်။

"သူ့မှာ ဘယ်လိုလုပ်ပြီး ချိုတွေရှိနိုင်မှာလဲဟ၊ သူက ငါတို့လို လူတစ်ယောက်ပဲဟာ"

လှိုင်ဇခါက သဘောမတူနိုင်သည့် လေသံဖြင့် ဝင်ပြောသည်။ ထို့နောက် သူသည် ငြိမ်၍ စဉ်းစားနေသည်။ ပြီးတော့မှ ထပ်ပြောသည်။

"သူ့မှာ ဝိညာဉ်တစ်ခုပဲ မရှိတာ"

ထို့နောက် သူ့အတွေးနှင့်သူ ငြိမ်နေရာမှ ဘွန်ချက်က မေးခွန်းတစ်ခု မေးပြန်သည်။ "လူတစ်ယောက် တိုက်ပွဲကျတာ ဘယ်လိုကျတာလဲ"

"ဒီလို... ဒီလို နောက်ကို ပက်လက်လဲကျတာလား" ဟု သူက နောက်သို့လဲပြသည်။

"သူတို့က သူ့ကို သေအောင် သတ်ပစ်လိုက်တာဟဲ့" ဟု မတ်တီချိက ရှင်းပြသည်။

"အဖေက ငါ ကစားဖို့ သေနတ်တစ်လက် ယူလာခဲ့မယ်လို့ ပြောသွားတယ် သိလား"

"သူ တိုက်ပွဲကျရင် ဘယ်လိုလုပ်ပြီး နင့်အတွက် သေနတ်ယူလာနိုင်တော့မှာလဲဟယ်" ဟု လှိုင်ဇခါက တစ်ချက်ဝင်ထောက်လိုက်သည်။

"သူတို့က သူ့ကို အသေသတ်ပစ်ကြတယ် ဟုတ်လား"

"ဒါပေါ့၊ အသေသတ်တာပေါ့"

နနယ် လန်းဆန်းသော မျက်လုံးလှလှများထဲ ဝမ်းနည်းကြေကွဲမှုအငွေ့များ ထင်လာသည်။ ထိုမျက်လုံးများသည် သူတို့

ရှေ့ရှိ အမှောင်ထုဆီသို့ ငေးမောနေကြသည်။ သူတို့ မသိသော သူတို့နှလုံးသားနှင့် စိတ်မှ လုံးဝနားမလည်နိုင်သော အရာဝတ္ထု တစ်ခုကို မြင်နေရသလို ခံစားနေကြရသည်။

တစ်ချိန်တည်းမှာပင် ကလေးများ၏ ဘိုးအေနှင့် ဘွားအေ တို့သည် တဲရှေ့ရှိ ခုံတန်းလျားတစ်လုံးပေါ်၌ ထိုင်လျက် ရှိကြ သည်။ ဝင်လုဆဲဆဲ နေမင်း၏ နောက်ဆုံးအလင်းရောင် ဖြစ်သော နီရဲရဲ ရောင်ခြည်တန်းများသည် ဥယျာဉ်အတွင်းရှိ အမှောင်ရိပ်သန်းနေသော သစ်ရွက်သစ်ခက်များပေါ်သို့ ထိုးကျ လျက်ရှိ၏။ မြင်းစောင်းဘက်ဆီမှ ထွက်ပေါ်လာနေသော ခပ်အုပ်အုပ် ကျိတ်၍ ငိုရှိုက်နေသံမှတစ်ပါး အခြား ဘာသံမှ မကြားရ။ ညနေခင်းသည် တိတ်ဆိတ်လျက် ရှိသည်။ ငိုကြွေး သံမှာ တခြားမဟုတ်။ ကျွဲနွားများကို အစာကျွေးလျက်ရှိသော အမေ၏ ငိုသံပေတည်း။

အဘိုးအိုနှင့် အဘွားတို့၏ ဦးခေါင်းများသည် ငိုက်စိုက် ကျလျက်ရှိ၏။ သူတို့သည် ပူးပူးကပ်ကပ်ထိုင်ကာ တစ်ယောက် လက်ကို တစ်ယောက် ဆုပ်ကိုင်ထားကြသည်။ သူတို့သည် ဆည်းဆာရောင် တောက်နေသော ကောင်းကင်ဆီသို့ တွေဝေ ငေးမောလျက် ရှိကြသည်။ သူတို့မျက်လုံးများတွင် မျက်ရည် မရှိ။ အချင်းချင်းလည်း စကားမပြော...။

*

Children And Old Folk
Ivan Cankar

မာတိကာသို့ ▶▶

မာတိကာသို့ ▶▶

ဝီလျံဆာရိုယန်း
(၁၉၀၀)

ဝီလျံဆာရိုယန်းသည် အာမေနီယန်းလူမျိုး မိဘနှစ်ပါးမှပေါက်ဖွားလာသော အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ် ဖရက်စနိုးမြို့သည် သူ့မွေးရာဇာတိဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် The Daring Young Man on the Feying Trapeze အမည်ရှိ ဝတ္ထုတိုတို့ဖြင့် စာပေနယ်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ယင်းဝတ္ထုတိုသည် အမေရိကန်နိုင်ငံ၏ စီးပွားရေး ဆုတ်ကပ်ကာလ အခြေအနေကို ဖော်ပြသော ဝတ္ထုဖြစ်၍ လူကြိုက်များသည်။ ယင်းဝတ္ထုတို့၏ အောင်မြင်မှုကို အကြောင်းပြု၍ ဆန်ဖရန်စစ္စကိုမြို့ရှိ စာတိုက်နှင့် ကြေးနန်းကုမ္ပဏီ၌ အလုပ်လုပ်နေရာမှ ထွက်ပြီး စာပေလောကအတွင်းသို့ ခြေစုံပစ်ဝင်ခဲ့သည်။

ဝတ္ထုတို အများအပြား ရေးခြင်းဖြင့် နာမည်ကျော်ကြားလာခဲ့သော ဝီလျံဆာရိုယန်းသည် ပြဇာတ်များ၊ ဝတ္ထုရှည်များကို သာမက လူကြိုက်များသော တေးသီချင်း အများအပြားတို့ကိုလည်း ရေးခဲ့သည်။ သူ၏ Come On-i My House အမည်ရှိ သီချင်းတစ်ပုဒ်မှာ အလွန်လူကြိုက်များသော သီချင်းဖြစ်သည်။ သူ့ပြဇာတ်များကို နိုင်ငံအတော်များများ၌ စင်တင်ပြခဲ့ရာ လူကြိုက်များရုံမျှမက ဆုအမျိုးမျိုး ရရှိခဲ့၏။ သူ၏ The Time of Your Life 1939 ပြဇာတ်အတွက် ပုလစ်ဇာဆု ချီးမြှင့်ခြင်းခံခဲ့ရသော်လည်း ထိုဆုကို သူလက်မခံခဲ့ချေ။

ဝီလျံဆာရိုးယန်း ရေးသားခဲ့သမျှ ဝတ္ထုရှည်များတွင် The Human Comedy 1943 သည် အကောင်းဆုံးဟု စာပေပညာရှင်များက သတ်မှတ်ထားကြလေသည်။

ကမ္ဘာမီးလောင်

အသက်ခြောက်နှစ်နှင့် သုံးလသားအရွယ် ဒေါ်နယ်အီးဖော သည် ၃ လမ်းသွယ်နှင့် ၃၇ လမ်းထောင့်မှ ရပ်လျက် ရှိလေ သည်။ စိတ်တိုစိတ်ဆိုးလျက်ရှိသော သူ့အဖေ ဟယ်ရီအီးဖော က "ခဏစောင့်နေ" ဟု မှာပြီး ထားပစ်ခဲ့သည့် နေရာ၌ ရပ်နေ ခြင်း ဖြစ်၏။ လွန်ခဲ့သော တစ်နာရီခန့်က သူ့အဖေသည် သူ့ညီမ အဲလစ်အတွက် ဆေးဝယ်ရန် လမ်းတစ်ဖက်ရှိ စတိုး ဆိုင် အတွင်းသို့ ဝင်သွားခဲ့သည်။ ယမန်နေ့ညက သူ့ညီမ အဲလစ် ဖျားသည်။ အသက်သုံးနှစ်မျှသာ ရှိသေးသော အဲလစ် သည် ချောင်းတဟွပ်ဟွပ် ဆိုးကာ တအီအီ ငိုကြွေးနေသဖြင့် တစ်ညလုံး မည်သူမျှ မအိပ်ရ။ ဒေါ်နယ်၏အဖေသည် ငိုသံ ယိုသံ ဆူသံ ပူသံများကို ကြိုက်သူမဟုတ်။ အဲလစ်ငိုလေ၊ သူ့စိတ်တိုလေ။ သူ့အမေကိုချည်း ဖိ၍ အပြစ်တင်သည်။ ကြိမ်းမောင်းသည်။ သူ့အမေ၏နာမည်မှာ မေဘယ်လ်။

မာတိကာသို့ ▶▶

"ဟယ်ရီအီးဖောနဲ့ လက်မထပ်ခင်တုန်းကတော့ ကျွန်မကို မေဘယ်လ်လူဝီဆာအတ်ကင်ဖာနန်ဒတ်ဖ် လို့ ခေါ်ကြတယ်"

တစ်ချိန်က သူတို့မိုးဖိုချောင် ပြတင်းပေါက်အပျက်လာပြင်သော လူကြီးတစ်ယောက်အား သူ့အမေ ပြောပြနေသည်ကို ဒေါ်နယ်အီးဖော ကြားခဲ့ရဖူးသည်။

"ကျွန်မယောကျ်ားရဲ့ အမေဘက်က ရက်အင်ဒီးယန်းသွေးပါတယ်။ ကျွန်မကတော့ အဖေ့ဘက်က ရက်အင်ဒီးယန်းသွေးပါတယ်။ ဖာနန်ဒတ်ဖ်ဆိုတဲ့ နာမည်ကတော့ ရက်အင်ဒီးယန်း နာမည်နဲ့ မတူဘူး။ စပိန်နာမည်လိုလို မက္ကဆီကို နာမည်လိုလိုပဲ။ ဒါပေမဲ့ အဖေကတော့ ရက်အင်ဒီးယန်း သွေးပါတာသေချာတယ်။ ကျွန်မတို့ ရက်အင်ဒီးယန်းတွေနဲ့တော့ အတူတူ မနေခဲ့ဖူးပါဘူး။ ကျွန်မတို့ အမြဲတမ်း မြို့ကြီးပြကြီးတွေမှာချည်း နေလာတာပါ"

ဒေါ်နယ် ဝတ်ထားသည့် အနွေးထည်မှာ သူ့အဖေ၏ ကုတ်အင်္ကျီအဟောင်းကြီး ဖြစ်သည်။ သူ့ကိုယ်ထက် အဆမတန် ကြီးနေသည်။ အင်္ကျီလက်များကိုတော့ တိုင်း၍ ဖြတ်ပေးထားသည်။ သို့သော်လည်း ကုတ်အင်္ကျီ အိတ်ကပ်များသည် သူ့လက်နှစ်ဖက် အလှမ်းမမီသည့် နေရာတွင် ရောက်လျက်ရှိကြလေသည်။ ထို့ကြောင့် ဒေါ်နယ်သည် သူ့လက်များ နွေးနွေးထွေးထွေး ဖြစ်နေစေရန် မကြာခဏ လက်ချင်း ပွတ်ပေးနေရ၏။ အခုဆိုလျှင် မနက်ဆယ့်တစ်နာရီပင် ထိုးခဲ့လေပြီ။

မာတိကာသို့ ▶▶

သူ့အဖေ စတိုးဆိုင်အတွင်း ဝင်သွားခဲ့သည်မှာ ကြာပြီ။ မကြာခင် ပြန်ထွက်လာတော့မည်ဟု သူ ထင်သည်။ သူ့အဖေ ပြန်ထွက်လာလျှင် သားအဖနှစ်ယောက် အိမ်သို့ ခြေလျင် လျှောက်၍ ပြန်ကြမည်။ အိမ်ရောက်လျှင် သူ့အမေက သူ့ ညီမလေးကို ဆေးနှင့်နွားနို့ တိုက်လိမ့်မည်။ ထိုအခါ အဲလစ် အငိုတိတ်မည်။ ချောင်းဆိုးလည်း ပျောက်မည်။ အမေနှင့်အဖေ တို့လည်း ရန်ဖြစ်ကြတော့မည် မဟုတ်။

စတိုးဆိုင်သည်ဟက်ဂါ စတိုးဆိုင်ဖြစ်သည်။ လမ်းထောင့် ကို မျက်နှာပြုထားသော ဝင်ပေါက်တစ်ပေါက်နှင့် ဘေး တစ်ဖက် လမ်းမပေါ်သို့ ထွက်နိုင်သော အပေါက်တစ်ပေါက်၊ အားလုံး နှစ်ပေါက်ရှိသည်။ ဆိုင်ထဲ ဝင်သွားပြီးနောက် ငါးမိနစ် ခန့် ကြာသောအခါ ဟယ်ရီအီးဖောသည် ၃၇ လမ်းဘက် မျက်နှာပြုထားသည့် အပေါက်မှထွက်သည်။ လမ်းထောင့် တွင် ထားရစ်ခဲ့သော သူ့သားကိုတော့ မမေ့။ သို့သော်လည်း လောလောဆယ်တော့ဖြင့် သူ့သားနှင့် ခပ်ခွာခွာ နေချင်သည်။ တကယ်တော့ သူ့သားနှင့်သာ မဟုတ်။ သူ့မိသားစုနှင့်ပါ ခပ်ဝေးဝေး ခွာနေချင်စိတ် ပြင်းပြလျက်ရှိသည်။

ထိုဆန္ဒ ဖြစ်ပေါ်နေခြင်းမှာ တခြားကြောင့် မဟုတ်။ အိမ်တွင် စားနေကျဂျုံ ပြတ်နေ၍ ဖြစ်သည်။ ဂျုံဈေးကလည်း ကြီးလှသဖြင့် ဘယ်ပုံဘယ်နည်းဖြင့် ဖန်တီး၍ ဝယ်ရမည် မသိ။ သူသည် သောက်လက်စအရက်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့၏။ မိနစ်အနည်းငယ် ကြာမှ သူ့သားကို ပြန်ခေါ်ပြီး အစားအသောက်နှင့် ဆေးဝယ်

မည်။ ပြီးတော့မှ အိမ်ပြန်ပြီး ဖျားနေသည့် သမီးငယ်အတွက် သက်သာရာ သက်သာကြောင်း ဖြစ်စေရန် တစ်ခုခု လုပ်ပေးမည် စသည်ဖြင့် စိတ်ကူးသည်။ သို့သော်လည်း အခု လောလောဆယ်တော့ဖြင့် အခုလို ခြေဦးတည့်ရာ လျှောက်နေခြင်းက မှန်သည်ဟု သူ ထင်လေသည်။

လမ်းထောင့်၌ ရပ်နေသော ဒေါ်နယ်သည် နောက်ဆုံးတွင် စတိုးဆိုင်အတွင်းသို့ ဝင်သည်။ ဆိုင်အပြင်အဆင်မှာ သူ တွေ့ခဲ့မြင်ခဲ့ဖူးသည့် ဆိုင်များနှင့်မတူ၊ အဖြူရောင် အပေါ်အင်္ကျီဝတ်ထားသော လူကြီးတစ်ယောက်က သူ့ကို လှမ်းကြည့်ပြီး "ဟေ့… မင်း ဆိုင်ထဲဝင်လို့ မဖြစ်ဘူး။ သွား…သွား အိမ်ပြန်" ဟု ဆီး၍နှင်သည်။

"ကျွန်တော့်အဖေ ဘယ်ရောက်နေလဲ"

"ဒီကလေးအဖေ ဆိုင်ထဲမှာ ရှိသလား" ဟု လူကြီးက အော်၍ မေးသည်။ ဆိုင်ထဲ၌ရှိနေသော လူခုနစ်ယောက်၏ ဦးခေါင်းများသည် တစ်ပြိုင်တည်းလိုလို လှည့်လာပြီး ဒေါ်နယ်အား ကြည့်သည်။ ထို့နောက် သူတို့အရက်ခွက်နှင့် သူတို့ စကားဝိုင်းဘက်သို့ ပြန်၍ အာရုံစိုက်သွားကြလေသည်။

"မင်းအဖေ ဒီမှာမရှိဘူးကွ" ဟု လူကြီးက ပြောသည်။

"မင်းအဖေနာမည်က ဘယ်သူလဲ"

"ဟယ်ရီ…၊ ဟယ်ရီအီးဖော"

"ဟယ်ရီအီးဖောဆိုတဲ့ နာမည်နဲ့လူကို ငါမသိဘူး။ ကဲ… သွားတော့ အိမ်ပြန်"

"အဖေက ကျွန်တော့်ကို အပြင်မှာ စောင့်နေလို့ မှာခဲ့တယ်"

"အေးပါ၊ ငါသိပါတယ်။ လူတွေအများကြီး ဒီဆိုင်ထဲ ဝင်လာတယ်၊ အရက်သောက်တယ်၊ ပြီးတော့ ပြန်ထွက်သွား တယ်။ မင်းအဖေလည်း ဒီလိုပဲ နေမှာပေါ့။ မင်းကို အပြင်က စောင့်နေဖို့ မှာသွားရင် သူမှာတဲ့အတိုင်း လုပ်တာ အကောင်းဆုံး ပဲ။ မင်း ဒီဆိုင်ထဲမှာ နေလို့ကတော့ မဖြစ်ဘူး။ သွား... သွား၊ သွားတော့။

"အပြင်မှာ သိပ်အေးတယ်"

"အပြင်မှာအေးတာ ငါ သိပါတယ်ကွာ" ဟု အရက် ရောင်းသမားက ပြန်ပြောသည်။

"ဒါပေမဲ့ မင်းကို ဆိုင်ထဲမှာ လက်ခံထားနေလို့မှ မဖြစ် တာ။ မင့်အဖေ မှာသွားတဲ့အတိုင်း အပြင်က စောင့်ရင်စောင့်။ ဒါမှ မဟုတ်ရင်တော့ အိမ်ပြန်"

"ကျွန်တော် မပြန်တတ်ဘူး" ဟု ဒေါ်နယ်က ပြောသည်။

"မင်း လိပ်စာကို သိသလား"

ဒေါ်နယ်သည် အရက်ရောင်းသမား၏ မေးခွန်းကို နားမလည်။ ထို့ကြောင့် အရက်ရောင်းသမားက တစ်မျိုး လှည့် မေးပြန်သည်။

"မင်း အိမ်နံပါတ်နဲ့ လမ်းနာမည်ကို သိသလား"

"မသိဘူး။ ကျွန်တော်တို့ လမ်းလျှောက်လာတာ။ အဲလစ် အတွက် ဆေးဝယ်မလို့"

"အေးပါ၊ ဟုတ်ပါပြီ" ဟု အရက်ရောင်းသမားက စိတ်ရှည်လက်ရှည်ဖြင့် ပြန်ပြောသည်။

မာတိကာသို့ ▶▶

"အပြင်ဘက်မှာ အေးတယ်ဆိုတာလည်း ငါသိပါတယ်ကွာ။ ဒါပေမဲ့ မင်း ဒီလိုဆိုင်ထဲက ထွက်သွားတာ အကောင်းဆုံးပဲ။ ဒီနေရာမှာ ဘယ်ကလေးကိုမှ ငါလက်မခံနိုင်ဘူး"

လူမမာရုပ် ပေါက်နေသော အသက်ခြောက်ဆယ်ခန့် လူကြီးတစ်ယောက်သည် သူ့စားပွဲမှ ဒယိမ်းဒယိုင်ဖြင့်ထကာ အရက်ရောင်းသမားထံသို့ လျှောက်လာသည်။

"သူ လမ်းသိမယ်ဆိုရင်တော့ ဒီကောင်လေးကို ငါကိုယ်တိုင် အိမ်ပြန်ပို့ပေးလိုက်ပါမယ်လေ"

"ထိုင်နေစမ်းပါ" ဟု အရက်ရောင်းသမားက ရေရွတ်သည်။ "ကောင်လေးက လမ်းလည်းမမှတ်မိပါဘူး"

"မှတ်မိချင် မှတ်မိမှာပါကွာ" ဟု အဘိုးကြီးက ဆိုပြန်သည်။

"ငါ့မှာလည်း သားတွေ၊ သမီးတွေ ရှိတာပဲကွ၊ လမ်းဆိုတာ ကလေးတစ်ယောက်နဲ့ သင့်တော်တဲ့ နေရာမဟုတ်ဘူး။ ငါ သူ့ကို သူ့အမေဆီ ရောက်အောင် ပို့ပေးလိုက်ပါမယ်"

"ကျုပ် နားလည်ပါတယ်" ဟု အရက်ရောင်းသမားက ပြောသည်။

"ဒါပေမဲ့ ခင်ဗျားဘာသာ ခင်ဗျား အေးအေး ထိုင်နေစမ်းပါဗျာ"

"ငါ မင့်ကို အိမ်ပြန်ပို့ပေးပါ့မယ် သားရယ်" ဟု အဘိုးကြီးက ဒေါနယ်အား လှမ်းပြောသည်။

"ထိုင်နေစမ်းပါဗျာ" ဟု အရက်ရောင်းသမား၏ အသံမှာ ကျယ်လောင်လာသည်။ အဘိုးကြီးက တအံ့တဩ မော့ကြည့်သည်။

"မင်းက ငါ့ကို ဘယ်လိုကောင်စား ထင်လို့လဲဟင်" ဟု အဘိုးကြီးက လေအေးကလေးဖြင့် မေးသည်။

"ကလေးက ကြောက်လန့်နေတာကွသိလား။ အေးလည်း အေးနေပြီ၊ သူ့အမေဆီ ပြန်ပို့ပေးမှဖြစ်မှာ"

"ခင်ဗျား အေးအေးဆေးဆေး ထိုင်မနေနိုင်ဘူးလား။ ကျုပ် ဒီကလေးအကြောင်း အားလုံးသိတယ်။ ခင်ဗျားဟာ သူ့ကို ပြန်ပို့ပေးသင့်တဲ့ လူ မဟုတ်ဘူး"

"တစ်ယောက်ယောက်ကတော့ သူ့အမေဆီ ရောက်အောင် ပြန်ပို့ပေးမှ ဖြစ်မှာပေါ့ကွာ" ဟု အဘိုးကြီးက လေအေးကလေး ဖြင့် ပြောပြန်သည်။ ထို့နောက် အန်တော့ မည့်နှယ် ပျို့လျက် ရှိ၏။ စုတ်ပြတ်ပေရေလျက်ရှိသော အဘိုးကြီး၏ အင်္ကျီနှင့် ဘောင်းဘီများမှာ ကယ်ဆယ်ရေးဂေဟာ တစ်ခုခုမှ စွန့်ကြဲ ပေးကာမ်းလိုက်သည့် အဝတ်များဖြစ်ကြောင်း အရက်ရောင်းသမားက သိနေသည်။ အဘိုးကြီး၏ လက်ထဲ တွင် နောက်ထပ် ဘီယာသောက်ဖို့ ဆင့်သုံးဆယ် လေးဆယ်ခန့် တော့ ရှိနေဦးမည်ဟု ခန့်မှန်းသည်။ တကယ်တော့ ထိုငွေများ မှာလည်း တောင်းရမ်း၍ ရလာသည့် ငွေဖြစ်ဖို့က များပေသည်။

"ဒီနေ့ဟာ ခရစ္စမတ်ပွဲတော်ရဲ့ တတိယနေ့ကွ" ဟု အဘိုး ကြီးက ပြောပြန်သည်။

"ခရစ္စမတ်ပွဲတော်ပြီးတာမှ မကြာသေးဘူး။ ကလေး တစ်ယောက်ကို အိမ်ပြန်ရောက်အောင် ကူညီသင့်တယ်ဆိုတာ မေ့သွားကြပြီလားကွာ"

"ဘာဖြစ်နေကြတာလဲ" ဟု ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည့် အသောက်သမားတစ်ဦးက လှမ်းမေးသည်။

"ဘာမှမဖြစ်ပါဘူး"ဟု အရက်ရောင်းသမားက ပြန်ဖြေသည်။

"ဒီကလေးရဲ့အဖေက ကလေးကို အပြင်က စောင့်နေလို့ မှာသွားတယ်တဲ့။ အဲဒါပဲ"အရက်ရောင်းသမား ဒေါ်နယ်ဘက် လှည့်ကြည့်သည်။ "မင်း အိမ်ကိုမပြန်တတ်ရင် မင့်အဖေ မှာသွားတဲ့အတိုင်း ဟိုအပြင်က စောင့်နေပေါ့။ မကြာခင် မင့်အဖေ ပြန်လာမှာပါ။ အဲဒီတော့ အိမ်ပြန်ပေါ့ ဟုတ်လား။ အခုတော့ ဆိုင်ထဲက ထွက်မှဖြစ်မယ်။ ကဲ... သွား သွားတော့"

ဒေါ်နယ်သည် ဆိုင်ထဲမှ ပြန်ထွက်ခဲ့လေသည်။ သူ တစ်နာရီကျော်ကျော်ခန့် ရပ်လာခဲ့ရသော မှုလနေရာဟောင်းသို့သွားကာ ဆက်၍ ရပ်နေပြန်လေ၏။ အဘိုးကြီးက ဒေါ်နယ် နောက်သို့ လိုက်သည်။ အရက်ရောင်းသမားသည် အရက် ကောင်တာနောက်မှ ထွက်ကာ အဘိုးကြီးနောက်သို့ ကသောကမျော လိုက်သည်။ ဆိုင်တံခါးဝအရောက်တွင် မိသည်။ သူသည် အဘိုးကြီး၏ လက်မောင်းကို ဖမ်းဆွဲကာ စားပွဲဆီသို့ ပြန်ခေါ်လာခဲ့လေသည်။

"အေးအေး ထိုင်နေပါဗျာ" ဟု ချော့ချော့မော့မော့ ပြောသည်။ "ဒီကလေးအတွက် ပူရမယ့်အလုပ်က ခင်ဗျားအလုပ် မဟုတ်ပါဘူး။ ကိုယ့်အတွက်ပဲ ကိုယ်ပူစမ်းပါ။ ကောင်လေးကို ဘာမှမဖြစ်အောင် ကျုပ်ကြည့်ထားပါမယ်"

"နေစမ်းပါဦး။ မင်းက ငါ့ကို ဘာကောင်များ ထင်နေလို့လဲ... ဟင်"

မာတိကာသို့ ▶▶

အဘိုးကြီးက ထပ်မေးပြန်သည်။

အရက်ရောင်းသမားသည် အသက်ငါးဆယ်ခန့်ရှိပြီး အရပ်ပုပု ကိုယ်လုံးခပ်ထွားထွား၊ အိုင်းရစ်လူမျိုးတစ်ဦး ဖြစ်၏။ သူသည် တံခါးဝမှရပ်ကာ ဒေါ်နယ်ရှိရာသို့ မျှော်ကြည့်နေရာမှ အဘိုးကြီးဘက် လှည့်ကြည့်သည်။

"ခင်ဗျားကိုယ်ခင်ဗျား မှန်ထဲမှာ ကြည့်မိရဲ့လား။ ကလေး လက်ကိုသာ ခင်ဗျားဆွဲသွားရင် ဟိုဘက်လမ်းထောင့်အထိ ရောက်မှာမဟုတ်ဘူး"

"ဘာပြုလို့လဲ" အဘိုးကြီးက ဒေါသဖြင့်မေးသည်။

"ဘာပြုလို့လဲဆိုတော့" ခင်ဗျားရုပ်က ကလေးရဲ့အဖေနဲ့ လည်း မတူဘူး၊ ဘိုးအေနဲ့လည်းမတူဘူး၊ အသိမိတ်ဆွေလည်း မဟုတ်ဘူး။ ကလေးနဲ့ ဘယ်လိုမှ ဆက်စပ်လို့မရဘူးဗျ"

"ငါ့မှာလည်း သားသမီးတွေ ရှိပါတယ်ကွ" ဟု အဘိုး ကြီးက ဆိုပြန်သည်။

"ကျုပ် သိပါတယ်။ ဒါပေမဲ့ ခင်ဗျားနေရာမှာပဲ ခင်ဗျား အေးအေးဆေးဆေး ထိုင်နေစမ်းပါ။ တချို့လူတွေ ကလေးတွေ အပေါ်မှာ သနားကြင်နာတာတွေကို ခွင့်ပြုလို့ရပေမယ့် အချို့ ကျတော့ ခွင့်ပြုလို့မဖြစ်ဘူးဗျ"

အရက်ရောင်းသမားသည် ဘီယာပုလင်း ယူလာပြီး အဘိုးကြီး၏ စားပွဲပေါ်ရှိ ဖန်ခွက်ဘေး၌ချပေးသည်။

"ရော့... ဟောဒီမှာ ကျုပ်ရဲ့ ဘီယာပုလင်း၊ ခင်ဗျားလို အဘိုးကြီးတွေကို တစ်ကြိမ်တစ်ခါလောက် သနားဖို့တော့ ဘုရားသခင်က ကျုပ်ကို ခွင့်ပြုထားပါတယ်။ ကျုပ်လို အရက်

ရောင်းသမားတွေကို တစ်ကြိမ်တစ်ခါလောက် ပြန်ပြီး သနားဖို့ လည်း ခင်ဗျားကို ခွင့်ပြုထားလိမ့်မယ် ထင်ပါတယ်။ ဒါပေမဲ့ ဒီအနီးအနား တစ်ဝိုက်မှာရပ်ပြီး အဖေကို စောင့်မျှော်နေတဲ့ ကလေးတစ်ယောက်အပေါ်မှာ သနားဖို့ကျတော့ ကျုပ် ခင်ဗျား ကို ခွင့်လွှတ်လို့မဖြစ်ဘူး။ အဲဒီတော့ ဒီမှာပဲ အေးအေးဆေးဆေး ထိုင်။ ကျုပ် တိုက်တဲ့ ဘီယာကိုသောက်"

"မင်း ဘီယာကို ငါ မသောက်ဘူးကွ" ဟု အဘိုးကြီးက ပြောသည်။ "ညစ်ပတ်စုတ်ပဲ့တဲ့ မင်းတို့ဆိုင်ထဲမှာ ငါ့ကို ထောင်သားတစ်ယောက်လို ချုပ်ထားလို့ ရမယ်ထင်သလား"

"ကလေးအဖေ ပြန်ရောက်လာပြီး ကလေးကို အိမ်ပြန် ခေါ်သွားတဲ့ အချိန်ထိတော့ ခင်ဗျား ထိုင်နေရမှာပဲ၊ သူတို့ သားအဖ ပြန်သွားကြပြီဆိုရင်တော့ ခင်ဗျား ဒီဆိုင်ထဲက အမြန် ဆုံး ကြွပေတော့ ဟုတ်လား"

"ငါ အခုပြန်ချင်တယ်ကွာ" ဟု အဘိုးကြီးက ဒေါသ တကြီး ရေရွတ်သည်။ "ဒီကမ္ဘာပေါ်မှာ ဘယ်သူ့အစော်ကား ကိုမှ ငါ မခံဘူးကွ၊ ငါ ဘာကောင်လဲဆိုတာ မင်းကို ပြောပြလိုက် ရင် မင်း ငါ့ကို အခုလို ဆက်ဆံမှာမဟုတ်ဘူး သိလား"

"ကဲ... ကောင်းပြီ" ဟု အရက်ရောင်းသမားက လေအေး ဖြင့် ပြန်ပြောသည်။ သူ့အနေဖြင့် စာမဖွဲ့လောက်သည့် ကိစ္စ တစ်ခုကို အကြောင်းပြု၍ ရန်မဖြစ်ချင်။

အေးအေးသာသာနှင့်ပင် ပြီးသွားစေချင်သည်။ ပြီးတော့ အဘိုးကြီး ပြောသမျှကို နားထောင်ပြီး ပြောင်နောက်နေရလျှင် အပျင်းလည်းပြေမည်။ ကလေးအတွက်လည်း စိတ်အေးရမည်။

"ကဲ . . . ခင်ဗျား ဘာကောင်လဲဆိုတာ ပြောပြပေတော့၊ ကျုပ် နားထောင်မယ်။ ခင်ဗျား ဘာကောင်ဆိုတာ သိရရင် ကျုပ်အနေနဲ့ ခင်ဗျားကို အခု ဆက်ဆံသလို ဆက်ဆံချင်မှ ဆက်ဆံဝံ့မှာပေါ့။ မဟုတ်ဘူးလား"

"မင်း အခုလို မဆက်ဆံဝံ့ဘူးကွ၊ ငါ ပြောရဲပါတယ်"

အဘိုးကြီးသည် ဘီယာပုလင်းကို ကောက်ယူကာ ဖန်ခွက်ထဲသို့ ငှဲ့ထည့်နေသည်။ အရက်ရောင်းသမားကတော့ ကျိတ်၍ ဝမ်းသာလျက်ရှိ၏။ တစ်ခွက်ပြီးတစ်ခွက် ထည့်၍ သောက်နေသော အဘိုးကြီးကို အသာစောင့်ကြည့်နေသည်။ တတိယဖန်ခွက် မော့အပြီးတွင် အဘိုးကြီးက သူ့အား လှမ်း၍ စကားပြောသည်။

"ငါ့နာမည်က အယ်လ်ဂေးလားလို့ခေါ်တယ်။ အဲဒါပဲ"

အဘိုးကြီးသည် စကားကို မဆက်ဘဲ ဘီယာကို ထပ်သောက်ပြန်သည်။ အရက်ရောင်းသမားကတော့ အဘိုးကြီး ဆက်ပြောမည့် စကားများကို နားစွင့်နေသည်။ အခုအချိန်တွင် သူသည် ကောင်တာ၏ တစ်ဖက်စွန်း၌ ရပ်လျက်ရှိ၏။ ထို နေရာမှ လှမ်းကြည့်လျှင် လမ်းထောင့်၌ ရပ်နေသော သူငယ်ကို ကောင်းစွာ မြင်နိုင်သည်။ သူငယ်သည် မကြာခဏ လက်ချင်း ပွတ်လျက် ရှိ၏။ ဤသူငယ်သည် အခက်အခဲ အမျိုးမျိုးနှင့် ဒုက္ခ အမျိုးမျိုး၏ ဒဏ်ကို အကြိမ်ပေါင်းများစွာ ခံခဲ့ရဖူးဟန် တူ၏။ အခု သူ့အဖေပြန်အလာကို စောင့်မျှော်နေရသည့် အလုပ်သည် သူ့အတွက် အသေးအဖွဲ ကိစ္စတစ်ခုမျှသာ ဖြစ်ဟန် တူလေသည်။

မာတိကာသို့ ▶▶

"အယ်လ်ဂေးလား... တဲ့ကွ" အဘိုးကြီးထံမှ အသံက ထွက်လာပြန်သည်။ ထို့နောက် သူ ပြောချင်တာ ဆက်ပြောသည်။ အရက်ရောင်းသမားကတော့ အဘိုးကြီး ပြောနေသမျှကို မကြား။ နားလည်းမထောင်။ ဘီယာသောက်ဖို့သာ စိတ်ဝင်စားနေပြီဖြစ်သော အဘိုးကြီးအတွက် သူ ပူနေစရာ မလိုတော့ဟု တွက်သည်။ သူသည် သူ့အလုပ်ကို ပြန်၍ လုပ်လျက်ရှိလေသည်။

နေ့စဉ်နေ့တိုင်း မွန်းတည့်ချိန်လောက်တွင် ဆိုင်သို့ လာလေ့ရှိသော အမျိုးသမီးတစ်ယောက်သည် ထုံးစံအတိုင်း သူ့ခွေးငယ်ကို သံကြိုးနှင့်ဆွဲကာ ရောက်လာသည်။

"ဟိုလမ်းမပေါ်မှာ ကလေးတစ်ယောက် ရပ်နေတာတွေ့ခဲ့တယ်။ အပြင်မှာ သိပ်အေးနေပြီ။ ဘယ်သူ့ကလေးလဲ" ဟု အမျိုးသမီးက မေးသည်။ အသောက်သမားများဘက်သို့လည်း တစ်ချက် ဇေ့ကြည့်သည်။

"ကိစ္စမရှိပါဘူး" ဟု အရက်ရောင်းသမားက လှမ်းပြောသည်။ သူ့အဖေက ဒီအနီးအနားတစ်ဝိုက်မှာ ရှိနေပါတယ်။ မကြာခင် ပြန်လာမှာပါ"

"အင်း... မြန်မြန် ပြန်ရောက်လာရင်တော့ အကောင်းဆုံးပဲ" ဟု အမျိုးသမီးက ရေရွတ်လိုက်သည်။

"ကိုယ့်ကလေးကို လမ်းမပေါ်မှာ ထားခဲ့တဲ့ အဖေမျိုးဆိုရင် ကျွန်မ သည်းမခံနိုင်ဘူး"

"အယ်လ်ဂေးလားကွ" အဘိုးကြီးက သူတို့ဘက်လှည့်၍ ပြောသည်။ သူ့အသံမှာ ကျယ်လာသည်။

"ဟိုအဘိုးကြီးက ဘာပြောလိုက်တာလဲ" ဟု အမျိုးသမီးက မေးသည်။ အမျိုးသမီး၏ ခွေးက အဘိုးကြီးကို မော့ကြည့်ပြီး တဝုတ်ဝုတ် ဟောင်သည်။

"ဘာမှမဟုတ်ပါဘူး" အရက်ရောင်းသမားက ချိုသာသော လေသံဖြင့် ဝင်ပြောသည်။

"သူ့နာမည် သူ ပြောနေတာပါ"

ခွေးကလည်း အဟောင်ရပ်သွားကာ သူ့သခင်မ၏ ခြေထောက်များကြားသို့ တိုးဝင်သည်။ ခွေးငယ်၏ ကိုယ်ပေါ်တွင် အနွေးထည်တစ်ထည်ကို ကြိုးဖြင့်သိုင်း၍ ဝတ်ပေးထားသဖြင့် တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ရှိနေပါ၏။ သို့သော်လည်း အနွေးထည်က ခွေး၏ခြေထောက်များကိုတော့ လုံအောင်မဖုံးနိုင်။ ခြေထောက်များ အေးလေလေ သူ့သခင်မ၏ ခြေထောက်များကြားသို့ တိုးဝင်လေ။

အရက်ရောင်းသမားက အမျိုးသမီးအတွက် ဘီယာတစ်ခွက် ထည့်ပေးသည်။ အမျိုးသမီးသည် ကောင်တာကို မှီရပ်ပြီး ဘီယာကို အရသာခံ၍ သောက်နေရာမှ ခြေတံရှည် ခွေးခြေခုံတစ်လုံးပေါ် ထိုင်သည်။ ခွေးငယ်သည် သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်၍ ကြည့်လျက်ရှိ၏။

အရက်ရောင်းသမားသည် နောက်ထပ် ဘီယာတစ်လုံး ယူကာ အဘိုးကြီး၏ ရှေ့သို့ ချပေးပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းမှ မပြော။ တစ်ယောက်ကိုတစ်ယောက် ကြည့်ပင်မကြည့်။ သို့သော်လည်း နှစ်ဦးသား၏ အကြားတွင် နားလည်မှုကတော့ ရှိနေပြီ။

၃၇လမ်းဘက် အပေါက်မှ လူတစ်ယောက် ဝင်လာပြီး အရက်တစ်ခွက် မှာသည်။ အသက်သုံးဆယ့်ငါးနှစ်၊ နှုတ်ခမ်းမွေးကို သပ်သပ်ရပ်ရပ် ညှပ်ထားသည်။ သူ့မျက်နှာကို အရက်ရောင်းသမားက ကောင်းစွာ မကျက်မိ။ အရက်ရောင်းသမားက နှစ်ကိုယ်ကြားလေသံဖြင့် ခပ်တိုးတိုး မေးသည်။

"ဟိုလမ်းပေါ်က ရပ်စောင့်နေတဲ့ ကလေးဟာ ခင်ဗျားရဲ့သားလား"

သူ့ပါးစပ်နှင့် ဖန်ခွက်တွေ့မိကာမှ အရက်ရောင်းသမား၏ မေးခွန်းကြောင့် အာရုံပြောင်းသွားပြီး အရက်ရောင်းသမားကို တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် ဖန်ခွက်ထဲမှ အရက်ကို ကပျာကယာ မော့လိုက်ကာ ကသောကမျော မျိုချသည်။

သူ့မျက်လုံးများသည် လမ်းမပေါ်မှ သူငယ်ဆီသို့ ရောက်သွားသည်။ နောက်ဆုံးတွင် သူ့မျက်နှာသည် အရက်ရောင်းသမားဘက် ပြန်လှည့်လာပြီး ခေါင်းခါသည်။ နောက်ထပ် တစ်ခွက်မှာပြီး သောက်သည်။ ထို့နောက် ဆိုင်ထဲမှ ပြန်ထွက်သွားသည်။ သူသည် သူငယ်၏ ရှေ့မှဖြတ်၍ လျှောက်သွားသော်လည်း သူငယ်ကို လှည့်၍ပင် ကြည့်ဖော်မရ။

အရက်ရောင်းသမား ဒါနပြုထားသည့် ဒုတိယမြောက် ဘီယာပုလင်း ကုန်သောအခါ အဘိုးကြီးသည် သူ့ကုလားထိုင်တွင် ငိုက်မျဉ်းစပြုသည်။ ခွေးငယ်ပိုင်ရှင် အမျိုးသမီးကလည်း အရက်ရောင်းသမားအား သူ့ခွေးအကြောင်း ပြောစပြုသည်။

"ကျွန်မ ကစ်ပီကို ငယ်ငယ်လေးကတည်းက မွေးလာတာ" ဟု အမျိုးသမီးက ပြောသည်။ "ကျွန်မတို့ ဘယ်တော့မှ မခွဲဘူး။ အမြဲတမ်း သွားအတူ လာအတူပဲ"

မာတိကာသို့ ▶▶

ဆယ့်နှစ်နာရီ ဆယ့်ငါးခန့်တွင် ဝတ်ကောင်းစားလှနှင့် အသက်သုံးဆယ်အောက် လူရွယ်တစ်ယောက် ဝင်လာပြီး ရော်နီဝါကား ဘလက်လေဘယ်လ်အရက် ရမရ မေးသည်။ သို့သော်လည်း ချက်ချင်းပင် ရက်လေဘယ်လ် အရက်ကို ပြောင်းမှာသည်။ ပြီးတော့မှ "တယ်လီဗေးရှင်း မရှိဘူးလား" ဟု မေးသည်။

"ကျွန်တော်တို့ဆိုင်မှာ တယ်လီဗေးရှင်း မထားဘူးဗျ"

"မထားဘူး ဟုတ်လား" ဟု ထိုလူက ရေရွတ်သည်။ "ဒီဆိုင်က ဘယ်လိုဆိုင်မျိုးလဲဗျ" နယူးယောက်မြို့တော်မှာ တယ်လီဗေးရှင်း မထားတော့ အရက်လာသောက်တဲ့လူတွေ ဘာကြည့်ကြသလဲ"

"ကျွန်တော်တို့မှာ ဓာတ်စက်ပဲရှိတယ်"

"ဒါဆိုလည်း ရပါတယ်လေ" ဟု ထိုလူက ပြောသည်။

"ဒါပဲရှိတယ်ဆိုတော့လည်း ဒါကိုပဲ သုံးရတော့မှာပေါ့။ ခင်ဗျားတို့ ဘာသီချင်း နားထောင်ကြမလဲ"

"ခင်ဗျားကြိုက်တာရွေးပါ"

ထိုလူသည် စက်ထဲ၌ တန်းစီ၍ ထည့်ထားသည့် ဓာတ်ပြားများပေါ်မှ သီချင်းအမည်များကို လျှောက်ဖတ်သည်။ "အင်နီဝွမ်မင်းရဲ့ ဂျင်ဂဲလ်ဘဲလ် သီချင်းရွေးလိုက်မယ်၊ ကြိုက်ကြလား" ဟု ပြောပြန်သည်။

"ကြိုက်တာသာ လုပ်ပါ" ဟု အရက်ရောင်းသမားက လှမ်းပြောသည်။

မာတိကာသို့ ▶▶

ထိုလူငယ်သည် လက်ထဲမှ အကြွေတစ်စေ့ကို စက်ထဲသို့ ထည့်လိုက်ပြီး ကောင်တာရှေ့မှ ခြေတံရှည်ခုံတွင် ဝင်ထိုင်သည်။ အရက်ရောင်းသမားက ရက်လေဘယ်လ် နောက်တစ်ခွက် ထပ်ထည့်ပေးသည်။ စက်၏ လှုပ်ရှားသံ၊ ပြီးတော့ သီချင်းသံ။

"ဟာ… ဂျင်ဂဲလ်ဘဲလ် သီချင်းလည်း မဟုတ်ဘူး"

"ခင်ဗျား နံပါတ်မှားပြီး နှိပ်လာတာကို"

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ ကိစ္စတော့မရှိပါဘူး။ ဒီနံပါတ် လည်း သိပ်မဆိုးပါဘူး"

ဒေါ်နယ် ဆိုင်ထဲသို့ ဝင်လာပြန်သည်။ သီချင်းသံက ဆူညံနေသဖြင့် စကားပြော၍မရ။ အကယ်၍ ပြောပြန်လျှင် လည်း တအားအော်ပြောမှ။ ထို့ကြောင့် အရက်ရောင်းသမား သည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ဒေါ်နယ်၏ လက်ကို ဆွဲကာ ဆိုင်ပြင်သို့ ထုတ်လာပြီး လမ်းထောင့်သို့ ပြန်ပို့သည်။

"ကျွန်တော့်အဖေကော" ဟု ဒေါ်နယ်အီးဖောက မေးသည်။

"သူ အခုပဲ ရောက်လာလိမ့်မယ်။ မင်း ဒီနေရာက စောင့်နေ"

ဤသို့ဖြင့် မွန်းလွဲနှစ်နာရီအချိန်သို့ ရောက်လာသည်။ ဆီးနှင်းများသည် တဖွဲဖွဲ ကျစပြုလေပြီ။ အရက်ရောင်းသမား သည် အလုပ်ပါးသည့် အချိန်ကလေးကို အရယူကာ အပြင်သို့ ထွက်၍ ဒေါ်နယ်ကို ဆိုင်ထဲသို့ ခေါ်သွင်းလာသည်။ သူသည် မီးဖိုခန်းဘက်သို့ ကသုတ်ကရက်ပြေးကာ ဒေါ်နယ်အတွက် စားစရာများယူသည်။ ဒေါ်နယ်ကို လူအများမမြင်အောင်

ကောင်တာနောက်ရှိ သေတ္တာအခွံ တစ်လုံးပေါ်၌ ထိုင်ခိုင်းသည်။ သူ ယူလာသည့် အစားအသောက်များကို အခြား သေတ္တာခွံ တစ်လုံးပေါ်၌ တင်၍ကျွေးသည်။

အစားစားပြီးသောအခါ ဒေါ်နယ်သည် ငိုက်စပြုလာသည်။ ထိုအခါကျပြန်တော့လည်း အရက်ရောင်းသမားခများ ကြည့်မနေရက်။ ဘီယာပုလင်းများ ထည့်သည့် ကတ်ဘူး အလွတ်များကို ဖြန့်ကာ တစ်ခုနှင့်တစ်ခု ဆက်ခင်းသည်။ သူ့ကုတ်အင်္ကျီ ကို အပေါ်မှ ဖြန့်ခင်းသည်။ အဝတ်ဟောင်းများ ထည့်သည့် အိတ်ထဲမှ ခါးစည်းအဝတ်ဟောင်း သုံးထည်ကို ထုတ်၍ ကုတ်အင်္ကျီပေါ်မှ ဖြန့်ခင်းသည်။ ထိုအိပ်ရာပေါ်တွင် ဒေါ်နယ်ကို ချသိပ်ပြီး သူ့အနွေးထည် အင်္ကျီရှည်ကြီးကို စောင်လုပ်၍ ခြုံပေးသည်။ ဆိုင်ထဲခေါ်လာချိန်မှစ၍ ယခု အချိန်အထိ အရက်ရောင်းသမားနှင့် ဒေါ်နယ်တို့သည် တစ်ယောက်နှင့် တစ်ယောက် စကားတစ်ခွန်းမှပင် မပြောမိကြပေ။ ဒေါ်နယ်သည် အိပ်ရာပေါ်၌ လှဲ၍ အိပ်လိုက်သည်။ သူ့မျက်နှာတွင် အပြုံးရိပ်သန်းလာသည်။ ထိုအပြုံးရိပ်နှင့်အတူ မျက်ရည်များ ကျလာလေသည်။

အယ်လ်ဂေးလားနှင့် အမျိုးသမီး အပါအဝင် မနက်ခင်း အသောက်သမားအားလုံး ပြန်ကုန်ကြလေပြီ။ ဒေါ်နယ် အိပ်မောကျနေစဉ် အတွင်းမှာပင် ဆိုင်တွင်းရှိ ဖောက်သည်များ အခြေအနေသည် ပြောင်းလဲသွားသည်။

ဒေါ်နယ် အိပ်ပျော်နေရာမှ လန့်နိုးပြီး ထထိုင်လိုက်သည့် အချိန်တွင် ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ်မျှသာ လိုတော့၏။

မာတိကာသို့ ▶▶

ချက်ချင်းလိုလိုပင် အရက်ရောင်းသမားကို သတိရသည်။ သို့သော်လည်း နှစ်ယောက်စလုံး စကားမပြောဖြစ်။

သူသည် အိပ်ရာထက်မှဆင်းသည်။

အပြင်ဘက်တွင် အမှောင်ရိပ်များ ကျလျက်ရှိလေပြီ။ ဆီးနှင်းများကလည်း အဆက်မပြတ်ကျလျက် ရှိ၏။ ဒေါ်နယ်သည် တဖွဲဖွဲကျနေသော ဆီးနှင်းများဆီသို့ ငေးမောလျက်ရှိသည်။ ထို့နောက် အရက်ရောင်းသမားဘက်သို့ လှည့်၍ မော့ကြည့်သည်။

"ကျွန်တော့်အဖေ မပြန်လာသေးဘူးလား" ဟု မေးသည်။

"အခုအချိန်ထိတော့မလာသေးဘူးကွ" ဟု အရက်ရောင်းသမားက ဖြေသည်။ သူသည် ဒေါ်နယ်၏ရှေ့တွင် ဒူးထောက်၍ ထိုင်ချလိုက်၏။

"ငါ့အလုပ် မကြာခင် ပြီးတော့မယ်၊ မင်းလမ်းသိရင် ငါ မင်းကို အိမ်အထိ လိုက်ပို့ပေးမယ်"

"ကျွန်တော့်အဖေ ပြန်မလာတော့ဘူးလား"

"အေး . . . မလာတော့ဘူး။ သူထားခဲ့တဲ့နေရာကို မေ့သွားလို့ ဖြစ်ချင်ဖြစ်မယ်"

"သူ ဒီနေရာမှာထားခဲ့တာပဲ" ဟု ဒေါ်နယ်က ပြောသည်။

"ဒီဆိုင်ရှေ့တည့်တည့်မှာ ထားခဲ့တာ"

"ငါ သိပါတယ်"

ညပိုင်းတာဝန်ကျ အရက်ရောင်းသမားသည် အဖြူရောင် ဝတ်စုံဖြင့် မီးဖိုခန်းထဲမှ ထွက်လာသည်။ သူသည် ဒေါ်နယ်ကို သတိပြုလိုက်မိသည်။

မာတိကာသို့ ▶▶

"ဒီချာတိတ်က ဘယ်သူလဲ။ ခင်ဗျားသားလား"

"အင်း" ဟု အရက်ရောင်းသမားက ဖြေသည်။ သူ့အနေဖြင့် ကြုံခဲ့ရသည့်အဖြစ်ကို မပြောချင်။

"သူ့အနွေးထည်ကြီးက ဘယ်ကများရလာတာလဲ"

ဒေါ်နယ်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ကာ ကြမ်းပြင်ကို ငေးကြည့်နေသည်။

"ငါ့ အနွေးထည်အဟောင်းကို ယူဝတ်လာတာပါကွာ။ သူ့မှာ အနွေးထည်ရှိလျက်သားနဲ့ ဒီအဟောင်းကြီးကိုမှ ဝတ်ရတယ် ဖြစ်နေလို့"

ဒေါ်နယ်က အရက်ရောင်းသမား၏ မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။ သူ့မျက်လုံးများသည် အံ့သြခြင်းကို ဖော်ပြလျက်ရှိ၏။

"ဟုတ်တယ်၊ ကလေးတွေဟာ ဒီအတိုင်းချည်းပဲ" ဟု ညတာဝန်ကျက ပြန်ပြောသည်။

"ဒီကောင်တွေက လူကြီးကိုက် သိပ်ဖမ်းချင်တာ"

"အင်း...ဟုတ်တယ်"

နေ့တာဝန်ကျ အရောင်းသမားသည် သူ့ခါးမှ အဖြူရောင် အင်္ကျီကိုချွတ်၍ အနွေးထည်နှင့် လဲဝတ်ပြီး ဒေါ်နယ်၏ လက်တစ်ဖက်ကို လှမ်းဆွဲသည်။

"မင်္ဂလာပါ" ဟု သူ့မိတ်ဆွေကို လှမ်းနှုတ်ဆက်ပြီး နှစ်ယောက်သား ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ လမ်းမကြီး သုံးလမ်းကို ကျော်ဖြတ်မိချိန်အထိ စကားမပြော၊ နှစ်ယောက်သား ငြိမ်ဆိတ်စွာ လျှောက်လာကြသည်။ ထို့နောက် လမ်းဘေး

ရှိ စတိုးဆိုင်တစ်ဆိုင် အတွင်းသို့ဝင်ကာ ကောင်တာရှေ့၌ ထိုင်သည်။

"ချောကလက်စားမလား၊ သစ်ခွရည်သောက်မလား"

"ကျွန်တော် မပြောတတ်ဘူး"

"ချောကလက်တစ်ခု၊ သစ်ခွရည်တစ်ပုလင်း" ဟု အရက်ရောင်းသမားက မှာသည်။ အရက်ရောင်းသမားက သစ်ခွရည်သောက်၍ ဒေါ်နယ်က ချောကလက် စားသည်။ စားသောက်ပြီးသောအခါ အဆက်မပြတ် ကျနေသော ဆီးနှင်းများကြားတွင် ဆက်လျှောက်ကြပြန်သည်။

"မင်းနေတဲ့နေရာကို မမှတ်မိဘူးလားကွာ။ စဉ်းစားစမ်းပါဦး၊ စဉ်းစားလို့ မရတော့ဘူးလား"

"ကျွန်တော် မမှတ်မိတော့ဘူး"

အရက်ရောင်းသမားသည် ဆီးနှင်းများအောက်တွင် ရပ်ကာစဉ်းစားချိန်ဆလျက် ရှိသည်။ သူဘာလုပ်ရပါမည်နည်း။ အခုလို လျှောက်သွားနေ၍တော့ ဖြစ်မည်မဟုတ်။ အချိန်ကုန် လူပန်းရုံသာ ရှိပေတော့မည်။

"ကဲ... ဒီလိုလုပ်ကြစို့" ဟု ရေရွတ်လိုက်သည်။ "မင်း... ကနေ့ည တစ်ည ငါ့ကလေးတွေနဲ့ အတူတူအိပ်မလား၊ ငါ့မှာ သားနှစ်ယောက်နဲ့ သမီးလေးတစ်ယောက် ရှိတယ်။ မင်းအတွက် အိပ်စရာနေရာတစ်ခု လုပ်ပေးမယ်၊ မနက်ဖြန်ကျတော့ မင့်အဖေ လာပြီး မင့်ကိုခေါ်မှာပါ"

"အဖေက လာခေါ်မှာလား"

"ခေါ်မှာပေါ့ကွာ"

မာတိကာသို့ ▶▶

သူတို့နှစ်ယောက် ဆက်၍လျှောက်ကြသည်။ ဒေါ်နယ်၏ တီးတိုးငိုရှိုက်သံကို အရက်ရောင်းသမား ကြားသည်။ သို့သော်လည်း အငိုတိတ်အောင် ချော့ဖို့ မကြိုးစား။ ကြိုးစား၍လည်း ရမည်မဟုတ်ဟု သူ နားလည်ထားသည်။ ဒေါ်နယ်အနေဖြင့်လည်း ငိုသာငိုသည်၊ အရက်ရောင်းသမားကို စွန့်ခွာသွားဖို့ စိတ်မကူး။ သူ့မိတ်ဆွေခေါ်ရာ နောက်သို့ တကောက်ကောက် လိုက်လာသည်။ သူသည် လူစိမ်းများအကြောင်းကိုလည်း ကြားခဲ့ရဖူးသည်။ ရန်သူများ အကြောင်းကိုလည်း ကြားခဲ့ဖူးသည်။ ထိုနှစ်မျိုးစလုံးသည် အတူတူပင်ဖြစ်သည်ဟု သူ ယုံကြည်ထားသည်။ သို့သော်လည်း အခု သူ တွေ့နေရသူမှာ လူစိမ်းတစ်ယောက်လည်းမဟုတ်။ ရန်သူတစ်ယောက်လည်း မဟုတ်သော လူတစ်ယောက်။ စိတ်တိုစိတ်ဆိုးလျက်ရှိသော သူ့အဖေ သူ့အနီး၌ မရှိခြင်းသည် သူ့အတွက် ကြောက်စရာကောင်းလောက်အောင်ပင် အထီးကျန်နိုင်လှချေသည်။

သူတို့နှစ်ယောက် ဆီးနှင်းခဲများ ဖုံးအုပ်နေသည့် လှေကားထစ်များအတိုင်း တက်လာကြသည်။

"ဒီဟာ ငါတို့နေတဲ့ နေရာပဲ။ တို့နှစ်ယောက် ညစာပူပူနွေးနွေး စားကြမယ်။ ပြီးရင် မင်း အိပ်ရမယ်။ မနက်ဖြန်ခါ မင်းအဖေ မင့်ကို လာခေါ်ချိန်အထိပေါ့ကွာ" ဟု သူ့မိတ်ဆွေက လေသံခပ်အေးအေးဖြင့် ပြောသည်။

"ဖေဖေ ဘယ်အချိန်လာမှာလဲ" ဟု သူက ပြန်မေးသည်။

"မနက်ခင်းပေါ့" ဟု သူ့မိတ်ဆွေက ဖြေသည်။

သူတို့နှစ်ယောက် အိပ်ခန်းအတွင်းရှိ မီးရောင်အောက်သို့ ရောက်သွားကြသည်။ ဒေါ်နယ် အငိုတိတ်သွားသည်ကို အရက်ရောင်းသမားက သတိထားလိုက်မိသည်။ ဤသူငယ် စောစောက ငိုကြွေးခြင်းသည် ရှေ့ဆက်၍ လျှောက်ရဦးမည့် သူ့ဘဝခရီးအတွက် နောက်ဆုံး ငိုကြွေးခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

*

The Third Day After Christmas
William Saroyan



မာတိကာသို့ ▶▶

ချားလ်စ်လူဝီဖိလစ်ပီ

ဤဝတ္ထုသည် ပြင်သစ်စာရေးဆရာ ချားလ်စ်လူဝီ ဖိလစ်ပီ (Charles Lowis Philippe) ၏ ဝတ္ထုဖြစ်သည်။ ပြင်သစ်ဘာသာဖြင့် La Charite ဖြစ်၍ အင်္ဂလိပ်ဘာသာဖြင့် Charity ဟု အမည်ပေးထားလေသည်။

မာတိကာသို့ ▸▸

ဒါန

သူတို့က သူ့ကို အဘိုးကြီးဘာလ်သာဇာဟု ခေါ်ကြသည်။ အဘိုးကြီးဘာလ်သာဇာ၏ မျက်နှာသည် ထူထပ် များပြားစွာ ပေါက်ရောက်လျက်ရှိသော မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးများ အောက်တွင် ပုန်းကွယ်လျက်ရှိ၏။ ထို့ကြောင့်လည်း သူ့မျက်နှာ ထားနှင့် တူသည်ကို ပြောရခက်လှသည်။ သူ့နှာခေါင်းကိုတော့ ပီပီပြင်ပြင် မြင်ကြရပါ၏။ သို့သော်လည်း ထိုနှာခေါင်းပေါ်မှာ ပင်လျှင် အမွေးအမျှင်များ ပေါက်လျက်ရှိပြန်သည်။ ဓမ္မတာ တရားကို ဆန့်ကျင်ပြီး ပေါက်နေကြသော ဤအမွေးအမျှင် များသည် ကြောက်စဖွယ် ကောင်းလှချေသည်။ မျက်လုံးများ ကိုပင် ချမ်းသာမပေးဘဲ ဖုံးအုပ်လျက်ရှိနေသည်မှာ မြင်ရသူ များအတွက် အလွန် အထူးအံ့ဩဖို့ကောင်းသည့် အချက် တစ်ချက် ဖြစ်နေသည်။ အဘိုးကြီး ဘာလ်သာဇာသည် ဦးထုပ် အပျော့အပေါင်းကြီး တစ်လုံးကို သူ့နားရွက်များဖုံးအောင် ဆွဲချပြီး ဆောင်းထားလေ့ရှိသည်။ သူလုပ်ထားပုံသည် သူ့ခေါင်း

မာတိကာသို့ ▶▶

ထက်ရှိ အမွေးအမျှင်များ လွတ်ရာ အစိတ်အပိုင်းများကိုပင် လူအများ မမြင်နိုင်အောင် တမင်တကာ ဖုံးကွယ်ထားသလို ဖြစ်လျက် ရှိလေသည်။ ထို့ထက်ပို၍ ဆိုးသည်မှာ ကံကြမ္မာက သူ့မုတ်ဆိတ်မွေးများကို အနီရောင်ဖြစ်အောင် ဖန်တီးပေးထားခြင်းဖြစ်၏ ။ ထိုခေတ်က မုတ်ဆိတ်မွေးထူသူများအား အလွန်လျှို့ဝှက်တတ်သည့် လူစားများဟု ယူဆကာ အပေါင်းအသင်း လုပ်လိုသူနည်းသည်။ အထူးသဖြင့် မုတ်ဆိတ်မွေး အနီရောင်ရှိသူတို့ကို လူဆိုးဟုပင် သတ်မှတ်ထားကြလေသည်။

အဘိုးကြီး ဘာလ်သာဇာသည် သူ့ကျောပေါ်တွင် အနက်ရောင် သစ်သားသေတ္တာကြီးတစ်လုံးကို ပိုးကာ တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်သွားလေ့ရှိ၏ ။ သူ့အလုပ်မှာ ရွာစဉ်ကျင်လည်၍ စာရေးစက္ကူများ ရောင်းခြင်းဖြစ်သည်။ သူ့ကို မည်သူကမှ တရင်းတနှီး ဆက်ဆံခြင်း မပြုကြချေ။ သူ့ထံမှ စက္ကူဝယ်သူများသည် သူ့ကို ခင်မင်၍၊ သနား၍ ဝယ်ကြခြင်း မဟုတ်။ စက္ကူအသုံးလို၍သာ ဝယ်ကြခြင်းဖြစ်၏။ ရွာထဲရှိ စတိုးဆိုင်ထက် သူ့ဆီက ပိုဈေးသက်သာ၍သာ ဝယ်ကြခြင်း ဖြစ်၏ ။

နွေရာသီ၏ အပူပြင်းဆုံးသော နေ့တစ်နေ့တွင် ဘာလ်သာဇာသည် ထုံးစံအတိုင်း တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်သွားလာရင်း မြို့ငယ်လေးတစ်မြို့ရှိ မဒမ်လီယွန်ဆိုသော အမျိုးသမီးကြီးတစ်ဦး အိမ်သို့ ရောက်လာသည်။ မဒမ်လီယွန်သည် သဘောအလွန်ကောင်းသူတစ်ဦး ဖြစ်၏ ။ သူ့တွင် ပြောစရာ အပြစ်ဆို၍ တစ်ခုသာရှိသည်။ တခြားတော့ မဟုတ်။ စကား

အလွန်များခြင်းဖြစ်သည်။ မဒမ်လီယွန်သည်ဘုရားရှိခိုးကျောင်းကိုလည်း ဝတ်မပျက် သွားတတ်သူဖြစ်၏။ ဘုရားရှိခိုးကျောင်းရောက်ပြီဆိုပါကလည်း တွေ့သမျှ လူများအား စကားအမျှင်မပြတ်အောင် ပြောလေ့ရှိသည်။ တစ်ဖက်သားအပေါ်၌ အလွန်သည်းခံ ခွင့်လွှတ်တတ်သော သင်းအုပ်ဘုန်းတော်ကြီး မွန်ဒီယာဘဲလ်ဂေါဒ်သည်ပင်လျှင် သူ့စကားပြောနေသည်ကို ကြည့်ပြီး "နားထောင်နေတဲ့သူတွေ ငြီးငွေ့ပြီး စိတ်မောလူမော ဖြစ်ကုန်ပြီ မဒမ်" ဟု လှမ်း၍ သတိပေးတတ်လေသည်။

မဒမ်လီယွန်၏ အိမ်ထဲသို့ရောက်လာသော အဘိုးကြီးဘာလ်သာဇာသည် သူ့ခေါင်းမှ ဦးထုပ်ကိုချွတ်လိုက်သည်။ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ ရှိသေသမှုဖြင့် ချွတ်ခြင်းမဟုတ်။ မခံမရပ်နိုင်လောက်အောင် ခေါင်းပူလွန်း၍ ချွတ်ခြင်းဖြစ်သည်။ သူသည် နဖူးမှချွေးများကို သုတ်လျက်ရှိ၏။ မဒမ်လီယွန်ဒီကတော့ အဘိုးကြီးဘာလ်သာဇာ၏ ထိပ်ပြောင်ကြီးကို ကြည့်ကာ အံ့အားသင့်လျက် ရှိလေသည်။ ပထမတော့ သူသည် "ရှင့် ခေါင်းမှာကျတော့လည်း မုတ်ဆိတ်မွေးမပြောနဲ့၊ ဆံပင်မွေးတောင် တစ်ပင်မှ မရှိပါကလား" ဟူသော စကားဖြင့် ပြောင်လိုက်နောက်လိုက်ရန် စိတ်ကူးမိသေးသည်။ သို့သော်လည်း သူသည် ထိုစိတ်ကူးအတိုင်း မလုပ်မဖြစ်တော့ပေ။ အခုလို ထိပ်ပြောင်နေ၍သာ လူတစ်ယောက်နှင့် တူတော့သည်ဟူသော အတွေးဝင်လာသည်။ ဘာပဲဖြစ်ဖြစ် အခုလိုဆိုတော့လည်း အဘိုးကြီးဘာလ်သာဇာသည် ဝက်ဝံတစ်ကောင်မဟုတ်။ လူသားတစ်ယောက်ပင် ဖြစ်သည်မဟုတ်ပါလား။

မာတိကာသို့ ▶▶

ထို့နောက် အံ့သြခြင်း ပြေပျောက်သွားသော မဒမ်လီယွန်ဒီသည် အဘိုးကြီးကို စကားစမြည် ဆက်ပြောဖို့ သတိရလာလေသည်။

အဘိုးကြီးကလည်း စကားပြန်ပြောသည်။ ပါးစပ်ပေါက်ဟု ခန့်မှန်းရသောနေရာမှ မုတ်ဆိတ်မွေးများသည် ဟဟ သွားပြီး စကားလုံးများ ထွက်လာသည်။

"သိပ်ပူတယ်" ဟု အဘိုးကြီးကဆိုသည်။ ၁၈၂၄ ခုနှစ်တွင် မွေးခဲ့သဖြင့် သူ့အသက်မှာ ခြောက်ဆယ့်ခုနစ်နှစ် ရှိပြီ ဟုလည်း ပြောသည်။ ပြီးတော့ မဒမ်လီယွန်ဒီ၏ အသက်မှာ သူနှင့် သက်တူရွယ်တူလောက်ပင် ရှိမည်ဟု သူ ထင်ကြောင်း။ တခြား ထူးထူးခြားခြား ပြောစရာ ဘာများရှိသေးပါလိမ့်...။ ဪ... သူ့စက္ကူတွေ များများစားစား မရောင်းရဘူး ဆိုပါကလား။ တစ်နေ့ကို အမြတ်ဆယ့်ငါးဆော(ရှေးခေတ် ပြင်သစ်နိုင်ငံသုံး ကြေးပြား)လောက်ရရင်ပဲ ကံကောင်းတယ်လို့ ပြောနိုင်တယ်တဲ့။ ဒီလိုဆိုတော့လည်း သနားစရာပဲ။ ဒီလောက်ပူတဲ့ ရာသီဥတုထဲမှာ ခုလိုလျှောက်သွားနေရတာ သူ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာမလဲဟု မဒမ်လီယွန်ဒီက တွေးသည်။ နောက်ဆုံးတွင် အဘိုးကြီး ဘာလ်သာဇာထံမှ စက္ကူနှစ်ဆောဖိုးနှင့် စာအိတ်နှစ်ဆောဖိုး ဝယ်လိုက်လေသည်။

အဘိုးကြီးသည် သူ့လမ်းသူ ဆက်သွားသည်။ မြို့ကလေးထဲတွင် အိမ်ပေါက်စေ့ ဝင်သည်။ အပြန်ခရီးတွင် မဒမ်လီယွန်ဒီ၏ အိမ်တံခါးဝကို ဖြတ်သွားရပြန်၏။ ရာသီဥတုကလည်း စောစောကထက်ပင် တိုး၍ ပူပြင်းလျက်ရှိသည်။ မဒမ်လီယွန်ဒီ

မာတိကာသို့ ▶▶

မှာ အဘိုးကြီး၏အဖြစ်ကို မကြည့်ရက်။ အိမ်ထဲမှထွက်ပြီး အဘိုးကြီးကို ခေါ်ပြန်သည်။

"ကျွန်မ တစ်ခုပြောချင်တယ်၊ တစ်ဆိတ်နားထောင်ပါ။ ကျွန်မ တွေးမိတာ တစ်ခုရှိနေလို့ပါ။ ရှင်တို့ ကျွန်မတို့ အသက်အရွယ်မှာ ကောင်းတဲ့အလုပ်တွေကို လုပ်ရင် အင်မတန်စိတ်ချမ်းသာ ရလိမ့်မယ်လို့ ကျွန်မ ထင်မိပါတယ်။ အခု ကျွန်မ ဘာလုပ်ချင်နေတယ်ဆိုတာ ရှင် ခန့်မှန်းနိုင်ပါ့မလား။ ကဲ ရှင့်သေတ္တာထဲက ပစ္စည်းအားလုံး ဘယ်လောက်တန်သလဲ"

"ဒါဆိုရင် စက္ကူတွေရော၊ စာအိတ်တွေရော။ ပြီးတော့ ခဲတံတွေပါ အားလုံး အနည်းဆုံး ခြောက်ဖရန့်ဖိုးလောက်တော့ ရှိမယ်" ဟု အဘိုးကြီးက အဖြေပေးသည်။

"ကဲ ရော့၊ ဟောဒီမှာ ခြောက်ဖရန့်၊ ရှင့်ပစ္စည်းအားလုံးကို ကျွန်မ ဝယ်လိုက်မယ်။ ပြီးတော့ ကွန်ဗင့်ကျောင်းက ကလေးတွေကို ဝေငှပေးလိုက်မယ်"

အကယ်၍သာ ထိုပစ္စည်းများ ရောင်းပြီးချိန်က အဘိုးကြီး ဘာလ်သာဇာသည် တောပိုင်း၌ ရောက်နေပါမူ ပြဿနာပေါ်စရာမရှိ။ သူ့အနေဖြင့် အရိပ်တစ်ခုခုတွင် ဝင်ခိုကာ နားနားနေနေ နေလို့လည်းရမည်။ လုပ်စရာရှိသမျှကိုလည်း စိတ်အေးနားအေး စဉ်းစားချင့်ချိန်နိုင်မည်။ သို့သော်လည်း သူ အခုရောက်နေသည့် နေရာမှာ မြို့တစ်မြို့၏ အလယ်တွင်ဖြစ်ရာ သူ ခိုနားစရာ နေရာသည် ထမင်းဆိုင်မှတစ်ပါး အခြားမရှိ။

ထမင်းဆိုင်များအတွင်းသို့ ဝင်၍နားမည်ဆိုပါကလည်း တစ်ခုခုတော့ သောက်မှ၊ ဤသို့ဖြင့် ဘာလ်သာဇာသည် ဝိုင်တစ်ခွက် မှာသည်။

မာတိကာသို့ ▶▶

ထိုဝိုင်ကို သောက်မိသောအခါ အံ့အားသင့်လျက်ရှိ၏။ သူသည် ထမင်းဆိုင်ရှင်၏ မိန်းမကို ခေါ်၍မေးသည်။

"မင်း ငါ့ကိုပေးတာ ဘာလဲ"

'ဝိုင်' ဆိုင်ရှင်မိန်းမက အနည်းငယ် သဘောမကျသည့် မျက်နှာဖြင့် ဖြေသည်။

"ဟုတ်လား" ဟု သူက ရေရွတ်သည်။ "ဝိုင်အရသာ ဘယ်လိုရှိတယ်ဆိုတာတောင် ငါမေ့နေပါပကောလား။ ဒီလောက် အရသာရှိမှန်း ငါမသိတော့ဘူး"

သူသည် ဝိုင်ကို ဝမ်းသာအားရ သောက်သည်။ ဝိုင်ဖိုး မည်မျှအထိ ကျလိမ့်မည်ဟုပင် သူမတွက်မိ။ ဝိုင်ကိုသောက်၍ ဝသောအခါ ဗိုက်က ဆာလာသည်။ အစားတစ်ခုခု စားပါမှ ဖြစ်တော့မည့်အခြေသို့ ဆိုက်လာသည်။ အချိန်ကလည်း နောက် မကျသေး၊ ဆာကလည်းဆာတုန်း။ သူ့ခေါင်းထဲသို့ အသိ တစ်ခု ဖျတ်ခနဲ ဝင်လာသည်။

"ငါ တစ်ခုသိပါရစေ" ဟု သူက စကားပလ္လင်ခံသည်။ "ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဆိုပါတော့။ ငါ သစ်ခုတ် သမား ဘဝတုန်းက ငါတို့စားနေကျ ဒိန်ခဲတစ်မျိုးရှိတယ်။ 'ဘရိုင်း' လို့ခေါ်တယ်။ အဲဒီနာမည်ကို မင်းကြားဖူးသလား"

ကြားဖူးရုံမျှမက ဘရိုင်းဒိန်ခဲမှာ သူအမြဲတမ်း စားနေသည့် အစာပါဟု ဆိုင်ရှင်၏မိန်းမက ဖြေသည်။ "ဒီလိုဆိုရင်တော့ ဘရိုင်းဒိန်ခဲ လေးဆောဖိုးလောက် ယူခဲ့ပါဟယ်" ဟု ဘာလ်သာဇာက မှာသည်။

မာတိကာသို့ ▶▶

ဒိန်ခဲ ကုန်သွားသောအခါ ပေါင်မုန့်ချည်းသာ အမြဲ စားနေရသူများသည် အစာစားခြင်း၏ သုခကို မသိကြပါ တကား ဟူသော အတွေးသည် ဘာလ်သာဇာ၏ ခေါင်းထဲသို့ ဝင်လာပြန်သည်။ သူ့အနေဖြင့် ဝက်ပေါင်ခြောက်ကလေး ဘာလေး ဘာကြောင့် မစားဘဲ နေရမည်နည်း။ လက်ထဲတွင် ငွေစလည်း ရှိနေသေးသည် မဟုတ်ပါလား။

သူ မည်မျှလောက် ဆာလောင်မွတ်သိပ်နေပါသနည်း။ အစားကို များများစားလေ သူမည်မျှ ဆာလောင်နေသည်ကို သိလာလေ။ သူ့ဗိုက်ကသာလျှင် ဆာနေသည်မဟုတ်။ သူ့ တစ်ကိုယ်လုံးရှိ အင်္ဂါ အစိတ်အပိုင်းအားလုံးကလည်း အစားကို တောင်းခဲ့လျက် ရှိကြသည်။ တကယ်တော့ ဤအရာသည် သူ့ဘဝတစ်လျှောက်လုံး မရှိခဲ့သောအရာ ဖြစ်သည်။ အခုလို အခါအခွင့်ကောင်းချိန်တွင် အကောင်းဆုံးဖြစ်အောင် အသုံးချ လိုက်မည်။ သို့သော်လည်း စားရင်းစားရင်းနှင့် မောလာသဖြင့် ရပ်လိုက်ရလေ၏။

အစာဝလာသည့်အခါ မကောင်းသော အလေ့အထတစ်ခု သည် ပေါ်လာတတ်စမြဲဖြစ်၏။ လူတစ်ယောက်သည် မိမိ၏ အလိုဆန္ဒတစ်ခုကို ရသည့်အခါ တခြားဆန္ဒများကိုပါ ရယူလို စိတ် ရှိလာတတ်သည်။ အစာစားပြီးလျှင် ပြီးချင်း နေပူပူ အောက်၌ လျှောက်နေရသော ဘာလ်သာဇာသည် အရိပ်တစ်ခု အောက်တွင် ခို၍ နားချင်စိတ် ပြင်းစွာဖြစ်ပေါ်လျက်ရှိသည်။ လူတစ်ယောက်သည် သက်သောင့်သက်သာ ရှိလှသော ဘဝ

တစ်ခု၏ သာယာမှုများ ရှေ့မှောက်တွင် တစ်ကြိမ်မျှ ဒူးထောက် မိပြီဆိုပါက နောက်ထပ်တစ်ကြိမ် ဒူးထောက်ရစမြဲ ဖြစ်သည် မဟုတ်ပါလား။ ဤသို့ဖြင့် ဘာလ်သာဇာသည် ဝက်သစ်ချပင် တစ်ပင်အောက်သို့ ဝင်၍ လဲလျောင်းသည်။ ညနေစောင်းချိန် အထိ ထိုနေရာမှမထ၊ ဘာမှလည်းမလုပ်။

အမှန်တော့ ထိုအဖြစ်သည် အစပျိုးခြင်းဖြစ်သည်။ နောက်တစ်ရက်ကျတော့ ထိုအဖြစ်သည် ထပ်မံ၍ ဖြစ်လာပြန် သည်။ နောက်တစ်ရက်ကျပြန်တော့လည်း ထိုအတိုင်းပင် ဖြစ်လာပြန်သည်။ သူ့အနေဖြင့် မစားဘဲကို မနေနိုင်၊ စားသောက်ပြီးတော့လည်း ထမင်းဆိုင်မှထွက်ကာ လယ်ကွက် များအတွင်း၌ အိပ်သည်။ သို့သော်လည်း မဒမ်လီယွန်ဒီ၏ ခြောက်ဖရန့်သည် တာရှည်ခံသည်မဟုတ်၊ ပစ္စည်းများကို ပြန် ဝယ်ပြီး ပြန်ရောင်းမည်ဟူသော အသိတရား ဝင်လာချိန်တွင် သူ့လက်တွင်း၌ ငွေတစ်ပြားတစ်ချပ်မှ မကျန်တော့ချေ။

သူ အကြီးအကျယ် ဒေါသဖြစ်သည်။ အလွန်ဆိုးရွား ယုတ်မာသော လေအိုးမကြီးသည် သူ့ကို ဒုက္ခဖြစ်အောင် လုပ်လွှတ်လိုက်သည်။ အဘိုးကြီးတစ်ယောက် သူ့ဘာသာသူ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင် စားသောက်နေသည်ကို ထောက်ထားစာနာခြင်းမရှိ။ သူ့ပစ္စည်းအားလုံးကို သိမ်းကျုံး၍ ဝယ်ထားလိုက်၏။ ဘာရှည်ရှယ်ချက်နှင့် အခုလို ယူထားလိုက် ရသနည်း။ ဒီမိန်းမလုပ်ပုံမှာ သူ့ပါးစပ်ထဲမှ ပေါင်မုန့်ကို ဖွတ်အစမ္ဘ လုယူသည်နှင့်တူသည်။ သို့သော်လည်း ဆင်းရဲသား

များသည် သူတို့လို ချမ်းသာသူများ၏ ထောင်ချောက်ထဲသို့ အကျခံသည်အထိတော့ မအသေး။ မရူးသေး၊ မမိုက်သေး။

သူသည် မဒမ်လီယွန်ဒီထံ ပြန်သွားသည်။ ဒီမိန်းမနှင့် အငြင်းအခုံ လုပ်နေ၍မဖြစ်။ သူ့စကားကို ငါ နားထောင်နေ၍လည်း မဖြစ်။ ဤမျှလောက်ငွေသည် သူလိုမိန်းမတစ်ယောက်အဖို့ အရေးလုပ်စရာမဟုတ် ၊စသည်ဖြင့် တစ်လမ်းလုံး တွေးသွားသည်။

"ခင်ဗျားလို မိန်းမစားမျိုးတွေအနေနဲ့ ငွေကို ဘယ်လိုရလာသလဲဆိုတာ ကျုပ်ကို ပြောပြနေဖို့ မလိုပါဘူး" ဟု ဘာလ်သာဇာက ရန်စကားဆိုသည်။

မဒမ်လီယွန်ဒီခမျာ သနားစရာ၊ သူ့မိဘများထံမှ အမွေရလိုက်သဖြင့် သူ့မှာ ငွေကြေးချောင်လည်ခဲ့ရခြင်း ဖြစ်၏။ သူ့ခမျာ အိမ်ထောင်သည်လည်း မဟုတ်။ အားကိုးစရာယောကျ်ားသနာလည်း မရှိ။ ထိုခေတ်က ယောကျ်ားများသည် ပစ္စည်းချမ်းသာသော မိန်းမကိုမှရွေး၍ လက်ထပ်ကြသောခေတ်ဖြစ်ရာ သူ့မှာယောကျ်ားရဖို့ အခွင့်အလမ်း ပွင့်ခဲ့သည် မဟုတ်။ ဘာပဲဖြစ်ဖြစ် အခုလိုဆိုလျှင် သူ့လက်ထဲ၌ ငွေကြေးဥစ္စာများများစားစား မကျန်တော့။ သူသည် အဘိုးကြီးကို ကြည့်ကာ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့လျက် ရှိသည်။

ဘာလ်သာဇာ၏ စက္ကူများ၊ စာအိတ်များနှင့် ခဲတံများကို အားလုံး ပြန်ပေးသည်။ မျက်နှာကိုမှ မမြင်နိုင်လောက်အောင် မှတ်ဆိတ်မွေး၊ ပသိုင်းမွေးများ ထူထပ် များပြားစွာ ပေါက်သူများ အပေါ်၌ လူအများက မယုံကြည်ကြခြင်းမှာ မည်မျှမှန်ပါ

မာတိကာသို့ ▶▶

သနည်း။ အထူးသဖြင့် မုတ်ဆိတ်မွေးများသည် အနီရောင် ဖြစ်ခဲ့ပါမူကား။

*

Charity
By Charles-Louis Philippe;

မာတိကာသို့ ▶▶

မာတိကာသို့ ▶▶

ဗလာဒီမာကိုရိုလင်ကို
(၁၈၅၃–၁၉၂၁)

ကိုရိုလင်ကိုသည် ကိုယ့်အရပ်၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံအတွင်း၌ အချိန်ကြာကြာ နေခဲ့ရသူမဟုတ်။ ပြည်နှင်ဒဏ်ခံထားရသဖြင့် ဘဝတစ်လျှောက်လုံး နီးပါးမျှ နိုင်ငံရပ်ခြားတိုင်းတစ်ပါး၌သာ အချိန်ကုန်ခဲ့ရသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူ ရေးခဲ့သမျှ စာများသည် ဆိုက်ဘေးရီးယားပြည်အတွင်းမှ အဖြစ်အပျက်များနှင့် အကြောင်းအရာများအပေါ်အခြေခံသည်က များခြင်းဖြစ်၏။ အံ့သြဖွယ်ကောင်းသည်မှာ ပြည်နှင်ဒဏ်ကြောင့် ဘဝကိုနာကြည်းသော စိတ်မပေါ်ခဲ့ခြင်းဖြစ်သည်။ သူသည် ပြည်နှင်ဒဏ်ကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲလည်း မဖြစ်။ သူ့ပတ်ဝန်းကျင် လောကအပေါ်တွင် ခါးသီးရှရှသော စိတ်လည်းမပေါ်။ သို့သော်လည်း သူ့ဝတ္ထုများသည် များသောအားဖြင့် အလွမ်းရိပ် ဆွေးရိပ်ကလေးများ ရောယှက်သန်းနေတတ်သည်။ သူသည် သူ့ဝတ္ထုများကို ကိုယ်ချင်းစာနာသောစိတ်၊ ကရုဏာမကင်းသောစိတ်တို့ဖြင့် ရိုးရိုးအေးအေးကလေး ပြောပြတတ်သည်။ ဤဝတ္ထုတိုသည် သူ၏ အလွန်လှပသော ဝတ္ထုတိုများထဲမှ အလွန်လှပသော ဝတ္ထုတိုတစ်ပုဒ် ဖြစ်၏။

မာတိကာသို့ ▶▶

ခေါင်းလောင်းသံ

အမှောင်ထုသည် တဖြည်းဖြည်းချင်း တိုး၍တိုး၍ သိပ်သည်းလာလျက်ရှိ၏။

ထင်းရှူးတောအတွင်း ချောင်းကမ်းပါးဘေး၌ကပ်၍ ပြားပြားဝပ်လျက်ရှိသော ရွာငယ်သည် နွေဦးကာလ ကြယ်စုံသောည၏ မှုန်ဝါးဝါး အလင်းရောင်အောက်ဝယ် နစ်မြုပ်လျက်ရှိသည်။ မြေပြင်ထက်၌ လူးလိမ့်ပြေးသွားနေသော ဆီးနှင်းများသည် တောအုပ်၏ အမှောင်ထုကိုတိုး၍ နက်ရှိုင်းသွားအောင် ဖန်တီးပေးလျက်ရှိ၏။ ငွေရောင်သန်းနေသော မြူနှင်းများသည် ရှိရှိသမျှ လဟာလွင်ပြင်များကို ဖုံးလွှမ်း ပိတ်ဆို့ထားကြလေသည်။ အရာရာတိုင်းသည် တိတ်ဆိတ်လျက်ရှိ၏။ ထိုင်းမှိုင်းမိန်းမောလျက်ရှိ၏။ ပတ်ဝန်းကျင်သည် ကြေကွဲဝမ်းနည်းသောအသွင်၊ ညှိုးငယ်သောအသွင်ကို ဆောင်လျက်ရှိ၏။ ရွာငယ်သည် ထိုပတ်ဝန်းကျင်ကြားတွင် ငြိမ်သက်စွာ အိပ်မောကျလျက် ရှိလေ၏။

မာတိကာသို့ ▶▶

ကုပ်ကုပ်ရုပ်ရုပ် နိုင်လွန်းလှသော တဲစုတ်တဲပုတ်ကလေးများ၏ သဏ္ဌာန်ကိုမူ ပီပြင်စွာ မြင်နေရသည်။ ဟိုနေရာသည်နေရာမှ မီးရောင်များသည် ခပ်မှိန်မှိန် လင်းလျက်ရှိကြ၏။ မကြာခဏ ဆိုသလိုပင် ရွာဂိတ်တံခါးဖွင့်သံကိုလည်း ကြားရတတ်၏။ တစ်ခါတစ်ရံတွင်မူ တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းပြီး ခွေးတစ်ကောင်တလေ ဟောင်သံ ရုတ်တရက် ထွက်ပေါ်လာတတ်သည်။ ထို့နောက် ချက်ချင်းပင်ပြန်၍ ရပ်သွားတတ်လေသည်။ ရံဖန်ရံခါတွင်မူ တီးတိုးညည်းတွားလျက် ရှိသောတောအုပ် အမှောင်ထုအတွင်းမှ ထွက်လာသည့် ခြေလျင်သမားတစ်ယောက် သို့တည်းမဟုတ်၊ မြင်းစီးသမားတစ်ဦး သို့မဟုတ် တအိအိသွားနေသည့် လှည်းတစ်စီး ၎င်းတို့သည် တောအုပ်အတွင်းရှိ အထီးကျန်နိုင်လှသော ရွာသိမ်ရွာငယ်များမှ ရွာသူရွာသားများ ဖြစ်ကြ၏။ နွေဥတု၏ အားလပ်သောရက်တွင် ဘုရားဝတ်ပြုရန် ဘုရားရှိခိုးကျောင်းသို့ သွားနေကြခြင်း ပေတည်း။

ဘုရားရှိခိုးကျောင်းသည် ရွာလယ်ကုန်းမြင့်ပေါ်၌ တည်ရှိသည်။ အလွန်ရှေးကျသော ဘုရားရှိခိုးကျောင်း ဖြစ်၏။ ဘုရားရှိခိုးကျောင်း၏ မြင့်မားသော ခေါင်းလောင်းစင် အရိပ်မည်းမည်းကြီးသည် ပြာသောကောင်းကင်ဆီသို့ ထိုးတက်နေလေသည်။

ခေါင်းလောင်းထိုးသမား အဘိုးအိုမစ်ဟေး တစ်ယောက် ခေါင်းလောင်းစင်ပေါ်သို့ တက်သွားသည့်အခါများတွင် လှေကားထစ်များပေါ် နင်းသွားနေသည့် သူ့ခြေသံများသည် ထွက်ပေါ်လာတတ်၏။ သူ့လက်တစ်ဖက်တွင် ဆွဲလာသည့်

မီးအိမ်သည် လေထဲတွင် တွဲလဲကျကာ ခါယမ်းလျက်ရှိသည်။ မိုးကောင်းကင် လဟာပြင်အတွင်း ကြယ်တစ်ပွင့် တလက်လက် လင်းနေသည်နှင့် တူလှချေသည်။

လှေကားကို တက်ရသည်မှာ အဘိုးအိုအတွက် ခက်ခဲ ပင်ပန်းသော အလုပ်တစ်ခု ဖြစ်ချေသည်။ သူ့ခြေထောက်များ သည် ခနော်နီ ခနော်နဲ့ နိုင်လှ၏။ သူ့မျက်လုံးများသည် မြင်တော့မြင်ပါ၏။ သို့သော်လည်း ပြတ်ပြတ်ထင်ထင် မဟုတ်။ အားလုံး မှုန်ဝါးဝါး။ သူ့လို အဘိုးအိုတစ်ဦးအနေဖြင့် အခုအချိန် တွင် အလုပ်ခွင်မှ အနားယူနေသင့်ပြီဖြစ်၏။ သို့သော်လည်း ဘုရားသခင်သည် သူ့အား သေခြင်းမှ ကင်းလွတ်ခွင့်ပေးထား ၏။ သူသည် သူ့သားများနှင့် သူ့မြေးများကို မြေမြှုပ်ခဲ့ရပြီးပြီ။

သူသည် သူနှင့် သက်တူရွယ်တူ အဘိုးအိုများနှင့် လူငယ် လူရွယ်များကိုလည်း သူတို့ ရွာသက်ပန် လဲလျောင်းရာ သုသာန် သို့ လိုက်လံပို့ဆောင်ပေးခဲ့ရပြီ။ သို့သော်လည်း သူကတော့ အခုအချိန်ထိ မသေသေး။ ဆက်လက်၍ အသက်ရှင်နေဆဲ။ သူ့အလုပ်မှာ ခက်ခဲပင်ပန်းလွန်းလှချေသည်။ သူ့ဘဝတွင် အခုလို နွေရာသီ ရက်အားများကို နှုတ်ဆက်ခဲ့ရသည့် အကြိမ် ပေါင်းမှာ မရေမတွက်နိုင်လောက်အောင်ပင် များခဲ့ပြီ။ အခုလို ခေါင်းလောင်းစင်ကြီးပေါ် တက်၍ ခေါင်းလောင်းထိုးရမည့် အချိန်ကို စောင့်မျှော်ငံ့လင့်နေခဲ့ရသည့် အကြိမ်ပေါင်းမှာလည်း ဘယ်နှကြိမ် ဘယ်နှခါရှိသွားပြီကို သူ မမှတ်မိနိုင်တော့။ အခု တစ်ဖန် ဘုရားသခင်သည် သူ့အား ခေါင်းလောင်းထိုး စေလို သော ဆန္ဒကို ဖော်ပြနေပြန်ပြီ။

အဘိုးအိုသည် ခေါင်းလောင်းစင်၏ တစ်ဖက်ထွက်ပေါက်ဆီသို့သွားကာ လက်ရန်းတစ်ခုကိုမှီ၍ ရပ်လိုက်သည်။ အောက်ဘက် ဘုရားရှိခိုးကျောင်းပတ်လည် အမှောင်ထုထဲတွင် ရွာသုသာန်သည် တည်ရှိ၏။ သုသာန်အတွင်းမှ လက်ဝါးကပ်တိုင်များသည် ဆန့်တန်းထားသည့် လက်ကြီးများနှင့် တူလျက်ရှိသည်။ မသေမသပ်နှင့် ဖြစ်ကတတ်ဆန်းဖို့ ထားခဲ့သည့် မြေပုံများပေါ်မှ မားမားမတ်မတ်ရပ်၍ အကာအကွယ်ပေးနေသည်ဟုပင် ထင်ရ၏။ အရွက်ကင်းမဲ့လျက် ရှိကြသော သစ်ပင်များသည် လက်ဝါးကပ်တိုင်များကြားတွင် ဟိုတစ်ပင်သည်တစ်ပင် မိုးမိုးမတ်မတ် ရပ်လျက်ရှိကြသည်။ တောပင်ချုံပင် အဖူးအပွင့်များဆီမှ မွှေးကြိုင်သော အနံ့များသည် လေနှင့်အတူ လိုက်ပါလာပြီး မစ်ဟေး၏ ပတ်ဝန်းကျင်တွင် တသင်းသင်း ပျံ့လျက်ရှိကြ၏။ ထာဝရ အိပ်စက်နားနေမှု၏ စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာ ကောင်းခြင်းတည်းဟူသော အသိအာရုံတစ်ခုကို မစ်ဟေးအတွက် သယ်ယူလာလျက် ရှိလေသည်။

နောက်တစ်နှစ်ဆိုလျှင် သူဘယ်နေရာ၌ ရှိနေပါမည်နည်း။ ဤစင်ပေါ်သို့တက်၍ ဤကြေးခေါင်းလောင်းကြီးကို ထိုးကာ အိပ်မောကျနေသော ညကိုနိုးစေမည့် ခေါင်းလောင်းသံများကိုပင် နားထောင်နေရဦးမည်လော။ သို့တည်းမဟုတ် သချိုင်းထောင့် မှောင်မည်းမည်းတစ်နေရာမှ လက်ဝါးကပ်တိုင်တစ်ခုအောက်ရှိ မြေကြီးထဲ၌ပင် လဲလျောင်းနေရမည်လော။ ဘုရားသခင်သာလျှင် သိပေလိမ့်မည်။ သူကတော့ အဆင်သင့်

ပြင်ထားပြီဖြစ်သည်။ အခု လောလောဆယ်မှာတော့ ဘုရားသခင်က အားလပ်ရက်ကို ကြိုဆိုနှုတ်ဆက်ဖို့ သူ့အား နောက်တစ်ကြိမ် ခွင့်ပြုထားပြန်ပြီ။

ဘုရားသခင်သည် ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူပါစေသတည်း။

သူ့နှုတ်ခမ်းများမှ သူတို့၏ ဘာသာစလေ့ ထုံးစအရ ရွတ်နေကျဖြစ်သောစကားကို တီးတိုးရေရွတ်သည်။ သူ့မျက်လုံးများသည် တလက်လက် တောက်ပလျက်နေသော ကြယ်သန်းပေါင်းများစွာဖြင့် လင်းနေသည့် ကောင်းကင်ဆီသို့ မျှော်ကြည့်လျက်ရှိသည်။ ပခုံးနှစ်ဖက်ကိုထိ၍၊ နဖူးကိုထိ၍ သူ့လက်ကတော့ လက်ဝါးကပ်တိုင် အမှတ်အသားကို ပြုလုပ်လျက်ရှိလေသည်။

*

"မစ်ဟေး။ ဟေး... မစ်ဟေး" အသံ ကတုန်ကယင်ဖြင့် အော်ဟစ်၍ ခေါ်နေသော အဘိုးအိုတစ်ယောက်၏ အသံကို သူကြားရသည်။ စဏ္ဍာလ အဘိုးအိုသည် အောက်မှနေ၍ မော့ကြည့်ကာ မွဲလှပြီဖြစ်သော သူ့မျက်လုံးများကို လက်တစ်ဖက်ဖြင့်ကာ၍ ခေါင်းလောင်းစင်ပေါ်မှ မစ်ဟေးကို လိုက်လံရှာဖွေလျက်ရှိသည်။

"ဘာလဲ...၊ ဘာပြောမလို့လဲ။ ကျုပ် ဒီမှာရှိတယ်" ဟု ခေါင်းလောင်းထိုးသမား အဘိုးအိုက ခေါင်းလောင်းစင်ပေါ်မှ အောက်သို့ ငုံ့ကြည့်ပြီး ပြန်ပြောသည်။

မာတိကာသို့ ▶▶

"ခင်ဗျား ကျုပ်ကို မမြင်ဘူးလား"

"မမြင်ဘူး။ ခေါင်းလောင်းထိုးဖို့ အချိန်ကျနေပြီ၊ ခင်ဗျား ဘယ်လိုထင်သလဲ"

နှစ်ယောက်စလုံး ကြယ်များကို မော့ကြည့်သည်။ မရေ မတွက်နိုင်အောင် များပြားလှသော ကြယ်များသည် လင်းလက်နေကြသည်။ မစ်ဟေးသည် ကြယ်များကိုကြည့်ကာ အချိန်ကို တွက်ဆလျက်ရှိ၏ ။

"အချိန်မကျသေးပါဘူး။ ခေါင်းလောင်းထိုးရမည့် အချိန်ကို ကျုပ်သိပါတယ်ဗျ"

သူ ခေါင်းလောင်းထိုးရမည့် အချိန်ကို တကယ်လည်း သူသိသည်။ သူ့တွင် နာရီဆောင်ထားဖို့ပင် မလို။ ဘုရားသခင် ဖန်ဆင်းထားခဲ့သော ကြယ်များသည် ခေါင်းလောင်းထိုးရမည့် အချိန်ကို သူ့အား ပြောပြကြပေလိမ့်မည်။ ကောင်းကင်နှင့် မြေကြီး။ ပြီးတော့ မိုးကောင်းကင်ထက်တွင် တလိမ့်လိမ့် ပြေးသွားနေသည့် တိမ်ဖြူဖြူ။ လေတိုးတိုင်း မသဲမကွဲ ညည်းတွားသံများကို ပြုနေသည့် သစ်တော အမှောင်ထု အောက်ရှိ ချောင်းငယ်အတွင်းမှ ရေစီးသံများ။ ဤအရာ အားလုံးသည် သူနှင့် ရင်းနှီးနေသော အရာများဖြစ်၏ ။ သူ့ ဘဝ၏ အစိတ်အပိုင်းများဖြစ်၏ ။ တကယ်တော့ သူသည် ဘဝတစ်လျှောက်လုံး ဤနေရာ၌ အချိန်ကုန်ခဲ့ရသည် မဟုတ် ပါလား။

ကွာလှမ်းလှပြီဖြစ်သော အတိတ်သည် သူ့ရှေ့၌ ပြန်ပေါ် လာသည်။ သူ့အဖေနှင့်အတူ သူ့ပထမဦးဆုံးအကြိမ် ဤ

မာတိကာသို့ ▶▶

ခေါင်းလောင်းစင်ကြီးပေါ်သို့ ဘယ်ပုံဘယ်နည်း တက်ခဲ့ရသည်ကို ပြန်၍ သတိရသည်။ ထိုအဖြစ်သည် နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သို့သော်လည်း သူ့စိတ်ထဲတွင် မနေ့တစ်နေ့ကမှ ကြုံခဲ့ရသည့်အဖြစ်ဟု ထင်သည်။ သူ့မျက်စိထဲတွင် သူ့ကိုယ်သူ လူချောကလေးတစ်ယောက်ဟု ပြန်မြင်သည်။ ထိုစဉ်က သူ့မျက်လုံးများသည် တောက်ပနေကြ၏။ ပြီးတော့ အဆက်မပြတ် တိုက်ခတ်နေသောလေ။ လမ်းမများပေါ်မှ ဖုန်များကို တထောင်းထောင်း ထသွားအောင် တိုက်သည့် လေမျိုးမဟုတ်။ သို့သော်လည်း အလွန်ဆန်းသည့်လေ။ အသံမကြားရ။ သူ့ဆံပင်များကို တိုးဖွေ့ကာ ဖရိုဖရဲဖြစ်သွားအောင် ပြုသည်။ အောက်ဘက်တွင် လျှောက်သွားနေကြသည့် သတ္တဝါများသည် သေးသေးနုပ်နုပ်ကလေးတွေ ဖြစ်ကုန်သည်။ ရွာထဲမှ တဲများသည် ငယ်ငယ်လေးတွေဖြစ်ကုန်သည်။ သစ်တောသည် မျက်စိထဲတွင် ပျောက်လုနီးပါး ဖြစ်သွား၏။ သစ်တောကို ခုတ်ထွင်ရှင်းလင်းပြီး တောင်ကုန်းကလေးပေါ်၌ တည်ထားသော ရွာသည် ကြီးလာသည်။ ပြီးတော့...

အဆုံးမရှိ...။

"ဟိုမှာတွေ့လား... မြင်တယ်မဟုတ်လား"

ခုတ်ထွင်ရှင်းလင်းထားသော မြေပြင်ဆီသို့ စူးစူးစိုက်စိုက် ကြည့်နေသော ဆံပင်ဖြူဖြူနှင့် အဘိုးအိုက ပြုံးရယ်ပြီး ပြောသည်။ ထိုအရာသည် ဘဝခရီးလမ်းပင် ဖြစ်ချေသည်။ ထိုစဉ်ကတော့ လူငယ်တစ်ယောက်အနေဖြင့် ဘဝခရီးလမ်း၏ အဆုံးကို မမြင်နိုင်ခဲ့ချေ။ အခုတော့လည်း ခရီးလမ်းဆုံးကို

မြင်နေရပြီဖြစ်၏။ လက်ဖဝါးပြင်တွင် တင်၍ ကြည့်နေရသည့် အလား ပြက်ပြက်ထင်ထင်ကြီး မြင်နေရသည်။ ဘဝ အစနှင့် သုသာန်မြေကြားရှိ ခရီးလမ်းပေါ်၌ သူ့အတွက် စိတ်ကူးယဉ် လောကကြီး တည်ဆောက်ခဲ့ဖူးပါ၏။ မည်သို့ပင်ဖြစ်စေ၊ ဘုရား သခင်သည် ဂုဏ်ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူပါစေ သတည်း။ အခုဆိုလျှင် သူ နားနေဖို့ အချိန်ရောက်လာပြီ။ ဘဝပေးတာဝန် များကို ရဲရဲဝံ့ဝံ့ ဂုဏ်သိက္ခာရှိရှိနှင့် သူ ထမ်းဆောင်ပြီးခဲ့ပြီ ဖြစ်ပါ၏။ စွတ်စိုထိုင်းမှိုင်းလျက်ရှိသော ဤမြေသည် သူ့မိခင်နှင့် တူသယောင်ယောင်ရှိသည်။ သူ့ဘဝ ခရီးလမ်းဆုံးသည် ကြာတော့မည်မထင်။ သိပ်ပြီး ကြာတော့ မည်မဟုတ်။

သို့သော်လည်း အချိန်က ကျလာပြီ။ မစ်ဟေးသည် ကြယ်များဆီသို့ မော့၍ကြည့်ပြန်သည်။ ခေါင်းမှ ဦးထုပ်ကို ချွတ်လိုက်၏။ လက်ဝါးကပ်တိုင်သင်္ကေတ အမှတ်အသားကို လက်ဖြင့် ပြုလုပ်လိုက်သည်။ ပြီးတော့ ခေါင်းလောင်းကြိုးကို လှမ်းဆွဲလိုက်၏။ နောက် တစ်ခဏအတွင်းမှာပင် ညဥ့်လေနှင့် အတူ ခေါင်းလောင်းသံသည် ပဲ့တင်ထပ်လျက်ရှိသည်။ ပထမ တစ်ချက် . . .

နောက်တစ်ချက် . . .၊ တတိယအချက် . . .၊

စတုတ္ထတစ်ချက် . . .၊ တစ်ချက်ပြီးတစ်ချက်။

အလွန် ငြိမ်ဆိတ်လျက်ရှိသော ညခင်းတွင် ခေါင်းလောင်း သံသည် အားမာန်အပြည့်ဖြင့် သာယာစွာ မြည်ဟည်းလျက် ရှိလေသည်။

မာတိကာသို့ ››

ခေါင်းလောင်းသံ ရပ်သွားသည်။ ဘုရားရှိခိုးကျောင်းထဲတွင် ဝတ်တက်ကြလေပြီ။ အရင်တုန်းကဆိုလျှင် မစ်ဟေးသည် ခေါင်းလောင်းထိုးပြီးသည်နှင့်တစ်ပြိုင်နက် အောက်သို့ ပြန်ဆင်းလာပြီး၊ ကျောင်းခန်းတံခါးအနီးရှိ ထောင့်တစ်ထောင့်၌ ရပ်ကာ ဝတ်တက်ရန်နှင့် ဓမ္မတေးသီချင်းဆိုသံများ နားထောင်ရန် စောင့်နေတတ်၏။ အခု တစ်ကြိမ်တော့ဖြင့် သူသည် ခေါင်းလောင်းစင်ပေါ်မှ မဆင်း။ သူ ဤလှေကားထစ်များကို ဆင်းရတက်ရသည်မှာ များလွန်းနေပြီ။ ပြီးတော့ အခုတစ်ကြိမ်တွင် သူ အလွန် ပင်ပန်းမောဟိုက်နေသည်။ သူသည် ခုံတန်းလျားပေါ်၌ ထိုင်ချလိုက်၏။ ထို့နောက် တုန်ခါလျက်ရှိသော ခေါင်းလောင်းသံကို နားထောင်ရင်း တွေဝေငေးမောကာ တစ်စုံတစ်ခုသော အရာကို ဆင်ခြင်စဉ်းစားလျက်ရှိ၏။ သူ ဘာအကြောင်းကိုများ ဆင်ခြင် စဉ်းစားနေပါသနည်း။ သူ့အဖို့ဖြင့် ပြောပြနိုင်လိမ့်မည်တော့ မဟုတ်ပေ။ ခေါင်းလောင်းစင်သည် အားနည်းလွန်းလှသော သူ၏ မှန်အိမ်မီးရောင် အောက်တွင် မှေးမှိန်စွာ လင်းလျက်ရှိသည်။ အမှောင်ထု လွှမ်းခြုံထားသဖြင့် တုန်ခါနေသော ခေါင်းလောင်းများ၏ လှုပ်ရှားမှုကို သူ ကောင်းစွာ မမြင်ရ။ သူ့အောက်ဘက်ဆီမှ ဓမ္မတေးဆိုသံ သဲ့သဲ့သည် သူ့ဆီသို့မကြာခဏ ရောက်လာတတ်သည်။ ခေါင်းလောင်းများအတွင်းရှိ သံလျှာများထိပ်တွင် ချည်ထားသော ကြိုးများသည် လေထဲတွင် တလှုပ်လှုပ်။

အဘိုးအိုသည် သူ့မေးစေ့ကို ရင်ဘတ်ပေါ် တင်၍ ခေါင်းငိုက်စိုက်ချထားသည်။ သူ့ဦးနှောက်သည် စိတ်ကူးယဉ်

မာတိကာသို့ ▶▶

မှုများဖြင့် ရှုပ်ထွေးပွေလီလျက်ရှိ၏။ အခုဆိုရင် သူတို့အားလုံး မေ့မွှတေးကို တောင်းဆိုနေကြပါပကောလားဟု တွေးသည်။ သူသည် စိတ်ကူးဖြင့် ဘုရားရှိခိုးကျောင်းထဲ ရောက်နေသည်။ သူ့နားထဲတွင် ကလေးသူငယ်များ၏ သံပြိုင်ဆိုနေသံများကို ကြားနေရ၏။ ကွယ်လွန်သွားသည်မှာ ကြာပြီဖြစ်သော ဘုန်းတော်ကြီး နာရမ်ကိုပင် သူမြင်တွေ့နေရ၏။ ဘုန်းတော်ကြီး နာရမ်သည် မေ့မွှတေး သီဆိုနေကြသော ပရိသတ်ကို ဦးစီးဦးဆောင်ပြုလျက် ရှိလေ၏။ လယ်သမားများ၏ ရာပေါင်း များစွာသော ဦးခေါင်းများသည် အပေါ်သို့ ထောင်လာလိုက် အောက်သို့ ပြန်ငုံ့သွားလိုက်၊ လေတိုက်တိုင်း ယမ်းခါနေကြသော ဂျုံနှံများနှင့် တူလှချေသည်။ လယ်သမားများသည် လက်ဝါးကပ်တိုင် အမှတ်အသားကို သူတို့လက်များဖြင့် ပြုလုပ်နေကြသည်။ သူတို့အားလုံး ကွယ်လွန်ကုန်ကြပြီဖြစ်သော်လည်း သူတို့မျက်နှာများကိုမူ သူကောင်းစွာ မှတ်မိနေသည်။ တည်ငြိမ်လေးနက်သော မျက်နှာထားဖြင့် ရပ်နေသည့် သူ့အဖေ။

ပြီးတော့...

ဘုရားရှိခိုးနေသည့် သူ့အစ်ကို။ သူကိုယ်တိုင်လည်း သူတို့နှစ်ဦးကြား၌ ရပ်လျက်ရှိ၏။ သူသည် ကိုယ်ရောစိတ်ပါ လန်းဆန်းလျက်ရှိသည်။

သူ၏ မသိစိတ်တွင် သာယာပျော်ရွှင်မှုတစ်ခုကို ရရှိခံစားရလိမ့်မည်ဟူသော မျှော်လင့်ချက်က ပြည့်လျှံနေသည်။ ထိုအချိန်က သူမျှော်လင့်ထားခဲ့သော ထိုသာယာပျော်ရွှင်မှုသည် အခု ဘယ်နေရာ၌ ရှိနေပါလိမ့်။ တဒင်္ဂတော့ဖြင့် အဘိုး

အိုး၏ အတွေးများသည် မီးလျှံကဲ့သို့ တောက်လောင်လာသည်။ ပူပြင်းလာသည်။ အတိတ်ဘဝက ကြုံခဲ့ရသည့် ထူးခြားသော ဖြစ်ရပ်များသည် သူ့စိတ်အာရုံတွင် အရှိန်အလျှံကြီးစွာဖြင့် ထွန်းလင်းတောက်ပလျက် ရှိလေသည်။

သူ့ဘဝတွင်ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ရသည့် အလုပ်များ။ ကြေကွဲဝမ်းနည်းမှုများ။ သတိကြီးစွာထားခဲ့ရမှုများ။ ဤအရာများကြားတွင် သာယာပျော်ရွှင်မှုသည် ဘယ်နေရာ၌ ရောက်နေပါသနည်း။ လူငယ်လူရွယ်တစ်ယောက်၏ မျက်နှာပေါ်မှာပင် လျှင် ဘဝ၏ ဒဏ်ရာဒဏ်ချက်များဟု ဆိုအပ်သော အရေးအကြောင်းများသည် ထင်းထင်းကြီး ပေါ်လျက်ရှိရ၏။ ပြီးတော့ သူ၏ တောင့်တင်း မာကျောသော ခါးသည် ကုန်းလာရသည်။ သက်ပြင်းချတတ်သည့် အလေ့အထကိုလည်း သူ့အစ်ကိုကြီးက လက်ထပ် သင်ကြားပေးလိုက်သည့် အလား တတ်မြောက်လာရသည်။

သူ့ဘယ်ဘက်ရှိ ရွာထဲမှ မိန်းမကြီးများကြားတွင် ဦးခေါင်းကို ယဉ်ကျေးသိမ်မွေ့စွာ ငုံ့၍ရပ်နေသော သူ့ချစ်သူ။ အလွန်သဘောမနောကောင်းရှာသည့် မိန်းမတစ်ယောက် ဖြစ်ပါ၏။ သူသိထားသည့် ကောင်းကင်ဘုံမှ အမွေဆက်ခံလာလေရော့ သလားဟုပင် ထင်ရပါ၏။ သူ့ခမျာ ဘဝ၏ဒဏ်ကို မည်မျှ လောက် ခံစားသွားရပါလိမ့်။ သနားစရာ ကောင်းလှပါဘိ သည်။ အဆက်မပြတ် ဖိစီးနှိပ်စက်နေသည့် ဆင်းရဲဒုက္ခများ၊ ပြီးတော့ လက်နှင့်မပြတ်အောင် လုပ်နေရသည့် အလုပ်ကြမ်း များ၊ ဤအရာများကြား၌ ရပ်နေရသည့် မိန်းမတစ်ယောက်၏

မာတိကာသို့ ▶▶

ဘဝတွင် ရှောင်လွှဲ၍ မရနိုင်သော ကြေကွဲမှုများနှင့် ဝမ်းနည်းမှုများသည် တည်ရှိလာရ၏။ ထိုကြေကွဲ ဝမ်းနည်းမှုများသည် မိန်းမတစ်ယောက်၏ အလှကို တဖြည်းဖြည်းနှင့် ညှိုးနွမ်းခြောက်သွေ့သွားအောင် ဖိစီးနှိပ်စက်ခဲ့သည်။ သူ့မျက်လုံးများတွင် ရှိနေစမြဲဖြစ်သော တပ်မက်ခြင်း အရိပ်လက္ခဏာများသည် ကင်းမဲ့သွားသည်။ သူ့မျက်နှာပေါ်ရှိ ငြိမ်ဆိတ်အေးချမ်းမှု အရိပ်လက္ခဏာများ နေရာတွင် ဘေးဒုက္ခများ ကျရောက်လာမည့် အရေးကိုတွေး၍ စိုးရိမ်ခြင်း၊ ပူပန်ခြင်းစသော ထိတ်လန့်ကြောက်ရွံ့မှု အရိပ်လက္ခဏာများ ထင်လာသည်။ ဒီလိုဆိုတော့လည်း မိန်းမတစ်ယောက်အနေဖြင့် သူ၏ သာယာပျော်ရွှင်မှုတည်းဟူသော သူမသည် ဘယ်နေရာ၌ ရှိနေပါမည်နည်း။

သူတို့တွင် သားတစ်ယောက်သာ ကျန်ခဲ့၏။ သူတို့၏ တစ်ခုတည်းသော မျှော်လင့်ချက်၊ တစ်ခုတည်းသော သာယာပျော်ရွှင်မှု။ သို့တစေလည်း သူတို့သားသည် ပတ်ဝန်းကျင်ရှိ မကောင်းမှုများ၏ ဖြားယောင်း သွေးဆောင်မှုဒဏ်က ကြံ့ကြံ့ခံနိုင်ခြင်း မရှိ။

ပြီးတော့ သူ၏ ရန်သူလူချမ်းသာသည် ဘုရားရှိခိုးကျောင်းထဲတွင် ဒူးထောက်၍ ဝတ်ပြုလျက်ရှိသည်။ အဖမဲ့သားအများအပြားကို မျက်ရည်ကျအောင် ပြုလုပ်ခဲ့သည့် သူ့အပြစ်များကို ခွင့်လွှတ်တော်မူပါရန် ဆုတောင်းလျက်ရှိသည်။ သူသည် သူ့ပခုံးနှစ်ဖက်နှင့် နဖူးကို လက်ဖြင့်တို့၍ ထက်သန်သော စိတ်စေတနာဖြင့် လက်ဝါးကပ်တိုင် အမှတ်အသားကို

မာတိကာသို့ ▶▶

ပြုလုပ်သည်။ သူ့နဖူးသည် မြေကြီးနှင့် အကြိမ်ကြိမ် အထပ်ထပ် ထိ၍ ဘုရားသခင်အား တောင်းပန်ခြင်း အမှုပြုသည်။ မစ်ယော်း၏ နှလုံးသားသည် ဤရန်သူကြောင့် ပူလောင်ခြင်း ပြင်းစွာ ဖြစ်ရ၏။ လူသားတို့ ကိုးကွယ် ဆည်းကပ်ရာရုပ်တုများ၏ မျက်နှာတော်များသည် လူသားတို့၏ ဝမ်းနည်းကြေကွဲမှုများနှင့် လူသားတို့၏ ဆိုးရွား ယုတ်မာမှုများကို အလေးအနက် ပြု၍ ကြည့်တန်ကောင်းပါ၏။

မည်သို့ပင်ဖြစ်စေ ဤအရာအားလုံးသည် လွန်ခဲ့ပြီ။ သူ့နောက်တွင် ကျန်ရစ်ခဲ့ပြီး အခုတော့ဖြင့် သူ့ကမ္ဘာသည် ကျဉ်းမြောင်းသွားခဲ့ပြီ။ လူ့ကမ္ဘာကို ဤခေါင်းလောင်းစင်က အနားသတ်ပေးထားပြီး ဖြစ်၏။ အမှောင်ထုအတွင်းမှ ကြီးထွားနေသော ခေါင်းလောင်းကြိုးများကို ခါယမ်းအောင် ပြုလျက်ရှိသော လေထုကြီးစိုးရာ။ ဤခေါင်းလောင်းစင်သည် သူ့ကမ္ဘာ ဖြစ်၏။ "ဘုရားသခင်သည် သင်၏ အမှုကိစ္စကို စီရင်ဆုံးဖြတ်သော တရားသူကြီးဖြစ်ပါစေ" ဟု အဘိုးအို၏ နှုတ်မှ မြည်တမ်းသည်။ သူ့ခေါင်းသည် ရှေ့သို့ငိုက်စိုက်၊ မျက်ရည်ပေါက်များသည် သူ့ပါးပြင်နှစ်ဖက်တွင် တလိမ့်လိမ့် စီးဆင်းလာလျက် ရှိလေသည်။

"မစ်ယော်း၊ အေး... မစ်ယော်း။ ခင်ဗျားအပေါ်မှာ အိပ်ပျော်နေသလား" ဟု အောက်မှ တစ်စုံတစ်ဦးက လှမ်းအော်သည်။

"ဘာလဲဟေ့" အဘိုးအိုက ပြန်မေးပြီး ကပျာကယာ ထရပ်သည်။

"ဘုရား... ဘုရား၊ ငါ အိပ်ပျော်သွားမိသလား။ ဒီလို အဖြစ်မျိုး တစ်ခါမှ မဖြစ်ဖူးပါဘုရား"

အတွေ့အကြုံများလှပြီဖြစ်သော သူ့လက်များသည် ကြိုးများကို ဖျတ်ခနဲ လှမ်းဆွဲသည်။ သူ့အောက်ဘက်တွင် လယ်သမားများသည် ပုရွက်ဆိတ်များသဖွယ် ရှေ့နောက် တန်းစီကာ တရွေ့ရွေ့သွားနေကြ၏။ အလံများသည် လေထဲတွင် တလူလူ လွင့်လျက်ရှိကြသည်။

စီတန်းလှည့်လည်ခြင်းသည် ဘုရားရှိခိုးကျောင်းကို တစ်ပတ် ပတ်မိသောအခါ ပြီးဆုံးသွားသည်။ ရွှင်မြူးတက်ကြွသော အော်သံသည် မစ်ဟေးထံ ရောက်လာသည်။

"ယေရှုသခင်သည် သေရာမှတစ်ဖန် ပြန်လည် ရှင်သန်လာပါစေ"

အဘိုးအို၏ နှလုံးသားသည် ထက်သန် ပြင်းပြသော စေတနာသည် တရားဖြင့် လှုပ်ရှားလျက်ရှိ၏။ စီတန်းလှည့်လည်နေကြသော လူစုလူဝေးသည် စောစောကထက် ပို၍ အသက်ဝင် လှုပ်ရှားလာသည်ဟု သူထင်သည်။ နိုးထလာပြီဖြစ်သော လေသည် အော်သံဟစ်သံများကို စုစည်းကာ ခေါင်းလောင်းစင်ဆီသို့ သယ်ယူလာသည်။ ထို့နောက် ပွဲတော်အတွက် အထူးတလည် ထိုးလိုက်သည့် ခေါင်းလောင်းသံများနှင့် ပေါင်းစပ်ပေးလိုက်လေသည်။

ယခုတစ်ကြိမ် အဘိုးအိုမစ်ဟေး ထိုး လိုက် သော ခေါင်း လောင်း သံ များ သည် အရင့်အရင်က ထိုးဖူးသည့် ခေါင်းလောင်းသံများနှင့် လုံးဝမတူ။

မာတိကာသို့ ▶▶

အဘိုးအို၏ ရင်ထဲမှ နှလုံးသားသည် အသက်ဝိညာဉ် ကင်းမဲ့နေသော ကြေးသတ္တုအတွင်းသို့ ကူးပြောင်း ဝင်ရောက်သွားသည်ဟုပင် ထင်ရသည်။ ခေါင်းလောင်းများဆီမှ ထွက်လာနေသော အသံများတွင် သီချင်းဆိုသံလည်း ပါသည်။ ရယ်မောသံလည်း ပါသည်။ ငိုကြွေးသံများလည်း ပါသည်။ ထိုအသံအားလုံးသည် တစ်ခုနှင့်တစ်ခု ဂဟေဆက်လိုက်သည့် အလား ပေါင်းစပ်ဖွဲ့စည်းကာ အညီအညွတ် အပြေအပြစ် ရှိလှသော အလွန် ထူးခြားဆန်းကြယ်သည့် ဂီတသံစဉ် တစ်ခုကို ဖြစ်ပေါ်စေသည်။ ထိုသံစဉ်သည် အထက်သို့ တက်သွားသည်။ ထို့နောက် မြင့်သည်ထက်မြင့်အောင် တက်သွားပြီး ကုဋေကဋာမက များလှစွာသော ကြယ်တာရာများနှင့် ရောယှက်ကာ ပြိုးပြိုးပြက်ပြက် အရောင်များ ထွက်စေသည်။ ပြီးတော့ တုန်ခါမြည်ဟည်းကာ မြေပြင်ထက်သို့ အရှိန်အဟုန်ကြီးစွာဖြင့် ပြန်လည်သက်ဆင်းလာလေသည်။

အလွန် အင်အားကြီးမားသော ကြေးခေါင်းလောင်းကြီးက

“ယေရှုသခင် အသက်ပြန်ရှင်လာပြီ” ဟု

ကြေညာလိုက်သည်။ ထိုအခါ ကျန်ကြေးခေါင်းလောင်းနှစ်လုံးကလည်း

“ယေရှုသခင် အသက်တစ်ဖန် ပြန်ရှင်လာပြီ” ဟု ရွှင်မြူးတက်ကြွစွာပြင့် ကြွေးကြော်ကြသည်။

နှစ်ပရိစ္ဆေဒ ကြာလှပြီဖြစ်သော ခေါင်းလောင်းစင်အိုကြီးသည်ပင်လျှင် ယိမ်းထိုး လှုပ်ရှားလာသည်ဟု ထင်ရသည်။

ခေါင်းလောင်းထိုးသမား အဘိုးအိုၡ်၏ မျက်နှာကို ပြေးလာရိုက်ခတ်လျက်ရှိသော လေသည် "ယေရှုသခင် အသက်ပြန်ရှင်လာပြီ" ဟု ထပ်မံ ကြွေးကြော်လျက် ရှိလေသည်။

အဘိုးအို၏ နှလုံးသားသည် သူ၏ ရှင်သန်မှုကို မေ့လျော့သွားသည်။ သူ့နှလုံးသားသည် သတိကြီးစွာထားမှုနှင့် ဝမ်းနည်းကြေကွဲမှုများဖြင့် ပြည့်တင်းကျပ်လျက် ရှိသည်။ သူ့ဘဝသည် ဤကမ္ဘာလောကကြီး အလယ်တွင် မုန်တိုင်းဒဏ်ကြောင့် ကျိုးပြတ်သွားရသည့် သစ်ငုတ်တိုကဲ့သို့ အထီးကျန်နိုင်ခဲ့ရ၏။ ဤမျှလောက် အထီးကျန်နိုင်လှသော သူ့ဘဝသည် အကန့်အသတ်များ၊ ဘောင်များနှင့် အလွန်ကျဉ်းမြောင်းပြီး အလွန်ပျင်းရိပြီး ငြီးငွေ့ဖွယ်ကောင်းသော ဤခေါင်းလောင်းစင် အပေါ်တွင် အမှိုက်သဟဲ ပြုနေခဲ့ရ၏။ သို့သော်လည်း လောလောဆယ်တွင် အဘိုးအိုသည် ဤအဖြစ် ဤအခြေအနေများကို မေ့သွားသည်။ သူ့နားထဲတွင် ကောင်းကင်ထက်သို့ တက်သွားသော သီချင်းဆိုသံများနှင့် ငိုကြွေးမြည်တမ်းသံများကိုပါ ကြားနေရ၏။ သူ့ကို သူ့သားများနှင့် မြေးများက ဝိုင်းရံလျက်ရှိသည်ဟု သူ ထင်သည်။ သူတို့၏ ပျော်ရွှင်မြူးထူးသော အသံများကိုပါ သူ ကြားနေရ၏။ သူငယ်များနှင့် လူကြီးများ၏ သံပြိုင်သီဆိုနေကြသည့် တေးသံသာယာများ သူ့ဘဝတွင် ဤမျှလောက် ပျော်စရာကောင်းပြီး ဤမျှလောက် သာယာသော အသံများ မကြားခဲ့စဖူး။ သူသည် ခေါင်းလောင်းကြိုးများကို ဆွဲသည်။ ခေါင်းလောင်းကြိုးများကို အဆက်မပြတ်ဆွဲနေသည့် အခိုက်မှာပင် မျက်ရည်များသည် သူ့ပါးပြင်ပေါ်

မာတိကာသို့ ▶▶

သို့ တသွင်သွင် စီးကျလျက်ရှိ၏။ သူ၏နှလုံးသားသည် ပျော်ရွှင်ချမ်းမြေ့မှုဟု အမြင်မှောက်မှားသော အသိစိတ်ဖြင့် ပြင်းထန်စွာ ခုန်လျက်ရှိလေသည်။

*

ခေါင်းလောင်းစင်၏ အောက်မှလူများသည် ခေါင်းလောင်းသံများကို ဂရုတစိုက် နားစွင့်လျက်ရှိကြကုန်၏။ မစ်ပေးသည် အရင့်အရင် ဘယ်တုန်းကမှ ခေါင်းလောင်းသံများကို ဤမျှ လောက် သာယာအောင် မထိုးခဲ့စဖူးဟု အချင်းချင်း ပြောဆို လျက် ရှိကြကုန်၏။

ရုတ်တရက် အကြီးဆုံးသော ခေါင်းလောင်းသည် ခပ်အအ အသံတစ်ချက်မျှ ထွက်ကာ ရပ်သွားသည်။ ခေါင်းလောင်းငယ်များကတော့ မကုန်သေးသည့် အရှိန်ဖြင့် အသံများ ဆက်လက်၍ ထွက်လာနေဆဲ။ ထို့နောက် မိုးယံ အလယ်တွင် ဝမ်းနည်းကြေကွဲဖွယ် ကောင်းသော ပဲ့တင်ထပ် သံများကိုပြုကာ တဖြည်းဖြည်းချင်း လေထဲ၌ ပျောက်သွား နေသော သူတို့၏အသံများကို ပြန်၍ နားထောင်လိုသဖြင့် ရပ်လိုက်ကြသည့်အလား တုံ့ခနဲ ရပ်သွားသည်။

ကိုယ်ရောစိတ်ပါ အရုပ်ကြိုးပြတ်ဖြစ်သွားသော ခေါင်းလောင်းထိုးသမား အဘိုးအိုသည် ခုံတန်းလျားပေါ်သို့ လဲကျသွားသည်။ နောက်ဆုံး မျက်ရည်ပေါက်ကြီးနှစ်ပေါက် သည် ဖြူရော်ဖျော့တော့လျက်ရှိသော သူ့ပါးပြင်နှစ်ဖက်တွင် တလိမ့်လိမ့် စီးကျလာနေသည်။

"ဟေး.... ဟိုမှာကြည့်စမ်း၊ လူစားတစ်ယောက် လွှတ်လိုက်တော့ဟေ့။ အဘိုးကြီးကတော့ သူ လုပ်ရမယ့် တာဝန်ကို ပြတ်အောင် လုပ်သွားပြီ"

*

The Old Bell-Ringer
By vladimir Korolenko

မာတိကာသို့ ▶▶

မာတိကာသို့ ▸▸

ရိုလွမ်အက်ရှ်
(၁၈၈၀–၁၉၅၇)

ရိုလွမ်အက်ရှ်သည် ယစ်ဒစ်ရှ် စာရေးဆရာတစ်ဦး ဖြစ်သည်။ ၁၈၈၀ ခုနှစ်တွင် ပိုလန်နိုင်ငံ၌ မွေးဖွားသည်။ အလွန် ထူးခြားထက်မြက်သော ယစ်ဒစ်ရှ် စာရေးဆရာများ ထဲမှ အထူးခြားဆုံးသော စာရေးဆရာတစ်ဦးအဖြစ် အသိ အမှတ် ပြုထားခြင်းခံရသူ ဖြစ်၏။ သူသည် ပြဇာတ်များ၊ ဝတ္ထုရှည်များနှင့် ဝတ္ထုတို အများအပြား ရေးသားခဲ့သည်။

သူ ပထမဆုံး ရေးခဲ့သည့် ဝတ္ထုများသည် ဟီးဘရူး ဘာသာနှင့် ဖြစ်သည်။ သို့သော်လည်း နောက်ပိုင်းတွင် သူနှင့် ဘဝတူ အခြားယစ်ဒစ်ရှ် စာရေးဆရာများနည်းတူ အသုံးများ အဖတ်များပြီး ပြည်သူလူထုနှင့် ပို၍ အထိအတွေ့ များနိုင် သော ယစ်ဒစ်ရှ်ဘာသာဖြင့် ရေးသားခြင်းကို ပြုခဲ့သည်။ ဤဝတ္ထုတိုသည် စာရေးဆရာ အက်ရှ်၏ ထက်မြက်သော အရေးအသားဟန်ကို ကောင်းစွာဖော်ပြနိုင်ခဲ့သည့် ဝတ္ထုတို တစ်ပုဒ် ဖြစ်ပါသည်ဟု စာပေ ဝေဖန်ရေးသမားများက ဆိုကြ သည်။

မိတဆိုး

ဘူရီ အိပ်ရာမှ နိုးလာသောအခါ ကလေးငိုသံကို ကြားရသည်။ သူသည် မျက်စိများကို ရုတ်တရက် မဖွင့်သေးဘဲ သူ့မိန်းမကို လှမ်းခေါ်သည်။ "ဂိုလ်ဒါ၊ ဟေ့ဂိုလ်ဒါ၊ ကလေးငိုနေတယ်ဟေ့"

ဂိုလ်ဒါထံမှ ထူးသံ မကြားရ။ သူသည် ဘေးဘီကို တစ်ချက်မျှ ဝေ့ကြည့်လိုက်သည်။ သူ့မိန်းမ အိမ်ထဲတွင်မရှိ။ ပထမတော့ အံ့အားသင့်သွားမိသည်။ သို့သော်လည်း သူ့မိန်းမ ရေချိုးသွားသည်ဟု တွေးမိသည်။ သူသည် အဝတ်စတစ်စကို ယူ၍ ကလေးအငိုတိတ်သွားစေရန် ပါးစပ်အတွင်းသို့ ထိုးထည့်ထားလိုက်၏။ ထို့နောက် အဝတ်အစားလဲလေသည်။

အဝတ်အစား လဲနေရင်းကပင် သူ့ဖိုဘလိုင်းနားအိမ်မှ လစ်လာခဲ့သော ငွေဖယောင်းတိုင်စင်ကို ပေါင်လျှင် ငွေမည်မျှ ရနိုင်မည်ကို တွက်ချက်ကြည့်နေသည်။ သူသည် အထပ်ခိုးပေါ်သို့ တက်သွားကာ ပစ္စည်းများကို စစ်ဆေးကြည့်သည်။ ပစ္စည်းများမှာ သူထားသည့် နေရာတွင် မရှိတော့ပေ။ သူသည်

ထောင့်ကြိုထောင့်ကြားမကျန် နေရာအနှံ့ လိုက်ရှာသည်။ မရှိတော့။

သူသည် အထပ်ခိုးပေါ်မှ ကသောကမျော ပြန်ဆင်းကာ သူ့မိန်းမ၏ ပစ္စည်းများထားသည့် နေရာသို့သွားသည်။ အပေါ်မှ အုပ်ထားသည့် အဝတ်စကို ဖယ်လိုက်သည်။ သူ့မိန်းမ၏ ပစ္စည်းများမှာလည်း မရှိတော့။ သူ့မိန်းမတော့ လစ်ပြီဟူသော အတွေး သူ့ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်လာသည်။ ဘယ်သူနှင့် ပြေးသလဲ။ ရှာလိုင်းမားရှာလော့ဆားနှင့် ပြေးသလား။ သို့မဟုတ် ဇောယီမာဂွတ်နှင့် ပြေးသလား။

"ကဲ... ကောင်းပြီ၊ ဒီလိုဆိုလည်း သူပြေးချင်ပြေးပစေပေါ့။ သူ့အပြစ်နဲ့သူ ရှိပစေပေါ့။ သူ့ကို ဘာဂရုစိုက်စရာလိုသလဲ" သူသည် ဖြစ်လာသည့် အရေးကိစ္စအပေါ်တွင် လုံးဝဂရုမစိုက်သည့် အနေဖြင့် သူ့စိတ်သူတင်းကာ နံရံပေါ်သို့ တံတွေးတစ်ချက် ပစ်ခနဲ ထွေးလိုက်ပြီး တစ်ကိုယ်တည်း ပြောသည်။

"တယ်... နင်လိုက်သွားဖို့ ကောင်းပါတယ်။ ဘယ်လိုလဲ၊ နင်ကော နေကောင်းရဲ့လား၊ ဟား... ဟား... ဟား" သူသည် ကလေးဘက်သို့ တစ်ချက် လှမ်းကြည့်သည်။

"ဒါပေမဲ့ ခွကျနေတာက ဒီကလေးပဲ။ သူ့ကို ဘယ်လိုလုပ်ရမလဲ" ဟု ရေရွတ်သည်။ "တကယ်လို့သာ ဒီကောင်မနေတဲ့နေရာကို သိရင် ဒီကလေးကို သူ့အိမ်ရှေ့တည့်တည့်မှာချပြီး ကဲ ရော့ဟော့၊ ဟောဒီမှာ နင့်ကလေး နင့်ဘာသာ နင်ယူထားလိုက်ပေတော့လို့ အော်ပြောလိုက်မှာ"

ယုတ်ညံ့သော အတွေးတစ်ခုသည် သူ့စိတ်တွင်းသို့ ဖျတ်ခနဲ ဝင်ရောက်လာသည်။ သူ့မျက်နှာသည် ချက်ချင်းပင် ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။ သူသည် အပေါ်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားသည်။ သူ့လက်များသည် တုန်ယင်လှုပ်ရှားလျက်ရှိသည်။ သူသည် ကလေးဆီသို့ ပြန်လျှောက်သွားသည်။ ကလေး၏ကိုယ်ပေါ်တွင် ဘာမှမရှိချေ။ စောစောက ခြုံထားသည့် ပေရေညစ်ပေလျက်ရှိသော စောင်စုတ်မှာ ခြေထောက်များနှင့် ကန်ကြောက်ထားသဖြင့် ဘေးသို့ကျလျက်ရှိ၏။ ကလေးသည် သူ့ရှေ့တည့်တည့်သို့ ကြည့်ကာ ပြုံးရယ်လျက်ရှိသည်။ သူ့လက်များကို ပါးစပ်ထဲသို့ ထိုးထည့်ကာ တပျတ်ပျတ်စုတ်လျက် ရှိလေသည်။

ကလေး၏ ပါးစပ်ပုံသဏ္ဌာန်သည် တစ်စုံတစ်ယောက်ကို သတိရအောင် လှုံ့ဆော်ပေးလျက်ရှိ၏။ သူ့မိတ်ဆွေများထဲမှ တစ်ဦးနှင့် တူသလိုလို ရှိသည်။ ဘယ်သူဘယ်ဝါ ဆိုတာတော့ သူအတိအကျတော့ မမှတ်မိ။ သူသည် ကလေးအနီးမှ ခွာလာခဲ့ပြီး ဦးထုပ်ကို ကပျာကယာ ကောက်ဆောင်းကာ အပြင်သို့ ထွက်သည်။ အိမ်တံခါးကို အပြင်မှနေ၍ သော့ခတ်လိုက်သည်။ သူသည် ဘာရည်ရွယ်ချက်မှ မည်မည်ရရ မရှိဘဲ ခြေဦးတည့်ရာ လျှောက်သွားသည်။ သို့သော်လည်း စိတ်ကတော့ ငြိမ်းအေးခြင်း မရှိ။ ကလေးငိုသံသည် သူ့နားထဲတွင် ဆူညံနေဆဲ။ သူ့အား ပြန်လာခဲ့ပါဟု ခေါ်နေသည့်နှယ် ရှိသည်။ သူ့စိတ်အာရုံသည် ခြေ ကလန်ကလန်နှင့် သည်းထန်စွာ ငိုကြွေးနေသော ကလေးကို မြင်ယောင်လျက်ရှိနေသည်။ မဖြစ်၊ ဘယ်နည်းနှင့်မှ အခု

လို လျှောက်သွားနေလို့ကတော့ ဘယ်နည်းနှင့်မှ မဖြစ်။ သူ အိမ်ပြန်မှဖြစ်မည်။

"အိုကွာ တကယ်လို့သာ ဒီကောင်မကို တွေ့လိုက်ရင်"ဟု တွေးသည်။

"ဖျတ်ခနဲ ဖမ်းပြီး လည်ပင်းကို ညှစ်ထားလိုက်မယ်၊ သူ့ ပါးစပ်ထဲက လျှာအတစ်လိုက် ထွက်လာတဲ့အထိ တအား ကုန် ညှစ်ထားလိုက်မယ် သိလား၊ ဟင်း"

သူသည် မုန့်ဆိုင်တစ်ဆိုင်သို့ဝင်၍ မုန့်တစ်လုံးဝယ်ပြီး အိမ်သို့ပြန်သည်။ ကလေးသည် သူထွက်လာစဉ်ကလိုပင် စောင်မပါ ဘာမပါနှင့် ခြေကားရားလက်ကားရားပင် ရှိသည်။ သို့သော်လည်း ငိုကြွေးခြင်းမပြု၊ ပြုံးလိုက်ရယ်လိုက်ပင် ရှိနေသည်။

"ဒီကလေးကလည်းကွာ မကောင်းဆိုးဝါးများ ကပ်နေ သလား မသိပါဘူး၊ ကြည့်ရတာ ပြုံးလို့ရွှင်လို့ ဘာမှမဖြစ် သလိုပဲ"

သူသည် နောက်တစ်ကြိမ် အိမ်မှထွက်သွားပြန်သည်။ သို့သော်လည်း လျှောက်သွားနေရသည်မှာ စိတ်ဖြောင့်ဖြောင့် တန်းတန်း မရှိ။ တစ်ချိန်လုံးလိုလိုပင် သူ့နားထဲ၌ ကလေးငိုသံ ကို ကြားနေရ၏။ ကလေး၏ငိုသံသည် သူ့နှလုံးသားကို ဓား တစ်ချောင်းနှင့် ပါးပါးလှီးနေသလို ခံစားနေရသည်။ ထိုအခါ သူ့စိတ်သည် ဝေကသိက ဒုက္ခကို ပြင်းစွာခံရလေ၏။

သူသည် လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အိမ်သို့ ပြန်လာခဲ့သည်။ အခုတစ်ကြိမ်တွင်မူ ကလေးသည်

ငိုကြွေးလျက်ရှိ၏။ "မာ... မာ... မာ... မာ" ဟု တစ်ချက် တစ်ချက် မြည်တမ်းလျက်ရှိ၏။

"မင့်အမေလား၊ ဟား... မင့်အမေ အဖိုးတန်မကြီးကို မင့်ဘာသာ မင်းထွက်သွားပြီ သိလား"

သူသည် ကလေးကို ပွေ့ယူလိုက်၏။ ကလေးသည် အငိုတိတ်သွားသည်။ ကလေး၏ ပါးစပ်သည် တစ်စုံတစ်ရာကို လိုက်လံရှာဖွေလျက်ရှိသည်။

"စိတ်ထားယုတ်တဲ့ ကောင်မ ကပ်သင့်ပါစေဗျာ" သူသည် ကလေး၏ ပါးနှင့်တင်ပါးများကို ပုတ်၍ပွတ်၍ ချော့မြူရင်းကပင် ဆက်လက်၍ ဆဲရေးတိုင်းထွာလျက် ရှိသည်။ "မငိုပါနဲ့ကွာ တိတ်ပါတော့။ အေး... အေး... အေး တိတ်ပါ တော့" ဟုလည်း ကလေးကို အသံပေး၍ ချော့သည်။

ကလေး၏ ပါးစပ်သည် တစ်စုံတစ်ရာကို လိုက်လံ ရှာဖွေနေဆဲဖြစ်သည်။ လက်နှစ်ဖက်ကလည်း ကားရားကားရား၊ ဦးခေါင်းကလည်း တလှုပ်လှုပ်၊ စကားပြောရန် အားယူနေသည်ဟု ထင်ရသည်။ သူသည် ကလေးကို ရင်ခွင်တွင်းသို့ တိုးကပ်လိုက်ပြီး နွားနို့ အကျန်အကြွင်း ရှိလိုရှိငြား လိုက်ရှာသည်။ မီးဖိုပေါ်မှ အိုးတစ်လုံးထဲတွင် နွားနို့အနည်းငယ်ရှိနေသည်ကို တွေ့သည်။ သူသည် မုန့်ကိုဖဲ့၍ နို့ထဲတွင် စိမ်လိုက်သည်။ ထို့နောက် ဇွန်းတစ်ချောင်းဖြင့် ကလေးကို ခွံ့ပေး၏။ ပါးစပ်မှလည်း သာယာအေးဆေး လေသံဖြင့် စကားပြော၍မြူသည်။ "အေး... ဟုတ်ပြီ၊ မင့်အမေကိုတော့ မာရ်နတ်ဆွဲသွားပြီကွ၊ မင့်ကို ပစ်သွားပြီ၊ ခွေးတောင်မှ သူ့ကလေး ခွေးပေါက်စကို

မာတိကာသို့ ▶▶

ပစ်မသွားဘူး၊ အေး... မင့်အမေက ခွေးထက်မိုက်၊ ခွေးထက်ဆိုးတဲ့ ကောင်မကွ။ မငိုပါနဲ့ကွာ၊ ငါက မင့်ကို မစွန့်ပစ်ပါဘူး၊ တကယ်ပြောတာ ငါ ကျိန်ပြောပါ့မယ်၊ ငါ မင့်ကို ပစ်မသွားပါဘူး"

ကလေးအငိုတိတ်ပြီး ငြိမ်ကျသွားသည့်အခါ သူသည် အဝတ်ဟောင်းတစ်ခုနှင့် ထုပ်လိုက်ပြီး လမ်းပေါ်သို့ ထွက်လာခဲ့သည်။ ဈေးထဲသို့ သူ ရောက်သွားခြင်းသည် လူအများကို လှုပ်လှုပ်ရွရွ ဖြစ်သွားစေသည်။ ဘူရီတစ်ယောက် ကလေးပေါက်စ ဦးပေါက်နေလေးကို ချီလို့ပါလား၊ ဘယ်လို ဖြစ်လာပါလိမ့်။ ကရက်စ်နစ်ခ်က သူ့ဆိုင်ထဲမှနေ၍ လှမ်းအော်သည်။ "ဟေး...ကူးလော့စ် အဲ့ဒီချာတိတ်ကိုမင်း ဘယ်ကရလာတုံး"

ကရက်စ်နစ်ခ်၏မိန်းမ စိတ်လှုပ်ရှားစွာဖြင့် လက်နှစ်ဖက်ကို ဆန့်တန်းကာ သူ့ဆီသို့ ပြေးလာသည်။ ဝမ်းသာလုံးဆို့နေသဖြင့် ခါးစည်းအဝတ်စကို မကြာမကြာ ဆွဲယူပြီး သူ့မျက်နှာကို သုတ်သည်။ ပြီးတော့ အားရဝမ်းသာ ရယ်သည်။ ကလေး၏တင်ပါးကို သူ့လက်ဝါးနှင့် အသာအယာ လှမ်းပုတ်သည်။

"ဒါ... ရှင့်ကလေးလားဟင် ကူးလော့စ်၊ ကျွန်မဖြင့်လုံးဝကို အို... ကြည့်ပါဦး သူ့မျက်နှာလေးတွေကို၊ မျက်လုံးတွေက မာရီနာနဲ့ မတူဘူးနော်။ ဒါပေမဲ့ နှာခေါင်းကတော့ တကယ့် သူ့နှာခေါင်းပဲ။ ချစ်စရာကောင်းလိုက်တာဟယ်၊ ကြည့်ပါဦး၊ ကျွန်မကို ပေးပါလားဟင်" ကူးလော့စ် လက်ထဲမှ ကလေးကို လှမ်းယူပြီး မြှောက်လိုက်ချလိုက်လုပ်ကာ "ဒီမယ်

မာတိကာသို့ ▶▶

ကြည့်စမ်း ဒီမယ်” ဟု သူခိုးအမျိုးကောင်းသားတို့၏ အရှင်သခင်ဖြစ်သော အဘိုးကြီး ကရက်စ်နစ်ခ်သည် ထိုင်နေရာမှ ဖြည်းလေးစွာထကာ ကလေးဆီသို့ ကပ်လာပြီး သေသေချာချာ ကြည့်သည်။ ထို့နောက် ကူးလော့စ်၏ ကျောကိုပုတ်သည်။

“မင့်ချာတိတ် ကြည့်ရတာ အမာစားကလေးပဲကွ။ တံခါးတုတ်လောက်တော့ အသာကလေး ကျော်လွှားပြီး တက်သွားမယ့် ကောင်စားလေးနေမှာ။ ဒါနဲ့ သူ့အမေက ဘယ်သူလဲ”

“မေးမနေပါနဲ့ဗျာ။ ဒီကောင်မက မီးလောင်တိုက် အသွင်းခံရမယ့် ကောင်မပါ။ အခု ထွက်ပြေးပြီဗျ။ ငွေဖယောင်းတိုင်စင်တွေကိုပါ လစ်သွားတယ်”

“ဒီကလေးကိုတော့ မင်းနဲ့ထားခဲ့တယ်ပေါ့ ဟုတ်လား”

“ဟုတ်တယ်”

“အေးကွာ ဒါကတော့ဆိုးတယ် အတော့်ကိုဆိုးတာပဲ”

အဘိုးကြီးက ခေါင်းကုတ်သည်။ အဘိုးကြီးက သူ့သား ကရက်စ်နစ်ခ်သည် ဆိုင်ထဲမှထွက်လာပြီး ကတော့ကူးလော့စ် အနီးသို့ ကပ်လာသည်။ “ဒါဖြင့် ဟန်ကျသွားတာပေါ့။ အခုဆိုရင် မင့်အလုပ်ကို စွန့်ပြီး ကလေးထိန်းဆရာမ အလုပ်ကို လုပ်ရတော့မှာပေါ့။ ဒီမိန်းမ မင့်အပေါ် ကျောသွားပုံလေးကဖြင့် သင်းလိုက်ပါကွာ” ဟု မလိုတမာသံဖြင့် ပြောသည်။

“မင်းက ငါ့အပေါ်လာပြီး မကျောစမ်းချင်ပါနဲ့ကွာ။ ဘုရားသခင်က ထမင်းကျွေးထားတဲ့ လူချည်းပဲ။ ဘာတွေပဲဖြစ်နေနေ ကူးလော့စ်ဟာ ကူးလော့စ်ပါပဲကွာ”

သူသည် ကလေးကို ကရက်စ်နစ်ခ်၏မိန်းမ ရင်ခွင်မှ ပြန်ယူပြီး မြို့တွင်းမှ ဖြတ်လျှောက်လာခဲ့သည်။ သူ့စိတ်ထဲတွင် လူအများက သူ့အားဝိုင်း၍ လက်ညှိုးထိုးကာ ပြောင်လှောင်ရယ်မောနေကြသည်ဟု ထင်နေသည်။ မြို့အစွန်ရှိ တောအုပ်သို့ ရောက်သောအခါ ကျောက်တုံးတစ်တုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

အနီးပတ်ဝန်းကျင်တွင် သက်ရှိသတ္တဝါဆို၍ ဘာမျှ မရှိချေ။ ရော်ရွက်ဝါများသည် တဖြုတ်ဖြုတ် ကြွေကျလျက်ရှိ၏။ သစ်ကိုင်းများသည် ဝမ်းနည်း ကြေကွဲစွာဖြင့် လှုပ်ရှား ညည်းတွားလျက် ရှိကြသည်။ ခပ်လှမ်းလှမ်းဆီမှ စမ်းချောင်းငယ်တစ်ခု၏ ရေစီးသံသဲ့သဲ့။ တစ်ချက်တစ်ချက်တွင် ကျောက်တုံးကြီး ကျောက်တုံးကြားမှ ဖြတ်သန်းစီးဆင်းသွားရင်း ထွက်ပေါ်လာသည့် ရေအောင်ဘင်ခတ်သံများ၊ ဘူရိုကူးလောစ့်သည် ရင်ခွင်ထက်မှ ကလေးကို သူ့ဘေးနား၌ ချထားလိုက်သည်။ ကလေးကိုကြည့်ပြီး သူ့စိတ်သည် နောက်ကျိရှုပ်ထွေးဖြစ်လာသည်။ ကလေးကတော့ လက်ချောင်းများကိုစုပ်၍ ငြိမ်သက်စွာဖြင့် သူ့အား မော့ကြည့်နေသည်။ ဤကလေးအား ဘယ်လိုလုပ်ရပါမည်နည်း။ ကူးလောစ့်အနေဖြင့် လုံးဝ စဉ်းစား၍ မရချေ။ သူ့သက်သာရာ သက်သာကြောင်းအတွက် ကလေးအား တစ်နေရာရာတွင် စွန့်ပစ်ထားခဲ့မည်ဟူသော စိတ်ကူးကတော့ ဝင်လာသေးသည်။ သို့သော်လည်း လုံးဝ ဘာမှ မလုပ်နိုင် မကိုင်နိုင်သေးသည့် ဤကလေးအား သနားကြင်နာသောစိတ်နှင့် ဤကလေးသည် သူ့အသွေး သူ့အသားဖြစ်သည်

မာတိကာသို့ ▶▶

ဟူသော အသိစိတ်များက ထိုအတွေးကို သူ့ဦးနှောက်အတွင်းမှ မောင်းထုတ်ပစ်လိုက်လေသည်။ သူသည် ကလေးကို ကောက်ချီလိုက်ပြီး ရင်ခွင်၌ကပ်၍ ပွေ့ထားလိုက်သည်။ အခုမှပင် ကလေး၏ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်မိ၏။ သူနှင့် ဆင်သော ရုပ်လက္ခဏာများကို တွေ့ရသည်။ သူ့စိတ်တွင် ထင်လာသည်။ ထိုအခါ သူတစ်ကိုယ်လုံး ပီတိလှိုင်းထကာ နွေးခနဲ ဖြစ်သွားသည်။

"ကူးလောစ့် ပေါက်စလေးရေ" ဟု အသံထွက်၍ ခေါ်လိုက်မိသည်။

"ဟုတ်တယ်လေကွာ မင်းဟာ ကူးလောစ့်ပေါက်စလေး ပေါ့။ မင်းလည်း ကြီးလာရင် လူချောတစ်ယောက် ဖြစ်မှာပါပဲ၊ ငါ လောင်းရဲတယ်။ ဘယ်လောက်မြင့်တဲ့ တိုက်ဖြစ်ဖြစ် အိမ်ဖြစ်ဖြစ် မင်းရအောင် တက်မှာပဲ။ ဘယ်လိုသော့မျိုးတွေပဲ ဖြစ်ဖြစ် မင်း ရအောင်ဖွင့်မှာပဲ။ ပြီးတော့ ဘာပစ္စည်းပဲရရ ခိုးမှာပဲ။ အဲ... နောက်တော့မင့်မှာ ကလေးတွေ ရလာမယ်။ သူတို့ အမေက ကလေးတွေ စွန့်ပစ်သွားကြမယ်"

"ဒါပေမဲ့ အဲဒီကျတော့ မင့်အနေနဲ့ မင့်ကလေးတွေနဲ့ အတူတူ တစ်အိမ်ဝင် တစ်အိမ်ထွက်သွားပြီး တောင်းကျွေးမလား။ ငါ မေးစမ်းပါရစေ။ မင်းဘယ်သူလဲ။ ကူးလောစ့်ကွ၊ ငါ့လိုကူးလောစ့်။ ငါနဲ့အတူတူပဲ။ မင်းရယ်ငါရယ်ဟာ..."

သူသည် ရင်ခွင်ထက်မှ ကလေးငယ်ကို မြစ်ကမ်းပါးပေါ် ချထားလိုက်သည်။ ပြီးတော့ သစ်ပင်တစ်ပင်နောက်တွင် အသာ ကွယ်၍ ရပ်ကာ ကလေး၏ အခြေအနေကို စောင့်ကြည့်သည်။

ကလေးသည် ခြေထောက်များကို မြှောက်ချည် ချချည်၊ တွန့်ချည် ကန်ချည် လုပ်လျက်ရှိသည်။ လက်ချောင်းများကို ပါးစပ်နှင့် တပြွတ်ပြွတ် စုပ်ရင်း အသံပြုလျက်ရှိသည်။ "မန်… မာ… မာ… မာ"

သူသည် ကလေးနှင့်ပို၍ဝေးသော အခြားသစ်ပင် တစ်ပင်၏ နောက်သို့ ပြောင်း၍ရပ်သည်။ သို့သော်လည်း ကလေး၏ ငိုသံကို အတိုင်းသား ကြားနေရ၏။ သူသည် ဤနည်းအတိုင်း သစ်ပင်တစ်ပင်ပြီးတစ်ပင် ပြောင်းလာခဲ့ရာ နောက်ဆုံးတွင် ကလေးငိုသံကိုလည်း မကြားရ။ ကလေးကိုပါ မမြင်ရတော့သော အခြေသို့ ရောက်သွားသည်။ ထိုအခါ သူသည် ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ကဆုန်ပေါက်၍ ပြေးသည်။ သို့သော်လည်း သူသည် တအားကုန် ဒုန်းစိုင်း၍ ပြေးနေသည့်ကြားမှပင် ကလေးငိုသံများကို ကြားနေရ၏။ "တဖြည်းဖြည်း လူးလိမ့်ပြီး မြစ်ထဲကျချင်ကျသွားမှာ" ဟူသော အတွေးသည် သူ့စိတ်တွင်းသို့ ဖျတ်ခနဲ ဝင်လာသည်။ သူ့ခေါင်းတစ်ခေါင်းလုံး အုံ့ခဲလာသည်။ သူ့နှလုံးသားသည် ဖြည်းဖြည်းချင်း နာကျင်ကိုက်ခဲလာသည်။ သို့သော်လည်း သူသည် အပြေးမရပ်။

နောက်တစ်ခဏမျှ အကြာတွင် သူသည် ပြေးနေရာမှ ရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ထို့နောက် လာလမ်းအတိုင်း လျင်မြန်စွာ ပြန်ပြေးသည်။ ကလေးသည် ရှုံ့ရှုံ့ဝါးဝါး အော်ဟစ် ငိုကြွေးလျက် ရှိလေသည်။ သူသည် ကလေးကို ကသောကမျော ကောက်ချီကာ တောအုပ်၏ အစွန်း တစ်ဖက်ရှိ တဲများရှိရာသို့ ချဉ်းကပ်သွားသည်။ သူသည် တစ်တဲ

ဝင် တစ်တဲထွက် လျှောက်သွားသည်။ နှုတ်မှလည်း အလွန် ဝမ်းနည်း ကြေကွဲသော အသံဖြင့် မြည်တမ်းသည်။

"မိတဆိုးလေးအတွက် နွားနို့နည်းနည်းလောက် ပေးကြပါ ခင်ဗျာ။ မိတဆိုးလေးအတွက် နို့နည်းနည်းလောက် စွန့်ကြဲတော်မူကြပါ ခင်ဗျာ"

*

Ab.andoned
Sholom Asch.

မာတိကာသို့ ▶▶

လောင်းကြေး THE BET

မာတိကာသို့

အင်တန်ချက်ကော့
(၁၈၆၀–၁၉၀၄)

ဤဝတ္ထုတိုသည် ကမ္ဘာကျော် ရုရှားစာရေးဆရာကြီး အင်တန်ချက်ကော့၏ အမည်ရှိ ဝတ္ထုတိုကို မြန်မာပြန်ထားခြင်း ဖြစ်သည်။ ချက်ကော့သည် ဝတ္ထုတိုရေးရာ၌ ကမ္ဘာ့ထိပ်တန်းဝင် စာရေးဆရာတစ်ဦးအဖြစ် ထင်ရှားသူဖြစ်၏။ သူသည် အင်မ်၊ ဒီဘွဲ့ရ ဆရာဝန်တစ်ဦး ဖြစ်သော်လည်း ဆေးဝါးကုသခြင်းကိုမပြု။ နားကြပ်နှင့် ဆေးထိုးအပ်ကို စွန့်ကာ ကလောင်ဖြင့် အသက်မွေးခဲ့သူ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူသင်ကြားခဲ့ရသော ဆေးပညာသည် သူ့အားများစွာ အကျိုးပြုခဲ့သည်။ သူတတ်ထားသော ဆေးပညာကြောင့် လူတွေအကြောင်းကို ပို၍နားလည်လာခဲ့သည်ဖြစ်ရာ လူတို့၏ အကျင့်စရိုက်နှင့် သဘာဝကို ဖန်တီးရာ၌ သူ့မတူအောင် ထက်မြက်သည်ဟု အသိအမှတ် ပြုခဲ့ကြရလေသည်။ ဤဝတ္ထုတွင် သူသည် ပျော်စေပြက်စေ သဘောဖြင့် ပြုလုပ်ခဲ့သည့် အလွန်သေးနုပ် သိမ်ဖျင်းသော ကိစ္စလေးတစ်ခုမှ ပေါက်ဖွားလာရသည့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒုက္ခတည်းဟူသော အကျိုးတရားကို ဖော်ပြထားသည်။

မာတိကာသို့ ▶▶

လောင်းကြေး

နွေဦးပေါက်ရာသီ၏ မှောင်မိုက်သော ညတစ်ညဖြစ်သည်။ ဘဏ်သူဌေး အဘိုးအိုသည် သူ၏စာကြည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း လွန်ခဲ့သော ဆယ့်ငါးနှစ်က ယခုလို နွေဦးပေါက် ရာသီတွင် သူပြုလုပ်ခဲ့ဖူးသည့် ပါတီအကြောင်းကို ပြန်၍ သတိရလျက်ရှိသည်။ ထိုစဉ်က ပါတီပွဲသို့ တက်ရောက်လာကြသူများထဲတွင် အသိဉာဏ် ပညာရင့်ကျက်ပြီး အတွေ့အကြုံများသော ပုဂ္ဂိုလ်အတော်များများ ပါဝင်ခဲ့သဖြင့် စိတ်ဝင်စားဖွယ်ကောင်းသည့် အကြောင်းအရာများကို ဆွေးနွေး ပြောဆိုခဲ့မိကြ၏။ သူတို့လူစု ထိုညက ပြောဆိုခဲ့ကြသည့် စကားများထဲတွင် သေဒဏ်အကြောင်းလည်း ပါသည်။ စာပေပညာရှင် တချို့နှင့် သတင်းစာဆရာ တချို့မှ တစ်ပါး ကျန်ဧည့်သည်အများစုက သေဒဏ်ကို သဘောမကျကြပေ။ သူတို့အနေဖြင့် သေဒဏ်ကို အလွန်ခေတ်မမီတော့သည့် အပြစ်ပေးနည်း တစ်ခုအဖြစ်လည်းကောင်း၊ ခရစ်ယာန်

မာတိကာသို့ ▶▶

ဘာသာကိုးကွယ်သော နိုင်ငံတစ်ခုနှင့် မသင့်တော်သည့် အပြစ်ပေးနည်း တစ်ခုအဖြစ်လည်းကောင်း မြင်နေကြသည်။ သူတို့လူစုထဲမှ တချို့က သေဒဏ်နေရာတွင် တစ်သက်တစ်ကျွန်းဒဏ်ကို တစ်ကမ္ဘာလုံး တညီတညွတ်တည်း အစားထိုး၍ သုံးစွဲသင့်ပြီဟု တွေးကြလေသည်။

"ကျွန်တော်ကတော့ ခင်ဗျားတို့နဲ့ သဘောထားချင်း မတိုက်ဆိုင်ဘူး" ဟု အိမ်ရှင်က ပြောသည်။

"ကျွန်တော်ကိုယ်တိုင်တော့ သေဒဏ်ကိုရော တစ်သက်တစ်ကျွန်းကိုပါ မခံရဖူးပါဘူး။ ဒါပေမဲ့ တကယ်လို့များ တစ်စုံတစ်ဦးက ဒီနှစ်ခုအနက် ဘယ်ဟာကို ရွေးမလဲလို့ မေးလာရင်တော့ သေဒဏ်က တစ်သက်တစ်ကျွန်းထက်ပိုပြီး တရားမျှတမှု ရှိတယ်။ စာနာထောက်ထားမှုရှိတယ်လို့ ပြောမှာပဲ၊ သေဒဏ်က ချက်ချင်းသတ်တာ၊ တစ်သက် တစ်ကျွန်းဒဏ်က ဖြည်းဖြည်းချင်း သတ်တာ။ အဲဒီတော့ ခင်ဗျားတို့ကို မိနစ်ပိုင်းအတွင်း သေသွားအောင် သတ်တဲ့နည်းနဲ့ ခင်ဗျားတို့ရဲ့ အသက်ကို နှစ်ပေါင်းများစွာ စိတ်ဆင်းရဲဖြစ်အောင် ဖြည်းဖြည်းချင်း ညှဉ်းသတ်တဲ့နည်း နှစ်နည်းမှာ ဘယ်နည်းကို စာနာထောက်ထားမှု ရှိတယ်လို့ ပြောကြမလဲ"

"အမှန်ကတော့ နှစ်နည်းစလုံး မတရားပါဘူးဗျာ" ဟု ဧည့်သည်တစ်ဦးက မှတ်ချက်ချသည်။

"ဘာကြောင့်လဲဆိုတော့ လူတစ်ဦးရဲ့ အသက်ကို သတ်ဖြတ်ရေးဆိုတဲ့ ရည်မှန်းချက်က အတူတူပဲ မဟုတ်လား။ နိုင်ငံတော်ဆိုတာကလည်း ဘုရားသခင်မှ မဟုတ်တာ၊ အသက်

မာတိကာသို့ ▶▶

ဘာသာကိုးကွယ်သော နိုင်ငံတစ်ခုနှင့် မသင့်တော်သည့် အပြစ်ပေးနည်း တစ်ခုအဖြစ်လည်းကောင်း မြင်နေကြသည်။ သူတို့လူစုထဲမှ တချို့က သေဒဏ်နေရာတွင် တစ်သက်တစ်ကျွန်းဒဏ်ကို တစ်ကမ္ဘာလုံး တညီတညွတ်တည်း အစားထိုး၍ သုံးစွဲသင့်ပြီဟု တွေးကြလေသည်။

"ကျွန်တော်ကတော့ ခင်ဗျားတို့နဲ့ သဘောထားချင်း မတိုက်ဆိုင်ဘူး" ဟု အိမ်ရှင်က ပြောသည်။

"ကျွန်တော်ကိုယ်တိုင်တော့ သေဒဏ်ကိုရော တစ်သက်တစ်ကျွန်းကိုပါ မခံရဖူးပါဘူး။ ဒါပေမဲ့ တကယ်လို့များ တစ်စုံတစ်ဦးက ဒီနှစ်ခုအနက် ဘယ်ဟာကို ရွေးမလဲလို့ မေးလာရင်တော့ သေဒဏ်က တစ်သက်တစ်ကျွန်းထက်ပိုပြီး တရားမျှတမှု ရှိတယ်။ စာနာထောက်ထားမှုရှိတယ်လို့ ပြောမှာပဲ၊ သေဒဏ်က ချက်ချင်းသတ်တာ၊ တစ်သက် တစ်ကျွန်းဒဏ်က ဖြည်းဖြည်းချင်း သတ်တာ။ အဲဒီတော့ ခင်ဗျားတို့ကို မိနစ်ပိုင်းအတွင်း သေသွားအောင် သတ်တဲ့နည်းနဲ့ ခင်ဗျားတို့ရဲ့ အသက်ကို နှစ်ပေါင်းများစွာ စိတ်ဆင်းရဲဖြစ်အောင် ဖြည်းဖြည်းချင်း ညှဉ်းသတ်တဲ့နည်း နှစ်နည်းမှာ ဘယ်နည်းကို စာနာထောက်ထားမှု ရှိတယ်လို့ ပြောကြမလဲ"

"အမှန်ကတော့ နှစ်နည်းစလုံး မတရားပါဘူးဗျာ" ဟု ဧည့်သည့်တစ်ဦးက မှတ်ချက်ချသည်။

"ဘာကြောင့်လဲဆိုတော့ လူတစ်ဦးရဲ့ အသက်ကို သတ်ဖြတ်ရေးဆိုတဲ့ ရည်မှန်းချက်က အတူတူပဲ မဟုတ်လား။ နိုင်ငံတော်ဆိုတာကလည်း ဘုရားသခင်မှ မဟုတ်တာ၊ အသက်

ဆိုတာ ဖြစ်ပေါ်လာအောင် လုပ်မပေးနိုင်တဲ့ နိုင်ငံတော်ဟာ အသက်ကို သတ်ပိုင်ခွင့် မရှိသင့်ပါဘူး"

ဆွေးနွေး ပြောဆိုနေကြသည့် လူစုထဲတွင် အသက်နှစ်ဆယ့်ငါးခန့် ရှိပြီဖြစ်သော လူရွယ်ရှေ့နေတစ်ဦး ပါသည်။ တစ်ယောက်တစ်ပေါက် ဝိုင်း၍ မေးကြသဖြင့် လူရွယ်က သူ့ထင်မြင်ချက်ကိုပေးသည်။

"သေဒဏ်နဲ့ တစ်သက်တစ်ကျွန်းဒဏ် နှစ်မျိုးစလုံးဟာ တရားမျှတမှု မရှိပါဘူး။ ဒါပေမဲ့ ဒီနှစ်မျိုးထဲက ခင်ဗျား ကြိုက်ရာ တစ်ခု ရွေးစမ်းပါလို့ ပြောလာရင်တော့ ကျွန်တော့်အနေနဲ့ ဒုတိယဟာကို ရွေးမှာပဲ။ လူ့ဘဝမှာ လုံးဝမနေရတာနဲ့စာရင် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် နေရတာက ကောင်းပါသေးတယ်"

ဤတွင် ဆွေးနွေးပွဲသည် ပို၍ အသက်ဝင်လာသည်။ ထိုစဉ်က အသက်အရွယ်အားဖြင့် ငယ်ပြီး စိတ်လှုပ်ရှားလွယ်တတ်သော ဘဏ်သူဌေးသည် ဒေါသတကြီးဖြစ်ကာ စားပွဲကို လက်သီးဖြင့် ထုလိုက်ပြီး ရှေ့နေလူရွယ်ဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီစကားဟာ လိမ်တဲ့ညာတဲ့ စကားပါ၊ ခင်ဗျားအနေနဲ့ အလုံခန်းတစ်ခန်းထဲမှာ ငါးနှစ်တောင် နေနိုင်မှာမဟုတ်ဘူး၊ နေနိုင်မယ်ဆိုရင် ကျွန်တော်က ငွေနှစ်သန်းကြေး လောင်းချင်တယ်"

"တကယ်လို့များ ခင်ဗျားအနေနဲ့ ဒီစကားကို အလေးအနက် ထားပြီး ပြောတယ်ဆိုရင်တော့..." ဟု ရှေ့နေလူရွယ်က ပြန်ပြောသည်။

မာတိကာသို့ ▶▶

"ကျွန်တော်က အလုံခန်းထဲမှာ ငါးနှစ်မဟုတ်ဘူး၊ ဆယ့်ငါးနှစ်တိတိ နေပြမယ်"

"ဆယ့်ငါးနှစ်... ဟုတ်လား၊ စိန်လိုက်ပေါ့ဗျာ" ဟု ဘဏ်သူဌေးက အော်ကြီးဟစ်ကျယ် ပြောသည်။

"ကဲ... လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော်က ငွေနှစ်သန်း လောင်းပါတယ်"

"သဘောတူပါတယ်၊ ခင်ဗျားရဲ့ လောင်းကြေးက ငွေနှစ်သန်း၊ ကျွန်တော်ရဲ့ လောင်းကြေးက ကျွန်တော်ရဲ့ လွတ်လပ်မှုပေါ့" ဟု ရှေ့နေလူရွယ်က ဆိုသည်။

ဤသို့ဖြင့် အလွန် မယဉ်ကျေးသော၊ အလွန် အဓိပ္ပာယ်ကင်းမဲ့သော လောင်းကစားပွဲသည် ဖြစ်ပေါ်ခဲ့ရလေ၏။ ဘဏ်သူဌေးမှာ ထိုစဉ်အခါက ငွေသန်းပေါင်းများစွာ ပိုင်ဆိုင်သူဖြစ်ရာ စိတ်အလိုလိုက်ပြီး ပျက်စီးချင်တိုင်း ပျက်စီးနေသူဖြစ်သည်။ ထို့ကြောင့်လည်း သူပြုခဲ့သော ဤလောင်းကစားပွဲအတွက် ပီတိဖြစ်လျက်ရှိ၏။ ထိုညစာ စားကြသည့်အချိန်တွင် သူက ရှေ့နေလူရွယ်အား စကားတစ်ခွန်း ပြောခဲ့သည်။

"အချိန် သိပ်ပြီးနောက်ကျမသွားခင် ပြန်စဉ်းစားဦး ကိုယ့်လူ။ ငွေနှစ်သန်းဆိုတာ ကျွန်တော့်အဖို့ ဘာမှဖြစ်လောက်တာ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားမှာတော့ အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ ပျော်ပျော်ပါးပါး နေရမယ့် နှစ်တွေ သုံးလေးနှစ်လောက်ကို အလဟဿ ဖြုန်းတီးပစ်ရမှာ။ သုံးလေးနှစ်ဆိုတဲ့ စကားကို ပြောရတာ တခြားကြောင့် မဟုတ်ပါဘူး။ ခင်ဗျား အနေနဲ့ အလုံခန်းထဲမှာ နေနိုင်လှရင် မသကာ သုံးလေးနှစ်ပေါ့။

ဒီထက်ပိုပြီး မနေနိုင်ဘူးဆိုတာ တွက်မိလို့ပြောတာပါ။ တကယ်တော့လည်း အခုလို လောင်းကြေးထပ်ပြီး အပျော်တမ်း သဘောနဲ့နေရတာက ဥပဒေအရတော့ ထောင်ကျခံရတာထက် ပိုပြီး အနေရအထိုင်ရ ခက်တယ်ဗျ။ ဒီအချက်ကိုလည်း ထည့်စဉ်းစားရမယ်။ မေ့ထားလို့မဖြစ်ဘူး။ ပြီးတော့လည်း အလုံခန်းထဲ နေရတဲ့ အချိန်ကာလတစ်လျှောက်လုံးမှာ ကိုယ့်လွတ်လပ်မှုကို အချိန်မရွေး ရယူနိုင်တဲ့ အခွင့်အရေးဟာ ငါ့မှာရှိနေပါကလားဆိုတဲ့ အသိစိတ်က ခင်ဗျားကို အမြဲခြောက်လှန့်နေဦးမှာ။ ကျွန်တော် ခင်ဗျားကို သနားလိုက်ပါဘိတော့တယ်ဗျာ”

အခုကျတော့လည်း စာကြည့်ခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော ဘဏ်သူဌေးကြီးသည် ဤဖြစ်ရပ်တစ်ခုလုံးကို ပြန်ပြောင်းစဉ်းစားကာ သူ့ကိုယ်သူ မေးခွန်းထုတ်လျက်ရှိ၏။

“ငါ ဘာကြောင့် ဒီလောင်းကစားပွဲကို လုပ်မိတာပါလိမ့်။ ဘာအကျိုးရှိလို့လဲ။ ရှေ့နေလုပ်တဲ့လူမှာ ဆယ့်ငါးနှစ်ဆိုတဲ့ အချိန်ကာလ ဆုံးရှုံးခဲ့ရပါတယ်။ ငါ့မှာတော့ ငွေနှစ်သန်းကို လွှတ်ပစ်သလိုပဲ ။ ဒီလောင်းကစားမှုကြောင့် လူတွေအနေနဲ့ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ထက် သေဒဏ်က ပိုဆိုးတယ်။ ပိုကောင်းတယ်ဆိုတဲ့ အချက်ကို နားလည်သွားကြသလား။ နားမလည်ပါဘူး၊ သဘောလည်း မပေါက်ကြပါဘူး။ အလကား အရည်မရ အဖတ်မရနဲ့ လုံးဝ အသုံးမကျတဲ့ အလုပ်တစ်ခုပါကလား။ ငါ့ဘက်ကနေကြည့်ရင် ထမင်းဝဝစားနေ

မာတိကာသို့ ▶▶

ရတဲ့ လူတစ်ယောက်ရဲ့ အရွေးထမှုတစ်ခုပဲ။ ရှေ့နေဘက်က ကြည့်ရင်လည်း သက်သက်မဲ့ ငွေကိုလိုချင်တဲ့ လောဘရမ္မက်ပဲ”

သူသည် ထိုညက ပါတီပွဲအပြီးတွင် ဆက်လက်ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ဖြစ်ရပ်များကို ပြန်၍စဉ်းစားနေမိပြန်၏။ ရှေ့နေသည် ဘဏ်သူဌေး၏ အိမ်ပန်းခြံအတွင်းရှိ အဆောင်တစ်ခုထဲ၌ အကျဉ်းချထားခြင်း ခံရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ နှစ်ဦးနှစ်ဖက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်းတွင် ရှေ့နေသည် အပြင်သို့မထွက်ရ။ လူများနှင့်မတွေ့ရ။ လူသံများကို နားမထောင်ရ။ စာများနှင့် သတင်းစာများကို လက်မခံရစသော စည်းကမ်းများကို လိုက်နာရန်လည်း သဘောတူခဲ့ကြသည်။ ရှေ့နေအား တူရိယာပစ္စည်းတစ်ခုထားခွင့်၊ စာအုပ်များဖတ်ခွင့်၊ စာများရေးခွင့်၊ အရက်နှင့်ဆေးလိပ်သောက်ခွင့် စသော အခွင့်အရေးများကို ပေးသည်။ သဘောတူညီချက်အရ သူသည် အထူးတလည် စီမံဖောက်လုပ်ပေးထားသော ပြတင်းပေါက်ငယ် တစ်ခုမှနေ၍ အပြင်လောကနှင့် ဆက်သွယ်နိုင်သည်။

သို့သော်လည်း နှုတ်ဖြင့်ပြောဆို ဆက်သွယ်ခြင်း မပြုရ။ စာအုပ်၊ တူရိယာပစ္စည်း၊ အရက် စသည့် သူ့အတွက် လိုအပ်သမျှကို ပြတင်းပေါက်မှတစ်ဆင့် စာဖြင့် ဆက်သွယ်မှာယူနိုင်သည်။ နှစ်ဦးသဘောတူ ပြုလုပ်ခဲ့သည့် စာချုပ်တွင် အသေးစိတ် အချက်အလက်များ ရေးဆွဲထားခဲ့ကြ၏။ စာချုပ်ပါ စည်းကမ်းချက်အရ ရှေ့နေသည် ပိတ်လှောင်ထားသည့် အိမ်ငယ်အတွင်း၌ အလုံထောင်ကျ အကျဉ်းသားတစ်ဦးကဲ့သို့

နေရမည် ဖြစ်သည်။ သူသည် ထိုအခန်းထဲ၌ ၁၈၇၀ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့ ဆယ့်နှစ်နာရီတိတိ အချိန်မှ ၁၈၈၅ ခု နိုဝင်ဘာလ ၁၄ ရက် ဆယ့်နှစ်နာရီတိတိ အချိန်ထိ၊ ဆယ့်ငါးနှစ်တိတိ နေထိုင်ရမည်ဖြစ်သည်။

သတ်မှတ်ထားသည့် အချိန်ထက် နှစ်မိနစ်မျှစောပြီး အပြင်ထွက်ရန် ကြိုးစားအားထုတ်မိရုံမျှဖြင့် သူသည် စာချုပ်ပါ စည်းကမ်းကို လိုက်နာရန် ပျက်ကွက်ခြင်းဖြစ်သည်ဟု သတ်မှတ်ထား၏။ အကယ်၍ စာချုပ်ပါ စည်းကမ်းတစ်ခုကို ချိုးဖောက်ခဲ့ပါမူ ဘဏ်သူဌေးသည် ငွေနှစ်သန်းကို မပေးဘဲ နေနိုင်သည်။

အကျဉ်းချခံရသည့် ပထမနှစ်တွင် ပြတင်းပေါက်မှ တစ်ဆင့် ရလေသည့် စာတိုကလေးများအရ ခန့်မှန်းကြည့်ရသည်မှာ ရှေ့နေသည် အထီးကျန်နိုင်ခြင်းနှင့် ပျင်းရိငြီးငွေ့ခြင်းကို ကြောက်မက်ဖွယ် ကောင်းလောက်အောင် အပြင်းအထန် ခံစားနေရကြောင်း သိသာခဲ့၏။ သူ၏ အဆောင်ငယ်ဘက်မှ နေ့ရောညပါ စန္ဒရားတီးသံကိုသာ အဆက်မပြတ် ကြားနေခဲ့ရ၏။ သူသည် အရက်နှင့် ဆေးလိပ်ကိုလည်း ဖြတ်ခဲ့သည်။ “အရက်ဟာ ရမ္မက်ဆန္ဒတွေကို ကြီးထွားလာနိုင်အောင် နှိုးဆွပေးတာ” ဟု သူ့စာတွင် ရေးထားသည်။ “ရမ္မက်ဆန္ဒများဟာ အကျဉ်းသားတစ်ယောက်အဖို့ အကြီးဆုံးသော ရန်သူတွေပဲ။ ပြီးတော့လည်း အရက်ကို တစ်ယောက်တည်း သောက်နေတာ လောက် ပျင်းရိငြီးငွေ့စရာကောင်းတဲ့ အလုပ်ဟာ လောကမှာ မရှိဘူး။ ဆေးလိပ်ကလည်း အဆောင်ထဲက လေကို ညစ်ညမ်း

စေတယ်” ပထမနှစ်တွင် ရှေ့နေထံသို့ အပျော်ဖတ်စာအုပ်များ ပို့ပေးခဲ့ရသည်။ အချစ်ဝတ္ထုများ၊ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများနှင့် ဟာသဝတ္ထုများ စသည်တို့ ဖြစ်လေသည်။

ဒုတိယနှစ် ရောက်သောအခါ စန္ဒရားသံမကြားရတော့ချေ။ ရှေ့နေတောင်းခံလာသည့် စာအုပ်များမှာလည်း ဂန္ထဝင်စာအုပ်များ ဖြစ်လာသည်။ ပဉ္စမနှစ်အတွင်း ဝင်လာသောအခါ စန္ဒရားသံကို ထပ်မံ၍ ကြားလာရပြန်သည်။ အရက်ကိုပါ တောင်းခံလာသည်။ သူ့အား စောင့်ကြည့်နေသည့် အစောင့်များ၏ ပြောပြချက်အရ ထိုနှစ်တစ်နှစ်လုံး ရှေ့နေသည် စားလိုက်၊ သောက်လိုက်၊ အိပ်လိုက်နှင့်ပင် အချိန်ကုန်သွားသည်ဟု သိရ၏။ မကြာခဏ သမ်းဝေလိုက်၊ သူ့ကိုယ်သူ ဒေါသတကြီးနှင့် စကားပြောလိုက်လုပ်သည်။ စာအုပ်များကိုမူ လုံးဝမဖတ်တော့ပေ။ တစ်ခါတစ်ရံ ညပိုင်းများတွင် စားပွဲ၌ထိုင်၍ စာရေးသည်။ စာရေးပြန်တော့လည်း အကြာကြီး ရေးနေတတ်သည်။ မနက်ကျတော့ ညက ရေးထားသမျှ စာအားလုံးကို ဆုတ်ဖြဲပစ်သည်။ တစ်ကြိမ်ထက်မနည်း ငိုယိုနေသော သူ့အသံကို ကြားကြရသည်။

ဆဌမနှစ်၌ ဒုတိယနှစ်ဝက်ပိုင်း ရောက်သောအခါ အကျဉ်းသားရှေ့နေသည် ဘာသာစကားများ၊ ဒဿနိကဗေဒပညာနှင့် သမိုင်းပညာဆိုင်ရာ စာအုပ်များကို အငမ်းမရ ဖတ်ရှုလေ့လာခြင်း ပြုလာသည်။ ဤဘာသာရပ်များကို သူလေ့လာဖတ်ရှုပုံမှာ ပြင်းထန်လွန်းသဖြင့် သူတောင်းခံသမျှ စာအုပ်များကို တာဝန်ယူ ရှာဖွေပေးနေရသည့် ဘဏ်သူဌေးမှာ များစွာ

အလုပ်ရှုပ်ခဲ့ရသည်။ လေးနှစ်မျှသော အချိန်ကာလအတွင်းတွင် သူ၏ တောင်းခံချက်အရ စာအုပ်ပေါင်း ခြောက်ရာမျှ ဝယ်ပေးခဲ့ရ၏။ ယင်းဘာသာရပ်များကို လေ့လာနေသည့် အချိန်တွင် ဘဏ်သူဌေးသည် အကျဉ်းသားထံမှ အောက်ပါစာကိုရခဲ့သည်။

"ကျွန်ုပ်၏ ချစ်လှစွာသော ထောင်မှူးကြီးခင်ဗျား။ ကျွန်ုပ်သည် ဤအကြောင်းများကို ဘာသာစကား ခြောက်မျိုးဖြင့် ရေးသားထားပါသည်။ ထိုအကြောင်းများကို ပါရဂူများအား ပြကြည့်ပါ။ သူတို့ကို ဖတ်ခိုင်းပါ။ အကယ်၍ အမှားတစ်လုံးမျှ မတွေ့ရဟုဆိုပါက ပန်းခြံထဲမှ သေနတ်ဖောက်၍ အချက်ပေးရန် မေတ္တာရပ်ခံပါသည်။ သေနတ်သံကြားရလျှင် ကျွန်ုပ်၏ ကြိုးပမ်းအားထုတ်မှုများသည် အလဟဿအချည်းနှီးမဖြစ်ဟု ကျွန်ုပ်သိရပါလိမ့်မည်။ ခေတ်အားလုံးနှင့် နိုင်ငံအားလုံး၌ ရှိနေသမျှသော ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုများကို ကွဲပြားခြားနားသော ဘာသာရပ်များနှင့် ရေးသားထားကြပါသည်။ သို့သော်လည်း ထိုအရာအားလုံးသည် တစ်မျိုးတည်းသော မီးတိုင်ကိုသာ ထွန်းညှိခြင်း ဖြစ်ပါ၏။ ဤအရာအားလုံးကို ကျွန်ုပ် နားလည် သဘောပေါက်လာရသည့်အတွက် ကျွန်ုပ်မှာ ကောင်းကင်ဘုံ ရောက်နေသည့်အလား ပျော်ရွှင်မှုတည်းဟူသော သာယာချမ်းမြေ့မှုကို ရရှိခံစားနေရပါသည်"

ထိုစာအရ အကျဉ်းသား၏ ဆန္ဒကို ဖြည့်ပေးခဲ့သည်။ ဘဏ်သူဌေး၏ အမိန့်အရ ပန်းခြံထဲမှနေ၍ သေနတ်နှစ်ချက်ပစ်ဖောက်၍ အချက်ပေးခဲ့လေသည်။

မာတိကာသို့ ▶▶

ထို့နောက် ဆယ်နှစ် လွန်မြောက်လာခဲ့သည်။ ထိုအချိန်တွင် အကျဉ်းသားသည် သူ့စားပွဲတွင် မလှုပ်မယှက်ထိုင်ကာ သမ္မာကျမ်းစာတော် စာအုပ်ကိုသာ ဖတ်လျက်ရှိ၏။ လေးနှစ်ကြာမျှ စာအုပ်ပေါင်းခြောက်ရာကို အပြင်းအထန် ဖတ်ခဲ့သူ တစ်ဦးက ထူထူထဲထဲလည်းမဟုတ်၊ နားလည်ရန်လည်း လွယ်ကူလှသော စာအုပ်တစ်အုပ်ကို တစ်နှစ်တိတိမျှ အချိန်ယူ၍ ဖတ်နေခြင်းမှာ ဘဏ်သူဌေးအတွက် အလွန်ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်နေလေ၏။ ထို့နောက်တွင် အကျဉ်းသားသည် ဘာသာများဆိုင်ရာသမိုင်းနှင့် ဘာသာဗေဒပညာကို လေ့လာလျက် ရှိပြန်သည်။

သူကျခံရမည့်အကျဉ်းကာလ၏ နောက်ဆုံးနှစ်နှစ်အတွင်းတွင်မူ အကျဉ်းသားသည် စာအုပ်အများအပြားကို ပြန်ဖတ်လာပြန်၏။ ဖတ်နေသည့် အကြောင်းအရာ အမည်မှာလည်း မျိုးစုံဖြစ်သည်။ သဘာဝသိပ္ပံ ပညာရပ်များဆိုင်ရာ စာအုပ်များကိုလည်း ဖတ်၏။ ဘိုင်ရွန်၏ ကဗျာစာအုပ်များနှင့် ရှိတ်စပီးယားပြဇာတ်များကိုလည်း ဖတ်၏။ ပြတင်းပေါက်မှတစ်ဆင့် ရောက်လာသည့် သူ့စာတိုကလေးများတွင် ရေးသား တောင်းခံထားသည့်အတိုင်း ဓာတုဗေဒစာအုပ် တစ်အုပ်၊ ဆေးပညာစာအုပ် တစ်အုပ်၊ ဝတ္ထုစာအုပ်တစ်အုပ်၊ ဒဿနိကပညာနှင့် ဘာသာဗေဒဆိုင်ရာ ကျမ်းတစ်စောင်တို့ကို ဆက်တိုက် ပို့ပေးခဲ့ရပြန်သည်။ သူ့ စာဖတ်ပုံမှာ ပင်လယ်သမုဒ္ဒရာအတွင်းရှိ သင်္ဘောအကျိုးအပျက်များ ကြား၌ အသက်လု၍ ရေကူးနေသူ တစ်ဦးနှင့် တူလှချေသည်။ ထိုသူ၏ ဆန္ဒမှာ သူ့အသက်ရှင်ရေး

သာလျှင်ဖြစ်ရာ တွေ့သမျှ မြင်သမျှ အစအနများကို ဖမ်းဆွဲနေရ၏။ အကျဉ်းသား၏အဖြစ်မှာ ထိုသူ၏အဖြစ်နှင့် တူလွန်းလှချေသည်။

ဘဏ်သူဌေးကြီးသည် ဤအရာအားလုံးကို ပြက်ပြက်ထင်ထင် ပြန်လည်သတိရကာ ဆင်ခြင်စဉ်းစားလျက်ရှိ၏။

"မနက်ဖြန် ဆယ့်နှစ်နာရီဆိုရင် သူလွတ်တော့မယ်၊ စာချုပ်အရ ငါ သူ့ကို ငွေနှစ်သန်းသာပေးရရင်တော့ သွားပြီ။ ငါ့ဘဝ ပျက်တော့မှာ"

လွန်ခဲ့သော ဆယ့်ငါးနှစ်ကတော့ သူ့မှာ ငွေသန်းပေါင်းများစွာ ချမ်းသာခဲ့၏။ သို့သော်လည်း အခုကျတော့ သူပိုင်ငွေနှင့် သူပေးရမည့် အကြွေး ဘယ်သင်းက ပိုများသည်ကို တွက်ချက်နေရသည့်ဘဝသို့ ဆိုက်ရောက်နေလေပြီ။ စတော့ရှယ်ယာများ အရောင်းအဝယ်လုပ်ငန်း ဈေးကစားခြင်း၊ စွန့်စားရမည့် လုပ်ငန်းများ လုပ်မိခြင်းနှင့် သူ့လုပ်ငန်းတစ်ခုလုံးသည် တဖြည်းဖြည်းနှင့် ဖရိုဖရဲဖြစ်ကာ ပျက်စီးခြင်းသို့ ဆိုက်ရောက်နေပြီဖြစ်၏။ အကြောက်အလန့် ကင်းမဲ့သော၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချလွန်းသော၊ မာန်မာနကြီးသော လုပ်ငန်းရှင်ကြီးတစ်ဦးသည် ဈေးကွက်ရှိ ဈေးအတက်အကျကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး တုန်လှုပ်ချောက်ချားနေရသော သာမန်သူလိုငါလို အငယ်စားဘဏ်လုပ်ငန်းရှင် တစ်ဦးဘဝသို့ ဆိုက်ရောက်နေပြီဖြစ်လေသည်။

"ကျိန်စာသင့်နေတဲ့ ဒီအလောင်းအစားကြောင့် ဖြစ်ရတာပဲ" အဘိုးအိုသည် သူ့ခေါင်းကို စိတ်ပျက်လက်ပျက် ကုတ်၍

ရေရွတ်သည်။ "ဒီလူ ဘာကြောင့်များ မသေတာပါလိမ့်၊ သူ့အသက်က အခုမှ လေးဆယ်ပဲ ရှိသေးတယ်၊ ငါ့မှာရှိသမျှ ငွေကိုယူပြီး မိန်းမယူမယ်၊ ပျော်မယ်၊ စီးပွားရေးလုပ်ငန်းတွေ လုပ်မယ်၊ ပျော်ရွှင်သာယာနေတဲ့ သူ့ဘဝကို ငါက မနာလို ဝန်တိုဖြစ်နေတဲ့ သူတောင်းစားတစ်ယောက်လို ထိုင်ကြည့်နေ ရတော့မယ့် အဖြစ်ပါလား၊ ပြီးတော့လည်း 'ကျွန်တော့်ဘဝ အခုလို သာယာ ချမ်းမြေ့နေတာဟာ ခင်ဗျား ကျေးဇူးကြောင့် ပါ။ ခင်ဗျားကို ကျွန်တော်တစ်လှည့် ပြန်ပြီး ကူညီပါရစေ' လို့ ပြောနေတဲ့ သူ့စကားကို ငါ နေ့စဉ်နေ့တိုင်း နားထောင်နေရ တော့မယ်။ ဒီလိုတော့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး။ ဆင်းရဲ မွဲတေပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ရမယ့် ဘဝက လွတ်မြောက်ဖို့အတွက် ထွက်ပေါက်တစ်ပေါက်ပဲရှိတယ်။ တခြားတော့ မဟုတ်ဘူး၊ ဒီလူသေမှဖြစ်မှာ"

နာရီထိုးသံ သုံးချက် ကြားလိုက်ရသည်။ ဘဏ်သူဌေး သည် နားများကိုစွင့်၍ နားထောင်သည်။ အိမ်ထဲတွင် လူတိုင်း အိပ်ပျော်လျက်ရှိကြသဖြင့် တိတ်ဆိတ်နေသည်။ အပြင်ဘက်မှ လေတိုးလိုက်တိုင်း ထွက်လာနေသည့် သစ်ပင်များဆီမှ ညည်းတွားသံများကိုပင် ကြားနေရ၏။ ဘဏ်သူဌေးသည် အသံမထွက်အောင် လှုပ်ရှားခြင်းပြုသည်။ သူသည် ဆယ်ငါးနှစ်လုံးလုံး ပိတ်ထားခဲ့သော အာမခံသေတ္တာကိုဖွင့်၍ အတွင်းမှ သော့ကိုယူကာ သူ့ကုတ်အင်္ကျီအိတ်ကပ်ထဲသို့ ထည့်သွင်းပြီး အပြင်သို့ ထွက်လာခဲ့သည်။ ပန်းခြံအတွင်းဝယ် မှောင်မည်းအေးမြလျက်ရှိ၏။ မိုးကလည်း ရွာလျက်ရှိ၏။

မာတိကာသို့ ››

စိမ့်၍ အေးနေသောလေသည် စူးရှစွာ အော်မြည်ပြီး ပန်းခြံအတွင်းသို့ ဝင်လာနေသည်။ သစ်ပင်အားလုံးသည် ငြိမ်ငြိမ်ဆိတ်ဆိတ် မနေနိုင်ကြ။ ဟိုယိမ်းသည်နှံ့ဖြစ်ကာ အမြဲမပြတ်လှုပ်ရှားနေကြသည်။ မျက်လုံးများကို အားစိုက်ပြီး ကြည့်နေသော ဘဏ်သူဌေးသည် မြေပြင်ကိုလည်း မမြင်၊ အဖြူရောင်ရုပ်တုများကိုလည်း မမြင်၊ ပန်းခြံတွင်းမှ အဆောင်ကိုလည်း မမြင်။ အဆောင်နားသို့ ရောက်သောအခါ သူသည် အစောင့်ကိုနှစ်ကြိမ်တိတိ အော်ခေါ်သည်။ ထူးသံမကြားရ။ အစောင့်သည် ဆိုးရွားသော ရာသီဥတုနှင့် ကင်းဝေးရာသို့ သွားနေသည်မှာ သိသာ၏။ အခုလောက်ဆိုလျှင် မီးဖိုချောင် သို့မဟုတ် မိုးလေလုံရာ တစ်နေရာရာ၌ အိပ်မောကျနေလောက်ပြီဖြစ်သည်။

"တကယ်လို့သာ ငါ့အကြံကို ဖြစ်မြောက်သွားအောင်ရဲရဲဝံ့ဝံ့နဲ့ လုပ်သွားမယ်ဆိုရင် အစောင့်အပေါ် သံသယဖြစ်ကြမှာသေချာတယ်"ဟု အဘိုးအိုက တွေးသည်။

သူသည် အမှောင်ထုကိုဖြတ်ပြီး စမ်းတဝါးဝါး ခြေလှမ်းများဖြင့် လှေကားထစ်များကိုတက်ကာ တံခါးဝသို့ ရောက်လာသည်။ တံခါးကိုဖွင့်၍ အဆောင်ခန်းမအတွင်းသို့ ဝင်သည်။ ထိုမှတစ်ဆင့် ကျဉ်းမြောင်းလှသော လှောသွားပေါင်းကူးကြားအတိုင်း လျှောက်သွားသည်။ လက်ထဲမှ မီးခြစ်ကိုခြစ်လိုက်၏။ လူတစ်ယောက်မျှ မရှိ။ တစ်နေရာတွင် အိပ်ရာခုတင်တစ်လုံး၊ မွေ့ရာ၊ အိပ်ရာခင်းမရှိ။ သံမီးဖို တစ်လုံးသည် ထောင့်တစ်ထောင့်တွင် ကပ်လျက်ရှိသည်။ အကျဉ်းသားနေရာ အခန်း၏ တံခါးသော့ပေါ်၌ နှိပ်ထားသော ချိပ်တံဆိပ်များသည် နည်းနည်းကလေးမှ ခြေရာလက်ရာ မပျက်သေးပေ။

လက်ထဲမှ မီးခြစ်ဆံ ီးတောက်သည် ငြိမ်းသွားသည်။ ကြောက်စိတ်ဖြင့် တုန်လှုပ်နေသော အဘိုးအိုသည် ပြတင်းပေါက်ငယ်မှ တစ်ဆင့် အတွင်းသို့ ချောင်းကြည့်သည်။

အကျဉ်းသား၏ အခန်းထဲတွင် ဖယောင်းတိုင်တစ်တိုင်သည် မှေးမှိန်စွာ တောက်လောင်လျက်ရှိ၏။ အကျဉ်းသားကတော့ သူ့စားပွဲတွင် ထိုင်လျက်ရှိလေသည်။ သူ့ကျော၊ သူ့ခေါင်းပေါ်မှ ဆံပင်နှင့် သူ့လက်များကိုသာ မြင်ရသည်။ ပွင့်နေသော စာအုပ်များသည် စားပွဲပေါ်၌ ဟိုတစ်အုပ် သည်တစ်အုပ် ပြန့်ကျဲနေကြသည်။ စားပွဲအနီးမှ ကုလားထိုင်နှစ်လုံးသည် ကော်ဇောပေါ်တွင် ယှဉ်လျက်။

အချိန်ငါးမိနစ်မျှ ကုန်သွားပြီဖြစ်သော်လည်း အကျဉ်းသားကတော့ တုတ်တုတ်မျှမလှုပ်။ ဆယ့်ငါးနှစ်ကြာမျှသော အကျဉ်းခံ ကာလသည် သူ့အား မလှုပ်မယှက် ထိုင်တတ်အောင် သင်ကြားပေးထားပုံရ၏။ ဘဏ်သူဌေးသည် ပြတင်းပေါက်ကို လက်နှင့်ခေါက်၍ အသံပေးကြည့်သည်။ သို့သော်လည်း အကျဉ်းသားထံမှ လှုပ်ရှားခြင်းမရှိ။ ထိုအခါ ဘဏ်သူဌေးသည် သတိကြီးစွာထားပြီး သော့ပေါက်မှ ချိပ်တံဆိပ်များကို ခွာသည်။ ပြီးတော့ သော့တံကို ထိုးသွင်းလိုက်၏။ သံချေးလိုက်နေသော သော့ပေါက်အတွင်းမှ ကျယ်လောင်သောအသံ ထွက်လာပြီး တံခါးပွင့်သွားလေသည်။ ဘဏ်သူဌေးသည် အတွင်းမှ တအံ့တသြ ရေရွတ်လိုက်သည့် အသံတစ်သံနှင့် သူ့ထံလျှောက်လာသည့် ခြေသံများကို ကြားရလိမ့်မည်ဟု မျှော်လင့်ချက်ကြီးစွာဖြင့် မျှော်မိသည်။ သုံးမိနစ်လွန်သွားသည်။ ဘာသံမှမကြားရ။

မာတိကာသို့ ▶▶

စောစောကအတိုင်းပင် တိတ်ဆိတ်ငြိမ်သက်နေသည်။ သူသည် အခန်းတွင်းသို့ ဝင်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

စားပွဲရှေ့တွင် လူတစ်ယောက် ထိုင်နေသည်။ သာမန် ရိုးရိုးလူတစ်ယောက်နှင့် မတူသည့်လူ။ ပိန်လွန်းသဖြင့် ကမ္ဘာ့ ဌာန်းကောင် တစ်ကောင်နှင့် တူသည်။ အရိုးပေါ်တွင် တင်နေ သော အရေပြားသည် ခြောက်သွေ့တင်းမာလျက်ရှိ၏။ ခေါင်းမှ ဆံပင်များသည် မိန်းမတစ်ယောက်ဆံပင်များသဖွယ် ဖားလျား ကျလျက်ရှိသည်။ ထူထဲ ကြမ်းတမ်းသော မုတ်ဆိတ်မွေးများ သည် တွဲလွဲခိုလျက်ရှိသည်။ မျက်နှာအရောင်မှာ အဝါရောင်။ ပါးနှစ်ဖက်သည် ခွက်ဝင်လျက်ရှိ၏။ သူ၏ခေါင်းတင်ထား သည့် လက်များမှာ ပိန်ကြုံလွန်းသဖြင့် ကြည့်ရက်စရာပင် မရှိပေ။ သူ့ခေါင်းမှ ဆံပင်များသည် ညိုမွဲမွဲအရောင် လွှမ်းလျက် ရှိလေပြီ။ သူ့မျက်နှာကို မြင်သူတိုင်းသည် အသက်လေးဆယ်မျှ သာ ရှိသေးသည့် လူတစ်ယောက်ဟူသော စကားကို ယုံကြည် ကြလိမ့်မည် မဟုတ်ပေ။ လက်နှစ်ဖက်ပေါ်၌ မှောက်တင်ထား သည့် ခေါင်းရှေ့တည့်တည့် စားပွဲပေါ်တွင် စာရွက်တစ်ရွက် ရှိသည်။ စာရွက်ပေါ်တွင် ရေးထားသည့်စာကြောင်းများ။

“သနားစရာကောင်းတဲ့ နတ်ဆိုးပဲ” ဟု ဘဏ်သူဌေးက ကျိတ်၍တွေးသည်။ “သူ အိပ်ပျော်နေတယ်၊ အိပ်မက်ထဲမှာ ငွေတွေကို မြင်ချင်မြင်နေမှာ၊ ငါ သူ့ကို အသာပွေ့ပြီး အိပ်ရာ ပေါ်တင် ခေါင်းအုံးတစ်လုံးနဲ့ ဖိထားလိုက်ရင် ကိစ္စပြီးမှာပဲ ။ ဘယ်သူကပဲ စစ်ဆေးကြည့်ကြည့် သဘာဝမကျတဲ့ သေခြင်းလို့

သိမှာမဟုတ်တော့ဘူး။ ဒါပေမဲ့ ပထမဆုံး ဒီစာထဲမှာ သူ ဘာတွေ ရေးထားသလဲဆိုတာ ကြည့်လိုက်ဦးမှ"

ဘဏ်သူဌေးသည် စားပွဲပေါ်မှစာရွက်ကို ကောက်ယူပြီး ဖတ်သည်။

"မနက်ဖြန် ညဆယ့်နှစ်နာရီမှာ ကျွန်တော်ဟာ လွတ်လပ်မှုကို ပြန်လည်ရရှိပြီး လူတွေနဲ့ရောနှောခွင့် ရပါတော့မယ်။ ဒါပေမဲ့ ကျွန်တော် ဒီအခန်းထဲကထွက်ပြီး နေရောင်ကို မမြင်ရခင် ကလေးမှာ ခင်ဗျားကို စကားနည်းနည်းလောက်ပြောဖို့ လိုအပ်လိမ့်မည်လို့ ကျွန်တော် ထင်ပါတယ်။ ဖြူစင်သန့်ရှင်းတဲ့ ကျွန်တော့်ရဲ့ ကိုယ်ကျင့်တရားနဲ့ ကျွန်တော့်ကို မြင်တွေ့နေပြီ ဖြစ်တဲ့ ဘုရားသခင်ရှေ့မှောက်မှာ ကျွန်တော်ဟာ လွတ်လပ်မှု၊ ဘဝ၊ ကျန်းမာမှုနဲ့ ခင်ဗျားပေးပို့သမျှ စာအုပ်တွေက အမည်ပေးထားတဲ့ ဒီကမ္ဘာလောကကြီးရဲ့ မေတ္တာတရားများကို ရွံရှာစက်ဆုပ်နေပြီဖြစ်ကြောင်း ကြေညာအပ်ပါတယ်"

"ကျွန်တော့်အနေနဲ့ မြေသားဆန်တဲ့ ဘဝအကြောင်းကို ဆယ့်ငါးနှစ်တိတိ အပတ်တကုတ် ကြိုးပမ်းအားထုတ်ပြီး လေ့လာခဲ့ပါတယ်။ အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော်ဟာ မြေကြီးကိုလည်း မမြင်ခဲ့ပါဘူး။ လူတွေကိုလည်း မမြင်ခဲ့ပါဘူး။ ဒါပေမဲ့ ခင်ဗျားရဲ့ စာအုပ်တွေထဲက အင်မတန် အရသာရှိတဲ့ ဝိုင်အရက်ကို သောက်ခဲ့ရတယ်။ သမင်ဒရယ်တွေနဲ့ တောဝက်တွေကို အမဲလိုက်ခဲ့ရပါတယ်။ မိန်းမတွေကို ချစ်ခဲ့ရပါတယ်။ အလွန်ချောမောလှပတဲ့ မိန်းမတွေပါ။ ကဗျာဆရာကြီးတွေနဲ့ ထူးခြားတဲ့ ပါရမီစွမ်းအားနဲ့ ဖန်တီးထားတဲ့ အလှ

ပိုင်ရှင်တွေပါ။ ကောင်းကင်မှာ ပြေးသွားနေတဲ့ တိမ်သားနန့် လွှလွှကလေးတွေလို အလွန်သိမ်မွေ့လှ၊ နူးညံ့လှတဲ့ အလှ ရတနာတွေပါ။

သူတို့ဟာ ညပိုင်းကျရင် ကျွန်တော့်ဆီ အလည်လာကြ တယ်။ အံ့ဩစရာကောင်းတဲ့ ပုံပြင်တွေကို တီးတိုးလေသံ ကလေးနဲ့ ပြောပြကြတယ်။ သူတို့အလှနဲ့ သူတို့စကားတွေ ဟာ ကျွန်တော်ရဲ့ ဦးခေါင်းကို ရီဝေယစ်မူးစေခဲ့ပါတယ်။ ခင်ဗျားရဲ့ စာအုပ်တွေထဲမှာပဲ ကျွန်တော်ဟာ အယ်လ်ဘာရုဇ်နဲ့ မောင့်ဘလန့်တောင်ထိပ်တွေကို တက်ခဲ့ရပါတယ်။ အဲဒီ တောင်ထိပ်တွေပေါ်ကနေပြီး မနက်ခင်းမှာ နေ ဘယ်ပုံ ဘယ်နည်း ထွက်လာတယ်ဆိုတာကို မြင်ခဲ့ရပါတယ်။ ညနေ ခင်းကျတော့ မိုးကောင်းကင်ရဲ့ အရောင်အဆင်းဟာ ဘယ်လို အသွင်သဏ္ဍာန်မျိုး ဖြစ်ပေါ်လာတယ်ဆိုတာကိုလည်း တွေ့ခဲ့ရ ပါတယ်။ သမုဒ္ဒရာရေပြင်နဲ့ တောင်တန်းစွန်းတွေပေါ်မှာ ဖြာဆင်းလွှမ်းခြုံထားတဲ့ နေရောင်ရဲ့အလှကိုလည်း မြင်တွေ့ခဲ့ ရပါတယ်။ အဲဒီနေရာကနေပြီး ကျွန်တော့်ရဲ့ ခေါင်းအထက်မှာ လျှပ်စစ်ရောင်ခြည်တန်းတွေဟာ ဘယ်ပုံဘယ်နည်းနဲ့ တဝင်းဝင်း တလက်လက် တောက်ပနေကြတယ်ဆိုတာ လေ့လာခွင့်ရခဲ့ပါတယ်။ ပြီးတော့ စိမ်းလန်းတဲ့ သစ်တောကြီး တွေ၊ လယ်ကွင်းတွေ၊ မြစ်တွေ၊ ကန်တွေနဲ့ မြို့ကြီးတွေကိုလည်း မြင်ခဲ့ရပါတယ်။ လူတွေကို သာယာတဲ့အသံနဲ့ ဖြားယောင်း သွေးဆောင်တတ်တဲ့ မာယာရှင်နတ်မိမယ်တွေရဲ့ သီချင်းသံနဲ့ ပလွေသံတွေကိုလည်း ကြားခဲ့ရပါတယ်။ ဘုရားသခင်

အကြောင်း ပြောပြမယ်ဆိုပြီး ကျွန်တော့်ဆီ ပျံသန်းရောက်ရှိလာကြတဲ့ လှပတဲ့မိစ္ဆာနတ်တွေရဲ့ တောင်ပံတွေကိုလည်း ကျွန်တော် ထိတွေ့ခဲ့ပါတယ်။ ခင်ဗျားရဲ့ စာအုပ်တွေထဲမှာပဲ ကျွန်တော်ဟာ အသူတစ်ရာမက နက်ရှိုင်းလှတဲ့ ငရဲတွင်းကြီးထဲကိုလည်း ဆင်းခဲ့ရပါပြီ။ ထူးဆန်းအံ့ဩစရာကောင်းတဲ့ တန်ခိုးတွေကိုလည်း ပြခဲ့ရပါပြီ။ မြို့ကြီးတွေကိုလည်း မြေပြင်ပေါ်မှာ ပြာပုံအတိ ဖြစ်သွားအောင် မီးလောင်တိုက်သွင်းခဲ့ပြီးပါပြီ။ ဘာသာအယူဝါဒအသစ်တွေကိုလည်း ဟောပြောခဲ့ပြီးပါပြီ။ နိုင်ငံအများအပြားကိုလည်း တိုက်ခိုက်အောင်မြင်ခဲ့ပြီးပါပြီ။

"ခင်ဗျားရဲ့ စာအုပ်တွေဟာ ကျွန်တော့်ကို အသိဉာဏ်ပညာကို ပေးခဲ့ကြပါတယ်။ ရာစုနှစ်ပေါင်းများစွာ တည်ရှိလာခဲ့တဲ့ ဘယ်သောအခါမှ ကုန်ခန်းမသွားနိုင်တဲ့ လူသားတွေရဲ့ အတွေးအခေါ်တွေဟာ ကျွန်တော့်ရဲ့ ဦးနှောက်ထဲမှာ အစုလိုက်အခဲလိုက် တည်ရှိကိန်းအောင်းနေခဲ့ပါပြီ။ ကျွန်တော်ဟာ ခင်ဗျားတို့အားလုံးထက် ပိုပြီး အသိဉာဏ်ပညာ အမြော်အမြင်နဲ့ ပြည့်စုံနေပါပြီ။

"ကျွန်တော်ဟာ ခင်ဗျားရဲ့စာအုပ်တွေကို စက်ဆုပ်သွားခဲ့ပါပြီ။ လူသားအားလုံးရဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာဆိုတဲ့ တရားတွေကိုလည်း စက်ဆုပ်သွားခဲ့ပါပြီ။ အသိဉာဏ်ပညာဆိုတာကိုလည်း ရွံရှာသွားခဲ့ပါပြီ။ အရာရာတိုင်းဟာ မတည်မြဲပါဘူး။ မခိုင်မာပါဘူး။ စိတ်ကူးနဲ့ လွမ်းရတဲ့ဟာတွေပါ။ အမှားမှားအယွင်းယွင်း ဖြစ်စေတတ်တဲ့အရာတွေပါ။ အားလုံး

ဟာ တံလှပ်နဲ့ အတူတူပါပဲ။ ခင်ဗျားအနေနဲ့ မာနတွေ ဘယ်လောက်ပဲတက်တက်၊ ဘယ်လောက်ပဲ ပညာတွေ ရှိရှိ၊ ဘယ်လောက်ပဲလှလှ၊ နောက်ဆုံးကျတော့ မြေတွင်းအောင်း နေတဲ့ ကြွက်သေသလို သေရမှာပါ။ သေခြင်းဆိုတဲ့ တရားက ခင်ဗျားကို ဒီကမ္ဘာမြေကြီးပေါ်က ဖယ်ရှားပစ်လိုက်မှာပါ။ ခင်ဗျားရဲ့မျိုးရိုး၊ ခင်ဗျားရဲ့သမိုင်းနဲ့ ဖောက်ပြန်ခြင်း ကင်းပါ တယ်ဆိုတဲ့ ခင်ဗျားရဲ့ ပါရမီတွေဟာ ချော်တုံးချော်ခဲတစ်လုံး လို ခဲသွားမှာပါ။ ပြီးတော့ ဒီကမ္ဘာမြေကြီးနဲ့အတူ မီးလောင် ကျွမ်း ပျက်စီးသွားမှာပါ။

"ခင်ဗျား ရူးနေပါပြီ။ လမ်းမှားကို လျှောက်နေပါတယ်။ ခင်ဗျားဟာ အတုကို အစစ်လို့ထင်နေပါတယ်။ အရုပ်ဆိုးတာ ကိုပဲ အလှလို့ ယူဆနေပါတယ်။ တကယ်လို့သာ သစ်တော ပင်နဲ့ လိမ္မော်ပင်တွေက သစ်သီးမသီးဘဲ ရုတ်တရက် ဖားတွေ၊ ပုတ်သင်လိုအကောင်တွေ မွေးဖွားလာမယ်ဆိုရင် ခင်ဗျား အကြီးအကျယ် အံ့အားသင့်သွားမှာပဲ။ တကယ်လို့သာ နှင်းဆီ ပန်းတွေက မြင်းတစ်ကောင်ရဲ့ ချွေးနံ့ထွက်နေတယ်ဆိုရင် လည်း ခင်ဗျား သိပ်ပြီး အံ့ဩနေမှာပဲ။ အဲသလိုပဲ မြေကြီးကို လိုချင်တဲ့အတွက် ကောင်းကင်ဘုံနဲ့ လဲလှယ်နေလို့ ခင်ဗျား ကိုလည်း ကျွန်တော်က အလွန်အံ့ဩခြင်း ဖြစ်ရပါတယ်။ ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့အဖြစ်ကို နားလည်ချင်တဲ့ဆန္ဒ လည်း မရှိတော့ပါဘူး။

"ခင်ဗျားရဲ့ ဘဝတစ်ခုလုံး အမှီပြုနေတဲ့အရာကို ကျွန်တော် အလွန် ရွံရှာစက်ဆုပ်ကြောင်း လက်တွေ့ပြပါမယ်။

မာတိကာသို့ ▶▶

တစ်ချိန်က ချမ်းသာသူခတစ်ခုအဖြစ် မြင်ခဲ့ပြီး အခုကျမှ စက်ဆုပ်ရွံရှာခြင်းဖြစ်နေတဲ့ ငွေနှစ်သန်းကို ကျွန်တော် စွန့်လွှတ်လိုက်ပါပြီ။ ဒီငွေနှစ်သန်း ရပိုင်ခွင့်ကို ပျက်ပြယ်သွားအောင် ကျွန်တော် လုပ်မှာပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်အတိုင်း မလိုက်နာဘဲ ဒီအခန်းထဲက ထွက်ရမယ့်အချိန်ထက် ငါးမိနစ်စောပြီး ထွက်လိုက်ခြင်းအားဖြင့် ကျွန်တော်ဟာ သဘောတူစာချုပ်ကို ချိုးဖောက်ပြီးသား ဖြစ်သွားမှာပါ"

စာဖတ်ပြီးသွားသောအခါ ဘဏ်သူဌေးအဘိုးအိုသည် စာကို စားပွဲပေါ် ပြန်ချထားလိုက်ပြီး ထူးဆန်းလှသော ထိုသူ၏ ဦးခေါင်းကို သူ့နှုတ်ခမ်းဖြင့် ထိတွေ့နမ်းရှုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးသည်။ ထို့နောက် အဆောင်ထဲမှ ပြန်ထွက်လာသည်။ သူ့ကိုယ်သူ ရွံရှာစက်ဆုပ်သောစိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်လျက်ရှိ၏။ ယခုတစ်ကြိမ်လောက် သူ့ကိုယ်သူ စက်ဆုပ်ရွံရှာခြင်းမျိုး ဘယ်တုန်းကမှ မဖြစ်ဖူးခဲ့။ အိမ်ပြန်ရောက်သည့်အခါ သူသည် အိပ်ရာပေါ် လှဲချလိုက်၏။ စိတ်လှုပ်ရှားခြင်းနှင့် ငိုကြွေးရခြင်းတို့ကြောင့် နာရီပေါင်းများစွာ အိပ်၍မရ။

နောက်နေ့မနက်တွင် အစောင့်သည် သူ့ထံသို့ အပြေးအလွှား ရောက်လာသည်။ အဆောင်ထဲမှလူသည် ပြတင်းပေါက်မှ ကျော်တက်ပြီး ပန်းခြံတွင်းသို့ ဆင်းသွားသည်ကို မြင်လိုက်ရကြောင်း သတင်းပို့သည်။ ထိုသူသည် ဂိတ်ဝမှ ထွက်ကာ အပြင်သို့ထွက်သွားပြီး လုံးဝပျောက်ကွယ်သွားသည်ဟု ပြောသည်။ ဘဏ်သူဌေးသည် သူ့အစေခံများကို

မာတိကာသို့ ▶▶

ခေါ၌ အဆောင်သို့ သွားရောက်စစ်ဆေးပြီး အကျဉ်းသား လွတ်မြောက်ပြီဟူသော သတင်းကို အတည်ပြုလိုက်၏။ သူသည် မလိုလားအပ်သော ကောလာဟလသတင်းများ ပျံ့နှံ့သွားမည်ကို စိုးရိမ်သဖြင့် စားပွဲပေါ်မှစာကို ကောက်ယူသိမ်းဆည်းခဲ့သည်။ အိမ်ပြန်ရောက်သောအခါ စာကို သူ၏ အာမခံသေတ္တာထဲထည့်၍ သော့ခတ်ထားလိုက်လေ၏။

*

The Bet
Anton Chekhov

မာတိကာသို့ ▸▸